www.burmeseclassic.com

# နတ်သမီး

လွမ်းဖို့မလို

BURMESE CLASSIC .com

DESIGN : THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၆၇၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၄၄၁၂၁၁
အဖုံးဒီဇိုင်း - သိန်းဇော်ကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၀)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံယဉ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း
အုတ်ကြိုးမြယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ် ဩဂုတ်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
နတ်သမီး
လွှမ်းဇို့မလို / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) လွှမ်းဇို့မလို

BURMESE CLASSIC .com

## အခန်း (၁)

"မိချောရေ ဟဲ့ကောင်မမိချော ရွာဦးကျောင်းမှာ ရုပ်ရှင်သမား တွေရောက်နေတယ်တဲ့ဟဲ့ ငါတို့ရွာ ရုပ်ရှင်လာရိုက်တာ ငါတို့ သွားကြည့် မလို့ဟေ့၊ ညည်းလိုက်မှာလား"

"မင်းသားက မင်းမောင်ကိုငြိမ်း မင်းသမီးက မိုးဟေကို တဲ့တော့၊ ငါတို့အသည်းစွဲပဲ"

"ဟယ် ဟုတ်လား"

တညနှင့်အေးဘို့ ရေကြီးသုတ်ပျာပြေးလာပြီး ပြောတာကြောင့် နွားစာစဉ်းနေရာမှ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ မင်းသား မင်းမောင်ကိုငြိမ်းကို၊ ရွာရှိလူကုန် လူကြီးလူလတ်မရွေး ကြိုက်ကြတာမို့ မိချော



www.burmeseclassic.com

www.burmeseclassic.com



ကရော ဘာသားနဲ့တုထားလို့လဲ၊ မင်းသား မင်းမကိုရှုပ်ဆိုလျှင် ရွာလယ်က ဇိဒီယိုရုံမှာ လူအပြည့်။ အကြမ်းအရမ်း၊ အင်္ဂ ်း၊ စွယ်စုံရမင်းသားမို့ သူ့ဒိုလျှင်ဒိုရ၊ သူလွမ်းလျှင် လွမ်းရ။

သူက တိုင်းပြည်အတွက် တိုက်ပွဲဝင်လည်း ဇာတ်မင်္ဂလာတွေကြ။ မိသားစုအတွက် အနစ်နာခံ လက်စားချေသောကားဆိုလည်း လူဆိုး ဂိုဏ်းဘက်ကို ဒေါသတွေဖြစ်ရ အကုသိုလ်တွေများရ။ ဒီလောက် ဆွဲဆောင်မှုရှိသော မင်းသားကို အပြင်မှာ မြင်ဖူးရမှာမို့ အပြေးသွားကြည့်ချင်ပေမယ့် နောက်ဆံတင်းစရာအလုပ်တွေက တစ်ပုံတစ်ပင်။

"နင်တို့သွားကြပါဟယ်၊ ငါ မလိုက်တော့ပါဘူး။ ညနေ နွားတွေပြန်သိမ်းမှပဲ၊ အိမ်ကစောစောထွက်ပြီး သွားကြည့်လိုက်တော့မယ်၊ ဘုန်းကြီးကျောင်းနဲ့လည်း လမ်းသင့်နေတာပဲ"

"ညည်းပြောလိုက်ရင် မအားလပ်တာချည်းပဲ၊ အိမ်အတွက်နွားစာစဉ်းတာလောက်တော့ ညည်းအဖေနဲ့မိထွေးကို ခိုင်းဦးမှပေါ့"

"ဟုတ်ပါ့ မိသားစုတစ်စုလုံးစားဖို့ ညည်းတစ်ယောက်တည်း မိုးလင်းကမိုးချုပ် နားရေးယ်မရှိ လုပ်နေရတာ၊ ဘယ်သူမှကို အလိုက်ကန်းဆိုးမသိကြဘူး။ ဖအေက မိုးလင်းတာနဲ့ တန်းတောထဲရောက်၊ မိထွေးက ရွာတကာလှည့် ဖဲလည်ရိုက်၊ သူတို့မွေးထားတဲ့ကလေးတွေ ကျောင်းစရိတ်လည်း အပူအပင်မရှိနဲ့ အံ့ပါရဲ့အေ"





စာဥနဲ့အေးဘုံ သူမဘက်ကနာပြီး မှဲ့ဘာရွဲ့ကာ ပြောနေကြပြီးမယ့် ကိုယ်ကတော့ အပြုံးပျက်လို့မဖြစ်ပေ။ ဘဝဝဋ်ကြွေးကိုက ပေးဆပ်ရဖို့ ကံပါလာတာပဲ မဟုတ်လား။

သိတတ်စအရွယ်ကတည်းက အလုပ်နဲ့ကိုယ် တစ်သားတည်းကျပြီးသားမို့ လောကဓံကို ရင်ဆိုင်ရတာ အထူးအဆန်းတော့ မဟုတ်တော့ပေ။

ညပိုင်း ဇိဒီယိုကြည့်ဖို့လေးတောင် အဖေကို ထန်းရည်ဖိုး မိထွေးကို ဖဲရိုက်ဖို့ ငွေစကြေးစလေး ပေးနိုင်မှ ထွက်ရသည်။

"ညည်းနှယ်အေ အားအားယားယား ရွာထဲက တချို့အိမ်တွေဆို တီဗီကိုယ်ပိုင်ဝယ်ကြည့်နေကြတာ၊ ဇိဒီယိုရုံသွားဖြုန်းမယ့်ပိုက်ဆံကိုစုပြီး အိမ်မှာဝယ်လိုက်တာကမှ တစ်မိသားစုလုံး ကြည့်လို့ရဦးမယ်၊ အခုတော့ ညည်းက တစ်ကိုယ်ကောင်းဆန်ပြီး တစ်ယောက်တည်း သွားကြည့်တယ်၊ အဲဒါကြောင့်ပြောတာပေါ့၊ ဝမ်းမနာသားသမီးဆိုတာ ကိုယ့်ဖို့ဖဲကြည့်တတ်တဲ့ သူစိမ်းပဲလို့"

ပိုက်ဆံမပေးနိုင်သည့်နေ့ဆို ထိုသို့ ဆူပူပြစ်တင်နေတတ်ပါသည်။ ဘယ်လောက်ပင်ပန်း ရုန်းကန်ရှာဖွေပေးနေပါစေ တစ်စက်လေးမှ အကောင်းမပြော၊ အကောင်းမမြင်။ ဒါပေမဲ့ ငြိုငြင်မှုမရှိ၊ အပြုံးမပျက် ပေးဆပ်လာခဲ့တာ ဒီအချိန်ထိ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



က

"ဟဲ့ မိချော မလိုက်ရင်လည်း နေတော့အေ၊ ငါတို့ကတော့ မင်းမကိုဋ္ဌလေးကို တွေ့ချင်လှပြီ သွားတော့မယ်

"အရင်အဖွဲ့တွေလို အတင်းပြော ဖြတ်လောက်တဲ့အခန်းတွေ ခေါ်သုံးရင် ကောင်းမှာပဲဟဲ့၊ ဘာပြောပြော တီဗီထဲတော့ ပါရသေးတာပဲ"

"အမယ်လေး ကျုပ်က ညည်းတို့လို ဖြတ်လျှောက်လောက်ဆို ရင် ဝင်မရိုက်ဘူး၊ အဓိကအခန်းက ပါရမယ်ဆို တော်သေး"

"မိချော ညည်းကလေ ကိုယ့်ရုပ်မှအားမနာ မင်းသမီး ဖြစ်ချင် နေလား။ လယ်ကွင်းထဲက နွားတွေပဲ ညည်းကိုအားပေးမှာ သိလား"

"ဒီကောင်မက လူကသာ ဘာမှမဟုတ်တာ၊ ဘဝင်က မြင့်မြင့် ရယ်၊ လာပါအေ သွားရအောင်"

အေးဘုံနှင့်စာဥ သူမကို ဘယ်လိုပြောပြော အပြုံးမပျက် ရယ်၍ ပင်နေလိုက်သည်။ စိတ်ဆိုးစရာမှ မဟုတ်တာ။

ငယ်ပေါင်းတွေမို့ သူမဘာဝကို သူတို့နားလည်ပြီးသားပါ။ စကား နိုင်လုပြောကြပေမယ့် သူမအပေါ်တော့ ခင်မင်ရင်းစွဲ စေတနာလေး ရှိကြသည်။

သူမ နွားကျောင်းသွားပြီဆို အိမ်အလုပ်တွေ မလုပ်ချင်လို့ဆို ပြီး တစ်ခါတစ်ရံ လိုက်လာတတ်ကြသည်။

ထိုအချိန်ဆို ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းတွေအတိုင်း သူ





ဘာလုပ် ငါဘာလုပ်နှင့် သရုပ်ဆောင်ကြသည်။ အလှည့်ကျ မဲနှိုက်ပြီး သူကမင်းသမီးလုပ်လိုက် ကိုယ်က ဗီလိန်လုပ်လိုက်။

မင်းသားဖြစ်ချင်ဖြစ်။ လူရွှင်တော်ဖြစ်ချင်ဖြစ်။ အရူးထတယ် လို့ပြောပြော ကိုယ့်ဘဝနဲ့ကိုယ်တော့ ပျော်နေကြတာပင်။

ရုပ်ရှင်သမားတွေက တောကား ရွာကားရိုက်တော့မည်ဆို သူမ တို့ရွာလေးကို ရောက်လာတတ်ကြပြီး အသုဘအခန်း အလှူမင်္ဂလာ ဆောင်အခန်း၊ သူခိုးလိုက်သည့်အခန်း၊ သူကြီးအိမ်လူစုလူဝေးလိုအပ် သည့်အခန်းတွေမှာ ရွာကလူတွေကို ခေါ်သုံးတတ်သည်။

ရွာကလူတွေကလည်း တီဗီထဲပါချင်လွန်း၍ ရုပ်ရှင်သမားတွေ ကို အိမ်မှာ ထမင်းခေါ်ကျွေးကာ သူတို့ကို ထည့်သုံးဖို့ပြောတတ်ကြသည်။

ထိုသို့ တစ်ခန်းစ နှစ်ခန်းစပါရသည့်လူကလည်း တစ်ရွာလုံး ကိုလှည့်လည်ကာ ကြွားလို့မဆုံး။

ဘာဖြစ်ဖြစ် ရိုးသားဖြူစင်မှုတွေနှင့် ရွာငယ်လေးကို မိချော ဆိုသော သူမက သံယောဇဉ်တွေ ငြိတွယ်လို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နွားစာစဉ်းပြီးသည်နှင့် အိမ်ရှိလူကုန်သုံးဖို့ ချိုးရေ၊ ရေတွင်းက ရေခပ်ထည့် ညနေစာချက်ပြုတ်ပြီး အဖေ့ပုဆိုးစုတ်လေး စလွယ်သိုင်းကာ ဆံပင်တွေ ဖြစ်သလို ထုံးနှောင်၍ တုတ်တစ်ချောင်းဆွဲပြီး အိမ်က ထွက်လာခဲ့သည်။

အရင်နေ့တွေကတော့ ညနေငါးနာရီကျော် နေစောင်းမှ နွားတွေကို ပြန်သိမ်းတာပါ။ သူများနွားတွေကို အငှားကျောင်းတာမို့ တစ်အိမ်တက်ဆင်း အိမ်အရောက်ပြန်ပို့ပေးရသည်။ ကိုယ့်အိမ်ကနွားပေါက်လေးနှစ်ကောင်ကိုတော့ နောက်ဆုံးမှ သိမ်းရ၏။

ဒီနေ့တော့ အိမ်အလုပ်တွေ စောစီးလျင်မြန်စွာပြီးအောင် အားသွန်ခွန်စိုက် လုပ်ပစ်လိုက်သည်။ ပါးပြင်ပေါ်က ထူပိန်းနေအောင် လိမ်း





ထားသော ပါးကွက်နှစ်ခုက ဘယ်လောက်အလုပ်ပင်ပန်းပြီး ချွေးထွက်ပါစေ လုံးဝမပျက်ပေ။

"ဖိုက် ဖိုး သရီး တူး ဝမ်း အက်ရှင်"

ချောင်းရိုးအတိုင်း ဟိုကြည့်ဒီကြည့် ခပ်သုတ်သုတ်လျှောက်လာနေဆဲ၊ တောင်ကုန်းအထက်မှာ ရုပ်ရှင်ရိုက်နေသံကို ကြားလိုက်ရသည်။ ဒီနေ့ရောက် ဒီနေ့ရိုက်နေကြတာ လမ်းခရီးအကွာအဝေးနှင့် ရုပ်ရှင်သမားတွေ ပင်ပန်းနေကြတော့မည် ထင်၏။

ဝါသနာအရင်းခံနှင့် စိတ်ဝင်တစားပင် ထိုတောင်ကုန်းပေါ်ကို အပြေးအလွှား တက်လာခဲ့သည်။ အမြဲလိုမဟုတ်ပေမယ့် တစ်ခါတစ်ရံ ရုပ်ရှင်အဖွဲ့တွေ ရောက်လာတိုင်း သည်သို့ကြည့်ဖို့ အခွင့်ကြုံပေမယ့် မရိုးအီနိုင်ပေ။

လူအုပ်ကြားထဲကနေ တိုးခွေ့ရင်းဖြင့် သူမရှေ့ဆုံးထိ ရောက်လာသည်။

"ရိုဟာဇယ် အဆင်ပြေတယ်နော်၊ စမယ်၊ အားလုံးအသံတိတ်ပေးပါ"

တစ်ယောက်က အော်လိုက်သည်နှင့် အားလုံးအပ်ကျသံ မကြားအောင် ငြိမ်သက်တိတ်ဆိတ်သွားသည်။

"ဟယ် မင်းမကိုင်က ချောလိုက်တာ၊ အသားလေးတို့ ဝင်းဝါ



www.burmeseclassic.com

www.burmeseclassic.com



နှဖတ်နေတာပဲ၊ ရုပ်ရှင်ထဲမှာထက်တောင် အပြင်က ပိုကြည့်ကောင်းသေးတယ်''

သူမလည်း အသံထွက်ရေရွတ်ရခြင်းမဟုတ်။ ရင်ထဲကနေ တိတ်တိတ်ဆိတ်ဆိတ် ပြောနေခြင်းပင်။ ရုပ်ရှင်သမားတွေက သူတို့ကို အနှောင့်အယှက်ဖြစ်စေသော ပရိသတ်ဆိုလျှင် အနားကပ်မခံတတ်။

''မိုးဟေကိုလည်း မတွေ့ပါလား။ သူ့အခန်းမပါသေးဘူးထင်တယ်''

မျက်လုံးကစားပြီး ရှာဖွေသော်လည်း မင်းသမီးကိုမတွေ့။ မင်းမကိုဋ္ဌက မော်ဒယ်တစ်ယောက်နှင့် သရုပ်ဆောင်နေခြင်း ဖြစ်သည်။ ထိုမော်ဒယ်မိန်းကလေးက တောသူမစတိုင်နှင့်။

''ကတ် ကတ် လုံးဝအဆင်မပြေဘူး။ ချိုဖင် ညည်းဘယ်လိုဖြစ်နေတာလဲ၊ အခါခါ ရီဟာဖယ်လုပ်နေတာတောင် အဆင်မပြေပါလား။ မှဒ်မဝင်ရင် မင်းသားလည်းစိတ်ပျက်မယ်၊ ငါလည်း စိတ်ကုန်လာပြီနော်''

''ခ ခဏလောက် သည်းခံပေးပါ ဆရာရယ်၊ တောသူမနေရာမှာ တစ်ခါမှ သရုပ်မဆောင်ဘူးလို့ အခက်တွေ့နေတာပါ''

''ညည်းတို့ပြောလိုက်ရင် အဲဒီအတိုင်းပဲ၊ သရုပ်ဆောင်ဆိုတာ ကျရာဇာတ်ရုပ် ပီပြင်နေရမှာပေါ့။ မင်းသမီးဖြစ်ချင်လိုက်တာ အောင်မြင်ချင်လိုက်တာလည်း လွန်လို့၊ တကယ်ဖြစ်ချင်ရင် အနုပညာ အရည်





အသွေးဗီဇက ဓာတ်သွားလိုထက်နေရမှာ၊ မှော်ပညာရှင်လို တတ်ကျွမ်းနေရမှာ''

''ဟုတ်ကဲ့ ချိုဖင်လည်း လေ့လာထားတာပါပဲ၊ ဒါပေမဲ့ အမေက ဆေးရုံတက်နေလို့ အဲဒီကို စိတ်ရောက်နေလို့ပါ''

''ဆင်ခြေပေးဖို့တော့ တစ်ဖက်ကမ်းခတ်၊ ပိုက်ဆံကျတော့ မက်မောတတ်ရမှန်းသိတယ်၊ တာဝန်ကျေအောင် ကြိုးစားမယ် စိတ်ကူးမရှိဘူး။ ညည်းတစ်ယောက်တည်းနဲ့ အချိန်ကုန်သွားရင် ထုတ်လုပ်သူ သူဌေးတွေပဲ နစ်နာတာ၊ ဟွန်း အဲလိုလုပ်နေ နောက်တစ်ကား ခေါ်သုံးလိမ့်မယ် မထင်နဲ့''

ပန်းပေါ် သဘာက်စောင်အပိုင်းလေး တင်ထားသော ဒါရိုက်တာဖြစ်သူက အနားမှာ ထုတ်လုပ်သူ သူဌေးရှိနေ၍ မျက်နှာလိုမျက်နှာရ မော်ဒယ်မင်းသမီးလေးကို ဖိဟောက်နေသည်။ မင်းမကိုဋ္ဌမျက်နှာက နေအရှိန်ကြောင့် နီမြန်းမြန်းဖြစ်နေကာ

''အဲလောက် မပြောပါနဲ့၊ ဒါရိုက်တာကြီးရာ သူလည်းကြိုးစားနေတာပါ၊ နောက်တစ်ခါ လုပ်ကြည့်လို့အဆင်မပြေရင် ရှုတင်ဘရိတ် လိုက်ပေါ့''

''ဘာကွ''

ထုတ်လုပ်သူ သူဌေး ရှူးရှူးရှားရှား ဖြစ်သွားသည်။ ဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရော တခြားရုပ်ရှင်အဖွဲ့တွေရော မျက်လုံးလေးတွေပြူးလို့။

"ဘရိတ်ရအောင် ဒီနေ့ ကုန်ကျစရိတ်က နည်းနည်းနောနော လား။ မင်းသမီးရောက်မလာခင် သူ့အခန်းကို ပြတ်အောင်ရိုက်ရမှာ၊ မင်းသမီးက ပြင်ဦးလွင်တက်ရမှာမို့ နှစ်ရက်တည်း အချိန်ပေးထားတာ ကွ"

"ချိုဖင်မှာလည်း သူ့အခက်အခဲနဲ့သူပဲ ဖေဖေ၊ မအေ ကျန်းမာရေးအတွက် ပိုက်ဆံလိုလို့သာရိုက်ပါရစေဆိုပြီး လိုက်လာတာ၊ ဇာတ်ပေး ဖတ်ထားတာမဟုတ်တော့ တောသူမအဝတ်အစားလည်း ပါမလာဘူး၊ လေ့လာထားရတာလည်း မရှိဘူး၊ ဒါရိုက်တာက ဒါပြော ဒါလုပ်ဆိုတာနဲ့"

"လုပ်ရမှာပေါ့၊ ပြောလိုက်ရင် အနုပညာသမား သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ချင်တာကနေ တစ်ပြားသားမှ မလျှော့ဘူး၊ ဒီလိုအရည်အချင်းနဲ့ စင်ပေါ်ရောက်မယ် ထင်သလား"

"အဲဒါတွေ မပြောပါနဲ့တော့ ဖေဖေ၊ သူတကယ် စိတ်ထိခိုက်စရာရှိနေလို့ ထင်ပါတယ်"

မင်းသား ဘယ်လိုပြောပြော မင်းသားအဖေက မျက်ထောက်နီကြီးဖြင့် ဒေါသကြီးနေဆဲပင်။ ပြီးမှ ဒါရိုက်တာဘက်လှည့်လိုက်ပြီး

"ဘယ်လိုဖြစ်ဖြစ် ရိုက်လိုက်တော့ကွာ၊ ဇာတ်ကားဖြစ်ဖို့ အရေးကြီးတယ်၊ မင်းသားနဲ့မင်းသမီးပါရင် ငွေပြန်ရတာပဲ၊ ဇာတ်ပို့က ဒီလောက်





အရေးမကြီးပါဘူး"

"ဟာ အဲလိုတော့ ပရိသတ်ကို လိမ်မစားပါနဲ့ ဖေဖေ၊ ဇာတ်ကားဘစ်ကားမှာ သရုပ်ဆောင်တွေ အကုန်ကောင်းမှ ပုံပိုးမှုတွေ ပီပြင်နေမှ ဇာတ်ကားကောင်းတစ်ကား ဖြစ်တာပါ။ ငွေရပြီးရောလုပ်လိုက်ရင် ပရိသတ်ဆီကငွေကို အလကားလိမ်ညာစားနေတာနဲ့ အတူတူပါပဲ၊ သူနဲ့ အဆင်မပြေရင် တခြားတစ်ယောက်ကို အစားထိုးသုံးကြည့်ပါ"

"မင်းငွေမကုန်ရလို့ မင်းက စကားကို အလွယ်ပြောနေတာပဲ၊ သူ့ကိုငါပေးထားရတာ ခုနစ်သိန်းတောင်ကွ၊ နောက်ပြီး သူ့နေရာမှာ အစားထိုးသုံးဖို့ အက်တာခ အကုန်မခံနိုင်တာနဲ့ လူပိုလည်း ခေါ်လာတာ မဟုတ်ဘူး၊ နယ်ဆင်းရိုက်ရင် ငွေက နှစ်ဆကုန်တာ"

"သူ့အတွက် ကုန်ထားတဲ့ငွေကို ကျွန်တော် ပေးမယ် ဖေဖေ၊ တခြားတိုက်နဲ့ ဒီဗီဒီ လက်ခံထားတာရှိတာပဲ၊ အဲဒီထဲကနေ ကျွန်တော်ပေးမယ်၊ ဇာတ်ကားကိုတော့ ဖြစ်သလို မလုပ်ပါနဲ့"

ဦးကျော်စိုးလွင် ထိုင်ခုံမှာ ပြန်ထိုင်ကျသွားရင်း စဉ်းစားရကျပ်သွားသည်။ ပရိသတ်တွေ ရှိနေတာမို့ သားနဲ့ဒီထက်ပိုပြီး ပဋိပက္ခဖြစ်လို့ မကောင်း။ ဒီအတိုင်း ဆက်ရိုက်လျှင်လည်း အများရှေ့မှာ ဖြစ်သလိုလုပ် ချလိုက်တာ သိသာဦးမည်။

"ဟား ဟုတ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆံထုံးကို ဖြစ်သလိုထုံးနှောင်ပြီး ဖျင်အင်္ကျီအတွက် ပုဆိုးစုတ်စလွယ်သိုင်း၊ သနပ်ခါးပါးကွက်ကြားနှင့် တိုးတိုးခွေ့ခွေ့ဝင်လာ၍ စိတ်ဝင်တစား ကြည့်နေသော တောသူကောင်မလေးကို မျက်လုံးက ဒိုင်းခနဲ ရောက်သွား၏။

ဒီကောင်မလေးကို အစမ်းသုံးကြည့်လျှင် အဆင်ပြေနိုင်မလား။ တောသူနယ်သူတွေ ဆင်းရိုက်လျှင် နီးစပ်ရာဆွဲရန်း၍ လိုသလို အသုံးပြုရတာ ငွေကုန်ကြေးကျတော့ သက်သာသည်။ တချို့ဝါသနာအလျောက် ဆက်လေ့လာကြိုးစားပြီး ဖြစ်သွားသည့်သူတွေလည်း ရှိ၏။

ရန်ကုန်ကနေ အက်တာတွေ အများကြီးခေါ်သွားလျှင် ငွေကနှစ်ဆကုန်တာမို့ တချို့ထုတ်လုပ်ရေးတိုက်တွေလည်း ဒီလိုပဲလုပ်နေကြတာ။

တစ်ခန်းနှစ်ခန်းပါရလျှင်တောင် ကျေးဇူးတွေတင်၊ ထမင်းတွေဖိတ်ကျွေးနှင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် အသုံးချကြည့်ရမှာ ကိုယ့်အတွက် အရှုံးမရှိလောက်ပေ။

''သိုက်ထွန်း ဟိုကောင်မလေး တစ်ချက်ကြည့်စမ်း။ ဖြစ်နိုင်လား''

ဒါရိုက်တာ သိုက်ထွန်းက ဦးကျော်စိုးလွင် မေးတစ်ချက် ဆတ်ပြရာ လှည့်ကြည့်ရင်း ဘာကိုဆိုလိုတယ်ဆိုတာ ဒက်ခနဲ သဘောပေါက်





လိုက်သည်။

''ရုပ်ကလေးကတော့ မဆိုးဘူး။ ညိုချောလေးပဲ အစ်ကို၊ ပုံစံကလည်း တောဂေါ်လီပဲ၊ အပျိုအရွယ်ဖြစ်တာတောင် အလှမပြင်တတ်တာတော့ ကျွန်တော်တို့ဇာတ်ကောင်နဲ့ ကွက်တိပဲ''

''ရှုတင်ကို ခဏဘရိတ်လိုက်၊ အဲဒီကောင်မလေးကိုခေါ်ပြီး စကားပြောကြည့်မယ်၊ ချိုင်နဲ့ကတော့ အလုပ်မဖြစ်တော့ဘူး။ သားလည်း ငွေပြန်ပေးမယ်ပြောထားတာပဲ၊ ရန်ကုန်ပြန်လွှတ်လိုက်တော့ကွာ''

ဦးကျော်စိုးလွင်က ငွေအတွက်ဆို သားဆိုကတောင် အမြတ်အစွန်းထုတ်ချင်သူပါ။

အခုလည်း ဘာအတွက် ထိုကောင်မလေးကို. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကောင်မလေးကို လက်တို့ခေါ်ပြီးမှ ရှုတင်ဘရိတ်လိုက်တော့ ကြည့်နေသောသူတွေအားလုံး ပြန်သွားကြသည်။

ကောင်မလေးက ဘုန်းကြီးကျောင်းပေါ်လိုက်လာပြီး သူမ ကိုင် လာသော တုတ်ချောင်းလေးကို ဘေးမှာချ၍ ဘုရားကို အရင်ကန်တော့ သည်။ ပြီးမှ ဆရာတော်ကို ကန်တော့၏။

"မိချော ကျောင်းပေါ်ဘာလာလုပ်တာတုန်း"

"တင်ပဲ့။ ရှပ်ရှင်သမားတွေက စကားပြောချင်တယ်ဆိုလို့ လိုက် လာတာပါ၊ ဘဘုန်းကြီးရော ကျန်းမာရေးကောင်းရဲ့လား"

"အိမ်း ကောင်းပါ့ကွယ်၊ နင့်အဖေ မှူးချော ထန်းရည်သောက် တာ လျှော့ပြီလား"





"မလျှော့ပါဘုရား။ နည်းနည်းအသက်ပိုကြီးလာတော့ ပိုသောက် နိုင်တာသလားတောင် မသိပါဘူး"

"အင်း ဟုတ်မယ်၊ နင်က ပိုရှာပေးနိုင်လာလို့ ပိုသောက်နိုင် တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ မဟုတ်ဘူးလား"

"တင်ပဲ့ အဲလိုဖြစ်နေလားတောင် မသိပါဘူး၊ ကိုယ်ကပဲ တာသိုလ်ယူသလိုဖြစ်နေပါပြီ"

"သူ အာသီသရှိတာဖြစ်နေတော့ ကုသိုလ်တစ်ဝက်၊ ငရဲတစ် ဝက်ပေါ့၊ ရှာမပေးရင် ရန်လုပ်သေးတာမဟုတ်လား။ မိထွေးကလည်း အစ်မှုံးဆိုးနဲ့ နင့်ဝဋ်ကြွေးက မကုန်နိုင်ဘူး၊ အေး ဒီဘဝမှာ ကျေအောင် ဆပ်၊ သံသရာကူးရင် မပါအောင်သာဆုတောင်း။ ကဲ ကဲ ဘုန်းကြီး ကိုတက်ရှာ တရားပွဲသွားရဦးမှာမို့ ခွင့်ပြုဦး။ ရှပ်ရှင်သမားတွေ အကူအညီ တောင်းရင်လည်း ကိုယ်တတ်နိုင်တာလုပ်ပေးလိုက်၊ သူတို့က ဧည့်သည် ကိုယ်က အိမ်ရှင်"

"တင်ပဲ့ဘုရား"

ဆရာတော်ဘုရားကြီး ကြွသွားမှ ရှပ်ရှင်သမားတွေဘက် သူမ ကိုးရှေ့ထိုင်ရသည်။

"ကျုပ်ကို ဘာလို့ခေါ်လာတာလဲတော့ ကျုပ် နွားတွေ ပြန်သိမ်း ရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ အေးပါ ခုနက ရိုက်...ွင်းမှာ ဦးတို့အခက်အခဲ ဖြစ်ေ
တာက ဒီက"

"မိချောပါ"

"အင်း မိချော သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အေး အဲဒီအတွက် အဲဒီ မင်းသမီးနေရာမှာ မိချော
သရုပ်ဆောင်ပေးပါလို့ အကူအညီတောင်းချင်တာ"

"ရှင်"

မိချော မျက်လုံးလေးပြူးကာ အံ့သြသွား၏။ ပြီးမှ ခွက်ထိုးခွ
လှန်ရယ်ချ၍

"ကျုပ်ကိုလား ကျုပ်က ဘာမှမလုပ်တတ်ဘဲနဲ့ ဟောေ
ကျုပ်လို တောသူမကိုများ"

"ဟုတ်ပါတယ် တောသူမမို့ အကူအညီတောင်းတာပါ၊ အဲ
မင်းသမီးနေရာကလည်း တောသူမပဲလေ ဖြစ်တယ်မဟုတ်လား၊ ထ
ထားတာက ဘယ်လိုမှကို တောမဆန်တာ၊ ထဘီတိုတို မဝတ်တတ်
ဆိုပြီး ထဘီကော်ဝတ်လာတယ်၊ အသံစွာစွာ ကျယ်ကျယ်လောင်လော
ပြောရမှာလည်း မယားငယ်တုံးဝိသံနဲ့"

"အဲဒါတော့ ဟုတ်တယ်၊ ကျုပ်သာဆိုရင်တော့ ကိုယ် အနေ

နိုးမိုးဝေဝေပ



...ဆောင်နေရတဲ့ချစ်သူက ကိုယ့်ကိုမင့်ညှာဘဲ တခြားမိန်းကလေးကို
...မွှားတား ရင်နာလွန်းလို့ အော်ကြီးဟစ်ကျယ် ပြောဆိုပစ်လိုက်မှာပဲ"

"ဟုတ်တယ်ဗျာ အဲဒါ အမှန်ပေါ့၊ ဦးတို့လိုချင်တာ အဲဒီခံစား
...ပဲ၊ အနုပညာဆိုတာ ခံစားချက်နဲ့လုပ်ရတဲ့အလုပ်လေ၊ ခုနက
...ယ်သရုပ်ဆောင်တာ မိချောတို့ အားမလိုအားမရ စိတ်တိုင်းမကျ
...နေမှာပေါ့ ဟုတ်လား"

မိချောက အားမနာတမ်း နှာခေါင်းရှုံ့ကာ ခေါင်းညိတ်၏။
...ဒီလည်း မျက်လုံးပြူးလေးနဲ့ ငေ့ကြည့်လိုက်သေးကာ

"အဲဒီနေရာမှာ နိုင်သင်းကြည်သာဆိုရင်တော့ ကွက်တိပဲ
...လား၊ တောစရိုက် တောအထာဆို နိုင်သင်းကြည်လောက် ဇာတ်ရုပ်
...ပြင်တာ မရှိဘူး၊ စိုင်းစိုင်းခမ်းလှိုင်နဲ့ မော်ဒယ်ဗွေးတုတ်ကားကို ကြည့်ပါ
...သား၊ အဲဒီကား သွားရိုက်တဲ့ရွာကိုတောင် ဗွေးတုတ်ရွာလို့ ခေါ်လိုက်တာ
...ဲတော့"

"ဪ ဟုတ်လား"

အားရပါးရကို ပြောနေတာမို့ သိထားပြီးတာတောင် အံ့သြချင်
...ဟန်ဆောင်၍ ထောက်ခံရသေး၏။ တောသူမို့ ပွင့်ပွင့်လင်းလင်း ဖွင်းဖွင်း
ရှင်းရှင်းကြီးပါ။

သူမ ပြောနေတာကို အားလုံးက သဘောကျနေကြသည်။

နိုးမိုးဝေဝေ...

www.burmeseclassic.com

www.burmeseclassic.com



ခင်းကျင်းထားသော ခပ်လှမ်းလှမ်းကသာ အငွေ့ခတ်နေ၏။

"အဲလိုဆိုတော့ ဘယ်လိုလဲ၊ ဦးတို့ကို ကူညီမှာလား"

"အို ကူးပြက ဝါသနာတော့ပါပါတယ်၊ သရုပ်ဆောင်ဖို့တော့ ဘယ်လုပ်တတ်ပါ့မလဲ၊ မီးဆလိုက်တွေထိုး မှန်တွေထိုးနဲ့ မျက်လုံးကျိန်းပါတယ်တော်၊ ပြီးတော့ လူတွေကလည်း ဝိုင်းအုံကြည့်နေတာ ရှက်စရာကြီး"

"ကိုယ့်အလုပ်ကိုယ်လုပ်တာ ဘာရှက်စရာလိုလို့လဲ၊ မိချောတို့ ချစ်တဲ့ကြိုက်တဲ့ အနုပညာရှင်တွေက အဲလို အရှက်မရှိဘဲ သရုပ်ဆောင်ကြလို့ မိချောတို့ ကြည့်ခွင့်ရတာပေါ့ မဟုတ်ဘူးလား"

မိချော လက်ခံသွားဟန်တူသည်။ မျက်လုံးလေး ကလယ်ကလယ်နှင့် ငြိမ်သက်သွား၏။ ပြီးတော့ ချက်ချင်းဆိုသလိုပင် လျော့တိလျော့ရဲဖြစ်နေသော ပုဆိုးစုတ်ကို တင်းနေအောင် ဆုပ်ကိုင်စလွယ်သိုင်း၍ ပြုန်းခနဲ ခုန်ထလိုက်ကာ

"အဲဒါ အရေးမကြီးဘူး။ ကျုပ်နွားတွေ ပြန်သိမ်းရဦးမှာ၊ တစ်ကောင်ပျောက်လို့ကတော့ ကျုပ်တစ်သက်လုံး ကျွန်ခံဆပ်ရလိမ့်မယ်"

"ဟောဗျာ နေ နေပါဦး"

"ဟာ ဖွတ်ပါသော၊ တားလို့တောင် မရဘူး၊ မိချော မိချော"

ဘယ်သူ့အော်လို့ တားလို့မှ မရ။ ကျောင်းပေါက်ဝမှာ ထားခဲ့သော တုပ်ကိုဆွဲ၍ သုတ်ခြေတင်ကာ ပြေးလေသည်။ ရသည့်အခွင့်



...တောင် မယူတတ်အောင် ရိုးအလွန်းသော မိန်းကလေးပါလား။

ဒါပေမဲ့ ထုံထိုင်းနုံအတာတော့ မဖြစ်နိုင်။

ကျင်လည်ရာဘာဝမှာ သွက်လက်ချက်ချာသော...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အဲဒါတော့ သေချာတယ် ဒကာကြီး၊ သူ့အပေါ် မညှာတာတဲ့ မိသားစုကို အလုပ်နဲ့လက်မပြတ် မညည်းမညူ လုပ်ကိုင်ကျွေးနေတာ၊ သွက်လက်ဖျတ်လတ်သလား မမေးနဲ့ အတန်းပညာက သူ့အမေသေပြီးကတည်းကဆိုတော့ လေးတန်းအောင်ရုံလောက် နေခဲ့ရမယ်ထင်တယ်၊ ဒါပေမဲ့ ဘာလုပ်ရင် ဘယ်လောက်ရမယ်၊ ဘယ်လောက်ကုန်သွားတယ်ဆိုတာတော့ တွက်ချက်တတ်တာ ကွန်ပျူတာကျနေတာပဲနော်၊ စိတ်ရင်းလေးကလည်း ရိုးသားဖြူစင်တယ်၊ အဲ မဟုတ်မခံ ဆတ်ဆတ်ကြဲတတ်တာလေးကတော့ ဗိဖယ်"

ဘဘုန်းကြီး ပြောပြနေတာတော့ ဒီကောင်မလေး အကြောင်း မကောင်းတာ တစ်ခုမှမပါ။ ရုပ်ကလေးကလည်း အလှအပ ပြင်လိုက်





ချင် ရွှက်ကြမ်းရေကျို့ရုပ်ထက် သာနိုင်တာ သိထား၍ ဦးကျော်စိုးလွင်ဖိသ်ဝင်စားနေမိသည်။

"သူက ဘာအလုပ်လုပ်တာလဲ ဘုရား"

"သူလား မနက်စော လေးနာရီလောက်ဆို မြို့ဈေးသွားရောင်းမည့် ကုန်တွေကို မြစ်ဆိပ်ထမ်းပို့ပေးတယ်၊ မိုးလင်းတာနဲ့ တစ်ရွာလုံးက နွားတွေကို အငှားကျောင်းတယ်၊ စိတ်ချယုံကြည်ရလောက်တဲ့ အစောင့်နှင့် အိမ်ပြန်လာပြီး ထင်းခွေ ရေခပ်၊ နွားစာစဉ်း၊ ချက်ပြုတ်ဖွတ်လျှော်ပြီး အဲဒီကြားထဲ သူများအိမ်တွေလိုက်ပြီး နွားစာစဉ်းပေးတာရှိသေးတယ်၊ သူ့ကိုစာနာသနားတော့ မုန့်ဖိုးပဲဖိုး ပိုသာပေးကြတာပေါ့လေ"

"သူ့ဘဝက ကြမ်းတမ်းလှချည်လား ဘုရား"

"ကြမ်းဆို အတိတ်က အကုသိုလ်ပေးဆပ်နေရတာ ထင်ပါ့၊ သူ့အမေရှိတုန်းကလည်း အဲလိုပါပဲ၊ ညဘက် ဖားရှာငါးရှာတောင် သားအမိနှစ်ယောက် လက်ဆွဲပြီး ထွက်ရှာရသေးတာ၊ သူ့အဖေကတော့ အဲဒီအချိန်ကတည်းက ယစ်ထုပ်ပဲ၊ သားကျွေးမှ မယားကျွေးမှ မလုပ်ချင်ဘူး၊ ဘာတာဝန်မှကို မကျေချင်တဲ့လူပိုသက်သက်ပေါ့"

ကြားရတာ နားမသက်သာ၊ ကောင်မလေးကြည့်တော့လည်း ဝန်ထုပ်ဝန်ပိုး မနိုင်ဝန်ထမ်းနေရလို့ ပင်ပန်းမှုမျိုး မတွေ့ရ။ သူ့ဘဝမှု ကျေနပ်ရောင့်ရဲ ပျော်ရွှင်နေသလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဆေးဆေးက ဘာလုပ်မလို့လဲ။ ကောင်မလေးကို ခဏတာ လိုအပ်မှုအတွက် အသုံးချမလို့လား။

အလုပ်ပျက်အကိုင်ပျက် ဖြစ်သွားနိုင်သည့် ကောင်မလေးကို ထိုက်သင့်သလောက် ငွေကြေးမပေးဘဲနှင့်တော့ မလုပ်စေချင်။ တကယ်ဆို ဒီကောင်မလေး သရုပ်ဆောင်ရမည့်နေရာက လုပ်ပိုင်ခွင့်တွေ ရှုပ်ထွေးရာနိုင်နှုန်းရှိသည်။ ဒုတိယနေရာကပါ။

ချိုဖင်ကိုပေးရတာ ဆယ်သိန်းဝန်းကျင်။ ဒီငွေကိုလည်း သူစိုက်ပေးပါမည်လို့ပြောထားပြီးသား။ ဒါကို အလကားလို ဆွဲသုံးချင်တာဆိုရင်တော့. . .။

"မိချောအကြောင်းက ဘယ်လောက်တောင် စိတ်ဝင်စားစရာကောင်းနေလို့လဲ ဖေဖေ၊ သူက အနုပညာမှာ ဘာအတွေ့အကြုံမှ မရှိတဲ့ တောသူအရိုင်းပါ၊ ကျွန်တော်တို့ဆီမှာ ချိုဖင်နေရာ သုံးလို့ရတဲ့ တခြား အက်တာတွေပါသေးတာပဲ၊ သူတို့ကိုသေချာသင်ပေးပြီး အသုံးပြုလိုက်ရင်"

"မင်းအသာနေစမ်းပါ၊ အခု ပါလာတာ ဇာတ်ပို့ဇာတ်ရံတွေ သူတို့ကို တင်ပေးလို့ဖြစ်သွားတာနဲ့ အောင်မြင်မှုရပြီဆိုပြီး ကန်ထွက်သွားမှာ၊ အခုလို နေ့စားခေါ်ရိုက်ဖို့ လွယ်ပါတော့မလား။ ဘယ်တော့မှ တင်မပေးဘူး။ ဒီအတိုင်း ခိုင်းစားဖို့ပဲတန်တယ်"





တိုးတိုးတိတ်တိတ် နောက်လှည့်ပြီး မင်းမကိုင်ရှိကိုပြောပြီးမှ ဦးကျော်စိုးလွင် မျက်နှာအပြုံးနှင့် ဘဘုန်းဘက် ပြန်လှည့်သွားသည်။

"ဟို တပည့်တော်အနေနဲ့ မိချောဘဝလေးကို သနားမိပါတယ်ဘုရား အဲဒါကြောင့် အခုရိုက်နေတဲ့ ကားလေးမှာ တစ်ခန်းစ နှစ်ခန်းစ အသုံးပြုပြီး မိချောကို သုံးဖို့ ဆွဲဖို့လေး ထောက်ပံ့ချင်ပါတယ်"

"ဪ ဒီလိုလား၊ ဘုန်းကြီးတို့ရွာက ရုပ်ရှင်လာရိုက်တဲ့သူများ ကိုလားတော့မသိဘူး၊ အနုပညာပိုးတော့ လူတိုင်းရှိကြသကွဲ့၊ မိချောတို့ အငယ်ချင်းတွေ အရှုံးထတာလည်း ကြားရပဲ့၊ ဒါနဲ့ ညနေက မိချောကို အဲဒီအကြောင်းပြောလိုက်တယ် မဟုတ်လား ဒကာ"

"တင်ပါ့ တပည့်တော်တို့ကို အဆုံးအဖြတ်ပေးမသွားပါဘူးဘုရား၊ သူ့နွားတွေ သိမ်းရမယ်ဆိုပြီး အရေးတကြီး ပြန်ထွက်သွားပါတယ်၊ အဲဒါ ရွာထဲက သူ့အိမ်ကိုလမ်းညွှန်တာဖြစ်ဖြစ် ဘဘုန်းအနေနဲ့ ကျောင်းကိုခေါ်ပေးတာဖြစ်ဖြစ် ကူညီပေးလို့ရရင်"

"အင်း ဒကာတို့ဘက်က လိုလားတယ်၊ ငွေကြေးလည်းပေးမယ်ဆိုရင် ကျောင်းကိုလာအောင် ဘုန်းကြီးခေါ်ပေးပါမယ်၊ သူ့အိမ်ကို ဒီအချိန်သွားရင် သူ့အဖေ ငမူးနဲ့တွေ့ပြီး ပြဿနာရှုပ်မှာစိုးလို့ပါ"

"တင်ပါ့ ဘဘုန်းကြီးကောင်းသလို စီစဉ်ပေးပါဘုရား၊ သူနဲ့ ထပ်ပြီး ဆွေးနွေးကြည့်ချင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး အေး ကျောင်းသားတစ်ယောက် အခေါ်ခိုင်းလိုက်ပါမယ်၊ ဒကာတို့ရော ကျောင်းမှာတည်းရတာ အဆင်ပြေရဲ့လား။ ရှုတင်ထမင်းဟင်းမလောက်ရင် ကျောင်းမှာ ဆွမ်းကျန်ကွမ်းကျန်တော့ အမြဲပိုတယ် ကွယ့် ဟုတ်ပလား"

"တင်ပဲ့ ရှုတင်ထမင်းဟင်းချက်တဲ့အဖွဲ့ပါလို့ အဲဒီအတွက်တော့ မပူပါနဲ့ဘုရား။ မိချောကိစ္စသာ တပည့်တော်က နှစ်ရက်လောက် အထိုင်ချပြီးတာနဲ့ ပြန်မှာမို့ အဆင်ပြေသွားချင်တာပါ"

"ဘုန်းကြီးတိုက်တွန်းပေးပါမယ်၊ ဟိုတက် ဒီဘက် အဆင်ပြေမယ့်ကိစ္စပဲ၊ တချို့အဖွဲ့တွေ လာတုန်းက ရွာကလူတွေ ခေါ်သုံးရင် တစ်ပြားမှပေးကြတာ မဟုတ်ဘူး၊ သူတို့ကတောင် ရွာကလူတွေပေးတဲ့ လက်ဆောင်ယူပြီး အမြတ်ထုတ်သွားကြသေးတာ"

ဘဘုန်းကြီးက မိချောအတွက် ဝမ်းသာပေးနေသလိုပါ။ တပြုံးပြုံးနှင့် မိချောကို ကျောင်းသားတစ်ယောက်သွားခေါ်ခိုင်းပြီး ဘုရားဝတ်ပြုဖို့ ဘုရားခန်းဘက် ဝင်သွားသည်။ ထိုအချိန်မှ မင်းမကိုဋ္ဌက ဦးကျော်စိုးလွင်အနား တိုးကပ်ထိုင်ပြီး

"အဲဒီကောင်မလေးနဲ့ မဖြစ်ဘူးထင်တယ်နော် ဖေဖေ၊ သူ့အလုပ် သူလုပ်ပါစေ၊ အဆင်မပြေရင် ရှုတင်ဘရိတ်နေရတာနဲ့ ချိုဖင်ကြောင့် ကုန်ရတဲ့ငွေထက် နှစ်ဆလောက် ထပ်မြောက်နေရဦးမယ်"





"မင်းဝါရင့်ပေမယ့် သမ္မာနုသေးတာပဲ မင်းမကိုဋ္ဌ၊ မသိသေး မတတ်သေးတဲ့သူကို သင်ရတာက လွယ်တယ်ကွ၊ သိပြီးတတ်ပြီးသားလူက ဆရာလုပ်တာမခံချင်လို့ ဘယ်တော့မဆို ကလန်ကဆန်လုပ်ကြမှာပဲ ကိုယ်မပိုင်နိုင်တဲ့ ဇာတ်ရုပ်ဆို ဟိုဟာကြောင့် ဒီဟာကြောင့် ဆင်ခြေပေးပြီး မှဒ်မရတာ ဘာမရတာနဲ့ အကြောကတစ်စက်မှ မလျှော့ဘူး၊ အေး မင်းက ရိုးတာလား၊ အားနာတတ်တာလားတော့ မသိဘူး၊ မသိရင် မသိသလိုနေ၊ နားမလည်ရင် နားမလည်သလို လက်ရှောင်နေဘ်၊ ငါလုပ်နေတဲ့အလုပ်ကို ဝင်ဝင်မရှုပ်နဲ့"

လေသံမာမာနှင့် ဟင်းမာပြတ်သားစွာဆိုလာတော့လည်း မင်းမကိုဋ္ဌ ငြိမ်နေလိုက်ရ.. ည်။ ဖေဖေက ဒီလောကမှာ ကျွမ်းကျင်သော မှုဆိုးတစ်ယောက်ပါ။

ဖေဖေ သင်ပေးခဲ့တာ အများကြီးဆိုပေမယ့် သူ မတတ်တာတွေလည်း အများကြီးဖြစ်သည်။ ဒါပေမဲ့ ဖေဖေသိသလောက်လည်း သူ မသိချင်မတတ်ချင်ပါ။ ဖေဖေ့မှာ အတွေ့ပါးပါးလေး၊ ဟင့်အင်း ထုထည်ကြီးကြီးမားမားတွေ ဆုပ်ကိုင်အသုံးပြုနေတာ သူ မသိဘဲနေပါ့မလား။ ခုလို အမိန့်သံဆန် ဆန် နှုတ်ပိတ်နေလို့သာ ငြိမ်နေခဲ့ရတာ။

ခုကိစ္စမှာလည်း...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ညည်းနှယ်အေ ဒီလို အခွင့်အရေးရတာတောင် ခေါင်းမညိတ်ခဲ့ဘူး။ ညည်းလောက် မိုက်တဲ့သူရှိဦးမလား"

"ကြီးတော်ကရော ဘာသိလို့လဲ၊ သူတို့အကူအညီပေးပါတဲ့၊ ပိုက်ဆံမပေးဘဲ အလုပ်ပျက်ခံသွားလုပ်ပေးရရင် ကြီးတော်တို့ အကုန်ဝတ်သေမှာ"

"အမယ်လေး စကားကြီးစကားကျယ်နဲ့၊ ပညာမတတ်တော့ မတွေးတတ်ဘူးဆိုတာ အမှန်ပဲ၊ ကျွန်မမှာ နေ့စဉ်အလုပ်တွေလုပ်ရပါတယ်၊ ငွေက ဘယ်လောက်ရပါတယ်လို့ ပိုပြောလိုက်ရင် အဲဒီထက်မကတဲ့ငွေတောင် ပေးလာဦးမယ်၊ သူတို့က တကယ်လိုအပ်နေတာမဟုတ်ဘူးလား"

စိုးမိုးစာပေ



ဒါတော့လည်း ဟုတ်သည်။ သူမဘဝအကြောင်းသိလျှင် အလကားတော့ ခိုင်းမည် မထင်ပါ။ ရွာကလူတွေဆိုလျှင် သူတို့ကို ဘယ်နေရာ ပါနိုင်း ပါနိုင်၊ ထမင်းဖိတ်ကျွေးရ လက်ဆောင်တွေပေးရနှင့် ပျာယာခတ်အွန့်တွန့်လူးပျော်နေကြသည်။

ထိုအချိန်တွေကလည်း သူမဘဝက ဒီလိုတွေလုပ်ဖို့ အခြေအနေ မပေးပါ။ စာဥနှင့်အေးဘုံ ပြောသမျှပဲ ပါးစပ်အဟောင်းသားအားကျပြီး နားထောင်ခဲ့ရတာ။

"ငါကလေ ဗေလုဝရဲ့ရည်းစားလုပ်ရတာတော်ရော့ နှစ်ခန်းပဲပါပြီး မြွေကိုက်ခံသေသွ ားရပေမယ့် မင်္ဂလာဆောင်မှာ သူ့လက်ကိုတွဲနှိတ်ထားရတာ ရင်ပေ ဘွခုန်လိုက်တာဟယ်"

ဗေလုဝနဲ့တွဲရတာတောင် အဲဒီလို ဆတ်ဆလူးထ ပြောမဆုံးကြွားမဆုံးဖြစ်ခဲ့ကြတာပါ။ အခုလို သူမသာ နာမည်ကြီး မင်းသားမင်းမကိုင်ရှိနှင့် တွဲရမှာဆိုလျှင် အံ့ဩမဆုံး ချီးကျူးမဆုံး ဂုဏ်ယူမဆုံးဖြစ်ကြပေလိမ့်မည်။

သူမရင်ထဲရော မပျော်ဘူးလားဆိုတော့ တာရိုးတစ်လျှောက်ခုန်ပေါက်ပြေးလွှားပြီး အရူးမနှင့်တူအောင်ကို စိတ်လွတ်ကိုယ်လွတ် အော်ကာ ပျော်ပစ်လိုက်ချင်ပါသည်။

သရုပ်ဆောင်မလုပ်တတ်တောင် မင်းသား လက်ကလေးကိုင်

www.burmeseclassic.com

စိုးမိုးစာပေ

www.burmeseclassic.com



ရတော့ နည်းသလား။

ဒါပေမဲ့ သူမ လုပ်သော အလုပ်တွေက တစ်ရက်မှ ပျက်လို့မရ သူများကိုနိုင်းလိုက်လျှင် ဝင်ငွေမဲ့စွာ အငတ်ဘေးဆိုက်ပြီး အဖေ့ရဲ့ဆူပူ ရိုက်ပုတ်ခံရမည်။ မိထွေးပြစ်တင်မာန်မဲသံကို ကြားရမည်။

ကလေးတွေ တကျီကျီငိုသံကို စိတ်မချမ်းမြေ့စွာ နားထောင်ရ မည်။ တကယ်ဆို ဒီဘဝကို စိတ်ကုန်ငြီးငွေ့လှလှ ဖြစ်နေပါပြီ။ ထီပေါက် သလို ငွေတွေ အလုံးအရင်းလိုက်ရပြီး မိသားစုကို အကုန်ထောက်ပံ့၍ အဝေးမှာသာ သွားပုန်းနေလိုက်ချင်သည်။ ပေးဆပ်ခဲ့ရသည့်အချိန်တွေ ပင် နည်းသလား။

"မိချော မိချောရေ ဟဲ့ကောင်မ"

"ညည်းကို မင်းသားအဖေက ရုပ်ရှင်ရိုက်ဖို့ ခေါ်တယ်ဆို ကောင်မရဲ့၊ ငါတို့သူငယ်ချင်းအရင်းကြီးတွေကိုတောင် တစ်ခွန်းမှမပြော ဘူး။ ရိုက်ကွင်းကို လာသေးတယ်ပေါ့။ ငါတို့နဲ့ ဘယ်လိုလုပ် လွဲသွားတာ လဲ"

အေးဘုံနှင့်စာဥက အသံကျယ်ကျယ်နှင့် အံ့လည်းအံ့သြ၊ ပြော လည်းပြော မေးလည်းမေး။ အခုမှ သူမမှာ ဘဝင်မြင့်မိသလိုလို။

"ဒီလို ဟဲ့ကောင်မတွေရဲ့၊ ငါ့မှာ အလုပ်ပြီးမှ အိမ်ကထွက်ရ တာပါ။ ဒါပေမဲ့ ငါ့အိမ်က စောစောထွက်ပြီး လာကြည့်မယ်လို့ ညည်းတို့





ဆိုက်တယ်လေ"

"အေး"

"ထုံးစံအတိုင်းပေါ့၊ နောက်မှရောက်ပေမယ့် ငါကတော့ ရှေ့ဆုံး ထိုင်ကြည့်တာပဲ၊ ညည်းတို့ကိုလည်း ကျုပ်ရှာချိန်မရပါဘူး။ မင်း သရုပ်ဆောင်တာကိုပဲ အာရုံရောက်နေတာ၊ ဒါနဲ့အေ မော်ဒယ်ချိုင် ဆောင်မကောင်းတာတော့ အသည်းကိုယားနေတာပဲ၊ တောသူတဲ့ တဲ့ပိတ်စကို ဝမ်းဆက်ဝတ်ထားတယ်၊ မိတ်ကပ်ကလည်း အဖွေး အဲဒီအပေါ်မှာ သနပ်ခါးပါးကွက်ကို ပါးပါးလေး တင်ထားတယ်"

"ဟုတ်တယ်ဟဲ့ ငါတို့တောသူတွေက မိုးလင်းကတည်းက သနပ် ပိန်းနေအောင် လိမ်းလိုက်ရင် ညအိပ်ရာဝင်တဲ့အထိ ပျက်တာ ဘူး"

"တောမှာလာရိုက်ပြီး တောစရိုက်မပီပြင်တာ မရှက်ဘူးလား ဘူးအေ၊ တို့တောသူတွေကို အမြင်မရှိ နလပိန်းတုံး ထင်နေလား ဘူး၊ သူတို့တွေထက်တောင် မျက်စိအမြင်ရှိသေးတယ်၊ သူတို့ကို ပေးတာက ငါတို့လို လူတန်းစားတွေ ညာချလို့ရလိမ့်မယ်များ ထင် ယားမသိဘူး၊ မော်ဒယ်ကနေ မင်းသမီးဖြစ်တယ်ဆိုပြီး မော်ဒယ်ရုပ် ကာမှာစိုးလို့နေမှာ"

ကဲ့ရဲ့တာနှင့် ဝေဖန်တာ လုံးထွေးနေ၍ မိထွေး ဒေါ်တင်ခိန်



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းဝင့်လာသည်။ ဒါကိုလည်း ဘယ်သူမှ သတိမထား

"အဲဒါနဲ့ ပြောပါဦးဟဲ့၊ ဘယ်လိုဖြစ်ပြီး"

"ဩော် ရှုတင်မန်နေရှာက ငါ့ကို ဘုန်းကြီးကျောင်း ခေ

ခဲ့ပါဆိုပြီး လက်တို့ခေါ်တယ်၊ ရှုတင်ရပ်ပြီး ကြည့်နေတဲ့လူတွေ

ပြန်သွားရော ငါလည်း ကျောင်းပေါ်လိုက်သွားတာပေါ့၊ အဲဒီ

ပြောတာ"

"ဘယ်လိုပြောတာလဲ၊ လုပ် လုပ်စမ်းပါဦး စိတ်ဝင်စား

တာ"

"အဲဒီ မင်းသမီးနေရာမှာ သရုပ်ဆောင်ပေးပါတဲ့လေ

သင်ပေးပါမယ်တဲ့"

"ဟယ် ဒါဆို မင်းမကိုဋ္ဌလေးနဲ့ တွဲရမှာပေါ့၊ ဘယ်လော

ရင်ခုန်စရာကောင်းလိုက်မလဲ ညည်း ဘယ်နေ့စရိုက်ရမှာလဲ"

"ငါ ဘာမှမပြောခဲ့ရသေးဘူး"

"ဟယ် ဘာဖြစ်လို့လဲဟဲ့၊ ဒီအခွင့်အရေးမျိုး ရခဲပါတိနဲ့

သူတွေလို ဖြတ်လျှောက်ရုံလေးပါရမှာလည်း မဟုတ်ဘဲနဲ့ ကံကော

မင်းသမီးတောင် ဖြစ်သွားနိုင်တယ်"

အေးဘုံတို့က အားရဝမ်းသာ ဖြစ်နေရင်းက မိချောကို မုန်

ပုတ်ကာ အပြစ်တင်သည်။ ဒေါ်တင်စိန်ကလည်း မဲ့ရွဲ့ကာ

နိုးမိုး ၀၇၉ပ



"ငါလည်း အဲဒါပြောနေတာပေါ့အေ၊ ဒီလိုအခွင့်အရေးရတာ

ဘော့ အဖြစ်ရှိအောင် မလုပ်နိုင်ဘူး၊ သူသာလုပ်လိုက်ရင် ငါတို့မိသားစု

ဘယ်လောက်ဂုဏ်ရှိမလဲ"

"ကြီးတော်က ပြောတော့သာလွယ်တယ်၊ သူများတွေလိုပဲ

ကော်ဆံမပေးဘဲနိုင်းရင် ကြီးတော်တို့ အဲဒီရက်အတွင်း ကိုယ့်ဘာသာ

ရှာစားကြမှာလား"

"ညည်းနှယ်အေ နိုင်းမှနိုင်းရင် အလကားတော့ လုပ်နိုင်မလား။

အနေ့ရာတန်ကြေး ပိုက်ဆံပေးဖို့တော့ ပြောရမှာပေါ့"

"အို အဲလိုကြီးလည်း ဘယ်လောက်ပေးပါလို့ မပြောချင်ပါဘူး။

ဘုန်းကြီးက ပြောတယ်၊ သူတို့က ညေ့်သည်၊ အကူအညီတောင်းရင်

ပေးနိုင်သလောက် ပေးလိုက်ပါတဲ့"

"ဘုန်းကြီးစကား နားထောင်လို့တော့ ဖြစ်မလား၊ ကိုယ့်မှာ

ညည်း အခက်အခဲနဲ့ပဲ၊ ငါ့မှာ ဟိုတက်ရှာက ချိန်းထားတာတောင် မသွား

နိုင်ဘူး။ ညည်းအဖေကလည်း ထန်းရည်ချည်းပဲ သောက်နေရလို့ ဖဲနိုင်

သာရင် ချက်အရက်လေး ဝယ်တိုက်စမ်းပါဆိုပြီး ငါ့ကို ဂျီပူထိုးနေတာ၊

ဒီရက်ပိုင်း မြိုးမြိုးမြက်မြက်လေး ငွေရအောင်ရှာစမ်းပါဦး"

ပြောရင်းနှင့် အိမ်ပေါ်တက်မလိုလုပ်ပြီးမှ ဒေါ်တင်စိန် နောက်

ပြန်လှည့်ကာ

နိုးမိုး ၀၇၉ပ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမင်းသားအဖေကို ငါ သွားပြောလိုက်ရမလား။ ဘယ်
လောက်ပေးရင် လုပ်မယ်လို့"

"ဟင့်အင်း ကြီးတော် မပြောနဲ့ မပြောရဘူး။ တော်ကြာ
မက်တယ်ဆိုပြီး အထင်သေးခံနေရဦးမယ်၊ ကျုပ်က ဖြစ်နိုင်ရင် စေတ
နဲ့ပဲ လုပ်ပေးချင်တာ"

"အမယ်လေး ဆန်မရှိသောက်စားကြီး။ ဖင်မနိုင်ဘဲ ပဲကြီးဟင်း
က သောက်ချင်သေးတယ်"

ဒေါ်တင်စိန် ပြောဆိုနေစဉ်မှာပဲ ဘုန်းကြီးကျောင်းက ကျောင်း
သားလေးတစ်ယောက် အိမ်ဝိုင်းထဲ ဝင်လာသည်။

"သံချောင်း ဘာလဲဟဲ့"

"မမိချောကို ဆရာတော်က ခေါ်ခိုင်းလို့ အခုလိုက်ခဲ့ပါ
မိန့်လိုက်တယ်"

"ဟင် ဘာအကြောင်းကိစ္စတဲ့လဲ၊ နင်သိလား သံချောင်း"

"ရပ်ရှင်သမားတွေနဲ့ စကားပြောနေရင်းက အခေါ်ခိုင်းလိုက်
တာပဲ၊ တခြားတော့ ကျုပ်ကို ဘာမှမပြောလိုက်ဘူး"

"ဟယ် ဟုတ်လား၊ မိချော ညည်း မြန်မြန်လိုက်သွား။ ဟို
တွေက ဘဘုန်းကြီးကို အကူအညီတောင်းပြီး အခေါ်ခိုင်းတာနေမှာ

"ညည်းက ညနေက အဖြေမပေးခဲ့လို့ ဘဘုန်းကို နားချခိုင်း





ခိုင်းမှာဟဲ့၊ မိချောတို့ ကံတွေစန်းတွေ တက်ပြီး ပွင့်နေလိုက်တာဟယ်၊
ခေါ်တော်တွေ ဘာတွေတောင် ဆင့်လို့ မငြင်းခဲ့နဲ့နော် မိချော"

"ညည်းတို့ကလည်းဟယ်"

ဘာမှမဟုတ်သေးဘဲ ဖြောက်ပင့်နေတော့ မိချော ရှက်ကိုးရှက်
ကန်းပင် ဖြစ်သွား၏။ ဒေါ်တင်စိန်က မိချော နောက်ကျောကို တစ်ချက်
ပုတ်ပြီး

"လိုက်သွား။ ပြီးရင် ဘယ်လောက်ပေးမှာလဲ မေးဖို့မမေ့ခဲ့နဲ့၊
ညည်းတစ်နေ့ရှာနိုင်တာက သုံးလေးထောင်ရှိတာ၊ အဲဒီထက် ပိုရင်
လုပ်မယ်လို့သာပြော"

ဒေါ်တင်စိန်ကတော့ ငွေရဖို့ဆို သူမကိုပင် ရောင်းစားမလား
ထင်ရ၏။ ဒီလောက် မှောင်ရီပျိုးနေတာတောင် သူမအတွက် စိုးရိမ်မပေး
ဘဲ နှတ်လိုက်သွားခိုင်းနေသည်။

"အေးဘုံ့ စာဉ ညည်းတို့နှစ်ယောက် ငါနဲ့အဖော်လိုက်ပေးပါ
ဦးဟယ်၊ အသွားက သံချောင်းပါပေမယ့် အပြန်ကျ ငါတစ်ယောက်
တည်းရယ်"

"အေး လိုက်ပို့မယ်လေ၊ အေးဘုံ့ကတော့ သူ့အမေက ရွာ
အနောက်ပိုင်း အကြွေးတောင်းခိုင်းထားတော့ လိုက်လို့ရပါ့မလား မသိ
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟဲ့ ငါတော့ လိုက်လို့မရဘူး၊ အမြန်ကျ ပိုက်ဆံပါမလာရင် ငါ့အမေက အိမ်ပေါ်က နှင်ချခံနေရဦးမယ်"

သည်သို့နှင့် ရယ်ရယ်မောမောပင် အေးဘုံနှင့် လမ်းခွဲပြီး ရွာဦး ကျောင်းကို လာခဲ့ကြသည်။

လသာသာနှင့် လေပြည်တဖြူးဖြူး တိုက်ခတ်နေသော ကန်ပေါင်တစ်လျှောက်မှာ စိမ့်စိမ့်လေးပင် အေးနေသည်။

ခြေလှမ်းတွေ သွက်နေတာလည်းမဟုတ်။ နှေးကွေးနေတာလည်း မဟုတ်။ ပျော်နေတာလား ကြောက်နေတာလားလည်း မသိဘဲ ရင်တုန်တာလိုလို ဘဝင်မြင့်တာလိုလို တက်ကြွကြွနှင့်. . .။

■ ■ ■



## အခန်း (၆)

"ရှင် တ တစ်သိန်းပေးမယ်၊ သုံးရက်တည်းနဲ့လား"

လက်သုံးချောင်းထောင်ပြပြီး မယုံမရဲ အသံတုန်တုန်လေးနှင့် [illegible] ပြန်မေးမိသည်။ စာဥသာ သူမပခုံးလေးကို ကိုင်မထားလျှင် အ[illegible]လွှန့်ပြီး ခုန်ထမိမလားပင်မသိ။

"ဘဘုန်းကြီးက မင်းရဲ့အခက်အခဲတွေကို ပြောပြလို့ မေတ္တာ[illegible]တာပါ၊ ဒါပေမဲ့ စိတ်ပါဝင်စားပြီး သေချာတော့ လုပ်ပေးရမယ်နော်၊ [illegible]ကောင်းကောင်း သရုပ်ဆောင်နိုင်ရင် နောက်မျှော်လင့်ချက်လည်း [illegible]နိုင်တာပေါ့"

"အမလေး အဲဒါတော့ မပူနဲ့၊ ကျုပ်တို့သူငယ်ချင်းတွေက [illegible]ငယ်ကတည်းက အိုးပုတ်ချိုးရုပ်တမ်း၊ ထုပ်ဆီးတိုးထမ်း၊ ဆော့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဇာတ်ကားတစ်ကားလုံးကို သရုပ်ဆောင်ပြီး ကိုယ့်ဘာ
အကယ်ဒမီပေးကြသေးတာ၊ အဲဒီလို ဆော့တိုင်း မိချောချည်း အကယ်
ရတာပဲ''

မိချောက ဝမ်းသာလုံးဆို့ပြီး ဘာမှမပြောနိုင်ဖြစ်နေချိန်
စာဥစကားကြောင့် အားလုံးပြုံးစိစိဖြစ်သွားကြသည်။ ထိုအထဲမှာ
မကိုင်မှုတော့မပါပါ။ သူနဲ့မဆိုင်လို့ပဲလား၊ မတူမတန် မဖြစ်နိုင်ဘူး
အထင်သေးနေသလားမသိဘဲ အရိပ်အရောင်တောင် မမြင်ရချေ

''အခုဇာတ်ညွှန်းပေးလိုက်မယ်၊ တစ်ညလုံး မအိပ်ဘဲလေ့
ကြည့်ပေါ့၊ မနက်ရိုက်တော့မယ်ဆို ရယ်ဒီဖြစ်နေအောင်''

''မပြောလည်း ကျုပ် အိပ်လို့ရမှာမဟုတ်ပါဘူးတော်၊ မင်းသ
လုပ်ရရင်ပဲ ပျော်တာထက် မိသားစုအတွက် ဒီငွေရတာကို ကျုပ်က
ချမ်းသာနေတာ''

ဒီလောက်ငွေလေးအတွက် ဖုံးဖိမရ ကြည်နူးပျက်အောင် ပြုံး
နေတာမို့ ဦးကျော်စိုးလွင် အဓိပ္ပာယ်တွေနှင့် ပြုံးလိုက်ပြီး

''မင်းကြိုးစားကြည့်ပါ၊ ဒီလို အခွင့်အရေးက လူတိုင်းမရ
ဘူး။ အလုပ်ဆိုတာကံ၊ ကံဆိုတာ အလုပ်တဲ့၊ မင်းကောင်းကောင်း
နိုင်ရင် ကံလည်းကောင်းလာနိုင်ပါတယ်၊ နောက်ထပ် အခြေအ
ကောင်းတွေ ရလာနိုင်တာကို ပြောတာ၊ နားလည်ရဲ့လား''





''ကျုပ် သိပ်နားမလည်ပါဘူးတော်၊ ကျုပ်က ဒီအလုပ်ကို ဝါသနာပါပြီးသားပါ၊ ဒီငွေရတဲ့အတွက် ဘာဖြစ်ဖြစ် ကျုပ် လုပ်နိုင်သလောက် ကြိုးစားမှာပါ''

''ဟုတ်ပါပြီ ဝါသနာလည်းပါ၊ ဗီဇလေးလည်းရှိတယ်ဆိုရင် အရမ်းခက်တယ်လို့ ထင်ရတဲ့ အနုပညာအလုပ်က လွယ်သွားတတ်ပါတယ်၊ ကဲ သိုက်ထွန်း မိချောကို ပိုက်ဆံတစ်သိန်းပေးလိုက်ပါကွာ၊ ဇာတ်ညွှန်းနည်းနည်းလည်း ရှင်းပြလိုက်''

ဦးကျော်စိုးလွင်က စိတ်အေးသွားရသည်မို့ ရှူတင်မန်နေဂျာနှင့် အိုက်တာ ဦးသိုက်ထွန်းကို လွှဲအပ်ထား၍ ထထွက်သွားသည်။ မိချောက ပိုက်ဆံတစ်သိန်းအုပ်ကို ကိုင်ပြီး လက်ဖျားလေးတွေ တဆတ်ဆတ်တုန်လောက်အောင် ကြည်နူးဝမ်းသာနေဆဲပင်။

''ကဲ မိချော တော်သူမ အဝတ်အစားက ဆယ်စုံလောက်လိုတယ်နော်''

''ဟင် ဆယ်စုံတောင်၊ ကျုပ်က ဆယ်ခန်းလောက် ပါရမှာလား''

''ဘယ်ကမလဲ အခန်းဆက် အဝတ်အစားအဆက်နဲ့မို့ အဲလောက်ပဲလိုတာ၊ ဇာတ်ပို့ဆိုပေမယ့် အဓိကနေရာကပဲဆိုတော့ လုပ်နိုင်ရင် လုပ်နိုင်သလောက် မင်းဖြစ်သွားနိုင်ပါတယ်''

''ဟဲ့ မိချော ညည်း ဘာမှစောဒက တက်မနေနဲ့၊ ဒီလို အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးမျိုး နောက်တစ်ခါ မလာတော့ဘူးနော်၊ ညည်းက လုပ်တောင် လုပ်မကြည့်ရသေးဘူး အားလျှော့နေပြီလား"

"မဟုတ်ပါဘူးဟယ်၊ ငါ့မှာက အဝတ်အစားကောင်းရယ်လို့ နှစ်စုံတောင် ရှိတာမဟုတ်ဘူး။ အဲဒါက တစ်ပတ်နွမ်း၊ ကျန်တာကဆို ဝတ်မဖြစ်တော့တဲ့ အစုတ်တွေ"

"ပူမနေနဲ့ဟယ်၊ ငါနဲ့အေးဘို့မှာရှိတာ ယူဝတ်လိုက်၊ လိုရင် ရွာထဲက ကောင်မတွေဆီ ငှားလို့ရတာပဲ၊ အားလုံးအဆင်ပြေတယ်လို့သာ သဘောထား။ ဒါရိုက်တာကြီးရေ ကဲ သွားမယ်၊ နင့်အိမ်ကို ဝမ်းသာအောင် ပြန်ပြောရဦးမယ်လေ၊ ရွာထဲက လူတွေကိုလည်း ကြွားရဦးမယ်ဟဲ့၊ ငါတို့ သူငယ်ချင်း ကျောက်ဖျာပေါ်တင်လိုက်သလို နေချင်းညချင်း မင်းသမီးဖြစ် ပြီလို့"

"ခွင့်ပြုပါဦး ဒါရိုက်တာကြီး။ မနက်စောစော လာခဲ့ပါမယ်"

စာဥ ဖွတ်ဆွဲခေါ်နေတာမို့ ဘောစောင်းတိုက် ပါသွားရရင်း ဒါရိုက်တာကြီးကို ဝတ်ကျေတမ်းကျေ နှုတ်ဆက်ခဲ့ရသည်။

လယ်ကန်သင်းတစ်လျှောက်ပြန်လာရာမှာ သီချင်းတကြော် ကြော် အော်ဟစ်ခုန်ပေါက်၍ ပျော်မြူးလာခဲ့ကြသည်။

လသာသာနှင့် အပြင်ထွက်ထိုင်နေကြသော ရွာထဲလူတွေက လည်း တစ်ယောက်စကား တစ်ယောက်နားနှင့် အော်ဟစ်နှုတ်ဆက်ကာ





ေ့အတွက် ဝမ်းသာနေကြသည်။

အိမ်ရောက်တော့ ထန်းရည်သောက်လို့ မဝသေးသော အဖေ ချော်တလင့်လင့် ဖြစ်နေသော မိထွေးက မအိပ်ဘဲ အိမ်ရှေ့ကွပ်ပျစ် ထိုင်စောင့်နေကြသည်။

"ငါ့သမီးပြန်လာပြီမဟုတ်လား။ အဆင်ပြေလား မေးစမ်း မေး "

"ရွာထိပ်ကအတိုင်း အော်ဟစ်လာသံတွေ ကြားသားနဲ့ အဆင် လို့နေမှာပေါ့၊ ဟဲ့ မိချော ဘယ်လောက်ပေးလိုက်လဲ"

မိထွေးက ငွေစကားအရင်မေးသည်။ ကိုယ့်အဖေကမှ စိုးရိမ် တ်နှင့် အဆင်ပြေလား မေးဖော်ရသေး၏။ မိချောက ငွေထုပ်လေးကို အဖေနှင့်မိထွေးကြား ပစ်ချပေးလိုက်ပြီး

"တစ်သိန်းရခဲ့တယ်လေ၊ လေးငါးရက်လောက် သူတို့ဆီမှာ လုပ်ရမှာ"

"ဘာ လေးငါးရက်နဲ့ အဲဒီလောက်ရခဲ့တယ် ဟုတ်လား။ အောင် ေလး မောင်မင်းကြီးသားတို့ ကျန်းမာပါစေ ချမ်းသာပါစေ၊ ဟဲ့ မိချော ညည်းအဲလိုအလုပ် အမြဲရပါစေလို့ ဆုတောင်း၊ အဲဒါဆို ညည်းလည်း ဝင်ပန်းတဲ့အလုပ်တွေ မလုပ်ရဘူး၊ ငါတို့မိသားစုလည်း စားဝတ်နေရေး အဆင်ပြေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေကွာ၊ မင်းဖဲရိုက်ဖို့ ပူစရာမလိုဘူးပြောစမ်းပါ၊ ပေး ငါ့ဝေစု၊ မနက်ဖြန် ချက်အရက်ဝယ်သောက်ရမယ်၊ သာခင်တို့အဖွဲ့ကို လည်း ငါ့သမီး မင်းသမီးဖြစ်လို့ ဝယ်တိုက်တာကွဆိုပြီး ကြွားရမယ်"

ဦးညွှန့်ရွှေနှင့် ဒေါ်တင်စိန် ငွေထုပ်လေးကို အငမ်းမရ ပြိုင်တူ ကောက်ကိုင်လိုက်ကြသည်။

"ပေးစမ်းပါ တော့်လို ထန်းရည်သမား အရက်သမားက ငွေ ပေါ်ပေါ်မြင်လို့ တစ်နေ့တည်း များများသောက်လိုက်ရင် သေသွားမှာပေါ့ ကျုပ်ကမှ ငွေရှင်းပြီး ငွေပြန်ရှာတာ၊ ရှင်လည်း အဲဒီနေ့ကျရင် မြိုးမြိုး မြက်မြက် သောက်ရစားရတယ် မဟုတ်လား"

"လေမကျယ်စမ်းပါနဲ့ကွာ၊ မင်းဘယ်နှခါများ ဖဲနိုင်ဖူးလို့လဲ အကြွေးတွေ ဆပ်စရာရှိလို့ဆိုပြီး သမီးဝယ်ထားတဲ့ နွားလေးကိုတောင် ရောင်းမလို့မဟုတ်လား"

"ရှိတော့ တန်ဆာ၊ မရှိတော့ ဝမ်းစာတဲ့၊ အကြွေးတောင်းတော့ မခံနိုင်ပါဘူး။ ရှိတာထိုးဆပ်ရမှာပေါ့၊ တော်သောက်တဲ့အရည်ကသာ အကောင်ထည်စရာမရှိ သေးဖြစ်သွားတာ မဟုတ်လား"

"ကဲ တော်ကြပါတော့ ကြီးတော်နဲ့အဖေရယ်၊ ကြီးတော်လည်း ဆပ်စရာရှိတဲ့အကြွေးကိုဆပ်၊ အဖေလည်း တစ်ပတ်စာ အရက်ဖိုးယူ ထား၊ ကလေးတွေ ကျောင်းစရိတ်လည်း မျှတချန်ပြီး အဆင်ပြေအောင်





သုံးကြပါကြပါ။ မိချောတော့လေ မိလျှံနာသူဌေးကြီးသာ ဖြစ်လိုက်ချင်တယ် သိလား၊ ကြီးတော်ကိုလည်း ဖဲရိုက်ဖို့ လိုသလောက်ပေး၊ အဖေ့ကိုလည်း အရက်ဖိုး စိတ်ကြိုက်ပေး၊ ကလေးတွေလည်း လိုအပ်မှုမရှိအောင် ဖြည့် ဆည်းလိုက်ချင်ပါတယ်၊ အဲဒါမှ စိတ်ချမ်းသာရမှာ"

"အေး အဲလိုစိတ်လေးရှိတာ ညည်းကုသိုလ်ရပြီး ကြီးပွားတိုး တက်မှာပါ၊ အဲလိုဖြစ်ပါစေလို့ ကျုပ် နေ့တိုင်း ဆုတောင်းပေးပါမယ်အေ ဟုတ်ပြီလား"

ငွေထုပ် လက်ထဲရောက်သွားသည်နှင့် ဒေါ်စိန်တင်က အရွဲ့တိုက် ကာဆိုသည်။ ရင်ထဲမှ ဗလောင်ဆူသွားပေမယ့် မကျေနပ်တာတွေကို ပေါက်ကွဲမနေချင်တော့။

ဝဋ်ရှိသရွေ့လို့ ပြောပြီးမှတော့ မကျေသရွေ့ ဆပ်ပေတော့ပေါ့။ နက်ဖြန်အတွက်သာ ရင်တွေလေးလို့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"နင် ဘယ်လိုပြောလိုက်တာလဲ အထွန်း၊ မြို့ကမိန်းမနဲ့ ရ
တော့မယ် ဟုတ်လား။ နင် နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ့မှာတော့
နင် ဆရာဝန်ဖြစ်ရင် ရွာကိုပြန်လာမှာပဲဆိုပြီး မျှော်လိုက်ရတာ"

"နင်ကဟာ ငါက ရွာကိုပြန်လာပြီး ဘာလုပ်ရမှာလဲ၊ တိုးတက်
ဖွံ့ဖြိုးမှုမရှိတဲ့နေရာမှာ ငါသင်ထားတဲ့ပညာတွေကို ဘယ်လိုအသုံးချရ
လဲ၊ ဟိုမှာက ပုဂ္ဂလိကဆေးခန်းကြီးတွေမှာ ထိုင်လိုက်ရင် နာရီပိုင်းလေး
နဲ့ ဝင်ငွေတွေ ပုံခနဲရပြီး ချမ်းသာမှာ"

"အထွန်း နင် ကျောင်းသွားမတက်ခင်က ဘာတွေပြောခဲ့လဲ
ဆိုတာ မမှတ်မိတော့ဘူးလား၊ အသပြာဆရာဝန်မလုပ်ဘဲ ရပ်ရွာကို
ပြန်ပြီး အကျိုးပြုမှာပါဆို၊ ငါ့ရဲ့ကျေးဇူးကိုလည်း တစ်သက်လုံး မမေ့





ဘူး အပြည့်အဝ ဖြည့်ဆည်းပေးဆပ်ပါ့မယ်ဆို"

"အေး ရပ်ရွာအတွက်ဆိုတာတော့ တစ်ချိန်ချိန်မှာ ပြန်စဉ်းစား
ပေးပါ့မယ်၊ နင် ထောက်ပံ့ပေးခဲ့တာတွေအတွက်တော့ ငါ အခုချက်ချင်း
ပြန်ဆပ်နိုင်ပါတယ်၊ ငါနဲ့လက်ထပ်မယ့် မိန်းကလေးက အရမ်းချမ်းသာ
တယ်ဟ၊ သူ့မိဘတွေက ငါ့ကို နိုင်ငံခြားမှာ ပညာတွေဆက်သင်ပေးပြီး
ပုဂ္ဂလိကဆေးခန်းကြီးတစ်ခု ထောင်ပေးမှာတဲ့"

"ဘာ နင် ဆရာဝန်ဖြစ်အောင် ငါ ပင်ပင်ပန်းပန်း ရှန်းကန်
ရှာဖွေပြီး ထောက်ပံ့ပေးခဲ့တာတွေက နင် ဒီလိုမျိုးငွေနဲ့ ပြန်ဆပ်ဖို့ မျှော်
လင့်ပြီးပေးခဲ့တယ်လို့ ထင်လို့လား။ နင် နင် အထွန်း နင် ရက်စက်လိုက်
တာ၊ ပြောရက်လိုက်တာဟာ၊ ငါ့စေတနာတွေ သဲထဲရေသွန် အလကား
ဖြစ်သွားပြီ၊ အလကားဖြစ်သွားပြီ အထွန်းရဲ့"

"ကတ်"

"ဖြောင်း ဖြောင်း ဖြောင်း"

ဒါရိုက်တာရဲ့ကတ်လို့ အော်သံလည်း ကြားသည်။ လူတွေရဲ့
ဟေးခနဲအော်ပြီး လက်ခုပ်သံတွေလည်း ကြားသည်။

ဒါပေမဲ့ မိချော မျက်ရည်တွေဖြင့် အရှိန်ကောင်းနေဆဲပင်။

"ဟိတ် မိချော"

"ဟင်"



www.burmeseclassic.com

မင်းမကိုင့်က သူမပခုံးကို ကိုင်ပြီး တို့ထိသတိပေးမှ ဟင်ခနဲ အသိဝင်ကာ မျက်ရည်တွေကို ပွတ်သပ်သုတ်ရ၏။

''အိုက်တင်ကောင်းလိုက်တာ မိချောရယ်၊ ရိုဟာဇယ် နှစ်ခါ လုပ်တာထက်ပိုပြီး အသက်ဝင်တယ်၊ ဦးတို့လိုချင်တဲ့ဇာတ်ကောင် ကာရိုက် တာနဲ့ ကွက်တိပဲ၊ မှဲ့ဝင်နေတာ ဦးတို့ကတ်လို့ အော်တာတောင် မကြား ဘူးလား''

ဒါရိုက်တာက ပြောတော့ သူမ ရှက်ကိုးရှက်ကန်း ပြုံးစိစိလေး ပင် ဖြစ်သွားရ၏။

''ကြားတော့ ကြားပါတယ်၊ ဒီလောက်ပေးဆပ်ပြီး ချစ်ခဲ့တဲ့ တောသူမလေးကို ဂရုမစိုက် ညှာတာရမှန်းမသိတဲ့လူကို ဒီထက်ပိုပြော ချင်သေးတာ''

''ဟမ် ပြောလို့မဝသေးဘူးပေါ့၊ ဟား ဟား ကောင်းတယ်ဟေ့ နောက်တစ်ဆင်းကျမှ ထပ်ပြောမယ်နော်၊ မင်းသားက ပြောရမယ့်စကား လုံးတွေ မကျက်ရသေးလို့ မိချောလည်း ဇာတ်ညွှန်းတစ်ခေါက် ထပ်ဖတ် ဦးလေ''

''ဟုတ်ကဲ့ ကျွပ်က ညတုန်းက အပြီးကျက်ထားတာ၊ တောက် လျှောက်ပြောရမယ် ထင်လို့''

မိချော စကားကို အားလုံးက သဘောကျကာ ပြုံးရယ်သွားကြ





ည ဦးကျော်စိုးလွင်လည်း ကျေနပ်အားရကာ တပြုံးပြုံးပါ။

လူရွေးမှန်လို့ အသုံးတည့်သွားပြီ မဟုတ်လား။ တကယ်ကို င်မှတ်လောက်အောင် တောသူမလေး မိချောက တော်လွန်းတတ် သရုပ်ဆောင် ကောင်းလွန်းနေသည်။

''ကွန်ဂရက်ကျူးရေးရှင်း မိချော၊ အရမ်းတော်ပါတယ်''

မိချော လက်ကို ဖတ်ခနဲ ဆွဲကာ ဆုပ်ကိုင်ထားရင်းပြောတော့ ာ တွန့်ခနဲ ဖြစ်သွားသည်။ မင်းသားအဖေ ဆိုပေမယ့် ဦးကျော်စိုး ာ ဝင်းဝါစိုပြည်သော အသားအရေ၊ မြင့်မားသော အရပ်အမောင်း၊ တ်အစားဆိုလည်း သေသပ်ခံ့ညားစွာ ဝတ်ဆင်တတ်သူမို့ နုပျိုဖျတ် နေဆဲပါ။

မင်းမကိုင့်က အဖေတူသားလို့ ပြောရမလား။ စိမ်းညို့သော နုံးများ၊ အရည်လဲ့ရွှန်းရှနေသော မျက်ဝန်းများနှင့် ပိရိသေသပ် တိကျ ည် နှုတ်ခမ်းပါးတို့ကြောင့် ဆွဲဆောင်မှုရှိကာ မိန်းကလေးတိုင်း အသည်း တော ဖြစ်မည်။

အဝတ်အစား ဝတ်တာလည်း ဘယ်မင်းသားနဲ့မှမတူ။ တော် ရုံ ယောကျ်ားလေးများနှင့် မလိုက်ဖက်သော ကိုရီးယားခေတ်လူငယ် ဝတ်အစားများက မင်းမကိုင့်နဲ့ဆို ဘယ်လိုဝတ်ဝတ် ကြည့်ကောင်းလွန်း ည်။

www.burmeseclassic.com



အကြမ်းအရမ်းအနုအရွ၊ ဖန်စီဒရမ်မာ စွယ်စုံရ မင်းသားနှ
လူကြီးလူငယ် လူရွယ်လူလတ် သူ့ကို မကြိုက်သည့်သူ လက်မခံသည့်သူ
မရှိ။

ဒါပေမဲ့ မင်းမကိုဋ်ရယ်လို့ ထင်ထင်ပေါ်ပေါ် ကျော်ကြားအောင်
မြင်လာတာ သုံးနှစ်ဝန်းကျင်လောက်ပဲ ရှိဦးမည်ထင်သည်။

ပြီးတော့ ထုတ်လုပ်သူ သူဌေး ဦးကျော်စိုးလွင်ရဲ့သားဆိုတာ
အခုမှ သူမတို့သိရတာ။ အရင်ကတော့ အောင်မြင်သည့်အနုပညာရှင်
တွေကို မွေးထုတ်ပေးသော ရုပ်ရှင်ထုတ်လုပ်ရေးတိုက်ကြီးက ကားတစ်ရ
စာချုပ်၍ စင်တင်ပေးတာလိုလို၊ အမျိုးသမီးကြီးတစ်ယောက်ရဲ့ စပွန်ဆာ
ပေးမှုနှင့် အနုပညာလောကထဲ ရောက်လာတာလိုလို။

ဘာဖြစ်ဖြစ် အနုပညာရှင်တစ်ယောက် အောင်မြင်လာပြီး ဇာ
ထလာပြီဆို ဘာတွေလုပ်လုပ် နောက်ကြောင်းရာဇဝင်လည်း အပြစ်
မမြင်တော့။ ရယ်ပြုံပြုံ ငိုပြုံပြုံ ချစ်နေတော့တာပင်။

အခုလည်း သူမ အရှုအမူနှစ်သက်သဘောကျသော မင်းသား
နှင့် တွဲဖက်သရုပ်ဆောင်နေရတာ အိပ်မက်ထဲမှာ စိတ်ကူးယဉ်ခဲ့သမျှ
လက်တွေ့ဖြစ်နေသလိုပင်။

ရင်လည်းခုန်၊ ပျော်လည်းပျော်၊ တသိမ့်သိမ့်လည်း ကြည်နူးနှ
မခံစားဘူးတာတွေ အစုအပြုံလိုက် တစ်ချိန်တည်း ခံစားနေရသည်





ပေမဲ့ ဒါဟာ ခဏတာပါပဲ။ သူတို့ဇာတ်ကားရိုက်ပြီးလို့ ပြန်သွားလျှင်
ဘာဝက ဒုံရင်းက ဒုံရင်းပဲဖြစ်မည်။

"မိချော"

"ဟင်"

မင်းမကိုဋ်က သူမရှိရာ လျှောက်လာတာမို့ သူမ ဟင်ခနဲ အံ့
အားသင့်သွားရ၏။ ဇာတ်ညွှန်းအရတော့ မင်းမကိုဋ်က သူမရဲ့ပံ့ပိုးဖြည့်
ဆည်းမှုတွေကို တန်ဖိုးမထားစွာ သစ္စာမဲ့သွားသည့်သူ။

"မင်းမှာ အနုပညာအရည်အသွေးတွေ ရှိသားပဲကွ၊ မင်းတို့
ဘုရားပွဲတွေမှာ ပြဇာတ်တွေ ဘာတွေ ကဖူးတယ်ထင်တယ်"

"ဟုတ် အဲလိုတွေလည်း လုပ်ဖူးပါတယ်၊ သကြန်ဆိုလည်း
သီချင်းတွေဘာတွေ ကရတာပဲ၊ ပြီးတော့ ခဏ ခဏ ရုပ်ရှင်လာရိုက်တဲ့
အဖွဲ့တွေရှိတော့ အဲဒီအပေါ်မှာ တစ်ရွာလုံးလိုလို ရူးသွပ်ကြတယ်"

"မင်းမှာ ပါရမီအခံရှိလို့ သိလွယ်တတ်လွယ်တာပါ၊ ရန်ကုန်မှာ
ဆို ရုပ်ရှင်သင်တန်းတက်ပြီးတာတောင် ဖြစ်ဖြစ်မြောက်မြောက် သရုပ်
ဆောင်တတ်တဲ့သူတွေ ရှိသေးတယ်"

"ဟုတ်လား သင်တန်းတက်ပြီးတာတောင် မဖြစ်တဲ့လူတွေရှိ
သေးတယ်ပေါ့"

သူမ တအံ့တသြလေးမေးတော့ မင်းမကိုဋ်က ပြုံးလို့သာ



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ အနုပညာအလုပ်က အခက်ခဲဆုံးပဲ ထင်တယ် ကံရယ် စန်းရယ် ရင်တွင်းဇီဇမျိုးစေ့ရယ်၊ အရည်အသွေးရယ်မရှိဘူးဆို ရင် မဖြစ်နိုင်ဘူး။ ဆိုလိုတာက ဖြစ်ချင်စိတ်နဲ့ အားသွန်ခွန်စိုက် ကြိုးစား လည်း ဖြစ်ချင်မှဖြစ်တာကို ပြောတာ"

"ဟင် ကိုယ့်ဘာသာ ပိုက်ဆံထုတ်ရိုက်တဲ့သူတွေတော့ ဖြစ်တယ် မဟုတ်လား၊ ဇာတ်ကားများများရိုက်ရင် လူသိသွားတာပဲ"

"အဲဒါ လူသိများတာပဲရှိတာ အောင်မြင်တာမှမဟုတ်တဲ့၊ မင်း သားတစ်လက် ဈေးကွက်ရလာလို့ ကာရိုက်တာအစုံနဲ့ အရှုံးခံပြီး စင်တင် ရတယ်၊ အဲဒီလိုနဲ့ အောင်မြင်သွားရင်တော့ အကျိုးအမြတ် ပြန်ရပါတယ် ဘယ်လိုလုပ်လုပ် မပေါက်ဘူးဆိုရင်တော့ အဲဒီကုမ္ပဏီ ဒေဝါလီခံပေတော့ ပဲ"

သူမ မသိသည့်အကြောင်းအရာတွေပါ။ ဒါပေမဲ့ မင်းမကိုဋ္ဌ အသံချိုချိုလေးက ဆွဲဆောင်မှုရှိကာ နားထောင်လို့ကောင်းသည်။ တမ် ကြီးရေမွှေးရနံ့က သူမအနားတစ်ဝိုက်မှာ သင်းပျံ့မွှေးအီနေ၏။

မင်းမကိုဋ္ဌကို မာနကြီးမည့်သူလို့ ထင်ထားပေမယ့် ဒီလို အဖေ တယူ စကားလာပြောတော့ အထင်ကြီးလေးစားသွားမိသည်။ သူ့အ ဆို သူလည်း သဘောကောင်းမည့်ပုံပါ။

"မိချော မိချော နင်က ဒီမှာ မင်းသားနဲ့နှစ်ယောက်တည်





ပြောနေတာပေါ့၊ ငါတို့နဲ့ မိတ်ဆက်ပေးလေဟယ်"

"အော်တိုရေးပေးနော် မင်းသား၊ မာနကြီးရင်တော့ ကျုပ်တို့ တော့ တော့်ကားတွေကို အားမပေးတော့ဘူး သိလား"

"ကြုံတုန်းလေး တော့်အသားလည်း ကိုင်ကြည့်မယ်နော်"

"ဗျာ"

စာဥနှင့်အဖော် အနားရောက်လာပြီး သွက်သွက်ခါအောင် ပြောချက် ဝရုန်းသုန်းကား ဖြစ်နေသည်။ မင်းမကိုဋ္ဌ အသားကို ကိုင် မဟုတ်တဲ့ အသည်းယားကာ ဆွဲဆိတ်နေသလို ဖြစ်နေတာကြောင့် ကိုဋ္ဌ ရှုံ့မဲ့၍ တွန့်လိမ်နေသည်။

"ဟဲ့ ကောင်မတွေ လက်မှတ်ထိုးနိုင်းမယ်ဆို ထိုးနိုင်းလေ၊ လို ဆွဲဆိတ်နေကြတာလဲ၊ သူ့အသားလေးက နုနုလေး၊ ညည်းတို့ ကြမ်းကြမ်းကြီးတွေနဲ့ နာမှာပေါ့ဟဲ့"

"အောင်မာ မိချော ကောင်မ၊ သူက ကြားထဲကနေ နာတတ် လိုက်တာ၊ ငါတို့က အသည်းယားလွန်းလို့ပါဟဲ့"

"နာအောင် ဘယ်သူက လုပ်မှာလဲ၊ ငါတို့အသည်းစွဲချစ်ရတဲ့ သားလေးကို၊ နော် မင်းသား၊ ကျုပ်တို့က ဟောဒီက မင်းသမီးလေး ရဲ့ သူငယ်ချင်းတွေပါတော်၊ စိတ်မဆိုးဘူး မဟုတ်လားဟင်"

"အင်း အင်း ကျွန်တော့်ပရိသတ်တွေကို စိတ်မဆိုးပါဘူး"



www.burmeseclassic.com

မင်းမကိုရှိ မချိသွားဖြုံလျက် အလိုက်သင့် ပြန်ဖြေနေရသည်
မိချောက အားနာသည့်မျက်နှာလေးနှင့်

"သူတို့က မိချောသူငယ်ချင်းတွေပါ၊ မိချောအတွက် အဝတ်
အစားတွေလည်း ငှားပေးတယ်၊ ဒီလို ရုပ်ရှင်ရိုက်အောင်လည်း သူတို့
ငှားပေးတာ"

"ဩော် ဟုတ်ကဲ့ပါ"

"မင်းသား ညနေ ရှုတင်ချိန်ပြီးရင် ကျုပ်တို့အိမ်မှာ ထမင်းစာ
လာပါနော်၊ ကျုပ်တို့ ကြက်သားကာလသားချက် ချက်ထားတယ်၊ ဈေ
တောက်ရွက်လေး ထည့်ပြီးတော့ သိလား၊ ဩော် တခြားသူတွေ မခေ
ခဲ့နဲ့နော်၊ ကျုပ်တို့အဘက လူရှုပ်တာ မကြိုက်ဘူး၊ ဟဲ့မိချော ညနေ
ပါအောင်ခေါ်လာခဲ့နော်"

"အပြန်ကျ ကျုပ်တို့အဖွဲ့လိုက် ပြန်လိုက်ပို့ပါ့မယ်၊ တော့
ကိုက်မစားပါဘူး၊ လာစားဖြစ်အောင် စားနော် မင်းသား၊ မာနကြီး
တော့ ကျုပ်တို့ တောသူတွေက အရမ်းမုန်းတာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါခင်ဗျာ"

ရေပက်မဝင်အောင် တရစပ်ပြောနေတာမို့ မင်းမကိုရှိ ခေါ်
တဆတ်ဆတ် ညိတ်ပြနေရသည်။ ယိုအချိန်မှာ ရှုတင်မန်နေဂျာ
အပြေးရောက်လာကာ





"မင်းသားနဲ့မင်းသမီး အဆင်သင့်ဖြစ်ရင် ရိုက်မယ်တဲ့"

"အိုကေ အိုကေ"

မင်းမကိုရှိ ခေါင်းလေးညိတ် နှုတ်ဆက်ပြီး ထွက်သွားသည်။
မင်းသမီး တဲ့။

အခိုက်အတန့်လေးဆိုပေမယ့် နားထောင်ရတာ အရသာရှိပေ
သား။

■ ■ ■

www.burmeseclassic.com

## အခန်း (၈)

''ငါတို့နှစ်ယောက်က မိဘတွေ မရှိတော့တဲ့ ဘဝတူတွေပါ အထွန်း။ နှစ်အိမ်တစ်အိမ် ဆွေမျိုးသားချင်းတွေထက် သံယောဇဉ်ကြီး ရင်းနှီးခဲ့ကြတဲ့ ငယ်ပေါင်းကြီးဖော်တွေပါ၊ နင့်ပညာရေးအတွက် နင့် ဆွေမျိုးတွေက ကူညီထောက်ပံ့ခဲ့လို့လား၊ နင် ဆရာဝန်ကြီးဖြစ်အောင် ငါ ခုနစ်နှစ်လုံးလုံး နဖူးကချွေး ခြေမကျအောင် ပင်ပန်းဆင်းရဲကြီးစွာ ရုန်းကန်ကြိုးစားပြီး နင့်ကိုကျောင်းထားပေးခဲ့တာပါ''

''အဲဒီကျေးဇူးတွေအတွက် ငါ ပြန်ဆပ်မယ်လို့ ပြောပြီးပြီပဲ''

''ငွေကြေးနဲ့လား အထွန်း။ ငါ ဘာကိုမျှော်လင့်တယ်ဆိုတာ နင် မသိဘူးလား။ မြို့ကြီးမှာ နင်ကျောင်းသွားမတက်ခင်က ဆရာဝန် ကြီးဖြစ်ရင် ငါ့ကို မြို့မှာ တင့်တောင့်တင်တယ် ချမ်းချမ်းသာသာထားပြီး





...ထပ်မယ်ဆို အထွန်းရဲ့၊ ရွာဦးစေတီမှာ သစ္စာတိုင်တည်ပြီး ပြောခဲ့တဲ့ ...သစ္စာစကားတွေကို ငါ ယုံကြည်ခဲ့တယ်၊ အဲဒီမျှော်လင့်ချက်လေးနဲ့ ...ရှောင် မိုးရှာမရှောင် ငါအလုပ်တွေ လုပ်ပြီး နင် မျက်နှာမငယ် ...အောင် ငါ့ဝမ်းငါတောင် မသဒ္ဓါဘဲ နင့်ကို ထောက်ပံ့ပေးခဲ့တာပါ''

ရှိုက်သံနှောစွာ ပြောနေရာမှ မိချော ပါးပြင်လေးပေါ် မျက်ရည် ...ကြီးတွေ နာနာကျင်ကျင် ကျဆင်းလာတာမို့ မင်းမကိုဦးပင် အံ့အား ...နေရသည်။ မျက်လုံးအိမ်က နီရဲကာ နှုတ်ခမ်းပါးလေးတွေလည်း ...သတ်ဆတ်တုန်လို့ ...။

''အခုတော့ ငါ့စေတနာ ငါ့မေတ္တာတွေကို ငွေနဲ့တန်ဖိုးဖြတ်ပြီး ...ဘာ မိန်းမကို လက်ထပ်မယ်ပေါ့၊ ငါ ငါက နင့်အတွက် ဘာမှမဟုတ် ...လား''

''ငါ ရှင်းရှင်းပဲ ဝန်ခံပါရစေ မြရီ၊ ငါ့လို ဆရာဝန်တစ်ယောက် ... နင့်လို ကြမ်းကြမ်းတမ်းတမ်း တောသူမတစ်ယောက်ကို လက်ထပ် ...ရင် ပတ်ဝန်းကျင်မှာ သဟဇာတမဖြစ်တဲ့အတွက် ဂုဏ်သိက္ခာအရ ... ဒီလိုဆုံးဖြတ်လိုက်တာပါ၊ ပြီးတော့ ငါ့လိုပဲ ဆရာဝန်တစ်ယောက်ဖြစ် ... နိုစီကို ငါ ချစ်တယ်''

''ဘာ ဖြန်း''

''ကတ်''



www.burmeseclassic.com

www.burmeseclassic.com



ရူးခနဲ နာကြည်းစွာ အော်လိုက်သံနှင့် ဖြန်းခနဲမြည်သံ၊ ကတ်ဟု အော်လိုက်သံက တစ်ချိန်တည်း တစ်ဆက်တည်း။

"အား ပူထူသွားတာပဲ မိချောရယ်၊ မထိအောင် ဟန်ဆောင်ပြီး ဘယ်လိုရိုက်ရမယ်ဆိုတာ မသိဘူးလား၊ ဦးသိုက်ထွန်း အဲဒါကို ခင်ဗျား သင်မထားဘူးလား"

"ဟာ မင်းသား အီစလန်ဝေသွားပြီလား ဆောရီး ဆောရီး ဦးတို့လည်း မိချောအိုက်တင်မှာ မျောသွားလို့ပါ မိချော မင်းသားကို တောင်းပန်လိုက်ဦး"

"ရှန် ဘာ ဘာဖြစ်လို့လဲ"

မိချောက နားမလည်။ မျက်လုံးပြူးလေးနှင့် ပြန်မေးပြီး ဇာတ်ညွှန်းထဲပါသည့်အတိုင်း ရိုက်ချလိုက်တာပဲဟု ပြောချင်နေဟန်ရှိသည်။

"မိချော ပါးရိုက်ရမှာတော့ ဇာတ်ညွှန်းထဲမှာပါတယ်၊ တကယ်ပီပြင်အောင်လည်း စိတ်တစ်ခုလုံးနှစ်ပြီး နာနာကြည်းကြည်း ရိုက်ရမှာပဲ ဒါပေမဲ့ တကယ် ထိအောင် မရိုက်ရဘူး"

"ဟမ် တော်တို့ကလည်း ကျုပ်ကို အစကတည်းက သေချာ ပြောလေတော်၊ ကျုပ်က ရိုက်ဆိုရိုက် ပြောဆိုပြောမှာပဲ၊ ကျုပ်က နွား ကျောင်းသွားရင် အရိပ်တစ်ခုမှာ ဝတ္ထုထိုင်ဖတ်နေရင်တောင် ဇာတ်ကောင် နေရာကနေ အပီအပြင် စိတ်လွှတ်ကိုယ်လွှတ် သရုပ်ဆောင်နေတာတော့





အဲ့ရိုက်ရမယ်ဆိုရင်လည်း အနားမှာ နွားရှိရင် နွားကို ရိုက်ပစ်လိုက်တာ၊ သစ်ပင်ရှိရင်လည်း သစ်ပင်ကို ရိုက်ပစ်လိုက်တာပဲ၊ ပြီးလို့ လက်တစ်ခုလုံး နာကျင်သွားမှ သတိထားမိတာ"

မိချောအပြောကို အားလုံး ပြုံးရယ်သွားကြသည်။ ဦးကျော်စိုးလွင်ကတော့ နက်နဲစွာ နှုတ်ခမ်းလေးလှုပ်ရုံ ပြုံးပြီး ဒါရိုက်တာ ဦးသိုက်ထွန်းကို လက်တို့ကာ ခေါ်လာခဲ့၏။

လူတွေနှင့်ခပ်လှမ်းလှမ်းမှာရှိသော ဘုန်းကြီးကျောင်းဝင်းထဲက ညောင်ပင်ကြီးအောက်ကိုရောက်တော့ ခြေအစုံရပ်၍ ဒါရိုက်တာ ဦးသိုက်ထွန်းဘက်လှည့်ကာ

"ဘယ်လိုလဲ သိုက်ထွန်း၊ မိချောက တန်ဖိုးကြီးတဲ့ ရွှက်ပုန်းသီးလေးလို့ မင်းမထင်ဘူးလား"

"ငွေတွင်းကြီးဖင်ခုထိုင်သလို၊ ဆရာမှာ ဆန္ဒရှိနေရင် အကောင်အထည်ဖော်လိုက်ပါ၊ ဒီကောင်မလေး ဖြစ်နိုင်တယ်လို့ ကျွန်တော်လည်း ယုံကြည်တယ်၊ မျိုးစေ့မှန်လို့ ပြုစုပျိုးထောင်ကောင်းရင် အပင်သန်ပြီး အသီးအပွင့်လှိုင်လှိုင် စားရမှာပါ"

"ဟုတ်ပြီ သူ့ကို လက်သပ်မွေးမယ်၊ ခုခေတ် အောင်မြင်နေတဲ့ မင်းသမီးတွေ၊ သူတို့တောင်းတဲ့ဈေးပေးနေတာတောင် ရိုက်ရက်မရှောနဲ့ အဆင်မပြေဘူး၊ နည်းနည်းလေးဖြစ်တာနဲ့ ဈေးတိုးတောင်းမယ်၊ ရိုက်ရက်



www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး၊ ဘာညာအထောက်ိုင်မယ်၊ သူတို့သက်တမ်းက ဘယ်လောက်ကြာမှာမို့လို့လဲ၊ အသစ်လာရင် အဟောင်းပျောက်တဲ့ခေတ်ကြီးထဲမှာ ထုတ်လုပ်သူတွေကို စိန်ခေါ်ဖို့ စဉ်းစားရဲကြသေးတယ်''

''ကဲပါ ဆရာရယ် အခု မိချောကို ဘယ်လိုလုပ်မယ် စဉ်းစားလဲ၊ ငါးပျံတစ်လှည့် ဖုံလုံတစ်လှည့်ဆိုတော့ တူဖြစ်တုန်း ဆရာထုထားနိုင်မှ ပေဖြစ်တဲ့အခါ ဆရာခံနိုင်ရည်ရှိမှာ၊ မိချောက ရိုးတယ် ဆရာ''

သိုက်ထွန်းပြောတာ ဦးကျော်စိုးလွင် သဘောပေါက်သည်။ လူတစ်ယောက် ရိုးသားနေတဲ့အချိန်မှာ အသုံးချထားနိုင်မှ ကိုယ့်အတွက် မြိုးမြိုးမြက်မြက် ကျန်မှာမဟုတ်လား။

ဘာတွေ ဘယ်လိုလုပ်ရမယ်ဆိုတာ ဆရာတပည့်နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး . . .။



## အခန်း (၉)

''မင်းတို့အိမ်က မရောက်သေးဘူးလား''

တာပေါင်ရိုးမှာ မလျှောက်တတ် လျှောက်တတ်ဖြင့် ယိုင်တိယိုင်တိုင် နောက်ကလိုက်လာသော မင်းမကိုင့်ဆီက စိတ်မရှည်သံ ထွက်လာတော့ မိချော ခြေစုံရပ်၍ စောင့်လိုက်ရ၏။

''တာရိုးလေးတစ်ခု လျှောက်ရသေးတယ်၊ ဘယ်လိုဖြစ်တာလဲ မင်းသားရယ်၊ ဒီရှေ့က တာရိုးကျော်လိုက်ရင် ရွာထဲရောက်ပါပြီ၊ ဘုန်းကြီးကျောင်းကနေ ရွာထဲလမ်းကိုသွားရင် ဒီလောက် မဝေးပေမယ့် နွားလှည်းတွေ တကျွိကျွိသွားနေတာနဲ့ ဖုန်လုံးတွေ မင်းသားပါးစပ်ထဲဝင်မှာစိုးလို့ တာရိုးက ခေါ်လာတာ''

''ဩော် အင်း၊ အဲဒါဆိုရင် ကျေးဇူးတင်ရမှာပေ့ါ၊ လယ်ကွင်းထဲ ရှခင်းအရမ်းလှတာပဲနော်၊ စိမ်းစိုနေတာပဲ၊ ဟိုးဘက်မှာ မြင်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



က မြစ်လား ချောင်းလား''

''ချောင်းပါ၊ တစ်ရွာလုံး အားထားရတဲ့ ချောင်းရိုးကြီးပေါ့''

''အတော်ကျယ်သားပဲနော်၊ လှေတွေလည်း သွားလို့ရတယ်၊ ဝါးဖောင်တွေရောပဲ''

မင်းမကိုင့်က ရပ်ကြည့်နေရာမှ စိတ်ဝင်တစား မေးနေတော့ မိချောလည်း အတူရပ်နေရကာ

''အဲဒီချောင်းရဲ့ ဟိုဘက်မှာ မရမ်းချိုပင်တွေ အများကြီးရှိတယ်၊ တစ်ခါတလေ ချောင်းထဲရေလာချိုးရင်းနဲ့ ဟိုဘက်ကို လက်ပစ်ကူးသွားပြီး မရမ်းချိုသီးတွေ သွားခူးစားရတာ အရမ်းပျော်ဖို့ကောင်းတယ်''

''ဟင် ဟိုဘက်ကမ်းရောက်အောင် မင်း ကူးနိုင်တယ်''

''အင်းပေါ့ ဒီအကျယ်လောက်တော့ ဒီရွာက ကလေးတွေတောင် ကူးနိုင်တယ်၊ မင်းသားရော ရေကူးတတ်လား''

''အင်း နည်းနည်းပါးပါး ရေကူးကန်မှာ သွားဆော့ရုံလောက်ပါ၊ သင်တော့ သင်နေတာ အကျွမ်းကျင်ကြီးတော့ မဟုတ်သေးဘူး''

''အဲဒါပဲ မြန်မာ မင်းသားတွေမို့သာ အားပေးနေရတာ ကိုမီးယားတွေလောက် သရုပ်ဆောင် ကောင်းတာလည်းမဟုတ်၊ ထူထူးခြားခြား ပညာစုံတတ်တာလည်းမဟုတ်''





''နိုင်ငံခြားကို အထင်ကြီးတတ်တယ်ပေါ့ ဟုတ်လား''

''အနုပညာကို ခံစားတာပါ၊ ရှင်တို့တွေ အတုယူသင့် ပညာယူသင့်တယ်၊ ဖြူစင်တဲ့လူတစ်ယောက်ဆိုရင် ဆံပင်ပုံစံ၊ အဝတ်အစား၊ မျက်နှာအမူအရာကအစ အရမ်းစိတ်ထားပြည့်ဝ ဖြူစင်တာကို သိသာစေတယ်၊ အဲဒီလူပဲ နောက်တစ်ကားမှာ ယုတ်မာကောက်ကျစ်တဲ့အခန်းကဲရရင် မှတ်မိမလွယ်အောင်ကို ပြောင်းလဲသွားတာနော်၊ နောက်မှ တဖြည်းဖြည်းကြည့်ရင် ဘယ်ကားတုန်းက အရမ်းကောင်းတဲ့လူမဟုတ်လားလို့ ပြန်တွေးကြည့်ရတဲ့အထိ၊ ကာရိုက်တာအပေါ်မှာ သက်ဝင်စီးမျောမှုရှိတယ်''

ဒီကောင်မလေးတောင် ရုပ်ရှင်အထာတွေ ပြောတတ်နေပါလားဟု တစ်ချက်ပြုံးမိသွားရ၏။ မပြင်မဆင် သနပ်ခါးပါးကွက်ကြားနှင့် မှာင်က ထလာသည့် ပန်းနုရောင်အကွက်စိပ် လက်စကလေး ဝတ်ထားသော မိချောရဲ့မျက်နှာလေးသည် အပြစ်ကင်းစွာ ဖြူစင်ရိုးသားနေ၏။

ရွက်ကြမ်းရေကျိုလို့ နှိုင်းချရမည်ဆိုလည်း ဒီလိုအလှမျိုး မြို့ပြမှာ ရှာမတွေ့နိုင်။ ကွင်းထဲက တိုက်ခတ်လာသော လေပြည်နုလေးကြောင့် သူမ ထဘီအနားစလေးတွေ တဖျပ်ဖျပ် ခါနေသည်။ လောကခံအထု အထောင်းခံနေရပေမယ့် အပြုံးမပျက်တာလည်း ချီးကျူးစရာကောင်း၏။

''မင်းသား ဘာတွေတွေးပြီး ငေးနေတာလဲ၊ မိချော မေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာ ဟုတ်တယ်မဟုတ်လား၊ ပြန်ဖြေရှင်းလေ၊ ရှင်တို့က အနုပညာသမား တွေဆိုတော့ ပိုပြီးနားလည်မှာပေါ့''

''ဟင် အင်း အနုပညာပိုင်းမှာ သူတို့တွေ အရမ်းတော်လို့ ကမ္ဘာကျော်အောင် ထိုးဖောက်နိုင်တာ ကိုယ် လက်ခံပါတယ်၊ ဒါပေမဲ့ သူတို့ကိုကြည့်ပြီး အတုယူမှားမှာတော့ စိုးရိမ်တယ်၊ သူတို့ကားတွေက မယားကြီး မယားငယ် အပြိုင်အဆိုင်၊ လင်ပါသား မယားပါသား ယုတ်ညံ့တာ ကောက်ကျစ်တာ လွတ်ကင်းတဲ့ကားရယ်လို့ ရှိလို့လား''

''အဲဒါက ကြည့်တတ်သူ မြင်၏၊ ယူတတ်သူရ၏ တဲ့၊ အပြစ် ပြောစရာရှိသလို ကောင်းတဲ့အချက်တွေလည်း အများကြီးပါ၊ ဥပမာ မယားငယ်က ယုတ်ညံ့တယ်ဆိုပါစို့၊ မကောင်းတဲ့လူက မကောင်းတာ ဖြစ်တယ်ဆိုတာကို အဆုံးထိပြတယ်၊ အဲလို အမှားမျိုးမလုပ်ရဲအောင် မယုတ်ညံ့ရဲတော့အောင်ကို သိသိသာသာ အထင်အရှားပြတယ်နော်''

''မင်း တော်တော်သိသားပဲ''

''အကုန်လုံး နားလည်လို့တော့ မဟုတ်ပါဘူး၊ သိသလောက် လေးပဲပြောကြည့်တာပါ၊ နောက်တစ်ခုက မိချောတို့ဆီမှာရော မယားကြီး မယားငယ် အပြိုင်အဆိုင် ကောက်ကျစ်ယုတ်မာတာမျိုးတွေ၊ မယားပါ သမီး လင်ပါသား ဖြစ်ပျက်နေတာတွေ မရှိဘူးလား၊ တချို့ လင်ကောင် မပေါ်ဘဲ ကလေးတွေမွေးလို့ မိဘမဲ့ဂေဟာ၊ လူငယ်ပြုစုမျိုးထောင်ရေး





ဂေဟာတွေ ရှိနေတာ မဟုတ်ဘူးလား၊ မိချောတို့ရှေ့မှာ မြင်နေရတာ ကိုရီးယားတွေထက် ဆိုးတာတွေ အများကြီးပါ''

မင်းမကိုဋ် တော်တော် လက်ဖျားခါသွားသည်၊ ဒီကောင်မလေး ဆီမှာ ရင်ဆိုင်ရတာတွေက အတွေးအခေါ်တွေကို ရင့်ကျက်စေတာ ဖြစ်မည်။

ပြောစရာစကားတွေ ရှိနေသေးသလို သူမ နှုတ်ခမ်းလေးက အလှုပ်လှုပ်ဖြစ်နေကာ

''တစ်ခုရှိတာက မြန်မာရယ်လို့ ယဉ်ကျေးမှုစကားလုံးနဲ့ ကိုက်ညီ အောင် ကျင့်မယ်ဆိုရင် ပယ်သင့်တာကိုပယ်၊ ယူသင့်တာကိုယူ၊ အတုခိုး သင့်တာကို ခိုးပေါ့၊ ဥပမာ ကိုရီးယားမိန်းကလေးတွေ အချိန်တိုင်း အရက်သောက်နေတာကိုပယ်ပြီး အလုပ်နဲ့လက်မပြတ် အချိန်နားမရှိ အလုပ်လုပ်ကြတာကို အတုခိုးပေါ့''

''အဲဒါတော့ ဟုတ်တယ်၊ သူတို့တွေက အလုပ်ကိုတော့ ကြိုးစား ကြတယ်၊ တီဗီထဲမှာမို့လားတော့ မသိဘူး၊ တစ်နေရာက အလုပ်ဖြုတ်ခံရ ပြီဆိုလည်း အရမ်းရှက်တတ်ကြတယ်၊ ဆင်းရဲပါတယ်လို့ပြောတဲ့အိမ် တလည်း ဖုန်းနဲ့ကားနဲ့''

''မှားရင် တောင်းပန်တတ်တာ၊ အဝင်အထွက် နှုတ်ဆက်ဂါရဝ ပြုတတ်တာလည်း သူတို့ယဉ်ကျေးမှုထင်တယ်၊ ကဲလေ ထားပါတော့၊

www.burmeseclassic.com

www.burmeseclassic.com



မင်းသားကို ထမင်းကျွေးဖို့ခေါ်လာတာ ဒီစကားတွေ ပြောနေတာနဲ့ လမ်းမှာတင် အချိန်ကုန်တော့မယ်ထင်တယ်၊ စာဥတို့အိမ်အရင်သွားရ အောင်၊ မျှော်နေကြလိမ့်မယ်''

မမေးဘဲနဲ့ ပြောလိုက်တာလည်း အရှည်ကြီး၊ တိခနဲ ဖြတ် တောက်လိုက်တော့လည်း လူပင်တိုးလို့တန်းလန်း ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

သူ့မနောက်က တိတ်ဆိတ်စွာ လိုက်လာရင်း သူမနှင့်စကား တွေ အများကြီးပြောရတာ စိတ်ထဲပေါ့ပါးလန်းဆန်းနေသလိုပင်။ မိချော တော်တော် စကားပြောကောင်းသည့် မိန်းကလေးပါ။ စာဥအိမ်ရောက် တော့ ထမင်းဝိုင်းက ဖွယ်ဖွယ်ရာရာ အဆင်သင့်ပင်။

ဘေးကလူတွေ ဝိုင်းကြည့်နေတာကြောင့် ထမင်းစားရတာ မျိုမကျအောင် ကသိကအောက်တော့ ဖြစ်ရ၏။

''မင်းသား အားမနာနဲ့နော်၊ စားလို့ရော ကောင်းရဲ့လား''

''ဟုတ်ကဲ့ ကောင်းပါတယ်၊ ဒီလို ကြက်သားကာလသားဟင်း ချက် တစ်ခါမှ မစားဖူးဘူးဗျ''

''ဟင်း ဟင်း မပြန်မချင်း ဒီမှာလာစားရင် အိမ်မှာရှိတဲ့ ကြက်တွေ တစ်နေ့တစ်ကောင် ချက်ကျွေးပါ့မယ်''

''ဗျာ''





စာဥ စကားကြောင့် လည်နင်သွားကာ အနားမှ ရေခွက်ကို အလျင်အမြန်ပင် ကောက်သောက်လိုက်ရသည်။ သူ့အတွက် တကူးတက ကြက်သတ်လိုက်တာ ငရဲကြီးမလား၊ မသိ။

ဒါပေမဲ့ စားကောင်းကောင်းနှင့်စားလိုက်တာ ထမင်းနှစ်ပန်း ကန်လောက် ဝင်သွားသည်။

မှောင်ရီပျိုးစအချိန်မှာ သူ ပြန်လာတော့ မိချောတို့ သူငယ်ချင်း သုံးယောက် ပြန်လိုက်ပို့ကြသည်။

''ခင်ဗျားတို့အပြန်ကျရင် မိန်းကလေးတွေချည်း ဖြစ်နေမှာ၊ ကျွန်တော် တစ်ယောက်တည်း ပြန်လိုက်ပါ့မယ်''

''မလုပ်ပါနဲ့ မင်းသားရယ်၊ ကျုပ်တို့က ဒီလမ်းနဲ့ဒီလမ်း သွား လာနေကြပါ၊ ဘာအန္တရာယ်မှလည်း မရှိဘူး၊ မင်းသားက ဧည့်သည်ဆို တော့ ကျုပ်တို့မှာတာဝန်ရှိပါတယ်''

''အံမယ် ငါ စိုးရိမ်ဖို့လည်း ထားစမ်းပါဦး၊ မင်းသား မပြန်ခင် ကျုပ်အိမ်ကိုရော ထမင်းလာစားပါလားတော့''

အေးဘုံက ဝင်ပြောတော့ မင်းမကိုရဲ့ မျက်လုံးတွေ မိချောဘက် ရွေ့လျားသွားသည်။

''မိချောကတော့ ကျွန်တော့်ကို ထမင်းစားမဖိတ်ဘူးနော်''

''အင်း မိချောက ကျွေးချင်ပါတယ်၊ အခြေအနေက မပေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာက နွားပေါက်လေးနှစ်ကောင် မွေးထားတာကလွဲရင် ဘာမှပြည့်စုံတာမဟုတ်ဘူး၊ အဖေကလည်း ထန်းရည်သမား အရက်သမား အမှားအယွင်းဖြစ်ရင် မင်းသားကို အားနာလို့ပါ''

''မိချော ပြောတာ သိပြီးပါပြီ၊ ရိုက်တော့မလွှတ်ဘူး မဟုတ်လား''

ဘေးစောင်းလှည့်ကြည့်ပြီး အမေးမှာ မျက်လွှာတစ်ချက်ပင့်ကြည့်၍ မိချော ခေါင်းခါလိုက်သည်။

''ရိုက်မလွှတ်ဘူးဆိုတာ အာမခံနိုင်ပေမယ့် အရက်ဖိုးဘာညာမျှော်လင့်ချက်တွေရှိနိုင်လို့ အားနာတယ်၊ မိထွေးကလည်း ငွေနဲ့ပတ်သက်ရင် ဖော်ရွေလွန်းတယ်၊ သူတို့ကြောင့် မိချောကို အထင်သေးမခံနိုင်တာတော့ မိချောမာနပဲပြောရမှာပေါ့၊ သူတို့လိုအပ်တဲ့ငွေကို မိချော ဘယ်လောက်ပင်ပန်းပင်ပန်း မိချောဘာသာပဲ ရှာပေးချင်တယ်''

ဒီကောင်မလေး၊ အသိဉာဏ်တွေ ဖွံ့ဖြိုးတာ အသိအမှတ်ပြုရပြန်သည်။

ညလေပြည်နှင့်ပြည့်ဝန်းစွာ ထိန်ထိန်သာနေသော လမင်းကြီးလိုက်ဖက်ညီစွာ ကဗျာဆန်လွန်း၏။ သဘာဝလေလေးကို ရှူသွင်းရှူထုတ်လုပ်ရင်း ဒီအရသာလေးကို ကြည်နူးမက်မောစွာ. . .။

■ ■ ■

နိုးမိုး၁၁၆ပ

## အခန်း (၁၀)

ဦးကျော်စိုးလွင် ရန်ကုန်မပြန်ဖြစ်တော့ဘဲ ကားရိုက်ပြီးသည်အထိ မိချောရဲ့ သရုပ်ဆောင်မှုအခြေအနေများကို အကဲခတ်စောင့်ကြည့်လေ့လာခဲ့သည်။ အားလုံးပြီးစီးသွားလို့ ရှူတင်ကားနှင့် အသီးသီး ပြန်သွားကြပေမယ့် ဒါရိုက်တာ ဦးသိုက်ထွန်းကို ခေါ်ထားပြီး ကိုယ်လည်းကျန်နေခဲ့လိုက်သည်။ သားကတော့ တခြားကုမ္ပဏီနှင့် ကားရိုက်ဖို့ ပြင်ဦးလွင်ကို ဆက်တက်သွား၏။

ကိုယ့်ရဲ့ရည်ရွယ်ချက်ကတော့ မိချောအိမ်ကိုသွားဖို့။

''အဖေရယ် ပိုက်ဆံက မိချောလက်ထဲ ဘယ်လိုလုပ်ရှိမှာလဲ၊ အလုပ်တွေနားပြီး ရုပ်ရှင်ရိုက်နေရတာ၊ အဲဒီကရတဲ့ပိုက်ဆံလည်း အမေ့နိုကြီးတော်ကို အကုန်ပေးလိုက်တာပဲလေ၊ အခု တစ်ပတ်တောင်မရှိသေး

နိုးမိုး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဲဒီပိုက်ဆံ ကုန်ပြီလား''

''ငါ ဘယ်လောက်သုံးလိုက်ရလို့လဲ မိတင်ပျော့သွားတာ အကုန် ဖဲရှုံးခဲ့တယ်တဲ့၊ ဒီမိန်းမ မပေါင်းသင်းတာဘဲ ကောင်းတယ်''

''ဘာပြောတယ် တော်လို အရက်သမားကများ မပေါင်းချင် ဘူးပြောတယ် ဟုတ်လား။ ကျုပ်ကရော ချွေးစော် ကြီးစော်အရက်စော် နံနေတဲ့တော့်ကို ပေါင်းချင်လို့ ပေါင်းနေတယ် မှတ်နေလား၊ တော်နဲ့ရတဲ့ ကလေးနှစ်ယောက်ကြောင့် သိရဲ့လား။ အဲဒီကလေးတွေ မျက်နှာထောက် နေလို့''

''အောင်မာ ဒီကလေးတွေရော နင် လုပ်ကိုင်ကျွေးလို့လား ငါ့သမီးကျွေးနေလို့ စားနေရတာ''

''တော်က အခုမှ ဒီစကားပြောသလား။ အရက်သမားတော့်ကို ယူမိလို့ အရွယ်မသေးတဲ့ လင်ပါသမီးကို ကျုပ်ဒုက္ခခံ မွေးခဲ့ရတာမဟုတ် ဘူး။ အဲဒီအချိန်ကတည်းက ရှင်ဘာအလုပ်လုပ်လို့လဲ''

''ငါ့မိန်းမရှိတုန်းကတောင် ငါ ဘာမှမလုပ်ခဲ့တာ နင့်ကိုငါက လုပ်ကျွေးရမှာလား။ ငါဘာကောင်ဆိုတာ သိရဲ့နဲ့ ယူခဲ့တာ ဒီလောက်တော့ သည်းခံပေါ့။ မခံနိုင်ရင်လည်း အိမ်ပေါ်ကဆင်းသွားလို့ရတယ်၊ ငါ့သမီးက ငါ့ကိုလုပ်ကျွေးလိမ့်မယ်''

''ကြည့်စမ်း ကြည့်စမ်း လင်ဝတ္တရားလည်းမကျေ။ ဖခင် ဝတ္တရား လည်းမကျေ။ သောက်ရေသောက်ပြီး သောက်ပါးစပ်က ဒီလို စကားပြောထွက်တာ အံ့ပါရဲ့ ဟဲ့ ဒီမှာ''

မကြားဝံ့ မနာသာတွေက ခုနစ်အိမ်ကြား ရှစ်အိမ်ကြား မဟုတ် ဘဲ တစ်ရွာလုံးပါ ကြားပေတော့မည်။ ပိုက်ဆံမရှိတော့ဘူးဆို ဒီလို အော်ကြီးဟစ်ကျယ် ပြဿနာတွေဖြစ်ပြီး ဝုန်းဒိုင်းကျဲကြတာ။ နားမခံနိုင် လျှင် အပြင်ထွက်ငွေရှာပြီး ပေးလိုက်မှ ဒီအသံတွေပျောက်မှာ။

တစ်နေ့ သုံးလေးထောင် ရှာပေးတုန်းက လောက်သလိုနှင့် တစ်သိန်းလောက် ပက်ခနဲ ဝင်တော့လည်း ချွေတာမြိုးမြဲရမှန်းမသိဘဲ ကုန်အောင်ဖြုန်းနိုင်ကြသည်။

မိချော စိတ်ကုန်ကုန်နှင့် ကိုယ်လွတ်ရုန်းသာ ထွက်ပြေးချင်လှ သည်။ အဲလိုလုပ်လိုက်လျှင်လည်း နွားပေါက်လေးနှစ်ကောင်နှင့် ခနီမိုး ဆရံကာအိမ်လေးကို ရတဲ့ဈေးနဲ့ရောင်းပြီး သုံးဖြုန်းကြဦးမှာပင်။

''အိမ်ရှင်တို့ အိမ်ရှင်တို့''

''ဟင် ချည်သည်တွေ ဟဲ့ မိချော အခန်းထဲဝင် ဘာလုပ်နေတာ လဲ အိမ်ရှေ့မှာ ဘယ်သူတွေလဲ ထွက်ကြည့်စမ်း''

''ဟုတ်ကဲ့''

ဒေါ်တင်စိန် အော်လိုက်တာကြောင့် အိမ်ရှေ့ပြေးထွက်ခဲ့ရသည်။

''ဩော် ဒါရိုက်တာကြီးနဲ့ မင်းသားအဖေပါလား။ မိချောက




စိုးမိုး

www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားကြပြီ ထင်တာ''

''အင်း အကုန်ပြန်သွားကြပါပြီ၊ ဦးတို့ကတော့ ကိုယ့်ကား

ကိုယ်ပြန်မှာမို့နေခဲ့ကြတာ၊ မိချောနဲ့လည်း ပြောစရာရှိလို့လေ''

''ဟုတ်ကဲ့ အိမ်ထဲဝင်ပါဦး''

အိမ်ရှေ့ကွပ်ပျစ်လေးမှာ ထိုင်လိုက်ကြသည်နှင့် မိချော မိခေ

က ရုံးစမ်းသော မျက်လုံးကို အရောင်တင်လိုက်ပြီး ပြုံးပြုံးကြီး အိမ်ရှေ

ထွက်လာသည်။

မိချော အဖေကလည်း အရက်နံ့တထောင်းထောင်း အံခဲထေ

သော ဆေးလိပ်မီးခိုးတလူလူနှင့် ထွက်လာ၏။

''အားနာလိုက်တာ မင်းသားအဖေရယ် အိမ်မှာက''

''ရပါတယ် ဦးနားလည်ပါတယ်၊ ဘာမှအားမနာနဲ့''

''ဟဲ့ မိချော ဧည့်သည်တွေအတွက် ထင်းခြောက်ကောက်

ရေနွေးသွားတည်ချည်လေ သွား။ ငါ စကားပြောဧည့်ခံထားလိုက်မယ်

ဒေါ်တင်စိန်က ဘာတွေလောကွတ်ကောင်းနေတာလဲ မေး

မိချောကို ပထုတ်နေသည်။ ဦးကျော်စိုးလွင်က ပျာပျာသလဲပင် လက်

လိုက်ပြီး

''နေပါစေ ဘာမှမလုပ်ပါနဲ့၊ ကျွန်တော်တို့လာရင်းကိစ္စလေး

ပြောပါရစေ''





''ဟုတ်ကဲ့ ပြောပါရှင်''

''ဒီလို မိချောရယ်၊ အခု ကားရိုက်ရင်းနဲ့ မိချောရဲ့အနုပညာ အရည်အသွေးကို ဦး တွေ့လိုက်ရတယ်၊ ပြောရရင် ဦးအနေနဲ့ ဆက်လုပ်နိုင်ရင် ဖြစ်နိုင်တယ်လို့ ဦးယုံကြည်တယ်''

''ရှင် မိ မိချောကို နောက်တစ်ကားရိုက်ဦးမလို့လား''

''အင်း ဘယ်လိုပြောရမလဲ၊ မိချောကို မင်းသမီး တန်းခနဲ တင်တာမျိုးတော့ မဟုတ်ဘူး၊ မိချောမှာ လေ့လာစရာတွေ အများကြီး ရှိသေးတယ်၊ သင်ယူရမှာတွေ အတွေ့အကြုံတွေရောပေါ့''

''ဟုတ်ကဲ့ အဲဒါကတော့ မိချောမှာ အများကြီးလိုအပ်သေး တယ်ဆိုတာ မိချော သိပါတယ်၊ အခု မိချောက ဘာလုပ်ရမှာလဲဟင်''

မိချော ဝမ်းသာအားရ မျှော်လင့်ချက်လေးနှင့် မေးသည်။ ဦးညွန့်ရွှေနှင့်ဒေါ်တင်စိန်လည်း ပြုံးဖြဲနေသော မျက်နှာများနှင့် ဦးကျော်စိုး လွင် ဘာပြောမလဲ နားစွင့်နေကြသည်။

''အခုလောလောဆယ်တော့ ဦးအိမ်မှာ အိမ်အလုပ်တွေ ကူလုပ် ရင်းနဲ့ ပညာရှာရမှာပေါ့၊ ဦး ကမ္ဘာကြီးက ကားရိုက်ရှိရင် ဖြစ်နိုင်တဲ့နေရာ လေးတွေမှာ ထည့်သုံးပေးမယ်''

''အဲလိုဆို ဘယ်လောက်ပေးမှာလဲ၊ အဲလိုဆိုရင် ကျုပ်တို့က သူ့ရှာကျွေးတာကို မှီခိုစားနေတာ''



www.burmeseclassic.com

www.burmeseclassic.com



မိချော လက်တို့နေပေမယ့် ဒေါ်တင်စိန်က ပြောဖြစ်အောင် ပြောသည်။ ဦးကျော်စိုးလွင်က ဒါရိုက်တာ ဦးသိုက်ထွန်းနှင့် အကြည့်ဆုံပြီးမှ

"အလကားတော့ မဟုတ်ပါဘူး၊ တစ်လကို ငါးသောင်းနဲ့ နှစ်နှစ်စာယူယူ သုံးနှစ်စာယူယူ ကျွန်တော် စာချုပ်ချုပ်ပြီး တစ်ခါတည်းပေးခဲ့ပါမယ်၊ မိချောအနေနဲ့ ပညာလည်းရမယ် လစာလည်းရမယ့်သဘောပေါ့"

"နှစ်နှစ်စာဆို ဆယ့်နှစ်သိန်း၊ သုံးနှစ်စာဆို ဆယ့်ရှစ်သိန်းပေါ့"

"အမလေး အဲလောက်ကြီးတောင် တစ်ခါတည်းပေးခဲ့မှာ ကျေးဇူးကြီးလိုက်တာ၊ အဲလောက်ငွေ ကျုပ်တို့တစ်ခါမှ မမြင်ဘူး မကိုင်ဘူးပါဘူးတော်"

"အဲလောက်ဆို လက်ခံလိုက် သမီး၊ အဖေတို့အိမ်ပြင်လို့လည်း ရတယ်၊ ပြည့်ပြည့်စုံစုံလည်း နေနိုင်တယ်၊ သမီး မိဘကျေးဇူးကို အပြည့်အဝဆပ်ရတယ်လို့ အောက်မေ့လိုက်"

"ဟုတ်တယ် ဟုတ်တယ်၊ ညည်းအဖေ မသေခင် ပြည့်ပြည့်စုံစုံ စိတ်ချမ်းသာအောင် ထားနိုင်တယ်ဆိုပြီး ဂုဏ်ယူလိုက်၊ သုံးနှစ်စာယူနော် မိချော"

ဦးညွန့်ရွှေနှင့်ဒေါ်တင်စိန် အငမ်းမရ တိုက်တွန်းနေတော့ ဦး





ကျော်စိုးလွင် ရင်တွင်းက ကြိတ်ပြုံးလိုက်သည်။ မိချောက ဝမ်းသာသွားသယောင်ရှိပေမယ့် မတုန်မလှုပ်။

"မိချောက အိမ်အကူသဘောမျိုးနဲ့ လစာငါးသောင်းရတယ်ဆိုပေမယ့် ဘာမှအားငယ်စရာ မလိုပါဘူး၊ ကားရိုက်ရှိလို့ ထည့်သုံးမယ်ဆို အဝတ်အစား အသုံးအဆောင် ဦးက သပ်သပ်ဝယ်ပေးမှာပါ၊ အဲတစ်ခုတော့ရှိတယ်နော်၊ တခြားကုမ္ပဏီတွေက လာငှားလို့ရတဲ့ ငွေကြေးကို သုံးနှစ်မပြည့်မချင်း ဦးပဲယူမှာ၊ သုံးနှစ်ပြည့်ပြီးရင်တော့ သူတို့ပေးသလောက် မိချော အပြည့်အဝ ရမယ်၊ ဦးကလည်း လစာသဘောရယ် မဟုတ်တော့ဘဲ တစ်ကားဘယ်လောက်ဆိုပြီး သတ်မှတ်ချက်နဲ့ တိုးပေးမှာပါ"

"မိချော သမီးဘဝ အလှည့်အပြောင်းပဲနော်၊ အစိမ်းသက်သက် မိန်းကလေးတစ်ယောက်ကို စင်တင်တယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ ဆရာမို့လို့ မိုက်မိုက်ကန်းကန်း စွန့်စားနေတာ"

ဦးသိုက်ထွန်းကလည်း ဦးကျော်စိုးလွင် သဘောကျ သွေးထိုးမြှောက်ပင့်ပေးနေသည်။ မှားလား မှန်လား မသိပေမယ့် ဒီငွေပမာဏက သူမတို့မိသားစုအတွက် မိထွေးပြောသလို မမြင်ဘူး မကိုင်ဘူးပါ။

အဖေပြောသလို အိမ်လည်းပြင်ရမည်၊ အဆင်လည်းပြေမည်။ ကလေးတွေ ပညာရေးအတွက်လည်း စိတ်အေးရသလောက်ပါ။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



အကူလုပ်ရလည်း ဒီငွေရတာတန်နေတာပဲ။ သူမ ဝါသနာပါသည့် အနု

ပညာအလုပ်ပါ လုပ်ရမည်ဆိုတော့..။

"မိချော အခုတစ်ခါတည်း လိုက်ရမှာလား"

"အင်း ဦးတို့ကားနဲ့ပဲ တစ်ခါတည်း လိုက်ခဲ့လေ၊ မိချော ဆုံ

ဖြတ်ပြီးပြီဆို ဦးတို့စာချုပ်ချုပ်လိုက်ရအောင်၊ အသိသက်သေအနေနဲ့

မိချော အဖေနဲ့အမေကို လက်မှတ်ထိုးခိုင်းလိုက်ပေါ့ ဖြစ်တယ် မဟုတ်

လား"

"ဖြစ်တာပေါ့တော်၊ ကျုပ်က စာမတတ်ပေမယ့် လက်မှတ်

လောက်တော့ ထိုးတတ်ပါတယ်"

"သမီးကိစ္စပဲ ကျုပ်လည်း ထိုးမယ်"

သူမ အဝေးကို တစ်ယောက်တည်း သွားရမှာ ဘယ်သူ

ဝမ်းနည်းခြင်းမရှိကြပါ။ ငွေပုံကိုကြည့်ပြီး ဝမ်းသာအားရပင် စာချုပ်မှာ

လက်မှတ်ရေးထိုးပေးကြသည်။

သူမထက် ငွေကိုသံယောဇဉ်ကြီး မက်မောနေကြတာ အပြ

မြင်မနေချင်တော့။ ဘာတွေရေးထားမှန်း မသိသော စာချုပ်ထဲမှာ သူမ

လည်း လက်မှတ်ထိုးလိုက်သည်။

ပျော်ရမှာလား။ ဝမ်းနည်းရမှာလား။

စိတ်ကုန်လှချည်ရဲ့လို့ ညည်းညူနေခဲ့မိသော်လည်း ခွဲခွာ





အတွက် မျက်ရည်စက်တွေတော့ ကြွေကျနေခဲ့သည်။

သူငယ်ချင်းတွေကို ကပျာကယာ ပြေးနှုတ်ဆက်။ အကျိုး

အကြောင်း အကုန်မပြောခဲ့နိုင်ဘဲ မိချော ကံကြမ္မာ အလှည့်အပြောင်းက

ဤသို့ရှိခဲ့သော်..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟင်"

အိမ်ထဲခြေအချမှာပင် ကြမ်းတိုက်နေသော မိချောကို မြင်လိုက်ရ၍ အမြင်မှားသလားအထင်နှင့် မျက်လုံးတွေကို ပွတ်သပ်ကြည့်ရသည်။

"မိချော"

အမှန်တကယ် သေချာသွားတော့ အံ့သြစိတ်ထက် ဘယ်လိုလုပ်ရောက်လာတာလဲဆိုသော သိချင်စိတ်က ပိုပြီးပြင်းပြသွား၏။ မိချောက သူမအနားခြေအစုံရပ်လိုက်တော့ ဘယ်သူဘယ်ဝါရယ်မသိ ဖျတ်ခနဲ မော့ကြည့်သည်။

"ဟင် မင်းသား၊ ပြင်ဦးလွင်က ပြန်ရောက်လာပြီလား"

"အင်း အရေးပေါ် ပြင်ဦးလွင် တက်သွားရတာ၊ မင်းကိုတောင်





နှုတ်ဆက်ခဲ့ရလို့ စိတ်မကောင်းဖြစ်နေတာ၊ မင်းက ဘယ်လိုလုပ် ငါတို့အိမ် ရောက်နေတာလဲ"

"မင်းသားအဖေက မိချောကို မင်းသမီးတင်ပေးမယ်ဆိုပြီး စာချုပ်နဲ့ခေါ်လာတာ"

"ဘာ စာချုပ်နဲ့ဟုတ်လား၊ မင်းသမီးတင်ပေးမယ်ပြောပြီး ဒီအလုပ်တွေကရော"

"ဩော် အဲဒါက အိမ်အကူသဘောမျိုးပဲလေ၊ တစ်လကို ငါးသောင်းနဲ့ အိမ်ကို သုံးနှစ်စာတောင် ထုတ်ပေးခဲ့တယ် မင်းသားရဲ့၊ ကားရိုက်ဖို့ ပညာတွေက အများကြီးသင်ရဦးမှာ၊ ကားရိုက်ရမယ်ဆိုရင်တော့ အဝတ်အစား၊ အသုံးအဆောင်တွေ သပ်သပ်ဝယ်ပေးမယ်ပြောပါတယ်၊ မိဘတွေကိုလည်း ထောက်ပံ့နိုင်တယ်၊ မိချော ဝါသနာပါတာကိုလည်း ဖြစ်အောင်ကူညီမယ်ဆိုတော့ မင်းသားအဖေ အရမ်းသဘောကောင်းတာပဲ၊ မိချောတို့ရွာကို ရှင်တို့ကားရိုက်လာတာ မိချော ကံကောင်းသွားတာပေါ့နော်"

"ဟား"

ရိုးသားသော တောသူမလေးကို ဖေဖေ အသုံးချလိုက်ပြီဆိုတာ သဘောပေါက်သွားသည်။ ဖေဖေ အခုလို လုပ်ချလိုက်မည်မထင်။ ဟိုးအရင်ကလည်း ဆယ်သိန်းလောက်ကုန်ရမည့်ငွေကို တစ်သိန်းလောက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကျေးဇူးရှင်အမည်လည်း ခံခဲ့သေးသည်။ မသိနားမလည်သော သူတွေ ကို ဖေဖေ ဒီလိုတော့ မလုပ်သင့်။

"မိချော ဒီအလုပ်တွေက တခြားလုပ်မယ့်သူတွေ ရှိပါတယ်၊ နင် လေ့လာမယ်ဆို ရုပ်ရှင်နဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ငါပေးမယ်"

"ဟုတ်လား အဲဒါတွေပေးရင် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီအလုပ်တွေလည်း မလုပ်လို့ မဖြစ်ဘူး။ ဒီအလုပ်တွေအတွက် ပိုက်ဆံက ယူထားပြီးသား၊ ကျုပ် ဒီအတိုင်းကြီးလည်း မနေတတ်ပါဘူးတော်၊ ရွာမှာဆို အလုပ်နဲ့လက်ပြတ်တာမဟုတ်ဘူး၊ အားတဲ့အချိန်လေး ကျုပ်သင်ယူမှာပေါ့"

"မင်းသမီးတစ်ယောက် ဖြစ်မယ့်သူက ဒီလေသံ ဒီအဝတ်အစား၊ ဒီလိုပုံတုံးကြီးနဲ့ ဖြစ်မလား မိချော၊ အမြဲတမ်း တောကားကြီးပဲ ရိုက်ရမှာမဟုတ်ဘူး။ အပြောအဆို လေယူလေသိမ်းကအစ ပြုပြင်ပြောင်းလဲရမှာပေါ့"

"ဟင် ဟုတ်လား"

နားမလည်စွာ မျက်နှာလေးငယ်သွားတော့ မင်းမကိုရှ် ရင်ထဲ သနားစိတ်လေး ဖြစ်ထွန်းသွား၏။ မအူမလည် အိုးတိုးအတ ပုံစံလေးက သူမ ဘယ်လောက်နှစ်နာထိခိုက်နေပြီဆိုတာ သိပုံမပေါ်။





ဖေဖေ ဘာတွေကြံစည်နေတာလဲ။ မသိနားမလည် ရိုးသားသော မိန်းကလေးအပေါ် ဒီလိုအခွင့်ကောင်းယူ ကလိန်ကကျစ်မကျသင့်ပေ။

ခနမဲ့သောသူကို ငွေနှင့်ခြိမ်းခြောက်အနိုင်ယူတာ ကောင်းပါ့မလား။ တစ်နေ့နေ့ လူရေလည်လာလျှင် လူယုတ်မာဟု စွပ်စွဲပြစ်တင်သွားနိုင်တာ ဖေဖေ မသိဘူးလား။ ဒီလိုအစီအစဉ်မျိုးရှိနေတာအစက သိခဲ့လျှင် သူမရမက တားဆီးခဲ့မိမှာ။ အခုတော့ . . ။

"မင်းသား လမ်းမှာဘာစားခဲ့လဲဟင်၊ မိချော ငါးရံ့အူချက်သားတယ်၊ ပုစွန်လုပ်ဆီပြန်လေးနဲ့ ချဉ်ရည်ဟင်းလေးနဲ့ ထမင်းပွဲပြင်ပေးရမလားဟင်"

"မင်းက အဲဒီအလုပ်တွေပါ လုပ်ရတာလား။ တခြားလုပ်နေကျသူတွေကရော"

"ရှိပါတယ်၊ မိချောက မနေတတ်တာနဲ့"

သူ ဘာမှပြောမနေချင်တော့။ မိချောရှေ့က ထွက်လာပြီး ကိုယ့်အခန်းကိုယ်ဝင် ရေမိုးချိုးပြီးမှ ထမင်းစားခန်းထဲ ပြန်ဆင်းလာခဲ့သည်။

ထိုအခန်းထဲမှာ ဒေါ်စိန်ပုရော မြနှင်းရော ရှိနေသည်။ သူတို့တွေ ရှိနေပါလျက်

"ဒေါ်စိန်ပု"

မိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာလဲ သား၊ ပုပု ဘာလုပ်ပေးရမလဲ"

"ဘာမှမလုပ်ပေးနဲ့ ကျွန်တော် မေးစရာရှိလို့"

ဒေါ်စိန်ပုက အနားမှာ လာရပ်သည်။ မြနှင်းက အပေါ်ထပ် သူ့အဝတ်အစား တစ်ပုံတစ်ပင်ယူလာပြီး အဝတ်လျှော်စက်ထဲ ထည့် နေသည်။

"ဒေါ်စိန်ပုတို့ ရှိနေလျက်နဲ့ ဟိုကောင်မလေးကို ဘာလို့ အိမ် အလုပ်တွေ ခိုင်းနေတာလဲ၊ သူက မင်းသမီးလုပ်ဖို့ နယ်ကနေ ခေါ် တာ"

"ဟင် အဲဒါတော့ ပုပုတို့မသိဘူး၊ ဆရာကြီးက အိမ်ဖော်အလု က ဘယ်လောက်ပင်ပန်းတယ်ဆိုတာ သိအောင်ခိုင်းလိုက်ပါဆိုတာ"

"ဘာ"

ဖေဖေ ဘာတွေလုပ်ဖို့ ရည်ရွယ်နေသည်ဆိုတာ သူ တကယ် နားမလည်တော့။ ရွာမှာ သူ့ဘာသာနေသော မိန်းကလေးကို မင်းသ တင်ပေးဖို့လိုလိုနှင့် ဘာလို့ အိမ်ဖော်အလုပ်တွေခိုင်းနေတာလဲ။

ငွေကြေးလိုအပ်နေသူအဖို့ ကျေးဇူးတွေတင်နေနိုင်သော်လ တကယ်တမ်းက နည်းလမ်းမကျပေ။ မိချောက ဘာပဲလုပ်ရရ ကျေနပ်နေနိုင်ပေမယ့် သူကတော့...။

■ ■ ■



## အခန်း (၁၂)

"မင်းက ဘာကိုမကျေမနပ်ဖြစ်နေတာလဲ မင်းမကိုဋ္ဌ ငါ့အလုပ် ငါ သိတယ်၊ ငါ့မှာ အစီအစဉ်တွေရှိလို့ သူ့ကိုခေါ်လာခဲ့တာပဲ"

"ခေါ်လာတာက အပြစ်မဟုတ်ဘူး၊ ဘာအတွက် ခေါ်လာတာ လဲက အရေးကြီးတယ် ဖေဖေ၊ အိမ်ဖော်လိုနေလို့လား။ မင်းသမီး တင် ပေးဖို့လား"

"ငါ ဘာလုပ်မယ်ဆိုတာ မင်းကို မတင်ပြနိုင်ဘူး မင်းမကိုဋ္ဌ ငါ ဘာလုပ်ခိုင်းခိုင်း မိချော ကျေနပ်ရင် ပြီးတာပဲ"

"ဖေဖေ့မှာ ရည်ရွယ်ချက်တစ်ခုခု ရှိနေတယ် မဟုတ်လား"

မပြောမချင်း လှည့်ပတ်မေးနေသော မင်းမကိုဋ္ဌကို ဦးကျော်နိုး ခင် မကျေမချမ်းပင် မျက်လုံးလှန်ကြည့်သည်။ ကိုယ်ပြောလိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



အခြေအတင်တစ်ခါမှ ခေါင်းမမာဘူးတာမို့ အနည်းငယ်တော့ စိတ်ရသွား

၏။

ကိုယ်ပြန်လာချိန်ထိ မအိပ်မနေစောင့်ပြီး မေးပုံထောက်လျှ

သိချင်စိတ်ကို မျိုသိပ်အောင့်အည်းမထားနိုင်တာ သိသာနေသည်ပဲ။

“ငါ ပြောနိုင်တာတစ်ခုက မိချောကို အတွေ့အကြုံတွေ အမျာ

ကြီးရစေချင်တယ်၊ ပြီးရင် အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြ

အောင် ငါ မွေးမယ်၊ အသီးအပွင့်အကျိုးအမြတ်ရလာရင်လည်း ငါ

တစ်ယောက်တည်း ဆုပ်ကိုင်ထားမယ်”

“ထားပါ မင်းသမီးဖြစ်အောင် လုပ်ပေးမယ်ဆိုလည်း အရင်

ပြုပြင်ပြောင်းလဲပေးရမှာ မဟုတ်ဘူးလား”

“အဲဒါ ငါ့အစီအစဉ်နဲ့ငါ လုပ်သွားမှာပါ၊ မင်းက မင်းအလု

မင်းလုပ်၊ ဘာမှတွေးပူစရာမလိုဘူး”

“ငါးသောင်းနဲ့သုံးနှစ်စာချုပ်ခဲ့တယ်ဆိုတာကရော အိမ်

အတွက်လား၊ စင်တင်ပေးရမယ့်အကျိုးအမြတ်အတွက်လား”

“နှစ်ခုလုံးပဲ”

“ဗျာ”

ခါးမှာချိတ်ထားသော ဟန်းဖုန်းကို စားပွဲပေါ်ပစ်တင်ပြီး

တော့ သူ အံ့အားသင့်သွားရသည်။ ဘယ်လိုရည်ရွယ်ချက်လည်း အ





သူ နားမလည်။

“ပြောရရင် အိမ်ဖော်အလုပ်ဆိုတာ ဘယ်လောက်နိမ့်ကျတယ်

ပင်ပန်းတယ်ဆိုတာ သိစေချင်လို့ပါ၊ ဒါမှကယ်တင်ရှင်ကို ကျေးဇူးတင်

ကောင်းမှန်းသိမှာ၊ နောက်တစ်ချက်က မြေတောင်မြှောက်ပေးတဲ့လူရဲ့

ကျေးဇူးကို တစ်သက်လုံး ကျေးဇူးတွေတင်ပြီး မမေ့စေချင်လို့”

“အဲဒီအချိန်ရောက်မှ ငါ့ကို ဘယ်လောက်တောင် နှိမ့်ချအသုံး

ခဲ့တာပါလားလို့ တွေးသွားရင်ရော”

“အဲဒီလို မထင်အောင် ငါ့မှာ ရည်ရွယ်ချက်တွေရှိတယ်၊ မင်း

တွေးပူစရာမလိုဘူးဆိုတာ ငါ့မှာ ဖဲဖဲတစ်ချပ် ပိုင်ပိုင်နိုင်နိုင်ရှိနေလို့

ငါ ဘာလုပ်လုပ် မင်းဆီက ခွင့်ပြုချက်ယူမှာမဟုတ်ဘူးဆိုတာ

သိတယ်နော်၊ ပေးသလောက် ပြန်ရအောင် ယူနိုင်မှ အကျိုးအမြတ်

ကောင်းကောင်းစားရမှာ၊ ငါ အရှုံးမဟုတ်လို့ အဓိပ္ပာယ်မရှိတာတွေ

ဘူးဆိုတာပဲ မင်းသိထားပါ၊ ကျော်စိုးလွင်ဆိုတာ မင်းအဖေ၊ ဘာမှ

အကတက်ဖို့ မကြိုးစားနဲ့၊ မင်းအလုပ်သာ မင်းကြိုးစား”

ဖုန်းကို ဖတ်ခနဲ ပုတ်ပြီး ထထွက်သွားတော့ ဘာမှသေချာမသိ

ဲ အိပ်ယှက်ခံစောင့်တာပဲ အဖတ်တင်သွားသည်။ တစ်ညလုံးလည်း

တွေးများပြီး အိပ်မပျော်။

မနက်မိုးလင်းတော့ သူမ အိမ်အလုပ်တွေလုပ်တာ မြင်ရတော



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ဘာမှမဆိုင်ပါဘဲ စိတ်မချမ်းမြေ့သလိုကြီး ဖြစ်နေရသည်။

"ကိုမင်း မနက်စာ စားတော့မလား"

မြနှင်း လာမေးတော့ ပန်းကန်တွေဆေးနေသော မိချော

မေးငေါ့ပြကာ

"သူရော ဘာစားပြီးပြီလဲ"

"မြနှင်းတို့လိုပဲ ထမင်းကြော် စားထားတယ် ကိုမင်း၊ အ

ဒေါ်ကြီးပုနဲ့ဈေးက ပြန်လာပြီး ပန်းကန်တွေဆေးနေတာ"

"အဲဒါတွေ နင်တို့ အရင်လုပ်နေကျ မဟုတ်လား၊ ပင်ပန်း

အလုပ်တွေ သိပ်မခိုင်းပါနဲ့၊ တစ်နေ့နေ့ သူက မင်းသမီးဖြစ်မှာ"

"အဲတော့ တကယ်လား၊ မင်းသမီးဖြစ်အောင် ဆရာကြီး

စင်တင်ပေးမှာတဲ့လား၊ မြနှင်းတို့ကိုလည်း အဲလို မြေတောင်မြှောက်

ရင် ကောင်းမှာပဲ"

"ရှူးပါ၊ နင့်ရုပ်ရည်နဲ့ မိချောနဲ့ပဲ ယှဉ်ကြည့်စမ်းပါဦး"

သူ့အလိုလို မိချောအလှကို အသိအမှတ်ပြုပြီးသား ဖြစ်

တာ ဘာရိုတ်အုပ်ချိန်မရလိုက်။

ဘာသိဘာသာ မျက်နှာလွှဲနေလိုက်ပို့ ဘာကြောင့် စိတ်

ရတာလဲ။ ကိုယ့်ဘာသာ မေးခွန်းထုတ်ကြည့်မိရင်း မလုံမလဲနှင့် မိ

ကို တစ်ချက်လှမ်းကြည့်မိသည်။





မိချောက ပန်းကန်တွေဆေးပြီး သူ့ဘက်လှည့်လာကာ

"မင်းသား ကားရိုက်မသွားရဘူးလား"

"အင်း ဒီနေ့ နိုက်ဆင်းပဲပါတယ်၊ နေ့လယ် ကြော်ငြာတစ်ခု

ကိုဖို့တော့ ရှိတယ်၊ မိချော လိုက်ခဲ့ပါလား"

"ဟင် မိချော လိုက်လို့ရလား"

"ရပါတယ် လိုက်ခဲ့လေ"

"ဟို ဦး ဦးက ကြိုက်ပါ့မလား၊ မိချောက အိမ်အလုပ်တွေ

ုပ်ရဦးမှာ"

"အဲဒါတော့ ဖေဖေ နားလည်မှာပါ၊ ဒီအလုပ်တွေ မင်းလေ့လာ

လိုတယ်လေ၊ ဩော် မင်းမှာ တောကပါလာတဲ့ အဝတ်အစားတွေပဲ

ာလား။ မြို့ကိုရောက်ရင်တော့ ပုံစံပြောင်းဖို့ လိုတယ်၊ ဒီလိုလုပ်လေ

ကစောစောထွက်ပြီး ပလာဇာဝင်လိုက်မယ်၊ မင်းအဆင်သင့်လုပ်ထား

"

ပြောပြီးတာနှင့် မင်းမကိုဋ် ပြန်ထွက်သွားသည်။

မာနကြီးမည်ထင်ရသော မင်းမကိုဋ်ကမှ သူမအပေါ် အရေး

ယူ ဂရုစိုက်မှုရှိပါသေးလား။ အပြုံးချိုချိုနှင့် မက်လုံးတွေပေးကာ

လာခဲ့သော ဦးကျော်စိုးလွင်ကတော့ နေ့နေ့ညည အလုပ်တွေရှုပ်နေ

တော့မသိ မေးထူးခေါ်ပြော အလေးအနက်ပင် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ဝှတို့နှင့် အလှပ်တွေ ပိုင်းကူလုပ်နိုင်ရေး ဘာအတွက်မှ စိစဉ်ပေးတာမျိုးလည်း မရှိပေ။

တမင်သက်သက် အိမ်ဖော်အလုပ်ပဲ နိုင်းချင်၍လား...။

■ ■ ■



## အခန်း (၁၃)

"မင်းအသားက ဖြူတာမဟုတ်ဘူး။ ညိုပြီးဝင်းနေတာ၊ အဝတ်အစား အရောင်မရွေးလည်း လိုက်မှာပါ။ မင်းသမီးလုပ်မယ့်သူက ရှက်နေကြောက်နေလို့ မဖြစ်ဘူး၊ မရိုင်းရင်ပြီးရော၊ ခေတ်နဲ့အညီ အကုန်ဝတ်ရဲရတယ်၊ ရော့ ဒါလေးလည်း လှတယ်"

မင်းမက်ိုရ်က သူမ ဘွန်ဆုတ်တွေဝေနေတာကို စိတ်မရှည်သလို ရှက်လုံးထဲမှာ လှမည်ထင်သော အင်္ကျီတွေကို တစ်ထည်ပြီးတစ်ထည် အကုန်ဆွဲချသည်။

အစက ကားထဲကစောင့်နေမည်။ မင်းဘာသာလိုချင်တာတွေ အကုန်ဝယ်ဟု ပိုက်ဆံပေးလွှတ်တာပါ။ ဒါပေမဲ့ သူမ ဘယ်လိုမှ မသွားရဲ မလာရဲပေ။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကန်ကန်ငြင်းပြီး အိမ်ကိုပြန်ပို့ခိုင်းမှ မျက်မှန်အမည်းကြီးကိုတပ်၊ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၊ ဂျာကင်အင်္ကျီအရှည်ကြီး ထပ်ဝတ်ကာ ရုပ်ဖျက်ပြီးမှ သူကိုယ်တိုင် လိုက်လာခဲ့တာ။

"ကိုယ့်ကို မင်းသားမှန်းသိရင် လူတွေဝိုင်းအုံလာမှာကွ၊ အော်တိုရေးပေး၊ နှုတ်ဆက်စကားပြောနဲ့ တော်တော်နဲ့ ပြန်ထွက်လို့ရမှာ မဟုတ်ဘူး၊ ပြီးတော့ မိန်းကလေးတစ်ယောက်ကို အဝတ်အစားလိုက်ဝယ်ပေးတာသိလျှင် ကောလဟာလက ဂျာနယ်တွေထဲမှာ ပုံကြီးချဲ့ကားပြီး ထင်ယောင်ထင်မှားဖြစ်အောင် အကျယ်တဝင့်ပါလာမှာ"

ထိုသို့ပြောပြီးမှ လိုက်လာခဲ့တော့ သူမကပင် အားနာနေရသည်။ တကယ်ဆို သူ့မှာ ဒါတွေလုပ်ပေးဖို့ တာဝန်မရှိပါ။ မတူမတန်သလို မပြောမပြောဘဲ နေလည်းရတာပဲ။

"ပြီးရင် အလှပြင်ဆိုင်ဝင်ရအောင်၊ နည်းနည်းပါးပါး တောရုပ်ပျောက်အောင် ပြင်တတ်ဆင်တတ်မှ ဖြစ်မယ်"

"ရှင်"

အဝတ်အစားအိတ်တွေ အတူဆွဲလာရင်းပြောတော့ သူမ မျက်လုံးလေးပင် ပြူးဝိုင်းသွားရသည်။

"မိချောက ရုပ်ရှင်လည်း ရိုက်သေးတာမှ မဟုတ်ဘဲနဲ့ အလှပြင်စရာမလိုပါဘူး၊ ဒီအတိုင်းပဲသွားမယ်"





"မင်းကွာ စတိုင်ရှိမှ စတားဖြစ်တာ နားမလည်ဘူးလား၊ ဒီပုံစံနဲ့ ကြော်ငြာရိုက်ကွင်းလိုက်ရင် မင်းကိုကဲ့ရဲ့ကြမှာပေါ့၊ ငါ့ကိုလည်း ဆဲဖန်ခံရဦးမယ်"

"ဟင်း ရှင့်မှာလည်း ဘာလုပ်လုပ် မလွတ်လပ်ပါလားနော်"

"အဲဒါ အနုပညာသမားဖြစ်ချင်တဲ့အတွက် ပေးဆပ်ရတာပဲ၊ တစ်ဖက်က အောင်မြင်မှုတွေရလေ တစ်ဖက်က ဆုံးရှုံးမှုများလေပဲ"

"ဟင် ဆုံးရှုံးမှုများတယ်"

"ဟုတ်တယ် ငွေကြေးရတာနဲ့အမျှ လွတ်လပ်ပျော်ရွှင်မှုတွေ အားလုံးဆုံးရှုံးရတာပဲလေ၊ ကိုယ်သွားချင်တဲ့နေရာသွားလို့မရဘူး၊ လာချင်တဲ့နေရာလာလို့ မရဘူး၊ ပထမတော့ အနုပညာကို ချစ်လို့ဝါသနာပါလို့ နောက်တော့ ငွေကြေးအတွက် ဖိအားတွေများပြီး ရုန်းမထွက်နိုင်တော့ဘူး၊ မင်းအောင်မြင်လာရင်လည်း ဒါတွေ ခံစားရမှာပါ"

ကားမောင်းထွက်လာသည်အထိ စကားတွေ မပြတ်ပေ။ မင်းမကိုဇ်၏ အသံလေးက ချိုချိုအေးအေးလေးနှင့် စကားပြောရမှာ ဒေါသမောဟတွေ မပါ။ ဝင်းဝါသော အသားအရေလေးနှင့် လိုက်ဖက်သည့် ကြက်သွေးရောင်စပို့ရှပ်ဒလေး ဝတ်ထားတာမို့ ထင်းရှင်းလင်းလက် ကြည့်ကောင်းနေသည်။

မင်းမကိုဇ်က အဆင့်သုံးလောက်မှာ ရပ်တည်နေသော အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်သည့် မင်းသားဖြစ်ပေမယ့် အခြေအရံဘာကြောင့် မရှိတာလဲမသိ။ တချို့မင်းသားတွေဆို အဝတ်အစား ဒီဇိုင်နာတွေ၊ မိတ်ကပ်ဆရာတွေ၊ ဘော်ဒီဂတ်တွေ အများကြီးနှင့် ကြီးကျယ်ခမ်းနားစွာ စတိုင်ကျကျ နေကြ၏။

သူ့မှာတော့ လျှော်ဖွတ်မီးပူတိုက်ပေးတဲ့သူ ရှိပေမယ့် ကား တစ်ကားရိုက်တော့မည်ဆို သူ့ဘာသာ အဝတ်အစားစီစဉ်၊ သူ့ဘာသာ ကားမောင်းသွားနှင့် တစ်သီးတစ်သန့်ဆန်သော်လည်း အထီးကျန်သလို ကြီး ဖြစ်နေသည်။

''ဆိုင်ထဲကိုဝင်သွား၊ အထဲကို ငါ မလိုက်တော့ဘူး။ ကားပေါ်က ပဲ သီချင်းနားထောင်ရင်း စောင့်မယ်''

သူမ အတွေးတွေနှင့် လွင့်နေဆဲမှာ သူ့အသံကြောင့် ဆတ်ခနဲ တုန်သွားရသည်။

''ဟင် မိချော မသွားရဲပါဘူး''

''မင်းကကွာ ဟိုမသွားရဲ ဒီမသွားရဲနဲ့ ငါက နေရာတကာ လိုက်ပို့လို့ မကောင်းဘူးကွ''

''ဘယ်သူက ဒါတွေလုပ်ချင်ပါတယ်လို့ ပူဆာလို့လဲ၊ မိချော ဘာသာ အိမ်မှာနေနေတဲ့ဟာကို''

''အဲဒီအိမ်မှာ အဲဒါတွေလုပ်နေလို့ မင်း ဘာမှဖြစ်လာမှာ မဟုတ်





ဘူးကွ၊ မင်းကို တမင်သက်သက် စေတနာပိုနေတာ မဟုတ်ပါဘူး။ ဖေဖေ့လောင်းရိပ်မိမှာစိုးလို့''

ကယ်တင်နေတာလို့တော့ သူ မပြောဖြစ်။ အနုပညာအရည် အသွေးနှင့် ဖြစ်နိုင်သည့်လူကို ခနအင်အားဖြင့် ချိုးနှိမ်ထားတာမျိုး မဖြစ်စေချင်။

နေရာတစ်ခုရဖို့ ကြိုးစားရတာ လွယ်တာမှတ်လို့။

''ကဲ ငါ လိုက်ပို့မယ် ကားပေါ်က ဆင်း''

စိတ်မရှည်စွာ ပခုံးလေးကို တွန်းလွှတ်လိုက်ပြီး သူပါ လိုက် လာခဲ့ရသည်။ ဆိုင်ပိုင်ရှင် မာမီစိုးကတော့ သူ ဘယ်လောက် ရုပ်ဖျက် ဖျက် မမှတ်မိဘဲနေ..မည်မဟုတ်။

''ဟယ် မကိုဋ္ဌလေး မတွေ့တာတောင် ကြာပြီ၊ နယ်ထွက်နေ တာလား သားလေး''

''ဟုတ်ကဲ့ မာမီစိုး၊ အလုပ်ရှုပ်နေလား''

''သားလေးအတွက်ဆို အချိန်သပ်သပ်ပေးနိုင်ပါတယ်၊ ကဲ ပြော သားလေး မာမီ ဘာလုပ်ပေးရမလဲ''

''သူ့ကို မာမီ့စိတ်ကြိုက် ပြင်ပေးပါ၊ အဝတ်အစားတွေလည်းပါ တယ်၊ မြို့ဖက်ရှင်ကျကျလေးပေါ့''

သူ့နောက်မှာ ကွယ်ရပ်နေသော မိချောကို လက်ဆွဲ၍ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထုတ်ပြတော့ မာမီစိုး မျက်လုံးတွေက စူးစမ်းသယောင် ပြူးကျယ် ဝိုင်းစက်သွား၏။

"သူလေးက"

"တောကပါ၊ အမျိုးမကင်းဘူးလေ၊ အနုပညာမျိုးရိုးဆိုတော့ သူ့ကိုလည်း ဒီလောကထဲ ဆွဲသွင်းမလို့"

"ဩော် ဟုတ်လား"

နောက်ထပ် မေးခွန်းတွေ ထွက်မလာအောင် မင်းမင်္ဂလ ပိပိရိရိ အတည့်ပေါက် ပြောလိုက်တော့ မာမီစိုး အလွယ်တကူပင် ယုံကြည်သွား သည်။

"ကျွန်တော် ဟိုဘက်မှာ ဂျာနယ်ဖတ်ရင်း ထိုင်စောင့်နေမယ် အချိန်ကြာလို့တော့ မရဘူးနော်၊ ကြော်ငြာသွားရိုက်ဖို့ရှိသေးတယ်"

"ဟုတ်ပါပြီရှင်၊ မကြာစေရပါဘူး။ အလှဆုံး ပြင်ပေးလိုက်မယ် ဩော် နောက်ကားအတွက် အကျီ ... နေပြီနော်၊ မနက်ဖြန်ကျ ကောင် မလေးတစ်ယောက်ကို အိမ်ပို့နိုင်း ... ယ်"

"ဟုတ်ကဲ့ ပွဲတက် ... နစ်စုံလောက်လည်း ချုပ်ထားပါဦး အဲဒီကားအတွက်ပဲလိုလို့"

"ပြီးပြီသား ထားလိုက် သားအတွက်ဆို အမြဲတမ်း ရယ်ဒီ"

"မာမီစိုးက အဲဒါတွေ အား ... ကိုးရတာ"





ထိုသို့ပြောလိုက်သည်နှင့် မာမီစိုး ပါးစပ်မစေ့တော့။ သူက ထတ်ဝန်းကျင်ကလူတွေနှင့် ပေါင်းသင်းရတာ အဆင်ပြေပေမယ့် ဖေဖေနဲ့ ဘာကြောင့် အဆင်မပြေရတာလဲ၊ အမြဲလိုလို ပဋိပက္ခ ကတောက်ကဆ နှင့်၊ သူက မထုံတက်သေးနေတတ်သလို ဖေဖေကလည်း ဘယ်ချိန်မဆို ပျော့ပျောင်းမှုမရှိချေ။

သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်ဆိုပေမယ့် ဖေဖေက သူ့အပေါ် အရာရာလွှမ်းမိုးချုပ်ကိုင်ထားပြီး အမိန့်တွေနဲ့သာ ဆက်ဆံ ချင်၏။

သူ့အနေနဲ့လည်း ဟိုအရင်က ကြောက်ရွံ့ရှိသေးပြီး ဘာကိုစွ ဆို ကလန်ကဆန် မလုပ်ဘူးခဲ့ပေမယ့် အခုနောက်ပိုင်းမှာတော့ အသံ တိတ်ဖြစ်စေ၊ ရှောင်ဖယ်သွား၍ဖြစ်စေ ဆန့်ကျင်မှုမျိုးပြုလုပ်နေခဲ့၍ ဖေဖေ့ ဘက်က မကျေနပ်ချက်တွေ ပိုများလာခဲ့ဟန်တူသည်။

"သားသမီးတွေ အရွယ်ရောက်လာရင် ခြေရာချင်းတိုင်းချင်လာ တယ်၊ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်ခံရတတ်တယ်ဆိုတာ အမှန် ပဲ အောင်မြင်လာလို့ မင်းကိုယ်မင်း ရပ်တည်နိုင်လာပြီဆိုပြီး ငါ့ကို ဆန့်ကျင်တိုက်ခိုက်ချင်တာလား။ ကျော်စိုးလွင်ဆိုတာ မင်းအဖေ၊ ခေါင်း ပေါ်က ကျော်ဖို့ ဘယ်တော့မှ မစဉ်းစားနဲ့"

ထိုသို့ စိန်ခေါ်မှုတွေဖြင့် ပြောတတ်ခဲ့တာ တစ်ကြိမ်နှစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



မကတော့။ အဖေဆိုတာကို အမြဲတမ်း ဂုဏ်ဖော်ကာ ပြောတတ်ပြီး မိဘရဲ့အခွင့်အာဏာမှန်သမျှ အားလုံးဆုပ်ကိုင်ထားခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် ဖေဖေ့ရဲ့လက်အောက်ငယ်သားလား၊ သား တစ်ယောက်လားဆိုတာတောင် မဝေခွဲတတ်အောင် ဖြစ်နေခဲ့တာ ဘာ ကြောင့်မှန်းမသိ။

"သားလေး ကြည့်ပါဦး လှရဲ့လားလို့"

"ဟင်"

အံ့ဩမင်တက်တိုးတိတ်သော အာမေဋိတ်သံ ထွက်သွားရသည် အထိပါ။ ကျောက်စိမ်းရောင် ဝတ်စုံလေးကြောင့် ညှို့စိမ့်နေသော အသား က ဝင်းဖန့်စိုပြည်နေကာ သနပ်ခါးပါးကွက်ကြားနေရာမှာ မိတ်ကပ်ပါးပါး လေး တင်ထား၍ နဂိုအလှကို ထင်ပေါ်ကြွရွနေစေသည်။

ဖြစ်သလို ထုံးနှောင်ထားတတ်သော ဆံနွယ်များက ဂုတ်ပေါ် မှာ အဖြောင့်စင်းနွဲ့ကျနေပြီး လည်တိုင်နှင့်လက်တွေမှာ လိုက်ဖက်သော ဖန်စီပစ္စည်းလေးတွေ ဆင်ယင်ထား၍ တောသူမလေး မိချောဆိုတာ မမှတ်မိလောက်အောင်ပင် ပြောင်းလဲသွားခဲ့သည်။

ထိုအလှတွေမှာ တဒင်္ဂမိန်းမောလျက် စိတ်သန္တာန်မှာ အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတာတွေ ပျောက်ဆုံးလျက်. . .။

■ ■ ■

နိုးနိုး ၁၁၈ပ

## အခန်း (၁၄)

"မင်း ဒါဘာသဘောလဲ မင်းမကိုဋ္ဌ"

"ဗျာ ဘာကိုပြောတာလဲ ဖေဖေ"

တကယ်ကို နားမလည်၍ ပြန်မေးလိုက်ခြင်းပင်။ နေ့လယ်က ဆိုင်ကစောထွက်ပြီး မိချောကို လုပ်ပေးသင့်တာတွေလုပ်ပေးကာ ကြော်ငြာ ိုက်သည့်နေရာ ခေါ်သွားသည်။ သူနဲ့ပတ်သက်သည့်သူမှန်းသိ၍ ိုက်တာတွေ တခြားသရုပ်ဆောင်တွေက မိချောကို အရေးပေးဆက်ဆံ ကြသည်။ မိတ်ဆက်ကြသည်။

ပြန်လာတော့ လမ်းမှာ မိချောကို ညနေစာဝယ်ကျွေးခဲ့ပြီး ိမ်ပြန်ပို့ပေးခဲ့သည်။ အဲဒီအချိန်ထိ ဖေဖေ ပြန်မရောက်သေး။ သူက ိမ်မှာ ခဏနားပြီးမှ လိုအပ်တာတွေယူ၍ နိုက်ဆင်းတွေအတွက် ရှုတင်

နိုးနိုး ၁၁၈ပ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာခဲ့သည်။

ဟိုရောက်တော့ ကိုယ့်အခန်းက သုံးခန်းပဲပါတာမို့ ဆယ် ကျော်လောက်မှာ ပြီး၍ အိမ်ပြန်လာချိန်မှာ ဖေဖေက မအိပ်သေး ပြန်ရောက်သည်နှင့် စာကြည့်ခန်းထဲလာခဲ့ပါဟု ဒေါ်စိန်ပုကို ပြော ကြောင်း သိရသည်။

ကိုယ်လက်သန့်စင်ပြီး ချက်ချင်းပဲ ဖေဖေ စာကြည့်ခန်း ဝင်လာခဲ့တာပါ။ တွေ့တွေ့ချင်း ဒေါသနှင့်မေးလိုက်တာကို သူ နားမလ တာ သူ့အမှားလား။

"ဖုန်း"

စာကြည့်စားပွဲကို ဖုန်းခနဲ ပုတ်ချလိုက်တာမို့ သူ တုန်ခနဲ လျက် ဖေဖေ့ကို မော့ကြည့်မိသည်။

"ငါ့ခွင့်ပြုချက်မရဘဲ ဘာလို့ မိချောကို ပုံစံတွေပြောင်းပြီး ထုတ်သွားတာလဲ၊ မင်းငါ့ကို ကျော်တာလား"

"မေးခွန်းကြီးက မရင့်ဘူးလား ဖေဖေရယ်၊ ကျွန်တော် ဖေဖေ့ကို ကျော်တာမဟုတ်ပါဘူး။ မိချောကို လုပ်ပေးသင့်တာ လု တာပါ"

"မင်းနဲ့ဘာဆိုင်လဲ မင်းအပူပါလား။ မိချောကို ငါ ခေါ်လာ သူ့ကိုဘယ်အချိန်မှာ ဘာလုပ်ပေးရမယ်ဆိုတာ ငါ့မှာအစီအစဉ်ရှိ

"အိမ်အလုပ်တွေ ဘယ်အချိန်ထိ လုပ်နိုင်ပြီး သူ့ကိုချိုးနှိမ်ထား လဲ ဖေဖေ၊ အခု ကျွန်တော်လုပ်ပေးတာကရော ဘာမှားနေလို့လဲ သေနဲ့ကျွန်တော်က သားအဖပဲ၊ ဖေဖေလုပ်ရမယ့်အလုပ်ကို ကျွန်တော် ပ်တာ အသိအမှတ်ပြုပေးလိုက်လို့ မရဘူးလား"

"မရဘူး"

ဖေဖေက ဆောင့်ခနဲအော်၍ မျက်ထောင့်နီကြီးနှင့် စိမ်းနေ အောင်ကြည့်ကာ

"မင်းက မင်းအလုပ်ပဲ လုပ်ရင်ရပြီ၊ ငါ့အလုပ်ကိုကူညီစရာ လိုဘူး၊ ဝေဖန်စရာမလိုဘူး၊ စောင့်ကြည့်စရာ မလိုဘူးကွ"

"မိချောကို ကျွန်တော်လည်း ခင်ခဲ့ပါတယ်၊ လူမှုရေးရှုထောင့် ကြည့်ရင် မိချောက သာမန်လူလည်းမဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော် အခက်အခဲကို ငွေနည်းနည်းယူပြီး ကူညီလိုက်တဲ့သူပါ၊ ဖေဖေကသာ တို့အားနည်းချက်ကို အခွင့်ကောင်းယူပြီး ငွေနည်းနည်းပေးပြီး အသုံး ခဲ့တာ"

"မင်းမကိုင်နဲ့ မင်းကိုဝေဖန်စရာမလိုဘူးလို့ ငါ ပြောထားမယ်၊ း မသိသေးရင် ထပ်ပြောမယ်၊ နောက်တစ်ခါ မိချောနဲ့ပတ်သက်ပြီး ဘာမှလုပ်ပေးစရာမလိုဘူး၊ ဟိုဟိုဒီဒီ ခေါ်သွားစရာအကြောင်းလည်း ဘူး၊ ကောလဟာလထွက်လာရင် မင်းနာမည်ကျသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် စိုးရိမ်ပေးတာလား၊ ဖေဖေ့အကျိုးစီ ပျက်မှာစိုးလို့လား"

"မင်းမကိုဠ်"

"ကျွန်တော့်အတွက် ဘယ်ချိန်တုန်းကမှ စဉ်းစားမပေး တာ သိနေလို့ပါ၊ အခုလည်း ကျွန်တော့်အတွက်မဟုတ်ဘူး၊ အကျိုးအမြတ်အတွက်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ လောက်ကြီး အမိန့်မပေးပါနဲ့ ဖေဖေ"

"ဘာကွ"

ထိုင်နေရာမှ ဖြုန်းခနဲ ထလာကာ သူ့ရင်ဘတ်အက ဆောင့်ဆွဲ၏။ ပြီးမှ ကြမ်းတမ်းစွာ လွှတ်ချပြီး

"ခြေရာချင်းတူလို့ တိုင်းချင်ရင်တောင် တစ်ထပ်တည်း ဘူး မင်းမကိုဠ်၊ ငါက မင်းအဖေဖြစ်နေတဲ့အတွက် ငါ့ဆန္ဒတွေ မင်းဆန့်ကျင်လို့မရဘူးဆိုတာ မင်း သိထား"

"ဖအေဆိုတဲ့ မာန်တက်နေချင်ရင် အဲဒီဂုဏ်ပုဒ်နဲ့ ညီ နေပေးပါလား ဖေဖေ၊ မိဘဆိုတာ သားသမီးကို အမိန့်အာဏာ ရဘူး၊ မေတ္တာနဲ့ပဲ ဆိုဆုံးမရတယ်ဆိုတာ ဖေဖေ မသိဘူးလား"

"ဟိတ်ကောင် ငါ့ကို မိကျောင်းမင်း ရေကင်းလာမပြ ကို ဒီနေရာရောက်အောင် ငါဘယ်လောက် ရင်းနှီးခဲ့ရလဲ မင်းသိ







င်မြင့်မှုရနေပြီဆိုပြီး ပုန်ကန်ဖို့ကြိုးစားနေတာလား၊ အခုချက်ချင်း ပျက်စီးပစ်လိုက်လို့ရတယ် မင်းနားလည်လား"

"အဲဒီအောင်မြင်မှုဆိုတာရော ကျွန်တော်က လိုချင်ခဲ့လို့လား၊ ာခဲ့လို့လား၊ ကျွန်တော်ဖြစ်ချင်တဲ့ဆန္ဒတွေကို ဖျက်စီးပြီး အမြတ် အတွက် ရင်းနှီးမြှုပ်နှံခဲ့တာလို့ အမှန်အတိုင်း ပြောကြည့်စမ်းပါ "

သူ့ရဲ့အံကြိတ်မှုမှာ ဖေဖေက တက်ခေါက်၍ မျက်နှာလွှဲ၏။ သီးကိုတင်းတင်းဆုပ်ရင်း ဖေဖေ့ရှေ့တည့်တည့်မှာ မျက်နှာချင်း ဆိုင်လိုက်သည်။

"ကျွန်တော် ဒီအနုပညာကို ဝါသနာပါခဲ့တာ မှန်တယ်၊ ဒါပေမဲ့ တော် ဖြစ်ချင်ခဲ့တာ ဆရာဝန်၊ ကြိုးစားလိုက်ရတာ အအိပ်ပျက် ပျက်၊ ကျန်းမာရေးထိခိုက်တာတောင် ကျွန်တော် အားတင်းပြီး ပွဲဖြေခဲ့တယ်၊ အဲဒီအချိန်တွေကတည်းက ကျွန်တော် ဖြစ်ချင်တာ အကောင်အထည်မပေါ်အောင် အပျော်အပါးဘက် တွန်းပို့ခဲ့တာ ထားမိဘူး"

"ဒါက မင်းကို စာတွေကျက်ပြီး ပင်ပန်းမှာစိုးလို့"

"ကစားကွင်းသွားခိုင်းတယ်၊ ဘောလုံးပွဲကြည့်ခိုင်းတယ်၊ အ မိပေးပွဲ သားရောက်ဖူးအောင်လိုက်ခဲ့၊ ကိုရီးယားရုပ်ရှင်ပွဲတော်



www.burmeseclassic.com

www.burmeseclassic.com



ဘောလီးဝုဒ်ရုပ်ရှင်ပွဲတော်လက်မှတ်ရလို့ နည်းအမျိုးမျိုးနဲ့ ဖေဖေ ဂရုစိုက် ချင်ဟန်ဆောင်ခဲ့တာ ကျွန်တော် နောက်မှ ဘာကြောင့်ဆိုတာ သဘော ပေါက်ခဲ့တယ် ဖေဖေ''

''လွဲမှားတဲ့အတွေးတွေနဲ့ ငါ့ကို အပြစ်တင်နေတာဆိုရင် မင်း ကံကြီးထိုက်လိမ့်မယ် မင်းမကိုင်၊ မင်းကွာ မင်း''

ဖေဖေ အံကြိတ်ကာ ဒေါသကြီးသွားပေမယ့် သူ့ နောက်တွ တုန်လှုပ်မသွားပေ။ ရင်ထဲရှိတာ ပေါက်ကွဲလိုက်ရမှ ဖြေသာမှာ မဟုတ် လား။

''ဖေဖေ ဖြစ်စေချင်သလိုတွေ မဖြစ်တဲ့ ဆယ်တန်းကို ဘာသာ ဂုဏ်ထူးနဲ့အောင်ခဲ့တော့ ဖေဖေ ကျွန်တော့်အတွက် ဝမ်းသာပေးခဲ့သလာ ဂုဏ်ယူခဲ့သလား။ အဲဒီနေ့မှာပဲ မင်းဆေးတက္ကသိုလ် မတက်ရဘူး သရ ဆောင်ပဲလုပ်ရမှာလို့ ဖေဖေ အတိအလင်း အမိန့်ပေးခဲ့တာ မှတ်မိတယ် မဟုတ်လား။ ဘွဲ့ရချင်ရင် အဝေးသင်တက်၊ ငါဖြစ်စေချင်တာက အ ပညာအလုပ်နဲ့ အောင်မြင်စေချင်ဟာပဲဆို''

''အဲဒီအချိန်က ငါ အတင်းအကျပ်လုပ်ခဲ့လို့ အခု မင်းအော မြင်နေပြီမဟုတ်လား၊ တစ်ချိန်ချိန်မှာ ငါ့ကိုကျေးဇူးတင်နေမှာပဲ အောက်မေ့ခဲ့တာ၊ အဲဒီဆရာဝန်ဘွဲ့ကိုသာ ယူခဲ့ရင် အခုထိ မင်းလူဖြစ် မဟုတ်ဘူး''





''ဆန္ဒတွေကို ရိုက်ချိုးခံရတာလည်း သေလူတစ်ယောက်ပါပဲ ဖေ''

''မင်းအရွဲ့တိုက်ပြီး ကလန်ကဆန်လုပ်နေခဲ့လို့ ငါ အချိန်တွေ ကြာကြီး ဆုံးရှုံးနစ်နာခဲ့ရတာ၊ ငါ့စည်းစိမ်ဥစ္စာ ပြာကျတော့မယ်အထိ သွားခဲ့ရတာ မင်းမကိုင်''

ဦးကျော်စိုးလွင် နှုတ်ဆိတ်သွားခဲ့ပြီး ပြတင်းပေါက်အပြင်ဘက် အကြည့်လွှဲသွား၏။ ဘာကြောင့်များ အသိအမှတ်ပြုသည့် သက်ပြင်း သဲ့သဲ့မကြားရတာလဲ။ သူ့ဘက်မှာလည်း မချိဘင်ကဲ ဝေဒနတွေနဲ့

''ကျွန်တော် ဖေဖေ့ကြောင့် ကြိုးစားချင်ခဲ့တာ မဟုတ်ပါဘူး၊ တော့်အတွက် ဆုံးရှုံးအနစ်နာခံ ရင်းနှီးမြှုပ်နှံနေတဲ့ ဖေဖေ့ကို အားနာ ည်း မဟုတ်ပါဘူး၊ ပရိသတ်အပေါ် စေတနာထားချင်လာတဲ့စိတ် ကြောင့်ပါ၊ သားအဖနှစ်ယောက်ရဲ့ အရွဲ့တိုက်နေတဲ့ ပဋိပက္ခကြားမှာ သတ်ရဲ့ငွေတွေ အလဟဿ မဖြစ်စေချင်လို့ ကျွန်တော် ဒီနေ့ထိ ားပမ်းစား ရပ်တည်နေတာ ဖေဖေ၊ ထမင်းရှင်တွေကို မစော်ကား ်လို့''

''အဲဒီစေတနာကြောင့် မင်းအောင်မြင်လာတာ၊ ဆက်ပြီး ထိန်း အောင်ကြိုးစားပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက်ပြောတာ မဟုတ်ဘူးမဟုတ်လား၊ ဖေဖေ ဘဏ်တိုက်ကြီး တိုးသထက်တိုးအောင် လေဒီစမောလေးတွေအတွက် အချိုးကျသုံးနိုင်အောင်လို့ မဟုတ်လား။ မိချောက အရမ်းကို ရိုးသား လွန်းပါတယ်၊ ဖေဖေ့လောင်းရိပ်အောက်မှာ ညစ်နွမ်းမသွားပါစေနဲ့ ဖေဖေ"

သူ့ရဲ့စကားကြောင့် ဖေဖေ နားခေါင်းရှုံ့ မျက်မှောင်ကြုတ်ကာ ပြန်လှည့်လာသည်။ ပြောချင်တာတွေ အကုန်မပြောတော့ဘဲ လှည့်ထွက်မည်ပြင်တော့ သူ့လက်ကို ဖတ်ခနဲ ဆွဲ၏။

"ဝေဖန်တာကို နားထောင်ပေးလိုက်ပေမယ့် ကန့်ကွက်တာကို လက်မခံဘူးနော်၊ မနာခံနိုင်ဘူးဆိုရင် မင်းဝယ်ထားတဲ့အိမ်မှာ ပြောင်းနေ လိုက်တော့"

သိသိသာသာ နှင်ချလိုက်တာက ပြဿနာတစ်ခု ဖန်တီးတော့မည်ဆိုတာ အကြောင်းအရာနိုင်လုံသွားသည်။ ဒါကလည်း မိချောကို ဆိုတာ မလွဲ၊ အရင်ကဆို ခွဲထွက်သွားမှာစိုးလို့ အတိုက်အခံကို တားဆီး ခဲ့တာ မဟုတ်ပါလား။

"မင်းက ငါ့ကို မတိုင်ပင်ဘဲ ကုမ္ပဏီတစ်ခုနဲ့ ရုပ်ရှင်နဲ့ဗီဒီယိုကား နစ်ဆယ် စာချုပ်ချုပ်ပြီး၊ အိမ်ဝယ်လိုက်တယ်ဆို၊ ဒီအိမ်မှာ မိသားစု ဘယ်နှယောက်တောင်များလို့ ခွဲထွက်ချင်ရတာလဲ၊ ငါ လုံးဝ ခွင့်မပြုဘူး





နော်၊ နောက်တစ်ခါလည်း ငါ မသိဘဲ တခြားတိုက်တွေနဲ့စာချုပ်ချုပ်တာ မျိုးတွေ မလုပ်ပါနဲ့၊ အဲဒီတိုက်တွေ ဆုံးရှုံးနစ်နာအောင် ငါ ပြဿနာရှာ ပစ်လိုက်လို့ရတယ် မင်းနားလည်လား"

"ကျွန်တော် ဖေဖေ့ကို ရိုက်ရက်ပေးထားတဲ့ထဲက လုပ်ပိုင်ခွင့် တောင်းနေတာ မဟုတ်ပါဘူး ဖေဖေ၊ ဖေဖေလည်း တစ်လကို လေးကား ရိုက်နေတာမှ မဟုတ်တာ၊ ကြားထဲမှာ ဟနေတဲ့ရက်တွေပဲ၊ ကျွန်တော့် ရည်မှန်းချက်အတွက် ကြိုးစားပြီးလုပ်မှာပါ၊ အရင်လည်း ဖေဖေ့အတွက် အဲလို စာချုပ်ချုပ်ပြီး ငွေတွေအပြည့်အဝ ပြန်ပေးနေတာပဲ၊ အခုတော့ ဖေဖေ့တိုက်အတွက် ရိုက်ပေးတဲ့ အကျိုးအမြတ်အားလုံးပဲ ဖေဖေယူပါ၊ တခြားတိုက်တွေက ရသမျှတော့ ကျွန်တော့်အတွက် ကျွန်တော် အသုံးပြု ပါရစေ"

"မင်းက လုပ်ပိုင်ခွင့်တွေတောင် တောင်းတတ်နေပြီကိုး၊ ငါက ဒီလမ်းကြောင်းပေါ် လျှောက်နိုင်းလို့ အောင်မြင်လာတော့ သူစိမ်းတစ် ယောက်က မြေစိုက်ထွက်သလိုမျိုး မင်းဖန်တီးလာတာလား မင်းမကိုယ့် အားပေါ့လေ အကုန်ချုပ်ကိုင်ထားရင်လည်း ငါက မတရားရာရောက်ဦး မယ်၊ ထားပါတော့ ဒါပေမဲ့ အိမ်ပြောင်းနေမှာ ငါ ခွင့်မပြုဘူးနော်၊ မင်းအိမ်ထောင်ကျမှ ခွဲထွက်ချင်လည်း ထွက်ပေါ့၊ ဒါမှမဟုတ် ငါ အတည့် အကျ လက်ထပ်ပြီးဆိုမှ သွားချင်လည်း သွား၊ အခုတော့ ငါ့အရိပ်အောက်



www.burmeseclassic.com

www.burmeseclassic.com



က ထွက်သွားဖို့ မကြိုးစားပါနဲ့''

ထိုသို့ တားဆီးမှုတွေ ပြုလုပ်ခဲ့သည့်သူက အခုတော့ အဲဒီအိမ်ကို ပြောင်းနေလိုက်ပါတော့တဲ့လား။

ဘယ်လိုအကြံအစည်မျိုးတွေကြောင့် သူ့ကိုဖယ်ထုတ်ချင်နေတာလဲ။

မိချောကို ဘာလုပ်မလို့လဲ။

ဘာရယ်သေချာမသိသေးပါဘဲ စိုးရိမ်စိတ်တို့က ရင်တစ်ခုလုံးအဖျားခတ်ကာ. . .။

■ ■ ■



## အခန်း (၁၅)

ဒေါ်သတို့က မိချောအပေါ် ပုံချလိုက်လို့ မဖြစ်သေးဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိပေးနေရသည်။

ပြဿနာက သားက အစပြုတာ။ ဘာကြောင့် မိချောကို အပိုအလုပ်တွေ လုပ်ပေးနေရတာလဲ။ ကိုယ်က ကိုယ့်အစီအစဉ်နဲ့ကိုယ်။ နီးသားသူအပေါ် အဖြောင့်အတိုင်း သွားလို့မရ။

ဒီလိုဆိုတော့ ကွေ့ကောက်ပြီးပြောရင်ရော မိချော နားလည်မှာလား။ အရင်ဦးဆုံး ကိုယ့်ကို အထင်ကြီးလေးစားမှုတွေ ရှိလာမှဖြစ်မည်။

''မိချော''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ အဝတ်လှန်းပြီး ပြန်ဝင်လာသော မိချောကို ဧည့်ခန်းမှာထိုင်နေရင်းက လှမ်းခေါ်လိုက်သည်။

မိချောက ကုပ်ကုပ်ကလေး အနားမှာလာရပ်၏။ ဦးကျော်စိုးလွင် အရှိန်အဝါကြီးကြောင်း ပြောပြထား၍ ရွာမှာတုန်းကလိုတောင် စကားဟဟ အပြန်အလှန် မပြောရဲတော့ပါ။ သူ့ဆန်စား ရဲရမည်။ တာဝန်ကျေဖို့တစ်ခုကလွဲပြီး

"ဒီမှာ ခဏထိုင်"

ဆိုဖာခုံကို မေးငေါ့ပြတော့ ကိုယ်ကိုရို့ကာ ဝင်ထိုင်ရင်း မျက်လွှာပင် ပင့်မကြည့်မိ။ အေးစက်စက် မင်သေသေဖြင့် အနေတည်လွန်းတာကြောင့် မင်းမကိုင်ရှိထက် အဆင့်အတန်း ခွဲခြားတတ်မှန်း ယုံကြည်သွား၏။

"အိမ်အလုပ်တွေလုပ်ရတာ ပင်ပန်းနေပြီလား"

"ရှင် မပင်ပန်းပါဘူး၊ ရွာမှာဆို ဒီထက်ပင်ပန်းတဲ့အလုပ်တွေကို လုပ်ခဲ့ရတာပါ"

"အေးလေ အဲလိုစကားကြားရတာ ဦး ဝမ်းသာပါတယ်၊ ဒါနဲ့ မနေ့က မင်းမကိုင်နဲ့ ဘာလို့လိုက်သွားတာလဲ၊ ဒီအိမ်မှာနေရင် ဦးရဲ့ ခွင့်ပြုချက်ရမှဆိုတာ မိချော နားလည်ထားမှပေါ့"

"ဟုတ် ဟုတ်ကဲ့ နောက်ဆို ဆင်ခြင်ပါ့မယ်၊ မနေ့ကလည်း"





"ဦး နားလည်တယ်၊ မင်းမကိုင်ရဲ့ ဖွတ်ခေါ်လို့မဟုတ်လား၊ ဒါပေမဲ့ မိချော သိထားရမှာက အောင်မြင်ကျော်ကြား လူသိများနေတဲ့ မင်းမကိုင်ရဲ့ နဲ့ တွဲသွားတွဲလာလုပ်လို့ မသင့်တော်ဘူးဆိုတာပဲ"

"ရှင်"

"သူ့ကို လူတိုင်းသိကြတယ်၊ ချစ်ကြတယ်၊ မိချောနဲ့ အဲလို သွားတော့ ကောလာဟလ ဝေဖန်သံတွေ ထွက်လာမယ်၊ ဘာလဲဆိုတဲ့ အပုပ်နံ့နဲ့ နာမည်ကျသွားမယ်၊ စီးပွားပျက်သွားမယ်၊ အနုပညာသမားက အရမ်းအနေအထိုင် ဆင်ခြင်ပြီး စည်းကမ်းရှိမှ ပရိသတ်ကို လေးစားရာ ရောက်တာ၊ ဥပမာ မိချောက အောင်မြင်နေတဲ့ မင်းသမီးတစ်ယောက် ဆိုပါတော့၊ ဘာမှမဟုတ်တဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ အဲဒီလို လူတွေ ရှေ့မှာ တွဲထွက်ပြလို့ဖြစ်ပါ့မလား"

ဦးကျော်စိုးလွင်က သူမ နားလည်သဘောပေါက်အောင် နှိုင်းယှဉ်ကာ ရှင်းပြ၏။ ဒါသနှင့်ဆူပူမာန်မဲတာမျိုး မဟုတ်တာဘဲ တော်ပါသေးသည်။ ဦးကျော်စိုးလွင်ရဲ့အကြည့်စူးစူးအောက်မှာ သိမ်ငယ်နေရသည့် သူမက ဘာပြန်ပြောနိုင်မှာလဲ။

"ဦးက မင်းမကိုင်ရဲ့ အဖေဆိုပေမယ့် လူတိုင်းမသိကြဘူး၊ သာမန် ရုပ်ရှင်ထုတ်လုပ်သူ သူဌေးတစ်ယောက်ပဲ အောက်မေ့ကြတာ၊ ဆိုလိုတာက မနေ့က မင်းမကိုင်ရဲ့လုပ်ပေးသလိုမျိုး ဦးက လုပ်ပေးတာဆိုရင် ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



ထူးပြီး မေးငေါ့မှာဝေဖန်မှာ မဟုတ်ကြဘူး။ ဦးပြောတာကို သဘောပေါက်လား မိချော''

''ဟုတ်ကဲ့''

''အေး အဲဒါကြောင့် နောက်ဆိုရင် မင်းမကိုဋ္ဌက ဖွတ်ခေါ်ရင်တောင် မိချောက ပြတ်ပြတ်သားသား ငြင်းနိုင်ရမယ်၊ ဦးက ဒီလိုဖြစ်စေချင်တာလို့တော့ ပြောလို့မရဘူးနော်၊ မိချောအနေနဲ့ပဲ လိမ္မာပါးနပ်စွာ ရှောင်တိမ်းတတ်ဖို့ ပြောတာပါ၊ ဒါမှလည်း ဦးတို့သားအဖကြားမှာ ပဋိပက္ခဆိုတာမျိုး မရှိမှာ''

''မိချော နားလည်ပါပြီ၊ မိချော ဆင်ခြင်ပါ့မယ်''

မျက်ဝန်းလေးတွေ အရည်ကြည်လဲ့လျက် ဝမ်းနည်းနေသလိုဖြစ်သွားသော မိချောကိုကြည့်ကာ ဦးကျော်စိုးလွင် ရင်ထဲ ထိထိရှရှဖြစ်သွားရသည်။ ကိုယ်လုပ်ပေးဖို့ စဉ်းစားထားတာတွေက ဒီလောက်မကပါ။

''မိချောကို နောက်ထပ်ပြောချင်တဲ့စကားက ဒီလထဲမှာ ဦး ဇာတ်ကားနှစ်ကားရိုက်ဖို့ရှိတယ်၊ အဲဒီနှစ်ကားလုံးမှာလည်း မိချောကို ထည့်သုံးကြည့်ဖို့ စဉ်းစားထားတယ်''

''ဟင် တ တကယ်လား ဦး''

အပျော်မျက်ဝန်းလေးတွေနှင့် လှုပ်ခုလုတ်တိုက်မေတ် အလော





တကြီးပင် မိချော မေးသည်။ ဦးကျော်စိုးလွင်က အပြုံးနှင့်ခေါင်းညိတ်ပြကာ

''တကယ်ပေါ့ မိချောရဲ့၊ ဦးက မိချောအတွက် အားလုံးစီစဉ်ပြီးသားပါ၊ ဒါပေမဲ့ မိချောမှာ အတွေ့အကြုံ နည်းတယ်၊ လေ့လာရမှာတွေ အများကြီးရှိတယ်၊ ဖြည်းဖြည်းသွားရမှာပေါ့ မိချော''

''ဟုတ်ကဲ့ မိချော အရမ်းဖြစ်ချင်ပေမယ့် လောဘတော့ မကြီးပါဘူး၊ မိချောမှာ အခြေခံ ဘာပညာမှ မရှိလို့ ကူညီပံ့ပိုးမယ့်သူ ရှိမှနေရာတစ်ခုရမယ်ဆိုတာ နားလည်ပါတယ်''

''မိချောက ကျေးဇူးမေ့တတ်မယ့်သူ မဟုတ်ဘူးလို့ ဦးယုံကြည်ပါတယ်၊ အောင်မြင်မှုရမှ ခြေစုံကန်သွားရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ''

''ဟို မိချောမှာ အဲလို စိတ်မျိုး မရှိပါဘူး ဦးရယ်၊ ကိုယ်က ဘာဖြစ်မယ်ဆိုတာ မသိသေးလို့ ဒီစကားပြောတာလည်း မဟုတ်ပါဘူး၊ မျှော်လင့်ထားသမျှက ဦး ပေးမှရမှာပါ''

ဦးကျော်စိုးလွင် အနှစ်သာရ ပြည့်ပြည့်ဝဝပင် ပြုံးလိုက်သည်။ ဒီလောက် သိတတ်မှုရှိလျှင် ကိုယ်လိုအပ်သလို ပုံသွင်းကိုင်တွယ်လို့ ရမှာပါ။

''ကဲ မိချော အရင်ဆုံး မိချော မော်ဒယ်သင်တန်းတက်ရမယ်''

''ဟင် မော်ဒယ်သင်တန်း''

''ပထမဆုံး ရိုက်မယ့်ကားအတွက် ပြင်ဆင်မှုတွေ လုပ်ရမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ဒီကားအတွက် လိုက်ဖက်မယ့်ကာရိုက်တာအတွက် အဝတ်အစား
လည်း ဦးကိုယ်တိုင် လိုက်ဝယ်ပေးမယ်၊ အိမ်နေရင်းဝတ်ရမယ့် အဝတ်
အစားရောပေါ့၊ မင်းမကိုဋ္ဌ ဝယ်ပေးတဲ့ အဝတ်အစားတွေ လုံးဝ ဝတ်
မရဘူး၊ နောက်ပြီး ဆံပင်လည်း ပြောင်းရမယ်''

''ဟင် အဲဒါ မနေ့ကမှ မင်းမကိုဋ္ဌ''

''မနေ့ကအထိ အချိန်တွေကို အားလုံးမေ့ထားလိုက်၊ မင်း
နာမည်လည်း မိချော မဟုတ်တော့ဘူး၊ ကျော်စိုးလွင် စင်တင်မယ့်
မိုးမြင့်အိန္ဒြေ မှတ်မိတယ်နော်''

''မိုးမြင့်အိန္ဒြေ ဟုတ် ဟုတ်ကဲ့ မှတ်မိပါတယ်''

ချစ်စရာနာမည်လေးကို ပြန်ရွတ်ကြည့်ရင်း မိချော သဘော
ကျသွားသည်။ တောက မိချောဆိုသည့် နာမည်လေးကို နှမြောပေမယ့်
အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ နာမည်ပြောင်းရတာလည်း ဘဝအ
အကွေ့တစ်ခုအတွက် ကင်ပွန်းတပ်ရမှာပဲ မဟုတ်လား။

''မင်းသဘောကျရဲ့လား မိချော''

''ရှင် ဟုတ်ကဲ့''

''အေး ဒါက ဦးမွေးထုတ်လိုက်တဲ့ သဘောပဲ၊ ဒုတိယမင်းသ
နေရာကနေ တစ်လှမ်းချင်း လှမ်းရမယ်၊ မင်းဘက်က ကြိုးစားပေး
မင်းတာဝန်နော်''





''မိချော ကြိုးစားမှာပါ၊ ဦး စိတ်ပျက်မသွားအောင် ကြိုးစား
ပါ့မယ်''

ဒါဟာ ကိုယ်လိုချင်သော ကတိစကားပင်။
မင်းမကိုဋ္ဌ မင်းက ကျော်စိုးလွင်ရဲ့သား။
ကျော်စိုးလွင်ကို ဘယ်တော့မှ ကျော်လို့မရဘူး။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နောက်နေ့တွေကစ၍ မိချောအတွက် ဦးကျော်စိုးလွင်က ကိုယ်

ရံတော် သက်တော်စောင့်သဖွယ် ဖြစ်သွားခဲ့သည်။

မော်ဒယ်သင်တန်းအပို့အကြို သူပဲတာဝန်ယူသလို လိုအပ်သည့်

အသုံးအဆောင်ဝယ်ဖို့ ရှုပါမားကတ်တွေလည်း သူကိုယ်တိုင်ပဲ လိုက်ပို့

သည်။

အိမ်မှာလည်းတတွဲတွဲ၊ အပြင်မှာလည်းတတွဲတွဲနှင့် အကြောင်း

ပြစရာတွေကလည်း များလှ၏။

"ဓာတ်ညွှန်းတွေဖတ်ပြီး အလေ့အကျင့်ရအောင် ဦးရှေ့မှာ

သရုပ်ဆောင်ပြ၊ အဲဒါမှ လက်တွေ့ကွင်းဆင်းရတဲ့အခါ မိချောဘက်က

ပိုင်နိုင်သေချာနေမှာ၊ အခုကားက မိချောတို့ရွာမှာ ပါလာတဲ့ ဒါရိုက်တာ





ပေါ့တော့ မိချော အရည်အချင်းရှိတယ်ဆိုတာကို မသိဘူး။ ဦးအနေ

နဲ့လည်း အစိမ်းသက်သက် ဘာမှအတွေ့အကြုံသမ္မာမရှိတဲ့ မိန်းကလေး

ကို ဟိုဟာဒီဟာကြောင့် စင်တင်ပေးတဲ့ပုံစံမျိုး အပြောမခံချင်ဘူးလေ၊

မိန်းကလေးဖြစ်တဲ့ မိချောလည်း နစ်နာတယ်၊ ဦးလည်းသိက္ခာကျမယ်၊

အဓိကက မိချောကို ပန်းတိုင်မရောက်ခင် ဝေဖန်သမုဒ်ခံရတာမျိုး မဖြစ်

စေချင်ဘူး"

ပြောနေတာကတော့ မိချောကို တန်ဖိုးထားနေသလိုလိုပါ။

မိချောအနေနဲ့လည်း ဖြစ်မြောက်မှုတစ်ခုသာ စဉ်းစားပြီး ဦးကျော်စိုးလွင်

ကို ကျေးဇူးတွေ တင်နေမိသည်။

ပတ်ဝန်းကျင်အသစ် အတွေ့အကြုံအသစ်မှာ ဖေးမကူညီမယ့်

သူရှိလို့ သူမ အခြေအနေကောင်းတစ်ခုနှင့် ရပ်တည်ခွင့်ရတော့မည်

ပေါ့တော်ပါလား။

ခုဆို တစ်မိုးအောက်မှာအတူနေပြီး မင်းမကိုရှိနဲ့တောင် မဆုံ

ဖြစ်တော့ပေ။

"မိချော"

"ဟင်"

အပြင်က ပြန်လာပြီး ညေ့ခန်းအဝင်မှာ အနားကပ်၍ မင်းမကိုရှိ

ခေါ်သံကြားလိုက်ရတာမို့ ဆတ်ခနဲ တုန်သွားရရင်း နောက်လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"မင်းသား ကားရိုက်မသွားရဘူးလား"

"ကိုယ့်အခန်းတွေ ပြီးလို့ ပြန်လာတာ၊ ဖေဖေက မင်းကို

လာမကြိုဘူးလား"

"လာကြိုပါတယ်၊ အိမ်ရှေ့ထိ ရောက်အောင်လိုက်ပို့ပြီး

ကုမ္ပဏီမှာကိစ္စရှိလို့ဆိုပြီး ပြန်သွားတာ"

ဖော်ရွေမှုကင်းစွာ အလိုက်အထိုက် ဖြစ်ရုံ အေးစက်စက် အပြော

ကြောင့် ဖေဖေ သွေးခွဲထားပြီဆိုတာ မင်းမကိုဋ္ဌ သဘောပေါက်လိုက်

သည်။

"ကိုယ်ဝယ်ပေးတဲ့အင်္ကျီတွေ မင်းဘာလို့ မဝတ်တာလဲ မိချော"

"ဟို ဦး ဝယ်ပေးတဲ့ အဝတ်အစားတွေနဲ့ အဆင်ပြေနေလို့ပါ

မင်းသားဝယ်ပေးတာတွေ မဝတ်ချင်လို့ မဟုတ်ပါဘူး"

"ပရိုဂရမ်လေးတစ်ခုအတွက် ကိုယ် စီစဉ်တင်ဆက်သူလုပ်ပေး

ရမှာ၊ လေ့လာလို့ရအောင် လိုက်ကြည့်ပါလား"

"ဟင် မ မလိုက်တော့ပါဘူး၊ ကားရိုက်ဖို့ ဇာတ်ညွှန်းပေးဖတ်

ထားတာ၊ ကြေညက်အောင် လေ့ကျင့်ရဦးမယ်၊ အိမ်အလုပ်တွေလည်း

ရှိသေးတော့ မအားပါဘူး မင်းသားရယ်"

လိမ္မာပါးနပ်စွာ ရှောင်တိမ်းနေတာ ဖေဖေ့ပယောဂကြောင့်ဆို





ဘာ သူ အတတ်သိနေသည်။

မိချောက အပြစ်ကင်းစွာ ရိုးသားသူပဲမဟုတ်ပါလား။ အရင်က

နင်ဖေ့လက်ပြတ်တောင် မဝတ်ရဲသည့် မိချောက အခုဆို အသားပျော့

ကိုယ်ကျပ်လည်ဟိုက်နှင့် ဒူးအထက်မှာရှိသည့် တိုနံ့နံ့ စကပ်အကျပ်ကို

တောင် ဝတ်ရဲနေပါရောလား။ နှာမြင့်ဒေါက်ဖိနပ်တွေကို စတိုင်ကျကျ

စီးတတ်နေသလို မျက်နှာလေးပေါ်မှာလည်း သနပ်ခါးပါးကွက်ကြားအစား

ရောင်စုံမိတ်ကပ်များက နေရာယူထားသည်။

အနီရဲရဲနှုတ်ခမ်းနီကြောင့် ဖူးဖူးရွရွ နှုတ်ခမ်းလေးက ပုရိသ

တွေကို ဆွဲဆောင်ဖို့ စိမ်ပြင်နေဟန်ရှိ၏။

"မင်း အရမ်းလှနေပါလား မိချော၊ ငါ ပြင်ဆင်ပေးတဲ့ဒီဖိုင်း

ထက်တောင် လန်းနေသေးတယ်"

ခပ်ရွှရွှကြည့်ကာ ပြောတော့ မိချော ရှက်ကိုးရှက်ကန်း မျက်

နှာလေး ချသွားကာ

"ဦးက အခုရိုက်မယ့် ကားအတွက် ဇာတ်ကောင်စရိုက် ကာရိုက်

တာပေါ်လွင်စေချင်လို့ ဒီဖိုင်နာကို အပ်ထားတာပါ"

"ငါနဲ့တွဲရိုက်ရမယ်ဆိုတာရော မင်းသိလား"

"ရှင်"

"မင်း အရမ်းကြီးလုပ်ကွက်ရမယ့်ကားမျိုး မဟုတ်ပါဘူး ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားရှိပြီးသား ယောက်ျားတစ်ယောက်ကို အတင်းလိုက်ကြိုက်ပြီး မြှူဆွယ်သိမ်းသွင်းရမှာ ဣန္ဒြေပျက် သိက္ခာမရှိ ဗ်ပိန်အခန်းပေါ့၊ ပွဲဦး ထွက်မှာ ပရိသတ်မုန်းတဲ့ကာရိုက်တာမျိုး သရုပ်ဆောင်ရတာ မင်း ဦးချို ခံရတာပဲ''

''ဟင် အဲ အဲလိုလား''

''ဒါပေမဲ့ မင်း ကြိုးစားပါ၊ တခြားတိုက်တွေနဲ့ ဒါရိုက်တာတွေ စိတ်ဝင်စား လက်ကမ်းကြိုဆိုတဲ့အထိပေါ့၊ ပြီးရင် ဖေဖေ့လောင်းရိ အောက်က လွတ်မြောက်အောင်ကြိုးစား''

သူ သတိပေးလိုက်တာက သူမအတွက် စေတနာသက်သ ဖြစ်သည်။ ဖေဖေ့ကို အယုံအကြည်မဲ့ မလေးစားစေချင်တာမျိုး မဟုတ် ပေမယ့် ဖေဖေ့ညွှတ်ကွင်းမှာ လည်စင်းပေးပြီး ကျဆုံးသွားတာမျိုး မဖြ စေချင်။

ဘာကြောင့် ဒီလို စိုးရိမ်စိတ်တွေ ဝင်မိတာလည်း ဆိုတာတေ

''ကဲ မင်းပင်ပန်းလာတယ် မဟုတ်လား။ ဒီလမ်းထိပ်က ဓ သောက်ဆိုင်မှာ မင်းစားချင်တာကျွေးမယ် လိုက်ခဲ့ပါလား''

''မ မလိုက်တော့ဘူး မင်းသား။ မိချော အလုပ်တွေ ရှိသေ တယ်''

''လာပါကွာ ဖေဖေလည်း ရှိတာမဟုတ်ဘဲနဲ့ ဘာကိုကြော





နေတာလဲ၊ အိမ်အလုပ်တွေ မင်းသိပ်မလုပ်ရတော့ဘူးဆိုတာ ငါ သိ တယ်''

''ဟင့်အင်း''

စိတ်မရှည်စွာ လက်ဆွဲခေါ်မိတော့ မိချော ဆတ်ခနဲ ရုန်းထွက် သည်။

''ဘာဖြစ်တာလဲ မိချော၊ ဖေဖေ ပြောထားလို့လား''

''မဟုတ်ပါဘူး''

''ဘာမဟုတ်ပါဘူးလဲ၊ ဖေဖေ ဘာမှပြောမထားဘဲ မင်း ငါ့ အပေါ် ဒီလောက် သူစိမ်းဆန်သွားစရာ အကြောင်းမရှိပါဘူး''

''မဟုတ်ပါဘူးလို့ ပြောနေတာ၊ ဘာလို့ မိချောကို စိတ်ရှုပ် အောင် လုပ်နေတာလဲ၊ မိချောကို မင်းသားဂရုမစိုက်ပါနဲ့၊ အရင်ကလိုပဲ မိချော မရှိဘူးလို့ သဘောထားပြီး ကိုယ်နေတတ်သလိုပဲ နေလိုက်ပါ''

''မိချော''

''မိချောလည်း ကိုယ့်ပန်းတိုင်အတွက် ကြိုးစားနေတာပါ၊ ဦး ငြိုင်မှာမျိုး အဖြစ်မခံနိုင်ဘူး။ အမှီရှိမှ အောင်မြင်မယ်ဆိုလည်း ဦးကိုပဲ အားကိုးမယ်၊ အဲဒါ မိချော ဆုံးဖြတ်ထားတာ''

စကားကို ဒရွတ်တိုက် လိုသလိုပြောသွားကာ အနားက ရှောင် ထွက်သွားတော့ သူ အောင့်သက်သက်ပင် မခံချိမခံသာ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိချောကို ဒေါသဖြစ်မိတာလား။ ဖေဖေ့ကို မကျေမနပ်ဖြစ်မိတာလားတော့ မသိ။ ရင်ထဲမှာ ဟာလာဟင်းလင်းနှင့်...။

■ ■ ■



## အခန်း (၁၇)

"ဦး ဒီလိုလုပ်ပေးနေတာ မိချောစိတ်ထဲမှာ ရှင်းဖို့လိုတယ်နော်"

"ဘာကိုလဲ"

ကားမောင်းနေရင်း အဆက်အစပ်မရှိ ဦးကျော်စိုးလွင် ပြောလိုက်တာကြောင့် မိချော နားမလည်စွာ ပြန်မေးလိုက်မိသည်။ ဦးကျော်စိုးလွင်က ကားကို ပုံမှန်မောင်းနေရင်းမှ မိချောဘက် တစ်ချက်လှည့်ကြည့်ကာ

"ပတ်ဝန်းကျင်ရဲ့ ဝေဖန်သမုတ်မှုတွေကြောင့် တွန့်ဆုတ်တွေဆသွားတာမျိုး မဖြစ်စေချင်ဘူး။ ဟိုနေ့က သင်တန်းကို ဦး လာကြိုတော့ ကောင်မလေးတွေ မကြားတကြားပြောတာ မိချော မျက်စိမျက်နှာပျက်သွားတာ ဦး သတိထားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိချော ခံနိုင်ရည်ရှိအောင် ကြိုးစားနေပါတယ်၊ ဦးပဲပြောထားတယ်လေ၊ အနုပညာသည်လုပ်မယ့်သူက ဘယ်လိုဝေဖန်မှုမျိုးမဆို အပြုံးမပျက် ခံနိုင်ရမယ်ဆို"

"ဟုတ်တယ် ကိုယ့်တက်က မှန်နေနေ မှားနေနေ ဝေဖန်မှုတွေက အကောင်းဘက်က မဖြစ်နိုင်ဘူး၊ အဲဒါကို ဒေါသနဲ့မတုံ့ပြန်မိစေနဲ့ မျက်နှာပြောင်ပြောင်နဲ့ ဖြေရှင်းနိုင်မှ ပရိသတ်က ပိုသတိထားမိလာမယ်၊ စိတ်ဝင်စားလာမယ်"

"တမင်တကာ ဝေဖန်ခံရအောင် ပေါ်ပြူလာဖြစ်နေဖို့ လုပ်ယူရတာမျိုးနဲ့တော့ မိချော နာမည်မကြီးချင်ဘူး"

"အစပဲရှိပါသေးတယ်၊ မိချော ဒီလောကထဲဝင်တောင် မဝင်ရသေးဘူး၊ နောက်ဆို အတိုက်အခိုက်တွေ ရှိလာမယ်၊ အပြိုင်အဆိုင်တွေ ရှိလာမယ်၊ သူများထက် ကားရိုက်များအောင် သူများတွေထက် အောင်မြင်အောင် တစ်စုံတစ်ရာကို အားကိုးတကြီး ဆုပ်ကိုင်ထားဖို့လည်း ကြိုးစားချင်လာမှာပဲ"

ဦးကျော်စိုးလွင် ဘာကိုဆိုလိုတာလည်း မိချော ခုထိ သဘော မပေါက်နိုင်။ တပူးတွဲတွဲ သွားလာနေရမှုအပေါ် သူမ အနေကျုံ့ စိတ်ပင်ပန်းပေမယ့် ဒါဟာ ပန်းတိုင်ရောက်ဖို့ အရင်းအနှီးတစ်ခုပဲဟု တွေးမိနေတာနှင့် သက်ဆိုင်နေမလား။





ဦးကျော်စိုးလွင်က ကားကိုရှေ့တူရူသို့ ကြည့်ကာ ဂရုစိုက်မောင်းနေရင်းနှင့်

"မိချော အကြီးကြီး တွေးမနေပါနဲ့၊ အချိန်ကျလာရင် အလိုအလျောက် မိချောစိတ်တွေ အဲဒီအတိုင်းပဲ ဖြစ်လာမှာပါ၊ အနုပညာလမ်းကြောင်းပေါ် လျှောက်ပြီဆိုရင် ဘယ်သူမှ နောက်မဆုတ်ချင်တော့ဘူး၊ ကိုယ်ရပ်တည်နိုင်ဖို့အတွက် ဘာပဲလုပ်ရ လုပ်ရ လုပ်ကြမှာပဲ"

"မိချောကတော့ အဲဒါတွေ နားမလည်ဘူး၊ ဦးရဲ့ပံ့ပိုးမှုတွေပဲ အားကိုးနေရတာဆိုတော့ ဦး လျှောက်ခိုင်းသလောက် လျှောက်ပြီး ဦး ရပ်ခိုင်းရင် ရပ်လိုက်ရမှာပါ၊ သေးငယ်တဲ့နေရာလေးတစ်ခုကို ရရင်ပဲ ဖြစ်ဖြစ်၊ ဦးကို မိချော ကျေးဇူးတင်နေမှာပါ"

ဒီကောင်မလေး ဒီလောက် သိတတ်နားလည်နေလျှင်တော့ မဆိုးပါ။ ရိုးသားလွန်းသောသူကို စိတ်ရှည်ရှည်သိမ်းသွင်းနိုင်လျှင် ကိုယ်ဖြစ်ချင်တာ မဖြစ်ဘဲနေပါ့မလား။

"ဟင် ဦး ဘယ်ကိုမောင်းသွားတာလဲ၊ သင်တန်းရှေ့ကို ကျော်သွားပြီ"

ကားက သင်တန်းရှေ့ကနေ ကျော်သွားတော့ မိချော အထိတ်တလန့်ဖြစ်ကာ ပြောလိုက်ပေမယ့် ဦးကျော်စိုးလွင်က ခပ်အေးအေးပင်

"ဟိုရှေ့က လက်ဖက်ရည်ဆိုင်မှာ တစ်ခွက်လောက်သောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မိချောကို ပြောစရာလည်းရှိ၊ ပေးစရာလည်းရှိလို့ပါ''

မိချော ဘာပြောလို့ရမှာလဲ။ ဦးကျော်စိုးလွင်က သူ့စိတ်ကူး သူ့အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ သူများဆန္ဒကို အရေးတယူ မတောင်းခံတတ်တာ သူ့အကျင့်ပဲဖြစ်မည်။

ခင်းကျင်းသေသပ်သော ဆိုင်လေးထဲကိုရောက်တော့ ဦးကျော်စိုးလွင်က ကော်ဖီနှစ်ခွက်မှာပြီး သူမအတွက်ကို ဖွန်းလေးနှင့် မွှေ၍ ရှေ့တိုးပေး၏။

''သောက်လေ မိချော''

ဘာလို့ သူမ ဘာကြိုက်သလဲ၊ ဒါရောသောက်တတ်သလားလို့ မမေးရတာလဲ။ ဒီလိုလူမျိုးက သူများအတွက် စဉ်းစားမပေးတတ်သော ကိုယ်ချင်းစာစိတ်မရှိသည့်သူမျိုးပဲ ဖြစ်လိမ့်မည်။

''ဦး ဘာပြောမှာလဲ၊ သင်တန်းဆရာမက နောက်ကျရင် ဆူခံ ထိတယ်''

''ဒီနေ့ မလာတော့ဘူးလို့ ဦး ဖုန်းဆက်ပြောလိုက်မယ်''

''ဟင် မပြောပါနဲ့ ဦးရဲ့၊ မိချော အိမ်အလုပ်တွေအားလုံး ပြီးခဲ့ပါပြီ၊ ဒီလို ထွက်လာရင် နောက်ဆံမတင်းရအောင် အကုန်လုပ်ခဲ့တာ ဆိုတော့ အိမ်ပြန်ရောက်ရင် ဘာမှလုပ်စရာမရှိတာနဲ့ ပျင်းစရာကြီး''

''အင်း အဲဒီအလုပ်ကိစ္စဆိုတာကိုလည်း ပြောစရာရှိတယ်၊





နောက်နေ့ဈေးစပြီး မိချော အိမ်အလုပ်တွေ မလုပ်နဲ့တော့''

''ရှင် အဲဒါဆို မိချောက ဘာလုပ်ရမှာလဲ''

''မိချော ဈေးဝယ်ပေးတာ ဘာညာလောက်ပဲ လုပ်ပေါ့၊ ကျန်တာ တွေက ဒေါ်စိန်ပုနဲ့ မြနှင်းလုပ်နေကျပဲ၊ ဦးက မိချောကို အတွေ့အကြုံ ရစေချင်လို့သာ နိုင်းတာပါ၊ တကယ်တော့ တောမှာပင်ပင်ပန်းပန်း လုပ် ခဲ့ရတာကိုတောင် သနားနေတာ၊ အဲဒါကြောင့်လည်း ကိုယ့်အကျိုးအမြတ် ရမလား မရလား မသေချာဘဲနဲ့ မိချောကို မြေတောင်မြှောက်ပံ့ပိုးပေးဖို့ ဆုံးဖြတ်ခဲ့တာပါ''

''ရှင် ဟုတ် ဟုတ်ကဲ့''

မိချော ဘာပြောရမှာလဲ။ အခုလို ဂရုစိုက်ပေးတာ ကျေးဇူးတင် ပါတယ်လို့လား။ လည်ချောင်းဝမှာ ကျပ်ဆို့ဆို့ကြီးနှင့် ဦးကျော်စိုးလွင်ကို ဒီလိုစကားတွေ မပြောစေချင်သည့် ဆန္ဒတွေ ဖြစ်နေသလိုလို၊ လူကြီး လူကောင်းတစ်ယောက်ကို အထင်ကြီးလေးစားကြောက်ရွံ့နေရတာမျိုးပဲ ဖြစ်ချင်သည်။

ဒါပေမဲ့ ပေါ့ပျက်ပျက် အလွယ်ပြောနေတာလားဆိုတော့လည်း မဟုတ်။ ဦးကျော်စိုးလွင် မျက်နှာက အရင်လို တည်ငြိမ်ရင့်ကျက် အေး စက်စက်ပင်။

လေသံနှင့်အမူအရာက မရိုးမသား ကြဲစည်နေသည့်အရိပ်



www.burmeseclassic.com

www.burmeseclassic.com



အရောင်မျိုးလည်းမရှိ၊ ဘာကြောင့်များ သူ့မစိတ်တွေ လေးလံနေရတာလဲ မသိ။

စိတ်တို့ကို တည်ငြိမ်အောင် တစ်ခါမှမသောက်ခဲ့ဘူးသော ကော်ဖီခွက်ကို တစ်ငုံငုံပြီး အောက်ခံပန်းကန်ပြားလေးပေါ် ပြန်ချထားလိုက်သည်။

ခါးလိုက်တာ။

"ဦး ဒီကိုပြန်ရောက်ကတည်းက မိချောအတွက်ပဲ စဉ်းစားနေတာပါ၊ တစ်ခုချင်း လုပ်ပေးသွားဖို့လည်း စဉ်းစားပြီးသား။ အခု ကားရိုက်ဖို့ စီစဉ်နေတာလည်း မိချောကို ဒုတိယမင်းသမီးနေရာက တင်ရိုက်ဖို့ပဲ ဒါပေမဲ့"

"ဘာ ဘာဖြစ်လဲဟင်"

"ကြားဖြတ်အနေနဲ့ ရဲတပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်းရိုက်ဖို့ အရင်လုပ်ရမယ်၊ အမြန်ဆိုတော့ နောက်အပတ်ထဲမှာ ပြင်ဦးလွင်တက်ရမှာ၊ မြစ်ကြီးနား လားရှိုး မူဆယ်အထိ တက်ရမှာဆိုတော့ တစ်ပတ်ဆယ်ရက်အနည်းဆုံး ကြာလိမ့်မယ် ထင်တာပဲ"

"ဩော် မိချောက တခြားကိစ္စလားလို့ ရင်ကိုထိတ်သွားတာပဲ၊ မိချောကို တင်မရိုက်တော့မှာမျိုး"

"ဟာ အဲလိုကိစ္စမျိုး ဘယ်တော့မှ ရှိလာမှာမဟုတ်ပါဘူး၊ ဦး





က မိချောကို အောင်မြင်တဲ့ မင်းသမီးတစ်ယောက်ဖြစ်တဲ့အထိ ကြိုးစားသေးမှာပါ"

"ကျေး ကျေးဇူးတင်ပါတယ် ဦးရယ်"

စိုးထိတ်လန့်ဖျပ်သွားသော အချိန်နှင့် ဝမ်းသာသွားရသည့် စကားက စက္ကန့်ပိုင်းလေးပဲ ခြားတာမို့ အသံတုန်ယင်သွားကာ အလောတကြီးပင် ပြောလိုက်မိသည်။ မိးစတစ်ဖက် ရေမှုတ်တစ်ဖက်ကိုင်စေပြီး ဘာကို အလိုရှိသလဲ စမ်းသပ်နေတာများလား။

ဘယ်သူမဆို ရေမှုတ်ကိုပဲ အလိုရှိကြမှာပါ။ သူမ မမှားနိုင်။

"ဦးဘက်က တောင်းဆိုစရာတော့ ရှိတယ် မိချော၊ ဒါကလည်း သားအတွက်ပါ။ သား၏ အခုမှ အောင်မြင်ခါစပဲရှိသေးတယ်၊ ဟိုလို ဒီလိုကိစ္စတွေကြောင့် နာမည်ကျသွားတာမျိုး မဖြစ်စေချင်ဘူး။ ဖခင်တစ်ယောက်ရဲ့မေတ္တာကို မိချော နားလည်ပေးနိုင်တယ် မဟုတ်လား"

"အဲလောက် စိတ်မချဖြစ်နေရင် မိချောကို ဘာလို့ ခေါ်လာသေးသဲ ဦးရယ်၊ မိချောလည်း အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်း ဖြစ်အောင် ရှောင်တိမ်းနေတာပါ၊ ဦးက အဲလိုတွေပြောနေတော့ စိတ်ပင်ပန်းတယ်၊ အနေလည်း ကျဉ်းကျပ်တယ်"

"ဟို ဦး ယုံပါတယ်၊ အဲလိုသဘောနဲ့ ခဏ ခဏ သတိပေးနေတာလည်း မဟုတ်ပါဘူး။ နောက်ဆို မိချောကလည်း မင်းသမီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သားကလည်း အောင်မြင်နေတယ်၊ တစ်အိမ်တည်းအတူနေပြီး ဘာညာကောလဟာလက ဘယ်လောက်များ ကြောက်စရာကောင်းလိုက်မလဲ''

ဒီကိစ္စမျိုးကို သူမလည်း စိုးရိမ်တာမို့ ဦးကျော်စိုးလွင်ကို နားလည်ပေးလိုက်ရတော့မလိုပင်၊ ဒါပေမဲ့ သူ့သားအတွက် စိုးရိမ်လွန်နေတာက သူမကို အထင်သေးနေသလို ဖြစ်တာကိုတော့ သတိထားမိပုံမပေါ်။

ဒါပေမဲ့ သူမကိုလည်း ဖြစ်စေချင်သည့်ဆန္ဒတွေ ရှိနေတော့ နားလည်ရခက်နေသည်။ သူမအတွေးရခက်စွာ ငြိမ်သက်နေဆဲမှာ ဦးကျော်စိုးလွင်က သူ့ချိုင်းကြားမှာ အမြဲပါလေ့ရှိသော ပိုက်ဆံအိတ် ခပ်ကြီးကြီးထဲက တစ်ထောင်တန် သုံးအုပ်ဆွဲထုတ်ပြီး

''ရော့ ဒါ မင်းသုံးဖို့ စာချုပ်စာတမ်းနဲ့ မင်းမိဘတွေကို ပေးခဲ့တာက အလုပ်သဘောအရပါ၊ အဲဒါက လုပ်ငန်းကိစ္စနဲ့ဆိုင်တယ်၊ ဒါက မင်းကိုစေတနာသန့်သန့်နဲ့ပေးတာ''

''ဟင့်အင်း မိချောလိုအပ်တာ မှန်သမျှ ဦးဝယ်ပေးနေတာပဲ မိချောက ဒီငွေတွေ ဘာလုပ်ရမှာလဲ၊ မလိုချင်ပါဘူး''

စားပွဲပေါ် တင်ပေးလာသော ငွေထုပ်ကို ဦးကျော်စိုးလွင် ရှေ့ပြန်တိုးပေးလိုက်သည်။ ဦးကျော်စိုးလွင်က သူမရှေ့ပြန်တိုးပေးကာ

''ဦး ခရီးသွားနေတဲ့အချိန်မှာ မင်းလိုအပ်တာတွေ ရှိလာမှာပဲ





င်းသမီးတစ်ယောက် တတ်ထားသင့်တဲ့ ကားမောင်းတာ၊ ဆိုင်ကယ်စီး စက်ဘီးစီးတာ ထရိန်နင်ဆင်းတာကအစ ဦး အပ်ပေးခဲ့မယ်၊ ဒါ့ိသေးသေးအလုပ်တွေ မဟုတ်ဘူး။ လူကြားထဲရောက်မှ မင်း ဘာမှတတ်ဘူးဆိုရင် ဂျာနယ်တွေထဲ ပလူပျံအောင် ပါလာပြီး မဟာအရှက်တော်ကွဲမှာ၊ ဦး အပိုအလုပ်တွေ လုပ်နေတာ မဟုတ်ဘူး''

ဒီလိုဆိုပြန်တော့ အသေးစိတ်တွေးပေးနေသော ဦးကျော်စိုးလွင်ကို အားနာရပြန်သည်။

နေရာတစ်ခုရဖို့ သူများကို မဗိုနိုလို့ကို မဖြစ်ပါလား။ လေးပင်ကန်ထွက်လာသော သက်ပြင်းများက ပေါ့ပေါ့ပါးပါး မရှိချေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒီနေ့ကျမှ နှင်းမြ သိပ်နေမကောင်း၍ ဈေးကိုတစ်ယောက်တည်း ထွက်လာရသည်။ ဝယ်စရာမများပေမယ့် တစ်ယောက်တည်း တစ်ခါမှ အပြင်မထွက်ဘူး၍ ဟိုငေးဒီငေးနှင့် အဆင်မပြေ။

ကြီးကြီးမားမားတွေတော့ ရှုပါမားကတ်တွေ ကုန်တိုက်တွေမှာ ငါးရက်စာ တစ်ပတ်စာဖြစ်ဖြစ် တစ်လစာဖြစ်ဖြစ် ဝယ်ထားလို့ရပေမယ့် အသီးအရွက်နှင့် အသားငါးကိုတော့ လတ်လတ်ဆတ်ဆတ် စားရအောင် တစ်လမ်းကျော်က ဈေးလေးမှာပဲ လာဝယ်ဖြစ်သည်။

ခါတိုင်းနေ့တွေဆိုလျှင် ဒေါ်စိန်ပုဖြစ်ဖြစ် နှင်းမြဖြစ်ဖြစ် တစ်ယောက်ယောက်နှင့် အမြဲသွားနေကြပါ။

ဒီနေ့တော့ ရှုတင်နားရက်မို့ ဦးကျော်စိုးလွင်ရော မင်းမက်ို





ရော အိမ်မှာရှိနေ၍ ဒေါ်စိန်ပုက မနက်စာလုပ်ပေးဖို့ တာဝန်ကျကာ ဈေးကို လိုက်လာလို့မဖြစ်။

နှင်းမြကလည်း မနေ့က ခေါင်းလျှော်ရေချိုးမှား၍ နာစေး ချောင်းဆိုး ကိုယ်လက်မအီမသာ ဖြစ်နေ၍ ဈေးကိုမလိုက်နိုင်။ ဒါကြောင့် ဦးကျော်စိုးလွင်နှင့်မင်းမက်ို့ အိပ်ရာကမနိုးခင် ဈေးကို စောထွက်လာခဲ့တာ။

ဈေးက သိပ်မဝေးဘူးဆိုသော်လည်း တစ်လမ်းကျော်ဆိုတော့ လမ်းဆုံမီးပွိုင့်တစ်ခုကို ဖြတ်ပြီးမှ ရောက်သည်။ ကားတွေ တဝီဝီသွားနေကြတာမို့ လူကူးမျဉ်းကြားက ဖြတ်ရမှာခြေတွေလက်တွေတောင် တုန်နေသည်။

မီးစိမ်းတာတွေ ဝါတာတွေ အချက်ပြတာတွေ ကြည့်မနေနိုင်ဘဲ ကိုယ့်အနီးအနားက လူတွေ မျဉ်းဝါက ကူးလျှင် အလျှင်အမြန်ကူးသွားဖို့ စိတ်ကူးထားရသည်။

"အမယ်လေး"

"ပြုန်း"

"ဖြောင်း"

"ခွမ်း"

အသံက ကျယ်ကျယ်လောင်လောင်ပင် အမျိုးစုံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖြတ်ကူးလို့ ကားတိုက်မိခြင်း မဟုတ်။

သူများလမ်းဖြတ်ကူးလျှင် ကူးဖို့အသင့်စောင့်ဆိုင်းနေမိရာမှ မီးစိမ်းသွားလို့ သူများတွေ ကူးသည့်အချိန်မှာ လူကလှည့်အတွက် အနားက ဈေးသည်တစ်ယောက်ကို ပစ်စလက်ခတ် တိုက်ပစ်လိုက်မိခြင်းပင်။

"အ အဒေါ် ဘာဖြစ်သွားသေးလဲ"

သူများတွေလို သုတ်သုတ်ပျာပျာ လမ်းဖြတ်မကူးနိုင်တော့ဘဲ လဲသွားသော အဒေါ်ကြီးကိုသာ စိုးရိမ်တကြီး မေးလိုက်မိသည်။

မြောင်းထဲကို ခြေထောက်ကျွံကျသွားသော အဒေါ်ကြီးက သူမ မေးတာလည်းမဖြေနိုင်။ ထလည်းမထနိုင်။

ကြာဇံကြော်တွေ တုတ်ထိုးတွေ အချဉ်ရည်တွေက ပလက်ဖောင်းပေါ်မှာ ပြန့်ကျဲလို့။

"အ အဒေါ်ကြီး မိချော မှားတာပါ၊ မိချော အပြစ်ပါ၊ မိချော တောင်းပန်ပါတယ်နော်"

"အဒေါ်လည်း မှားတာပါပဲကွယ်၊ ဈေးတန်းထဲ လည်ရောင်းမှာ နောက်ကျမှာစိုးတာနဲ့ အလောတကြီးဖြစ်နေမိတာ အခုတော့ အရင်းဆုံးပြီပေါ့"

"ဟို မိ မိချော လျော်ပေးပါ့မယ်၊ အဲဒီအတွက် မစိုးရိမ်ပါနဲ့ အဒေါ့်ခြေထောက်ပဲ မြောင်းထဲက ထုတ်ကြည့်ရအောင်"





"အေး နာလိုက်တာကွယ်"

ကျောက်ပြားအဆက်ကြားထဲ ကျသွားသော ခြေထောက်ကို အဒေါ်ကြီးကိုကူ၍ ဆွဲထုတ်ပေးလိုက်ရသည်။

"အမယ်လေး အဒေါ်ကြီး သွေး သွေးတွေ"

ကျောက်ပြား အစွန်းကပဲ ရှသွားသလားမသိ။ ခြေသလုံးမှာ သွေးတွေက မြင်မကောင်း။

"အဒေါ်ကြီး ဆေးခန်းသွားမှဖြစ်မယ် ထင်တယ်၊ ကျွန်မ တက္ကစီငှားလိုက်မယ်"

"နေပါစေကွယ်၊ ဒီဒဏ်ရာလောက်တော့ ဆန္ဒင်းမှုန့်ထည့်လိုက်ရင် ပျောက်ပါတယ်"

"ဘယ်ဟုတ်ပါ့မလဲ အဒေါ်ရယ်၊ သွေးတွေ ဒီလောက်ထွက်နေတာ၊ ဒီမှာရှင့် တက္ကစီကားလေးငှားပေးပါလား"

အနားက လူလတ်ပိုင်းတစ်ယောက်ကို အကူအညီတောင်း၍ တက္ကစီကားငှားခိုင်းလိုက်ရသည်။ ကားရသည်နှင့် အဒေါ်ကြီးကို ကူတွဲ တောင်းတွေလင်ပန်းတွေပါ ကားပေါ်တင်၍ နီးစပ်ရာဆေးခန်းကို လိုက်ပို့နိုင်ရသည်။

ကိုယ့်ကိုယ်ကိုယ်တောင် မလည်ဝယ်သေးပေမယ့် အခြေအကြောင်းဆိုတော့လည်း လူလည်လူတတ်ကြီး လုပ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းက ကွဲသွားသော ခြေသလုံးသားကို သုံးချက်ချုပ်၍ ဆေးလည်းထိုး သောက်ဆေးလည်း ပေးလွှတ်လိုက်သည်။

ဈေးဖိုးသုံးသောင်း ထည့်ပေးလိုက်တာ ဆေးဖိုးနှစ်သောင်း ပြုတ်ခနဲ ကုန်သွား၏။ အဒေါ်ကြီးပုံစံကြည့်ရတာ ဆင်းရဲနွမ်းပါးပေမယ့် မတော်လောဘရှိပုံမရချေ။

လျော်ကြေးများများစားစား လိုချင်ပုံမရဘဲ သူမ ဒီလိုလုပ်ပေး နေတာကို အားနာနေဟန်ရှိသည်။

"အဒေါ်ကြီး မိချော အိမ်ရောက်အောင် ပြန်လိုက်ပို့မယ်နော်"

"နေပါစေတော့ကွယ် အဒေါ်ဘာသာ ဘတ်(စ်)ကားစီးပြီးပြ ပါမယ်၊ ခုလို လိုက်လုပ်ပေးတာကို အားနာလှပါပြီ၊ သမီး သွားစရာရှိ သွားတော့လေ"

"ရပါတယ် အဒေါ်ရဲ့၊ ကိုယ့်ကြောင့်ဖြစ်တာ မိချော တာဝ ယူရမှာပေါ့"

"အဒေါ်လည်း အပြစ်မကင်းပါဘူးကွယ်"

"ကဲပါ အဒေါ်ရယ် အဲဒါတွေ ပြောမနေနဲ့ မိချော လိုက်ပို့မယ်"

သူမ ဆေးခန်းရှေ့က တက္ကစီကားကိုပင် ငှားလိုက်သည် အဒေါ်ကြီးက အားနာနာနှင့်ပင် လမ်းညွှန်လိုက်ပါလာရင်း ဆင်းရဲသာ ရပ်ကွက်ငယ်လေးရဲ့ထိပ်ကိုရောက်တော့ ကားကိုရပ်ခိုင်းသည်။





"ဟိုရှေ့က ကားဝင်လို့မရတော့ဘူး၊ ဒီကနေ အဒေါ် လမ်းဆင်း လျှောက်လိုက်မယ်၊ သမီးလေးက ဒီကားနဲ့ပဲ ပြန်လိုက်သွားတော့နော်"

"ဒီမှာ လင်ပန်းတွေရော ဘာတွေရော အဒေါ် ဘယ်လိုလုပ် နိုင်မှာလဲ၊ မိချော အိမ်ရောက်အောင် လိုက်ပို့ပါ့မယ်"

ခြေထောက်တစ်ဖက်တည်းကိုပဲ ထော့နင်းထော့နင်း အားပြု လျှောက်နေရ၍ ဒေါ်မြတ်သင်္ဂါ ဘာမှမပြောတော့။

ပစ္စည်းတွေ လက်တစ်ဖက်က စုကိုင်၊ တစ်ဖက်က မိမိကိုတွဲ လျက် ချိုင့်ခွက်တွေ ဗွက်တွေထဲ လျှောက်နေသော မိန်းကလေးကိုသာ ကျေးဇူးတင် အားနာနေမိသည်။ တကယ်တွေးကြည့်လျှင် နှစ်ဦးနှစ်ဖက် အများမကင်းတာမို့ မဖြစ်စလောက် လျော်ကြေးလေးပေးပြီး ရှောင်ထွက် မျက်နှာလွှဲသွားလို့ရပါလျက်နဲ့ ဂရုတစိုက် အိမ်အထိပင် လိုက်လာသည်။

အိမ်ရောက်လျှင် ဒီထက်အားနာစရာ ကြုံရဦးမည်။

"ဟင်"

တဲသာသာ အိမ်စုတ်လေးရှေ့မှာ အဒေါ်ကြီး ခြေလှမ်းသွား တော့ မိချော အံ့ဩသွားသည်။ ဝင်းတံခါးမရှိ၊ အကာအရံမရှိ။ အိမ် အပေါက်ဝလေးမှာပဲ ဝါးကပ်လေးတစ်ခု စေ့ပိတ်ထားသည်။ အဒေါ်ကြီး ဒီလိုဖြစ်လာတာ သားသမီးမွေးချင်းသားချင်း မိသားစု ဘယ်သူမှ မိုးမိ တကြီး ထွက်မကြိုကြပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲဝင်ထိုင်ပါဦးလို့ ခေါ်ရမှာ အားနာတယ် သမီးရယ်၊ အဒေါ်ကို အဲဒါတွေပေး၊ သမီးလေး ပြန်လိုက်တော့နော်၊ အခုလို ဂရုစိုက်ပေးတာ အဒေါ် တကယ်ကို ကျေးဇူးတင်ပါတယ်"

မိချော ဘာမှမပြော။ သံကြိုးလေးနှင့် တဲထားသော ဝါးကပ်တံခါးလေးကိုဖယ်၍ အိမ်ထဲဝင်ပြီး လင်ပန်းတွေ ဘာတွေချထားလိုက်သည်။ ပြီးမှ အဒေါ်ကြီးကို အိမ်ထဲတွဲခေါ်ခဲ့၏။

စနမိုးထရံကာ အိမ်လေးက နေမြင်လမြင်။ အိမ်ထောင်ပရိဘောဂဆိုတာ ကြီးကြီးမားမား ဘာမှမတွေ့ရဘဲ ဒယ်အိုးတစ်လုံးနှင့် ဒန်အိုးတစ်လုံးသာ တွေ့ရသည်။

ဆားဆနွင်းထည့်သည့် ဘူးတွေခွက်တွေနှင့်မဟုတ်တဲ အိတ်လေးတွေနှင့်သာ။ ကျယ်ဝန်းသော အိမ်လေးမဟုတ်သည့်အတွက် ပန်းကန်တစ်ချပ်၊ ဖွန်းတစ်ချောင်း သောက်ရေအိုးတစ်လုံးက ထင်သာမြင်သာ။

"အဒေါ်က တစ်ယောက်တည်းနေတာလား။ သားသမီးတွေ မွေးချင်းတွေ မရှိဘူးလားဟင်"

သင်ဖြူးဖျာစုတ်လေးပေါ် ထိုင်နေသော အဒေါ်ကြီးနား ဝင်ထိုင်ရင်း မေးတော့ အဒေါ်ကြီးက ခေါင်းညိတ်ပြသည်။

"အဒေါ်ကြီးက တစ်ယောက်တည်းသမားပါ၊ ရွာမှာ ဝမ်းကွဲ





ဆွေမျိုးတွေရှိပေမယ့် သွားပြီးမခိုကပ်ချင်လို့ ဒီလိုပဲနေလိုက်တာ"

"အိမ်ထောင်မရှိတော့ အပျိုကြီးပေါ့"

"ဪ အင်း ဒီက သမီးကို ကျေးဇူးတင်ပေမယ့် ဘာမှလည်း ပြန်ကျွေးစရာမရှိဘူး။ အားနာလိုက်တာကွယ်"

သိသိသာသာ စကားလွှဲလိုက်တာက ပြောစရာမရှိ၍လားမသိ။ သူများအကြောင်း စပ်စုသလိုဖြစ်သွားတာကြောင့် အိုးတိုးအမ်းတမ်းပင်ဖြစ်သွားရသည်၊ ဒါကြောင့်မို့ အားနာစွာပြုံးရယ်လိုက်ပြီး အလိုက်သင့်ပင်

"အားမနာပါနဲ့ အဒေါ်ရယ်၊ အဒေါ်သာ မိချော နမော်နမဲ့နိုင်လို့ အလုပ်ပျက်အကိုင်ပျက် စီးပွားပါပျက်သွားပြီ၊ ဟိုလေ ဘယ်လိုမှ အောက်မေ့ပါနဲ့နော်၊ မိချောမှာ ပိုက်ဆံတစ်သောင်းပဲ ပါတော့တယ်၊ အဲဒါလေး ယူထားလိုက်ပါ၊ နောက်နေ့မှ တစ်ခါထပ်လာပေးပါဦးမယ်"

"ဟင် နောက်ထပ်လာမပေးပါနဲ့ကွယ်၊ ဒီတစ်သောင်းတော့ အားနာနာနဲ့ ယူထားရတော့မယ် ထင်တယ်၊ ဒီရပ်ကွက်မှာ အဒေါ်က ဆိုစိမ်းဆိုတော့ ရင်းနှီးစားသောက်ဖို့ ချေးငှားရ မလွယ်လို့ပါ"

လက်ထဲရောက်လာသော ပိုက်ဆံတစ်သောင်းကို ပြန်မပေးဖြစ်ဘဲ ကတုန်ကယင် လက်ခံထားလိုက်သည်။ နေစရိတ် စားစရိတ် တကယ်ကို ခက်ခဲလွန်းလို့ပါ။ နောက်ထပ် ချေးပြန်ရင်းစရာလည်းမရှိ၊ အိမ်လခပေးဖို့ကလည်း နီးကပ်နေပြီမို့ ဒီငွေတစ်သောင်းက အထောက်အပံ့



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်တော့ ရပါသေးသည်။

မယူချင်ဘဲ ယူထားလိုက်ရသော ငွေတစ်သောင်းကို ကော်
မလေး ပြန်သွားချိန်မှာ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး မျက်ရည်တွေ လိုမ့်
လိမ့်ခနဲ ပြိုဆင်းလာသည်။

ဒီလိုကံဆိုးရခြင်းမှာ တရားခံတစ်ယောက်တော့...။

■ ■ ■



## အခန်း (၁၉)

"ဒီအချိန်ထိတောင် ပြန်မရောက်သေးတာ ဈေးသွားရင်းနဲ့ မိချော ဘာဖြစ်နေလဲမသိဘူး။ ဘာလို့သူ့ကို တစ်ယောက်တည်း လွှတ်လိုက်ရတာလဲ"

"ဟို ဟို မြနှင်းက နေမကောင်းဖြစ်နေလို့ ကျွန်မက ဆရာကြီးတို့သားအဖနှစ်ယောက်အတွက် မနက်စာလုပ်ပေးဖို့ လိုက်မသွားဖြစ်တာပါ။ မိချောကလည်း တစ်ယောက်တည်း သွားရဲပါတယ်ဆိုလို့"

"တော်စမ်းပါဗျာ"

ဦးကျော်စိုးလွင် စားပွဲခုံကို ဖြန်းခနဲ ပုတ်ပြီး ထရပ်သည်။ တစ်ခါမှ ဒီလိုမျက်ထောင့်နီကြီးနှင့် ဒေါသမဖြစ်ဘူး၍ ဒေါ်စိန်ပု ဒူးတွေ တဆတ်ဆတ် တုန်နေ၏။ မင်းမကိုဦ့က လက်ဖက်ရည်ကို တစ်ငုံချင်း ခပ်မျဉ်းမျဉ်းဖိမ်ဆွဲသောက်နေရင်းက တုံဏှိဘာဝေ။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဒီဈေးကို သွားဖူးလာဖူးတယ်ဆိုပေမယ့် သွားနေ[illegible] လာနေကျ မဟုတ်ဘူး။ အိမ်ကလူတွေ တစ်ယောက်မှ မအားရင် အိမ်[illegible] ရှိတာပဲ ချက်ပြုတ်စားလို့ မဖြစ်ဘူးလား။ ကျွန်တော့်ကို အကျိုးအကြောင်း[illegible] ပြောပြလို့ တစ်ရက်တလေ ဟိုတယ်က မှာစားတော့ရော မဖြစ်ဘူးလား[illegible] အသွားအပြန် အရမ်းအဝေးကြီး မဟုတ်လို့ လမ်းမမှားနိုင်ပေမယ့် တစ်[illegible] တစ်ယောက်က နှောင့်ယှက်တာမျိုး၊ ဆိုင်ကယ်တိုက် ကားတိုက် အက်[illegible] ဒင့်တစ်ခုခုဖြစ်နေရင်ရော ခင်ဗျားတာဝန်ယူမလား ဒေါ်စိန်ပု"

"ဒေါ်စိန်ပုက ဘာအမှားကြီး ကျူးလွန်ထားလို့ တာဝန်ယူ[illegible] နေတာလဲ ဖေဖေ၊ ဈေးသွားဝယ်တာ အကြောင်းတစ်ခုခုရှိလို့ နောက်[illegible] တာနေမှာပေါ့၊ ဒါ သမားရိုးကျပဲ၊ ဖေဖေ အစိုးရိမ်လွန်နေတာက အို[illegible] ဖြစ်နေတာ"

"ဟိတ်ကောင် ဘာပြောတယ်"

"မထူးဆန်းတာကို ဒေါ်စိန်ပု အနေခက်အောင် ဆူပူမာန်[illegible] တာဝန်ယူနိုင်းနေလို့ ဝင်ပြောတာ၊ မပြောကောင်း ပြောကောင်း အက်[illegible] ဒင့်ဖြစ်ရင် အိမ်ကိုအကြောင်းကြားရင်သိရမှာပဲ"

"တော်က် အခုတလော မင်း စကားပြောရင် စည်းလွတ်[illegible] လွတ်ဖြစ်နေတယ်နော် မင်းမကိုင်၊ မင်း ငါ့ကို ဘာတွေမနာလိုဖြစ်[illegible] တာလဲ"





မင်းမကိုင်၏ နာနာကျင်ကျင်ပင် ပြုံးလိုက်မိသည်။ ဘာတွေ [illegible]လိုဖြစ်နေတာလဲတဲ့။

ဒါ ဖအေတစ်ယောက် ပြောရမည့်စကားလား။

မိချောအတွက် သူ ဘာဘာညာညာ လုပ်ပေးလိုက်မိပြီးက [illegible]ည်းက ဖေဖေ သူ့အပေါ် အမြင်စောင်းနေခဲ့တာ သူ မသိဘဲနေပါ့[illegible]။ ခုနောက်ပိုင်း ဖေဖေ သွေးခွဲထားတာကြောင့် မိချောကလည်း [illegible]နေစိမ်းနေသည်။ သူကလည်း မိချောနှင့်ပတ်သက်လျှင် ဘာသိတာသာ [illegible]လို့မရဖြစ်နေတာက ခက်သည်။

ဒီနေ့ကိစ္စလည်း ဖေဖေထက်မလျှော့စွာ သူလည်း စိတ်ပူနေမိ[illegible] အမှန်ပင်။ ဖေဖေ့ကြောင့် လည်တဆန့်ဆန့် စိတ်မချဖြစ်နေသည့် [illegible]တွေကို ချိုးနှိမ်ထားရတာ။

မိချောကို မြင်တိုင်း ထူးထူးခြားခြား စိတ်ခံစားမှုတွေဖြစ်နေ[illegible]တာ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားမိသည်။ ဒါပေမဲ့ ဖေဖေ့ရှေ့[illegible]ဆို မဆင်ခြင်လို့မဖြစ်။

ဘာကြောင့်လဲဆိုသည့်အတွေးတွေနှင့် ရင်ထဲမှာ ဝေဒနာတွေ[illegible]ောင် အဖုအထစ်တွေ စုဆောင်းနေမိသလိုပင်။

ဖေဖေ့ကို အလျှော့ပေးနေရတာများလာတော့ နာကျင်မှုတွေ[illegible] စုစည်းလာကာ သည်းခံနိုင်စွမ်းတွေ ပျောက်၍ တုံ့ပြန်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုကိစ္စမှာ ရေငုံနှုတ်ပိတ်နေလိုက်လျှင် ဖေဖေနှင့်သူ ပြဿနာ
မတက်နိုင်တာ သိလျက် ထိပ်တိုက်ရင်ဆိုင်မိသလို ဖြစ်သွားသည်။

စိန်ခေါ်နေသလိုရှိကာ ဖေဖေ့မျက်ထောင့်နီကြီးကို သူ ဂရု
မစိုက်ချင်တော့။

"မနာလိုဖြစ်ရအောင် ဖေဖေနဲ့ကျွန်တော်က ပြိုင်ဘက်မှ လို့လား
အကြောင်းအရာတစ်ခုကို အကြိုက်ချင်းတူနေရင်တောင် ဖေဖေ့ဘက်က
အလျှော့ပေးရမှာ ဖခင်ဝတ္တရားလေ၊ ဟုတ်တယ်မဟုတ်လား ဖေဖေ"

သူ့ရဲ့ မထီမဲ့မြင် မေးခွန်းကို ဖေဖေက ခေါင်းကို ဆတ်ခနဲ
ခါသည်။

"မင်းနဲ့ငါနဲ့ အကြိုက်ချင်းတူစရာ အကြောင်းမရှိစေရဘူး မင်း
မကို့ရဲ့ ကျော်စိုးလွင်ဆိုတာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကိုယ်လိုချင်တာ
ကို ရအောင်ယူတတ်တဲ့ကောင်၊ ငါ ပိုင်ဆိုင်ချင်တဲ့အရာအတွက် သား
တဲ့ မင်းကိုလည်း အလျှော့ပေးလိုက်မှာမဟုတ်ဘူး၊ အဲဒါ မင်းမြဲမြဲ
မှတ်ထား"

ဒီလောက် စိန်ခေါ်မှုတွေ ပြင်းထန်နေတာ နှစ်ယောက်စလုံးမှာ
ရည်ရွယ်ချက်တစ်ခုတည်းဆိုတာ ဖွင့်ဟဝန်ခံစရာမလိုတော့။ မင်းမကို့ရဲ့
က ထိုင်ခုံကို ဖြုန်းခနဲ တွန်းထိုး၍ ထရပ်လိုက်သည်။

မျက်နှာချင်းဆိုင်ဖြစ်သွားတာမို့ ဦးကျော်စိုးလွင် ပိုပြီးမျက်မှောင်





ကြုတ်သွား၏။

"ကျွန်တော် အရင်ကလို ပုံသွင်းကြိုးကိုင်လို့ရတဲ့ အရုပ်လေး
တစ်ရုပ် မဟုတ်တော့ပါဘူး ဖေဖေ၊ အရွယ်ရောက်လာပါပြီ၊ နားကျင်
အားတတ်လာပါပြီ၊ အခု ဖေဖေ့အတ္တတွေကို တဖြည်းဖြည်း သိလာတဲ့
အတွက် ကျွန်တော့်ကို မွေးထုတ်ခဲ့တဲ့ မေမေက ကျွန်တော့်ကို တကယ်မှ
စွန့်ပစ်ခဲ့တာ ဟုတ်ရဲ့လားလို့ သံသယဝင်လာမိတယ်"

"ဘာကွ"

"ဖေဖေက ပြောတယ်နော်၊ ဖေဖေနဲ့ ချစ်ကြိုက်နေတဲ့အချိန်
မှာ သစ္စာဖောက်ပြီး ဖေဖေ့ထက်ချမ်းသာတဲ့ သူနဲ့ ခိုးရာလိုက်ပြေးသွား
တာ ဒီနေ့အချိန်ထိ သေသလား ရှင်သလား မသိရဘူး၊ အဲဒီနောက်
ယောက်ျားက ဖေဖေ့ကိုယ်ဝန်ပါလာတာကို မကြည်ဖြူလို့ ကျွန်တော့်ကို
မွေးပြီးပြီးချင်း အိမ်ရှေ့မှာ လာပစ်ထားခဲ့တာ"

"ဟုတ်တယ်လေ၊ အဲဒါ အမှန်ပဲ၊ မင်းအမေ မိခင်စိတ်မရှိတာ
သတ်မာတာ၊ မင်းသိစေချင်လို့ မပြောချင်ဘဲပြောခဲ့ပေမယ့် ငါ့ပတ်ဝန်း
ကျင်မှာတော့ ရှက်လွန်းလို့ ဒီနေ့ထိ ဖုံးကွယ်ထားခဲ့တယ်၊ မွေးကင်းစ
ကလေးကို ငါ ဘယ်လောက်တောင် ပိုးမွေးသလို မွေးခဲ့ရသလဲ၊ ဒီအရွယ်
မှာ ဒီလိုဖြစ်အောင် ဘယ်လောက်တောင် အပင်ပန်းခံပြုစုပျိုးထောင်
ခဲ့သလဲ၊ မင်းက အဲဒီကျေးဇူးတွေကို စော်ကားရိုင်းစိုင်းနေတာ ငါ



www.burmeseclassic.com

www.burmeseclassic.com



ရင်အနာဆုံးပဲ မင်းမကိုင်နဲ့''

ဦးကျော်စိုးလွင် ရင်ဘတ်ကိုထုကာ ရင်ခေါင်းကွဲသံကြီးနှင့် ဆို

နင့်စွာ ပြောသည်။ ငယ်ငယ်ကဆို အဲလိုပြောတိုင်း ဖေဖေ ရင်ခွင်ထဲတိုး

ဝင်ဖက်တွယ်ကာ နှစ်သိမ့်မိမှာပါ။

အခုတော့ ရင်ထဲမှာ ဆူးစူးသလို အောင့်သီးအောင့်သက်

နိုးလိုးခုလုနှင့်။

ဖေဖေ့လို မာကျောခက်ထန်နေသော လူတစ်ယောက်မှာ သူ

များဆီက ဖြေသိမ့်မှုမရလည်း လဲပြိုမသွားနိုင်။

''အဲဒီအကြောင်းအရာ အမှန်အတိုင်း ဟုတ်လား မဟုတ်လား

ဆိုတာ ဖေဖေ တစ်ယောက်ပဲသိတာ မဟုတ်လား။ ကျွန်တော်ကလည်း

ဖေဖေ ပြောသလောက်ပဲသိရတာ၊ သက်သေမရှိဘူး။ ခိုင်လုံတဲ့အကြောင်း

ပြချက်လည်း ရှာလို့မရဘူး''

''မင်း ငါ့ကို ဘာတွေသံသယဝင်နေတာလဲ''

''ဖေဖေ့ရဲ့ညာတာမှုကင်းတဲ့ အတ္တတွေကြောင့်လို့ပြောပြီးပြီလေ

ထားလိုက်ပါ ဖေဖေနဲ့ကျွန်တော် ခဏ ခဏ ပဋိပက္ခတွေ မဖြစ်ချင်ဘူး

ကျွန်တော့်အပေါ်ကို အဲလောက်ကြီး မတင်းမာအောင် ကြိုးစားပေးပါ

ဖေဖေ၊ ကျော်စိုးလွင်သားဖြစ်နေတဲ့အတွက် ကျွန်တော့်မှာလည်း အတ္တ

နည်းနည်းတော့ရှိတယ်''





''တောက်''

ပြင်းထန်သော ဖေဖေ တက်ခေါက်သံကို ကြားပေမယ့် နောက်

လှည့်မကြည့်ဘဲ အပေါ်ထပ် တက်လာခဲ့သည်။ အိပ်ခန်းထဲ မဝင်ဖြစ်ဘဲ

နေ့တာကနေ့ ခြံအပြင်ကို လှည့်တဲ့ရှည်ကာ မျှော်ငေးနေမိ၏။

မိချော ဘာများဖြစ်နေလဲ။

အိမ်ပြင်ထွက်ကာ စိုးရိမ်တကြီး ပြေးလွှားရှာလို့လည်းမဖြစ်။

''ဟင်''

နေ့လယ် ဆယ့်နှစ်နာရီလောက်မှ မိချော ခြံဝင်းထဲဝင်လာတာ

မြင်၍ ထိတ်ခနဲ ရင်ခုန်လှုပ်ရှားကာ ဝမ်းသာသွားသည်။

သူ အောက်ထပ်ဆင်းပြီး အကျိုးအကြောင်းမေးဖို့ ပြင်လိုက်စဉ်

မှာပဲ ဖေဖေက မိချော လက်ကလေးကိုဆွဲ၍ စိုးရိမ်ပူပန်နေသော မျက်နှာ

နှင့် မေးမြန်းနေသည်။

ခြေလှမ်းတွေ တုံ့ခနဲဖြစ်၍ သက်ပြင်းရှည်တို့ လေးပင်သွား

သည်။ ဖေဖေက ကြီးမားသော သံမဏိပိုက်ကွန်ကြီးဖြင့် မိချောကို

အမိအရ အုပ်ဖမ်းဖို့ ကြိုးစားနေသည်ပဲ။

မိချော မင်းရဲ့ရိုးသားမှုတွေနဲ့ လွတ်အောင်ရုန်းထွက်နိုင်ပါစေ

မိချောရယ်...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"အဲဒီအဒေါ်ကြီးက အရမ်းကို သနားစရာကောင်းတာ ဦး[illegible]
သူက ဈေးအချိန်မီရောင်းရအောင် အဓော်တကြီး ဖြစ်နေတာဆိုပေ[illegible]
မိချော့က နမော်နမဲ့နိုင်ပြီး အရှိန်နဲ့ဝင်တိုက်လိုက်သလိုဖြစ်သွားတာ၊ [illegible]
အတွက် မိချော့က တာဝန်ယူရမှာပေ့ါ"

"ဟုတ်ပါပြီ ဦးက မိချော့ကို အပြစ်တင်နေတာ မဟုတ်ပါ[illegible]
အကျိုးအကြောင်း မသိရဘဲ နောက်ကျနေတော့ ပြန်မရောက်မ[illegible]
စိတ်ပူနေရတာပေ့ါ၊ အိမ်ကို ဖုန်းဆက်ပြောရင် တော်သေးတာပေ့ါ"

"မိချော့မှ ဖုန်းနံပါတ်တွေ မသိတာ"

အသံလေးက တိုးတိတ်လျက် သိမ်ငယ်ရိပ်ကလေး စွန်း[illegible]
နေသည်။ ကရုဏာဖြစ်မိပေမယ့် ပင်ကိုယ်စိတ်ကိုက မကြင်နာတတ်[illegible]





"ကဲပါ မိချော့ တတ်ထားသင့်တာ တစ်မျိုးတိုးသွားပြီဆိုတာ
[illegible] သိပါပြီ၊ ဦးမှာ ဖုန်းတစ်လုံးအပိုရှိတယ်၊ အဲဒါ မိချော့ကို ပေးမယ်"

"ဟင် မိချော့မှ ဖုန်းမကိုင်တတ်တာ၊ ဘယ်လိုဆက်ရမှန်းလည်း
[illegible]သိဘူး"

"ဒါ မခက်ပါဘူး၊ ဦးသင်ပေးရင် ခဏလေးနဲ့ တတ်မှာပါ"

"အဲလိုဆိုရင်တော့ ကျေးဇူးပါပဲ၊ ဩော် ဦးကိုတစ်ခုတော့
[illegible]ောင်းဆိုချင်တယ်"

"ပြောလေ မိချော့"

"ဟိုနေ့က ဦးပေးထားတဲ့ သုံးသိန်းထဲက အဲဒီအဒေါ်အတွက်
[illegible]းဖိုးဝါးခ သုံးချင်လို့ပါ၊ ဒီနေ့ဈေးဖိုးပေးလိုက်တာလည်း ကုန်ခဲ့တော့
[illegible]ဒီဈေးဖိုးပိုက်ဆံလည်း ဒေါ်စိန်ပုကို ပြန်ပေးရဦးမယ်"

"ဩော် ဒါများ တောင်းဆိုစရာလား မိချော့ရယ်၊ ဦးပြောတယ်
[illegible]ဟုတ်လား။ လိုအပ်တဲ့နေရာတွေ ရှိလာမှာပါလို့ မိချော့ကို ပေးပြီးသား
[illegible]ပဲ၊ မိချော့ သုံးချင်တဲ့နေရာ သုံးပါ"

"ဝမ်းသာလိုက်တာ ဦးရယ်၊ မိချော့ ကျေးဇူးတင်ပါတယ်"

သူမ ဟန်မဆောင်နိုင်အောင်ပင် ပျော်ရွှင်သွားမိသည်။ မိမိ
[illegible]တွက် အလွဲသုံးစားလုပ်ဖို့မဟုတ်ပေမယ့် အဒေါ်ကြီးအတွက် ထောက်ပံ့
[illegible]ရတာမို့ တကယ်ကို ဦးကျော်စိုးလွင်ကို ကျေးဇူးတင်မိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်စိုးလွင်က ဆိုဖာခုံ လက်တန်းပေါ်တင်ထားသော သူ[...]
လက်ကလေးကို ခပ်တင်းတင်းလေး အုပ်မိုးဆုပ်ကိုင်ကာ

"နောက်တစ်ခါဆို ပုပုနဲ့မြနှင်းမပါရင် ဘယ်မှမသွားနဲ့[...]
မိချော၊ မလည်မဝယ်လေးဆိုတော့ ဦးတို့စိတ်ပူနေရတယ်"

"ဟုတ်ကဲ့ ဒါပေမဲ့ အဒေါ်ကြီးဆီတော့ မိချော သွားဦးမှ[...]
မယ်၊ သူ့မှာ ဆေးခန်းလိုက်ပို့ဖို့ မိသားစုလည်း မရှိ၊ သားသမီးလည်[...]
မရှိနဲ့ သနားပါတယ်"

"ဦးကားနဲ့ လိုက်ပို့မယ်လေ"

"ဟို မ မဖြစ်ဘူး ဦးရဲ့၊ သူက ဆင်းရဲသားရပ်ကွက်မှာ [...]
စုတ်လေးနဲ့ နေရတာ၊ လမ်းကလည်းချိုင့်တွေ ဗွက်တွေနဲ့ဆိုတော့ ကာ[...]
ဝင်လို့မရဘူး၊ ဦးလိုလူမျိုးနဲ့ ဘယ်လိုမှကို မသင့်တော်ဘူး၊ မိချောဘာ[...]
သွားပါ့မယ်"

"အဲလိုဆိုလည်း မိချော သဘောပါ၊ ဒါပေမဲ့တစ်ခုတော့ [...]
ထားမယ်၊ ဦး နယ်ကပြန်လာရင် မိချောကို ကားစရိုက်တော့မှာဆို[...]
အသွားအလာ အနေအထိုင် ဆင်ခြင်ရမယ်၊ အပြင်ထွက်လွှ[...]
အသားတွေမည်းမှာလည်း စိုးရတယ်၊ မော်ဒယ်သင်တန်းက ပြီး[...]
လည်း ကားမောင်းသင်တန်းက တက်ရဦးမယ်၊ အလုပ်ကများ[...]
ကျန်းမာရေးလည်း ဂရုစိုက်၊ မင်းသမီးဖြစ်ချင်တဲ့သူက အစစအ[...]





[...]ဂရုစိုက်ရတယ်"

"ဟုတ်ကဲ့"

တတွတ်တွတ် ပြောနေသမျှ သူမ ခေါင်းတညိတ်ညိတ် နားခံ
[...]နေရသည်။ ဦးကျော်စိုးလွင် ကိုင်ထားသော သူမ လက်ကလေးကိုလည်း
[...]သိသမာ ခပ်လွှန့်လွှန့်လေး ရုန်းနေရသည်။

မရိုးမသား မဖွယ်မရာ စကားတွေမပါဘူးဆိုပေမယ့် ရိုးသားပါ
[...]ယ်လို့ ကောက်ချက်ချရအောင်လည်း ဦးကျော်စိုးလွင် မျက်ဝန်းများက
[...]ဝေ ရူးရူးနှင့်နင့် ရှိလွန်းလှသည်။ ဒီလို မျက်လုံးမျိုးတွေ တစ်ခုံတစ်ရာ
[...]တွက် ဖြားယောင်းမှုတွေ ပျော်ဝင်နေသည် မဟုတ်ပါလား။

သူမ အနေခက်နေတာကို သဘောပေါက်သွားသော ဦးကျော်စိုး
[...]ွင်က ဟန်မပျက်ပြုံးရယ်လိုက်ပြီး ထရပ်သည်။

"ဒြော် မိချောနဲ့ စကားပြောနေတာနဲ့ ညှိခံပွဲတစ်ခု သွားဖို့
[...]ချိန်ရောက်နေတာတောင် မေ့နေတယ်၊ မိချော အပြင်က ဘာစားချင်
[...]ဲ မှာလိုက်လေ၊ ဦး ဝယ်ခဲ့မယ်"

"နေပါစေ မိချော မစားတော့ပါဘူး"

"အိုကေ ဒါဆို ဦး အဝတ်အစားလဲပြီး သွားလိုက်တော့မယ်"

ဦးကျော်စိုးလွင်က လူငယ်လေးတစ်ယောက်လိုပင် သွက်လက်
[...]ာ်လတ် ပေါ့ပါးကာ အဝတ်အစားလဲပြီး ကားမောင်း၍ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

အပြင်ထွက်သွားသည့်ကားသံကြားတာတောင် သူမ အသက်ပြင်းပြင်းမရှူရဲသေးပါ။ ဦးကျော်နိုးလွင် သူမကို အမိဖမ်းဖို့ ကြိုးစားနေတာလား။

"မဟုတ်ပါဘူး မဟုတ်ပါစေနဲ့"

မျက်လုံးကိုစုံမှိတ်ပြီး အသံထွက်၍ပင် ဆုတောင်းလိုက်မိသည်။ သူမ အတွေးသာ မှန်ခဲ့လျှင် ဒီအိမ်မှာဆက်နေဖို့ မသင့်တော့။

"မိချော"

"အမယ်လေး"

မင်းမကိုဋ္ဌရဲ့ ခပ်ဆောင့်ဆောင့်ခေါ်သံကြောင့် သူမ လန့်ဖျပ်တုန်တက်သွားရသည်။ သူမရှေ့က ခုံမှာဝင်ထိုင်လိုက်သည့် မင်းမကိုဋ္ဌ၏ မျက်နှာက ဝင်းဝါစိုပြည်ကာ အသားအရေနဲ့မလိုက် မှုန်ကုတ်တင်းနေသည်။

"ဖေဖေ့အကြောင်း စိတ်ကူးယဉ်ပြီးတွေးနေလို့ ကိုယ်ခေါ်တာ ဒီလောက်တောင် လန့်ဖျပ်တုန်သွားရတာလား"

"ဘာ"

"ဟိုတစ်ယောက်ကလည်း ငယ်မူငယ်သွေးပြန်လို့ မင်းက လက်အကိုင်ခံရတာ ဒီလောက်တောင် ကြည်နူးနေလား"





"မင်း မင်းသား ရှင် ဘာတွေပြောနေတာလဲ ရှင် ထင်ရာမြင်ရာတွေ လျှောက်ပြောမနေနဲ့"

"ကိုယ့်အမြင်အရဆို မင်းလည်း ကိုယ့်မေမေလို ဖြစ်နေပြီဆိုတယ်၊ ကိုယ့်မေမေက ဖေဖေ့ထက် ပိုက်ဆံချမ်းသာတဲ့ လုပ်ပိုင်ခွင့်တွေပေးနိုင်တဲ့သူကို အသက်ကြီးတာတောင် ဂရုမစိုက်ဘဲ သစ္စာဖောက်ပြီး တွယ်ကပ်လိုက်ပြေးသွားတာတဲ့"

"ရှင် ရှင် မိချောကို စော်ကားလိုက်တာ၊ အထင်သေးလိုက်တာသား မင်းသား၊ မိချောက ရှင့်အဖေကို တွယ်ကပ်နေတယ်၊ ချူစားနေတယ်ပေါ့၊ ရှင်ပြောချင်တာက"

စကားပင် ဆုံးအောင်မပြောနိုင်ပါ။ အသားတွေ ဆတ်ဆတ်တုန်၍ မင်းမကိုဋ္ဌ ပြောရက်တာကို နာကျင်စွာ ခံစားလိုက်ရသည်။

မင်းမကိုဋ္ဌက မဲ့ပြုံးတစ်ချက်ဖြင့် သူမကို စူးစနဲ့ကြည့်ကာ

"ပြီးခဲ့တဲ့ နာရီပိုင်းလောက်ကအထိ မင်းကို အဲလို မိန်းကလေးလို့ မထင်ခဲ့ပါဘူး။ မင်းက ရိုးသားတယ်၊ အနုပညာနဲ့ပတ်သက်ရင် ထက်မြက်တယ်၊ ကြိုးစားချင်စိတ်ရှိတယ်၊ ဖေဖေ့ရဲ့အကျင့်စရိုက်ကို သိနေပေမယ့် မင်းကို လွယ်လွယ်မပါဘူးလို့ ယုံကြည်ပြီး လေးစားနေခဲ့တာ"

"အခုရော မိချောက ဘာဖြစ်နေလို့လဲ၊ ရှင့်အဖေစရိုက် ဘာဆိုဆိုတာ မိချော မသိပါဘူး။ လမ်းကြောင်းတစ်ခုပေါ်ရောက်ဖို့ ရှင် ထင်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ နည်းလမ်းမျိုးနဲ့ မိချော မလျှောက်ဘူး။ တစ်ခု ရှင်ယုံကြည်အော

ပြောထားလိုက်မယ်၊ မိချောဆိုတဲ့ တောသူမလေး...၊ ခဏတာလေ

နေခွင့်ရတဲ့ဘဝကို အောင်မြင်မှုအတွက် ရောင်းမစားဘူးဆိုတာပဲ၊ မ

မောတဲ့အရာရှိချင်ရှိမယ်၊ လိုချင်တဲ့လောဘနဲ့ ဘယ်တော့မှ ကိုယ်က

တရားကို အရောင်မဆိုးဘူး''

ပြောပြီး ထသွားလိုက်တာ မာနရောင်တွေ ပြိုးပြက်လက်လျှ

ရင်ထဲမှာ လှိုက်ခနဲ နွေးမြစီးဆင်းသွားသည်။

မင်းကိုအမြဲတမ်းပဲ မွှေးကြိုင်သင်းပျံ့လန်းဆန်းနေတဲ့ ပန်းလေ

တစ်ပွင့်ပဲ ဖြစ်စေချင်ပါတယ် မိချော။

■ ■ ■



အခန်း (၂၁)

''မိချော အိမ်ပြန်နောက်ကျတာကစပြီး သူတို့သားအဖတွေ ခွန်းကြီးခွန်းငယ် စကားများ ပြဿနာတက်ကြတယ်ကွယ့်၊ သူ့အမေ အကြောင်းလည်းပါတယ်၊ ခုနက ပြောသလို သူ့အမေက ဖောက်ပြန် သွားတယ်ဆိုလား၊ အဲ့ စုံနေတာပါပဲကွယ်''

''သူ့အမေက တကယ်ပဲ အဲလိုလားဟင် ပုပု''

''အင်း ပြောရရင်တော့ ဒေါ်ဒေါ်ပုလည်း သေချာမသိပါဘူး။ ဒေါ်ဒေါ်ပု ဒီကိုရောက်တော့ မင်းမကိုင်ရှလေးက ဆယ်နှစ်သားလောက် ရှိပြီလေ၊ သူ့အဖေရဲ့စည်းကမ်းကြီးမှုအောက်မှာ ဒီကလေး တော်တော် မွန်းကျပ်ခဲ့ရတာ၊ သူ အဖြစ်ချင်ဆုံးဆန္ဒတွေလည်း သူ့အဖေကြောင့်ပဲ စွန့်လွှတ်လိုက်ရတာ''

''ဟင် ဘာ ဘာဆန္ဒလဲ ပုပု''



www.burmeseclassic.com

www.burmeseclassic.com



မိချော စိတ်ဝင်တစားဖြစ်ကာ ဒေါ်စိန်ပုအနားတိုးကပ်ထိုင်ရင်း မေးလိုက်သည်။ အိပ်ချင်စိတ်မရှိသေးတာမို့ ဒေါ်စိန်ပု အခန်းထဲဝင်လာခဲ့တာ။

ဒေါ်စိန်ပုနှင့်မြနှင်းက မီးဖိုဆောင်ကပ်လျက်က စတိုခန်းသဖွယ် အခန်းမှာအိပ်ရပြီး သူမအတွက်တော့ အောက်ထပ်မှာ အခန်းတစ်ခန်း သီးသန့်ပေးထားသည်။

မြနှင်းက ကလေးသာသာဆို အလုပ်လုပ်တာ သွက်လက်ဖျတ်လတ်သလို အိပ်လိုက်တော့လည်း ကသောကမျော တခူးခူး တခေါ်ခေါ် နှင့်ပင်။

"ပြောလေ ပုပု"

သက်ပြင်းချနေသော ဒေါ်စိန်ပုကို ထပ်မံတိုက်တွန်းလိုက်မှ

"မင်းမကိုဋ္ဌလေးက ဆရာဝန်ဖြစ်ချင်တာ၊ ကြိုးစားတဲ့အတိုင်းလည်း ဆယ်တန်းအောင်တာ ဘာသာစုံဂုဏ်ထူးနဲ့လေ"

"ဟင် အဲဒါကို"

"ဟုတ်တယ် ဆရာကြီးက ခွင့်မပြုဘူး။ ဒီသရုပ်ဆောင်အလုပ်ကိုပဲ မဖြစ်မနေ လုပ်ရမယ်ဆိုပြီး အားပေးတယ်၊ သာမန်ဘွဲ့တစ်ဘွဲ့ပဲရတော့ပေါ့လေ"

"အဲဒါကြောင့် သူတို့သားအဖတွေ အဆင်မပြေဖြစ်နေကြတာ





လား၊ သူတို့ကြည့်ရတာ သားအဖဆိုပေမယ့် မခွေးထွေးဘူးနော်"

"အင်း ဘယ်လိုပြောရမလဲ၊ မင်းမကိုဋ္ဌလေးက အရင်က သူ့အဖေကို အရမ်းကြောက်ရွံ့ရိုသေရှာတာ၊ အခုတော့ သူ့အဖေကို မင်းသမီးငယ်လေးတွေနဲ့ ဘာဘာညာညာတွေ ခဏ ခဏကြားနေရတော့ ရွံကြောက်ကြီးဖြစ်နေတာလား၊ လေးစားရကောင်းမှန်းမသိတော့တာလား မသိဘူး၊ အခုနောက်ပိုင်း မချေမင် ပဋိပက္ခတွေ ခဏ ခဏဖြစ်တယ်"

"မင်းသားအမေကရော မင်းသားကို တစ်ခေါက်မှ လာမတွေ့ဘူးလားဟင်"

"သေသလား ရှင်သလားမှ မသိတာ၊ သက်ရှိထင်ရှားရှိနေရင် သားတစ်ယောက်ကို ဘယ်မိခင်က လာမတွေ့ဘဲ နေပါ့မလဲ"

"သူ့အမေက မင်းသမီးဖြစ်ခဲ့တာလား၊ ဘယ်သူတဲ့လဲ၊ နာမည်သိရင် မင်းသားက လိုက်ရှာတာမျိုးဖြစ်ဖြစ် လုပ်ရမှာပေါ့"

"မသိလို့ပဲလား၊ သူ့ကိုစွန့်ပစ်ထားလို့ စိတ်နာနေတာပဲလားတော့မသိဘူး။ အဲ လိုက်ရှာတာ စုံစမ်းတာတို့လည်း လုပ်သလား ပုပုလည်းမသိပါဘူး၊ သူတို့က သူတို့အလုပ် သူတို့လုပ်နေကြတော့ ပုပုတို့နဲ့လည်း အနေစိမ်းတယ်၊ သူတို့အကြောင်း စပ်စုတာလည်း မကြိုက်တော့ ပုပုတို့လည်း သူတို့စိတ်ကြိုက်ပဲ နေလိုက်ရတာပေါ့"

ဘာကြောင့်ရယ်မသိ ရင်တွေမောပြီး သက်ပြင်းချမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်စိုးလွင်က မင်းသမီးပေါက်စလေးတွေနဲ့ ဖာတ်လမ်းရှုပ်တတ်သတဲ့လား။ ဖြစ်ချင်သူတွေကလည်း ကိုယ်ကျင့်သိက္ခာကို တန်ဖိုးမထားဘဲ ကုတ်ကတ်ဖက်တွယ်ထားချင်သူတွေရှိတာကြောင့် ဖြစ်မည်။

ဒါကြောင့်မို့ မင်းမကိုင်ရှိက ထိုကောင်မလေးတွေနှင့် တစ်တန်းတစ်စားတည်းသတ်မှတ်ပြီး အထင်သေးကာ ပြောဆိုခဲ့တာဖြစ်မည်။

ဖြစ်ချင်စိတ်ရှိတာချင်းတူရင်တောင် ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားတာခြင်း မတူတာ မင်းမကိုင်ရှိ သိသင့်သည်။

"မင်းမကိုင်ရှိ မိချောကို အထင်သေးတာတော့ မိချော မကျေနပ်ဘူး၊ သည်းမခံနိုင်ဘူး ပုပု၊ မိချော ဘဝတစ်လျှောက်လုံး နိမ့်ကျဆင်းရဲခဲ့တာ မှန်ပေမယ့် ကိုယ်ကျင့်သိက္ခာတော့ အပျက်စီးမခံခဲ့ဘူး"

"မကိုင်ရှိလေးက အဲဒီသဘောနဲ့ပြောတာတော့ မဟုတ်လောက်ပါဘူးကွယ်၊ မိချောရဲ့ရိုးသားမှုကို သူ သိတယ်၊ သူ့အဖေရဲ့ဆက်ဆံရေးကိုပဲ သူ မကြိုက်တာဖြစ်မယ်၊ အရင်ကဆို မင်းသမီးဖြစ်ချင်တဲ့ကောင်မလေးတွေနဲ့ ကုမ္ပဏီမှာ ဟိုရှုန်းရှုန်းပဲ၊ အရင်က ဆရာကြီးက ဒါရိုက်တာလည်း ဖြစ်ခဲ့ဖူးတာကိုး"

"အခုလည်း အမည်မခံပေမယ့် တချို့ကားတွေဆို နယ်ဆင်းတာနဲ့ သူလိုက်တာပဲ၊ ဒါရိုက်တာ အခက်အခဲရှိရင် သူ ဝင်ရိုက်တယ်၊ ပိုက်ဆံရှိလာတော့ လုပ်ချင်တာလုပ်ဖြစ်နေတော့တာပါပဲ"





"မင်းမကိုင်ရှိနဲ့ ဦးကျော်စိုးလွင်ကို တချို့က သားအဖလို့ မသိကြဘူးဆို"

"ဘယ်သိပါ့မလဲ၊ ဒီအိမ်ကို ဘယ်ဧည့်သည်မှ မခေါ်ဘူး၊ အလုပ်ကိစ္စမှန်သမျှ ကုမ္ပဏီမှာပဲလုပ်တယ်၊ အတွင်းလူမဟုတ်တဲ့သူက မင်းမကိုင်ရှိကို ဦးကျော်စိုးလွင်က စာချုပ်နဲ့မင်းသားတင်ရိုက်တာ၊ တိုက်ပိုင်မင်းသားလို့ပဲ သိကြတာ"

မစပ်စုဘူးဆိုပေမယ့် ဒေါ်စိန်ပုက သိသင့်သလောက် သိထားဟန်တူသည်။ ဦးကျော်စိုးလွင်အပေါ် အမြင်မကြည်လင်ပေမယ့် မင်းမကိုင်ရှိကိုတော့ သံယောဇဉ်ရှိပုံရ၏။

သူမကရော ဘာကြောင့် သူတို့သားအဖအကြောင်း စပ်စုနေမိရတာလဲ၊ မင်းမကိုင်ရှိကို မကျေမနပ် ဖြစ်ကာ အိပ်လို့မရတာနှင့် ဒေါ်စိန်ပုဆီကို လာခဲ့ပြီးမှ မင်းမကိုင်ရှိအကြောင်း နားထောင်ချင်တာ ထူးဆန်းလို့နေသည်။

တဝါးဝါးသမ်းနေသော ဒေါ်စိန်ပုကို အားမနာနိုင်ဘဲ

"မင်းမကိုင်ရှိကရော မိန်းကလေးတွေနဲ့ အရှုပ်အယှက်ရှိသလား ပုပု"

"ကောလဟာလတော့ ထွက်ချင် ထွက်မှာပေါ့၊ တိတိကျကျတော့ မကြားမိပါဘူး၊ သူ့အဖေ မတူတာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် အဖေမဟုတ်ရင် အမေတူပေါ့၊ အမေကလည်း သစ္စာမရှိ ဖောက်ပြန်တတ်တဲ့သူဆို"

"အေး မပြောတတ်တော့ပါဘူးကွယ်၊ ဒါနဲ့ ဆရာကြီး နယ်တက်ရမယ်ဆို၊ မကိုင်ရှုလေးရောပါလား"

"အဲဒါတော့ မိချော မသိဘူး၊ နက်ဖြန် သဘက်သွားရမယ်ထင်တယ်၊ မင်းမကိုင်ရှု အတွက်ဆိုပြီး ဖက်ရှင်ဆိုင်က လာပို့သွားတော့ မင်းမကိုင်ရှု လိုက်ရမယ်ထင်တယ်"

"အေးလေ လိုက်ရ မလိုက်ရတော့ မသိဘူး၊ သားအဖဆိုတော့လည်း မတည့်အတူနေပါပဲ၊ ရေကိုဓားနဲ့ဖြတ်လို့ မရဘူးလို့ တင်စားရမလား၊ သံယောဇဉ်ဆိုတာ ငြိတွယ်တတ်တဲ့သဘောမို့ ရုန်းထွက်ရခက်ပြီး မုန်းလည်းအတူနေ၊ ချစ်လည်းအတူနေ၊ မကြည့်ချင်လည်း မြင်နေရ မခေါ်ချင်လည်း ပြောနေရ"

"အမယ်လေး ပုပုရယ်၊ ပြောနေလိုက်တာ ပြတ်ပါဦးမလား၊ မိချောကတော့လေ၊ မင်းသမီး မဖြစ်ချင်နေ၊ လူအထင်သေးခံရမှာတော့ မလုပ်ဘူး၊ မင်းမကိုင်ရှု နောက်တစ်ခေါက် အဲလိုပုံစံမျိုး လာပြောလို့ကတော့ လုံးဝမခံဘူးမှတ်"

ပြောရင်းနှင့် အခန်းပြန်ဖို့ ထရပ်တော့ ဒေါ်စိန်ပုက သူ့လက်ကိုဆွဲထားသည်။





"နေပါဦး ပုပု တစ်ခုတော့ တောင်းပန်ထားချင်တယ်၊ မကိုင်ရှုလေးကို သူ့ဘာပဲပြောပြော သိပ်တော့ ခံမပြောပါနဲ့ကွယ်၊ သူ့မှာလည်း နံ့ဘားချက်တွေ နာကြည်းချက်တွေ ရှိနေလို့ပါ၊ နှစ်သိမ့်မယ့်သူမရှိနဲ့ သနားစရာကောင်းပါတယ်၊ မကိုင်ရှုလေးက စိတ်ရင်းမဆိုးပါဘူး၊ ကွယ်ရာမှာဆို မိချောကောင်းကြောင်းလည်း အမြဲပြောပါတယ်၊ သူ့အဖေလို လူတစ်ဖက်သားကို အကျိုးအမြတ်ရမှ အသုံးချလို့ရမှ ပေါင်းသင်းတတ်တဲ့လူမျိုးလည်း မဟုတ်ပါဘူး၊ ကြာလာရင် မကိုင်ရှုလေးရဲ့စိတ်ကို နားလည်လာပါလိမ့်မယ်၊ သူ့အပေါ် ပစ်ပစ်ခါခါ မလုပ်ပါနဲ့ကွယ်"

ဒေါ်စိန်ပု ပြောလိုက်မှ စိတ်တွေတောင် ရှုပ်ထွေးနောက်ကျိသွားသည်။ ကိုယ်က အပြောခံရပြီး ကိုယ်က ပြန်နှစ်သိမ့်အားပေးရတော့မလိုပါလား။

မွန်းကျပ်ကျပ်ကြီးပင် ဖြစ်လာသည်မို့ အိပ်ခန်းထဲမဝင်ဘဲ ခြံထဲကို ဆင်းလာခဲ့သည်။ ခြံဝင်းထဲမှာ မြက်ခင်းစိမ်းလေးတွေနှင့် အနားယူအပန်းဖြေလို့ရသည်။ ဒန်းလေးလည်းရှိသည်။

နှစ်ယောက်ထိုင် ခုံတန်းလှလှလေးတွေလည်း ရှိသည်။ မာကျူရီမီးရောင်များကြောင့် လရောင်ကတော့ မသဲကွဲ။ ဒါပေမဲ့ ပန်းရနံ့လေးတွေကတော့ သင်းပျံ့ပျံ့ မွှေးနေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မင်းက ဘာလို့မလိုက်ချင်ရတာလဲ"

"ဒီမှာ ကားတွေလက်ခံထားတာ ဖေဖေ သိသားနဲ့"

"ဒါက နိုင်ငံတော်ကားကွ၊ မရိုက်ပေးလို့မရဘူး"

"အစကတည်းက တခြား၊ မင်းသားကြီးတွေနဲ့ရိုက်ဖို့ ဖေဖေ စီစဉ်ထားတာ မဟုတ်လား"

"အဲဒါက ဟုတ်တယ်၊ ဒါပေမဲ့ မင်းလည်းလုပ်ကွက်ရတဲ့ အခ ဖာတ်ကောင်နေရာက ပါရမှာပဲ"

"အစက ကြိုမပြောဘဲနဲ့ သားက ဒီဘက်မှာ ရက်ချိတ်ပြီးသာ ဖြစ်နေပြီ၊ ဖေဖေက ဘာကိုစိုးရိမ်ပြီး ကျွန်တော့်ကို ဖွတ်ခေါ်နေတာလဲ"

"ဘာ ငါက ဘာကိုစိုးရိမ်ရမှာလဲ"





တစ်ယောက်တစ်ခွန်း အချေအတင် ဖြစ်နေရာမှ ဦးကျော်စိုး သွင် ရှုံးရှုံးရှားရှား ဒေါသတကြီးနှင့် အော်လိုက်သည်။ မင်းမကိုရှ အခုတလော မထိမဲ့မြင် မခန့်လေးစားကို နိုင်နေတာ။ ဘာကိုမကျေမနပ် ဖြစ်နေသည်ဆိုတာ ရိပ်စားမိပေမယ့် ကိုယ့်ဘက်ကလည်း အလျှော့မပေး ၍ မစဉ်းစားမိ။ ဒါဟာ ဘာကြောင့်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံး။

"ဖေဖေ့မှာ စိုးရိမ်စရာမရှိရင် အစီစဉ်တိုင်းပဲ ဆက်လုပ်သွား လိုက်ပါ ဖေဖေ၊ အခုမှ ကောက်ခါငင်ခါ ဖွတ်ခေါ်နေလည်း ကျွန်တော် လိုက်နိုင်ပါဘူး၊ ကျွန်တော်လည်း ဒီဘက်မှာ စာချုပ်အတိုင်း လုပ်နေ တာ"

"အေး အဲဒီစာချုပ်ကို ငါ ပြန်လျော်ပေးမယ်၊ အဲဒါမှ လက် ခံရင် အဲဒီတိုက်နဲ့မင်း ဆက်လုပ်စရာမလိုတော့ဘူး"

"ကျွန်တော်နဲ့ အဆင်ပြေနေတာ ဘာလို့ မလုပ်ရမှာလဲ ဖေဖေ၊ ဖေဖေ အဲလောက်ကြီး သွေးဆူစရာ နောက်ဆံတင်းစရာ မလိုပါဘူး၊ ဖေဖေ့လောင်းရိပ်အောက် ရောက်နေတဲ့ မိချောကို ကျွန်တော် အထင်ကြီး ပြီး မရတော့လို့ပါ"

"ဘာ"

"အရင်ကလို ရှိသားနေရင်တော့ စိတ်ဝင်စားမိမလား မသိဘူး၊ အခုကတော့ ဆောရီးပါ၊ ဖေဖေ စိတ်ချလက်ချသာသွား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း တကယ်ပြောနေတာလား"

ဒါကျတော့ ဟန်မဆောင်နိုင်အောင်ပင် ဦးကျော်စိုးလွင် မျက်မှ သလဲ ပြန်မေးသည်။ မင်းမကိုဋ္ဌ နှုတ်ခမ်းလေး တွန့်ခနဲပင် မဲ့ကျသွား

"ဖေဖေနဲ့ပတ်သက်တဲ့ မိန်းကလေးတွေ ကျွန်တော် ဘယ်ဒို တုန်းက အထင်ကြီးဖူးလို့လဲ၊ မိချောကိုလည်း တောသူလေးမို့ ရိုးသာ ဖြူစင်တယ်ထင်ပြီး တတ်နိုင်သလောက် ကူညီပံ့ပိုးပေးဖို့ စဉ်းစားခဲ့တာ သူလည်း မက်မောတတ်တဲ့ မိန်းကလေးမှန်းသိသွားပါပြီ"

နေ့လယ်က ဖေဖေ လက်ကိုင်ထားတာကို မရုန်းဖယ်ဘဲ ပြုံး နေသော မိချော မျက်နှာကို မြင်ယောင်ကာ နာကျင်စွာပြောတေ ဖေဖေက ခေါင်းတညိတ်ညိတ်နှင့် ပြုံး၏။ သူ့ပခုံးကိုလည်း ဖတ် ပုတ်လိုက်ကာ

"မင်းအတွေး မင်းဆုံးဖြတ်ချက် မှန်တယ်၊ မိန်းကလေးတွေ သူတို့ကိုယ်သူတို့ တန်ဖိုးထားရမှန်းမသိပါဘူးကွာ၊ အဲဒါကို တို့ယောက် တွေကရော ဘာတန်ဖိုးထားစရာလိုလဲ၊ ငါကတော့ အသုံးချပွဲတွေးတယ် အကျိုးအမြတ်ရမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမယ်၊ အဲဒီထဲမှာ ငါ့ဘဝတော့ ဘူး၊ အဲဒါ ငါ့ရဲ့ကိုယ်ပိုင်သီအိုရီပဲ"

"မေမေ့တုန်းကရော အဲလိုပဲလုပ်ခဲ့တာလား"

မင်းမကိုဋ္ဌ မေးခွန်းကြောင့် ဦးကျော်စိုးလွင် မျက်နှာပျက်သွား





"တိုက်ဆိုင်တိုင်း မေးနေတော့မှာလား မင်းမကိုဋ္ဌ၊ မင်းကို င်းအမေ ဘယ်လိုစရိုက်၊ ဘာလုပ်သွားတယ်ဆိုတာ အားလုံးပြောပြ သား၊ မင်းအမေကြောင့် ဘယ်မိန်းမကိုမှ ငါ အထင်ကြီးလို့ မရတော့ ဘူး"

"အဲဒါ သေချာနေရင် မိန်းမတွေနဲ့မပတ်သက်ဘဲ နေပါလား ဖေ၊ ဘာလို့ ကင်းအောင်မနေဘဲ နာမည်ပျက်ခံပြီး ဇာတ်လမ်းရှုပ်နေ တာလဲ"

"ဒါ အလုပ်လုပ်နေတာကွ၊ အကျိုးအမြတ်အတွက် ရင်းနှီး မြှုပ်နှံနေတာ"

"မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက်ယူပြီး တိုက်ခန်းတွေ တွေ ဝယ်ပေးထားတာ အဲဒါ ရင်းနှီးမြှုပ်နှံတာလား၊ ဖေဖေ"

"ဟား မင်း တယ်အတဲ့ကောင်ပဲ၊ မအောင်မြင်ခင်မှာပဲ အဲဒါ လုပ်ပေးထားရတာလေ၊ အောင်မြင်တော့ အသီးအပွင့်ကို ငါပဲစားရ မအောင်မြင်နိုင်တဲ့ မိန်းကလေးကို ကျော်စိုးလွင်က ငွေကုန်ခံပြီး ကြာကြာမပတ်သက်ဘူး၊ အဲဒါ မင်းနားလည်ထား"

မေမေ့ကိုလည်း အဲလိုမျိုး ဈေးကွက်အရ ဆက်ဆံခဲ့တာ မဟုတ် လို့ ထပ်မေးမိရင် ဖေဖေ ဒေါသကြီးဦးမည်ထင်သည်။ ဖေဖေ ပြောပြော သူ့ဘက်က ယုံကြည်မှုကင်းမဲ့ပြီး လေးစားချင်စိတ် မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့တာ အမှန်။

ဂုဏ်သိက္ခာဆိုတာကို ငွေနှင့်ဖုံးဖိပြီး လူကြီးလူကောင်းယော ... ဆောင်နေတာ သူကတော့ ရှက်မိသည်။ မေမေ့ကိုလည်း ဒီပုံစံအတိုင်း ... လုပ်လိုက်တာဆိုလျှင်တော့ သူ ဘယ်လိုမှ ဖေဖေ့ကို ခွင့်လွှတ်နိုင် ... မဟုတ်။

ဒါပေမဲ့လည်း သူ့မှာ မေမေနဲ့ပတ်သက်သော သက်သေ အ ... ပြစရာမရှိပါ။ မွေးကင်းစအရွယ်လေးမှာ စွန့်ပစ်ထားခဲ့တာမို့ မေ ... မျက်နှာကို ရေးရေးလေးတောင် ပုံဖော်ကြည့်လို့မရခဲ့။

မိခင်မဲ့သော အတိတ်ကံကို ဘယ်သူဖန်ဆင်းခဲ့တာလဲ။ ... အကြောင်းကို တွေးလိုက်တိုင်း ရင်တစ်ခုလုံးက အဆမတန် နာကျ ... လျက် လှိုက်မောကျပ်ဆို့လာမြဲ။

ဖေဖေ့ကို သူ့ဘာမှ တုံ့ပြန်ချင်စိတ်မရှိတော့၍ ဖေဖေ့စာကြ ... ခန်းထဲက ပြန်ထွက်လာခဲ့သည်။ ခြေလှမ်းတွေက အိပ်ခန်းထဲကို ... ရောက်။

စိတ်ရဲ့လွင့်ပါးရာအတိုင်း ခြံဝင်းထဲကို ဆင်းလာခဲ့သည်။ ... သည် တိတ်ဆိတ်လို့ ကြယ်ရောင်ပျောက်ကာ လရောင်ကိုလည်း ပီပြ ... ပြင် မတွေ့ရ။

အထီးကျန်သည်ဟု ခံစားရတိုင်း ခြံထဲက ခုန်လေးပေါ် ...

... လုံးပေါက်ထိုင်ရင်း မှိတ်တုတ်မှိတ်တုတ် ကြယ်လေးတွေကို ရေတွက် ... တတ်တာ သူ့အကျင့်။

"ဟင်"

ခပ်လှုပ်လှုပ်ဖြစ်နေသော အဖြူရောင် ခုန်လေးကိုကြည့်ကာ ... ခြေလှမ်းတွေ တုံ့ခနဲဖြစ်၏။ ပြီးမှ လှုရိပ်ရှိရာ တရွေ့ရွေ့ တိုးကပ်လာခဲ့ ... သည်။ လွင့်ပါးသော ညအိပ်ဝတ်စုံလေးနှင့်. . .။

"မိချော"

"ဟင် မင်းသား"

တိုးတိတ်သော ခေါ်သံကြောင့် လန့်ဖျပ်သွားခြင်း မရှိပေမယ့် ... သွားဟန် မျက်လုံးလေးပြူးသွားတာက လရောင်၊ မာကျူရီမီးရောင် ... ကြောင့် လက်ခနဲဖြစ်၏။

"မင်း မအိပ်ဘဲ ဘာထိုင်လုပ်နေတာလဲ"

မေးရင်းနှင့် ဝင်ထိုင်ဖို့ပြင်တော့ သူမက အလိုက်တသိပင် ... ခင်တက်စွန်းကို တိုးရွှေ့ပေးကာ

"အိပ်မပျော်လို့ပါ မင်းသားကရော"

သူမရဲ့တုံ့ပြန်မေးခွန်းကြောင့် သူ့ရဲ့သက်ပြင်းချသံ ပြင်းရှကျယ် ... လောင်သွားသည်။ မပြောချင် ပြောချင် စိမ်းပြတ်ပြတ် ဆတ်တောက် ... ောက် ဖြစ်နေခြင်းဟာ ညနေက သူပြောဆိုမိတာ မကျေနပ်လို့ဖြစ် ...



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။

ဖေဖေ့စိတ်ကို သိနေပါလျက် သူမရဲ့ရိုးသားမှုလေးတွေကိုလည်း ခံစားတတ်နေပါလျက် သူ ဘာကြောင့် လက်လွှတ်စယ် မြောမိတာလည်း ဆိုတာ. . .။

"ဖေဖေ့ကို သိပ်အရေးတဝင် မနေနဲ့ မိချော၊ ကိုယ် မ... အတွက် စေတနာနဲ့ သတိပေးတာပါ"

"ရှင့်အဖေနဲ့ပတ်သက်မှာ စိုးရိမ်နေတာ၊ မိချောက ဆင်းရဲနိုး... လို့ အဆင့်အတန်း"

"မဟုတ်ဘူး မိချော၊ ဖေဖေ့ရဲ့စရိုက်ကို မကြိုက်တာဘဲရှိတာ... မင်းကို တစ်ခါမှ အထင်မသေးဖူးဘူး။ အောင်မြင်ချင်စိတ်၊ ဖြစ်ချင်စိ... ဆင်းရဲတဲ့ဘဝက ရုန်းထွက်ချင်စိတ်တွေနဲ့ ဖေဖေ့ဆောင်ချောက်မှာ မိချော... မှာပဲ စိုးရိမ်တာ၊ ငါ့ရင်ထဲမှာ အဲလိုစိတ်တွေ ဖြစ်နေတာလည်း မ... တစ်ယောက်ပဲရှိတယ် မိချော၊ အရင်က ဖေဖေ ဘယ်လိုမိန်းကလေး... နဲ့ ပတ်သက်ပတ်သက် ငါ စိတ်မဝင်စားဘူး။ မမြင်ချင်ယောင်ဆောင်တာ... မသိသလို နေနိုင်တယ်၊ မင်းကိုကျမှ"

စကားတွေ အများကြီးပြောလာပြီးမှ တိခနဲ ဖြတ်တောက်... လိုက်တော့ သူမ မျက်လွှာလေး ပင့်တက်သွားသည်။ မင်းမကိုဖွ့် ဘာ... ပြောချင်တာလဲ။





စိတ်ဝင်စားတာတွေရော ပတ်သက်တာတွေရော၊ ဆောင်ချောက်တွေရော ပြီးတော့ စိုးရိမ်တာတွေရော၊ နားထဲမှာ လေတိုးသံလိုလို ဟုဆန်လျက် ဗလုံးဗထွေး ရှုပ်ယှက်ခတ်နေသည်။

"မင်း အိမ်ထဲဝင်တော့ ညဥ့်နက်နေပြီ"

"ဟင်"

သူမ ဘာမှပြောချိန်မရလိုက်ဘဲ သူ လှမ်းထွက်သွားရာကိုပဲ ငေးတက်စွာ ငေးကြည့်ရင်း ကျန်ခဲ့ရသည်။

ဘာဆိုဘာမှ ရေရေရာရာ တွေးချိန်မရလိုက်ပေမယ့် ရင်ထဲမှာ လှုပ်ခတ်ကျန်ခဲ့တာ ထူးတော့ ထူးဆန်းသည်။

ရှုတတ ဝေဒနာနှင့် ရင်မှာဆူးစူးသလို. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ပစ္စည်းတွေ တပွေ့တပိုက်ဖြင့် ဝါးကပ်တံခါးလေးကို တွန်းဖွင့်ပြီး ဝင်လိုက်တော့ မိန်းမောလဲလျောင်းနေသော ဒေါ်သင်္ဂါ ဆတ်ခနဲ ထထိုင်ကာ အံ့ဩသွားသည်။

"ဟိုနေ့က မိန်းကလေး မိချော"

"ဟုတ်ပါတယ် အဒေါ်က မိချော့ နာမည်တောင် မှတ်မိနေ သားပဲ"

"နာမည်လေး ထည့်ထည့်ပြောတတ်တော့ မှတ်မိနေတာပေ့ ကွယ်၊ ဘာတွေဝယ်ပြီး လာပြန်တာလဲ အားနာစရာကွယ်"

"အဒေါ် ဈေးမရောင်းနိုင်သေးဘူးဆိုတာ မိချော သိတယ် လေ၊ မိချောက အရင်နေ့တည်းက လာမလို့ပါ၊ အိမ်ကလူကြီးတွေ ခရီးထွက်မှာ ပြင်ဆင်ပေးနေတာနဲ့"





"အခုရော အဆင်ပြေလို့လား မိချောရယ်၊ အဒေါ်က တစ်ရက်နှစ်ရက်နေ ဈေးထရောင်းနိုင်ပါပြီ"

"အဆင်ပြေပါတယ် အဒေါ်ရဲ့၊ မိချော ကားမောင်းသွားသင်ရမှာ အချိန်စောထွက်လာတာပါ၊ အဒေါ့်အတွက် အစားအသောက်ရော လိုအပ်တဲ့ပစ္စည်းလေးတွေ ဝယ်လာတာ၊ ဒီမှာ အားဆေးဘူးလည်းပါတယ်၊ ပန်းကန်ခွက်ယောက်လည်း ပါတယ်"

မိချောက အိတ်တွေထဲက ပစ္စည်းတွေထုတ်ပြီး သူ့နေရာနဲ့သူ ပြင်ဆင်ချပေးလိုက်သည်။ ခေါက်ဆွဲကြော်ကို အခုမှ ဝယ်လာသည့် ပြင်သစ်ကြွေပန်းကန်ထဲကိုထည့်ကာ ဒေါ်မြတ်သင်္ဂါရှေ့မှာ ဇွန်းတပ်၍ ချပေးလိုက်သည်။

"ဒါလေးကုန်အောင် စားလိုက် အဒေါ်၊ ပြီးရင် ဆေးခန်းသွားရအောင်"

"ဒုက္ခများအောင်လို့ကွယ်၊ ပန်းကန်တွေခွက်တွေ အသုံးအဆောင် ဘာလို့ ဒီလောက်များများ ဝယ်လာရတာလဲ၊ အဒေါ်က တစ်ယောက်တည်းသမား၊ ဒါတွေ မရှိလည်း နေလို့ဖြစ်ပါတယ်"

"မိချော စေတနာပါ၊ မငြင်းပါနဲ့ အဒေါ်ရယ်၊ လက်ခံပါနော်၊ မိချောလည်း ရန်ကုန်မှာ အသိအကျွမ်းမိတ်ဆွေဆိုတာ မရှိပါဘူး၊ မျှော်လင့်ချက်လေးထားပြီး သူများအိမ်မှာ ခိုကပ်နေတာပါ၊ တတ်နိုင်သ



www.burmeseclassic.com

www.burmeseclassic.com



လောက် အဒေါ့်ကို မိခင်အရာထားပြီး ပြုစုပါရစေ''

''မိချောက နယ်ကတက်လာတာလား၊ အခု ဘာအလုပ်လုပ် နေတာလဲ''

''ဩော် အင်း ဒီလိုပါပဲ၊ ရပ်တည်ဖို့တစ်နေရာရအောင် ကြိုးစား နေတုန်းပါ၊ အခုရက်ပိုင်းတော့ မိချော လာခဲ့ပါဦးမယ်၊ နောက်ဆို ခဏ ခဏ လာနိုင်မယ် မထင်ဘူး၊ အဒေါ် နေကောင်းမှ ဈေးပြန်ရောင်းနော် လူခွဲလည်းမရှိ မှီခိုရမယ့်သူလည်းမရှိဘဲနဲ့ အဒေါ်တစ်ခုခုဖြစ်သွားဦးမယ်''

မိချော လက်ကလေးကို ဆုပ်ကိုင်ပြီး ဒေါ်မြတ်သင်္ဂါ ရင်ထဲ ကြည်နူးခြင်းအရှိန်ဖြင့် နွေးမြမြလေး ဖြစ်သွားခဲ့သည်။ ကိုယ့်မှာသာ သားသမီးရှိခဲ့လျှင် ဒီလိုဂရုစိုက်ခံရမှာပဲ မဟုတ်လား။

ဘယ်လိုကြမ္မာဆိုးတွေကြောင့် ကိုယ်ဟာ အထီးကျန်တစ်ကောင် ကြွက် အပယ်ခံဖြစ်နေရတာလဲ။ အခုလက်ရှိမှာ မိချောလေးက အရင်းနှီး ဆုံး မိတ်ဆွေတစ်ယောက်ပင်။

မိမိဟာ ထောင်ထွက်တစ်ယောက်ပါလို့ သိသွားရင် တခြားလူ တွေလိုပဲ မိချောလည်း မိမိကို ရှောင်ကြဉ်သွားမှာပါ။ ဘာမှ ဖုံးကွယ် မ ထားဘဲ ပြောလိုက်ရမလား။

ဟင့်အင်း အထီးကျန်စွာ နေခဲ့ရသည့်အချိန်တွေများတော့ သံယောဇဉ် တစ်စွန်းတစ်စလေးကို ခဏလောက် တွယ်ဖက်ထားချင်သေး သည်။

''စားလေ အဒေါ်၊ ဘာလို့ငေးနေတာလဲ၊ အနာကျက်အောင် ဆေးထိုးဖို့ ဗိုက်ထဲမှာ အစာရှိနေမှ ဖြစ်မှာ''

''ဩော် အင်း စားမှာပါကွယ်၊ အနံ့လေးက မွှေးနေတော့ အရင်တုန်းက အချိန်တွေကို ပြန်သတိရလို့ပါ''

''အရင်တုန်းက ဒါမျိုးတွေစားပြီး ပျော်စရာအချိန်တွေ ရှိခဲ့လို့ လား''

''အင်း လူငယ်တဝမှာ ပျော်စရာအချိန်တွေလည်း ရှိခဲ့သေးတာ ပေါ့၊ ဒါပေမဲ့ အတိတ်ပါ၊ နာကျင်စရာတွေကသာ ကိုယ့်နောက်ကပ်ပါလာ တာ၊ ပျော်စရာအချိန်တွေက ကျန်ခဲ့ပြီ''

''မိသားစုဘဝရှိခဲ့ရင်လည်း ကောင်းသားနော်၊ အတူမျှဝေခံစား ပေးမယ့်သူရှိရင် သက်သာသေးတာပေါ့''

ဒေါ်မြတ်သင်္ဂါ မဲ့ပြုံးလေးတစ်ချက်နှင့် ငိုင်သွားပြန်၏။ ခဏနေမှ လျော့ရဲစွာ ပြုံးပြီး ခေါက်ဆွဲကြော်ကို စားသည်။ တော်မှတ်ခဲ့တာ ကြာလို့ လား၊ တမ်းတမှုတွေကြောင့်လားတော့မသိ တကယ့်ကို မြိန်ရေယှက် ရေ. . .။

■ ■ ■






www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အဲဒီအဒေါ်ကြီးကို အစားအသောက်လည်း ဝယ်ကျွေးခဲ့တယ်၊ လိုအပ်တာလေးတွေလည်း ဝယ်ပေးခဲ့တယ်၊ ဆေးခန်းကိုလည်း ထပ်ပြပေးခဲ့သေးတယ်၊ နေပြန်ကောင်းလို့ ဈေးရောင်းရင်တော့ အရင်းအနှီးထုတ်ပေးရဦးမယ်"

"အဲဒီငွေတွေ မင်း ဘယ်ကရတာလဲ"

"ဟင်"

ဒေါ်စိန်ပုကို ပြောပြနေဆဲ နောက်ကနေ မင်းမကိုင်မှ မေးလိုက်တာကြောင့် ဟင်ခနဲဖြစ်ကာ နောက်လှည့်ကြည့်မိသည်။ အနောက်တိုင်းဝတ်စုံနှင့် မင်းမကိုင်မှက ရှုတင်ကနေ အဝတ်အစားမလဲဘဲ ပြန်လာဟန်တူ၏။

"ပြောလေ"

"ဘာပြောရမှာလဲ"





"အဲဒီအဒေါ်ကြီးအတွက် သုံးနေတာတွေက ဘယ်ကငွေတွေလဲလို့"

"ဦးကျော်စိုးလွင် ပေးထားတာ၊ ဩော် မိချော တောင်းထားတာ မဟုတ်ဘူးနော်၊ အထင်သေးတဲ့မျက်လုံးတွေနဲ့ လာမကြည့်နဲ့"

မင်းမကိုင်မှ နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်တာ အမြင်ကတ်စရာကောင်းလောက်အောင်ပင်။ သူမဘက်ကလည်း မသိနိုးနား ဖုံးကွယ်ထားစရာမရှိသလို မရိုးမသားလည်း မဟုတ်ခဲ့တာမို့ ငြိမ်ခံနေဖို့တော့ စိတ်ကူးမရှိပေ။

"မင်းဖေဖေ့ထောင်ချောက်မိချင်လို့ အဲဒီငွေတွေ လက်ခံထားတာလား မိချော၊ သဒ္ဒါလွန်ရင် တဏှာကျွံလာတတ်တာ မင်းမသိဘူးလား"

"ရှင်ပြောနေတာ ဘာထောင်ချောက်လဲဆိုတာ မသိဘူး၊ တဏှာကျွံလာရအောင်လည်း မိချောဘက်က ရိုးသားတယ်"

"မင်းဘက်က ရိုးသားပါတယ်လို့ အော်နေရုံနဲ့မပြီးဘူး၊ မင်းဘာလို့လူတွေကို ရိုးရိုးလေး တွေးနေတာလဲ၊ လိုက်လျောမှုရှိလို့ စိတ်ရင်းကောင်းတယ်မထင်နဲ့၊ ပြုံးနေတိုင်းလည်း အဆိပ်ကင်းတယ် မထင်နဲ့"

"ဒါဆို မိချော ရှာပြန်ရမှာလား"

"ဘာ"

"သူများရဲ့ပေးစာကမ်းစာကို မျှော်ကိုးပြီး မိချော ဒီလို အလ



www.burmeseclassic.com

www.burmeseclassic.com



ကားသက်သက် လာနေတာမဟုတ်ဘူး၊ မိဘတွေကို သုံးနှစ်စာ လစာပေးခဲ့ပြီး၊ အိမ်ဖော်အလုပ်ပဲ ခိုင်းလည်း မိချောက ကျေနပ်ပြီးသား။ မိချော ဝါသနာပါတဲ့ အနုပညာအလုပ်ကို မြေတောင်မြှောက်ထောက်ပံ့ပေးမယ် ပြောတော့ ဟင့်အင်းလို့ မငြင်းနိုင်တာရော မိချော မှားသလား။ မိချော ဘဝမှာ ဒီလိုအခွင့်အရေးမျိုး တစ်ခါမှ မရဖူးပါဘူး၊ ဒါပေမဲ့ ပြောခဲ့ဖူးသလိုပဲ အောင်မြင်မှုရဖို့အတွက်နဲ့ မိချော ကိုယ်ကျင့်သိက္ခာကို ရောင်းမစားဘူး၊ ထိုးမကျွေးဘူး၊ မရှိမာနကိုလည်း အပုပ်အသိုးမခံဘူး ရှင်သိပြီလား''

ပြင်းထန်သော သန္နိဋ္ဌာန်နှင့် မာဆတ်ဆတ်လေးပြောနေသော မိချောရဲ့ ရိုးသားမှုကို ယုံကြည်သလိုဖြစ်နေပါလျက် သူ ဘာကြောင့် အကြောင်းအရာတိုက်ဆိုင်တိုင်း သွေးဆူနေမှန်းမသိပေ။

ဖေဖေ့ရဲ့သိမ်းသွင်းဖန်တီးမှုတွေကို သိနေပါလျက် မိချောကို မချင့်မရဲဖြစ်ကာ ဘာကြောင့် အပြစ်တင်နေမိရတာလဲ။

ယုံကြည်ခြင်း မယုံကြည်ခြင်း ဖြစ်ခြင်းပျက်ခြင်းတွေနဲ့ မိချောကို သူ ဘာတွေလုပ်ပေးချင်မှန်းလည်း မသိချေ။ ဒီလောကမှာ ဖေဖေ့ကို ကျော်ဖို့ဆိုတာလည်း . . . ။

''မိချော ဘယ်လဲ''

ပြောချင်တာတွေပြောပြီး ထရပ်လိုက်သော မိချောရဲ့လက်ကို





သူ လှမ်းဖျပ်ဆွဲ၍ ပျာပျာသလဲ မေးလိုက်မိသည်။

မိချောက သူမ လက်ကလေးကို ကိုင်ထားသော သူ့လက်ကို ဆောင့်ခါလွှတ်ချ၍

''ပြန်မယ် မိချော ပြန်တော့မယ်၊ မိချော ဘာမှလည်း မဖြစ်ချင်တော့ဘူး။ ရှင်တို့သားအဖကြားမှာ အရမ်းမွန်းကျပ်တယ် သိလား၊ ရွာမှာရွာကျောင်းပြီး ပင်ပင်ပန်းပန်း လုပ်နေရတာမှ စိတ်လွတ်လပ်သေးတယ်၊ စိတ်ချမ်းသာသေးတယ်''

''ဟင့်အင်း ဘာ ဘာလို့ပြန်ရမှာလဲ၊ မပြန်ပါနဲ့''

''ရှင် မိချောကို အထင်သေးနေတယ်၊ တန်ဖိုးမရှိပြောနေတယ်၊ ဒါတွေကို မိချော မခံနိုင်ဘူး၊ ကိုယ့်ဘဝနဲ့ကိုယ့်အကြောင်းပဲ မိချော ပြန်တော့မယ်''

''မိချော''

ဒေါ်စိန်ပုကို အားနာလေးစားရမှန်း မေ့လျော့လောက်အောင်ပင် သူ ကယောင်ကတမ်း သွေးပျက်သွားခဲ့သည်။ မိချောရှေ့မှာ မျက်နှာချင်းဆိုင် ပိတ်ရပ်ပြီး မိချောလက်ကို ရုန်းထွက်လို့မရအောင် ခပ်တင်းတင်း ဆုပ်ကိုင်ထားမိ၏။

မိချောကို စိတ်မဝင်စားဘူး၊ အထင်မကြီးဘူးဟု ဖေဖေ့ကို ပြောလွှတ်လိုက်သော ကတိစကားတွေလည်း သူ သတိမရချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုကတိစကားကြောင့် ဖေဖေက စိတ်ချလက်ချ သူ့ကိုထားခဲ့ပြီး စိတ်ဖြောင့်ဖြောင့်နဲ့ ခရီးထွက်သွားတာ။

"မိချော မင်း ထွက်မသွားပါနဲ့၊ ငါ ဘာမှမပြောတော့ဘူး မင်း ဘာမှမဖြစ်အောင်ဘဲ ငါ စောင့်ရှောက်ပါတော့မယ်၊ မင်းရဲ့ရိုးသားမှုကို မင်းကိုယ်မင်း ယုံကြည်တယ်၊ မင်းရဲ့ဂုဏ်သိက္ခာကို မင်း သတ္တိရှိရှိကာကွယ်နိုင်တယ်ဆိုရင် မသွားပါနဲ့၊ မင်းအောင်မြင်အောင် ကြိုးစားပါ ငါ့ရဲ့ကန့်ကွက်မှုတွေကြောင့် မင်း ပန်းတိုင်ပျောက်မသွားစေချင်ဘူး"

"ဒီလမ်းက မဖြောင့်ဖြူးဘူးဆိုတာ သိပါတယ်၊ အခွင့်အရေးရရင်တောင် ခက်ခဲကြမ်းတမ်းတယ်၊ ဘဝကိုစတေးပြီးမှ ပန်းတိုင်ကိုရောက်ရတဲ့လူတွေလည်း ရှိတာတယ်ဆိုတာ မိချော သိနေပါပြီ အဲဒါကိုကြောက်ပြီး မိချော နောက်ဆုတ်ရမှာလား၊ ယုံကြည်ချက်နဲ့လျှောက်ရင်ရော မရောက်နိုင်ဘူးလား၊ ရှင် ဘာကိုစိုးရိမ်နေတာလဲဆိုတာ ဟိုနေ့ညကတည်းက မိချော စဉ်းစားနေတယ်"

"အများကြီး မစဉ်းစားပါနဲ့၊ ဖေဖေ့အတွက် မဟုတ်ဘူး မင်းဘဝလေး စွန်းထင်းညစ်နွမ်းသွားမှာ ကြောက်လို့ပါ၊ ငါ မင်းကို တန်ဖိုးထားတယ်၊ ဒီလောက်သိထားပြီး ငါ့ကိုအထင်မလွဲပါနဲ့၊ မင်း ဒီအိမ်ကိုရောက်လာမှ ငါ့ဘဝက စိုစိုပြည်ပြည်ဖြစ်လာတာ၊ ငါ့အတွက် မင်းမရှိလို့ မဖြစ်တော့ဘူး မိချော"





"ဟင်"

"ဘုရား"

မိချောက လွှတ်ခနဲ အာမေဋိတ်သံ ထွက်၏။ ဒေါ်စိန်ပုက …ဘတ်ဖိကာ ဘုရားတသည်။ ဒါပေမဲ့ မင်းမကိုရွှေက ပြောပြီးထွက်သွားအကြောင့် ကြာရှည်မင်တက် မိန်းမောချိန်ပင် မရလိုက်ပါ။

ဒေါ်စိန်ပုနှင့်မိချော အကြည့်ဆုံပြီး ပြုံးမိလိုက်ကြသည်။ မင်း…ကိုရွှေက သူ့ခံစားချက်သာ ရင်ဖွင့်သွားပြီး သူများဘက်က ခံစားချက်ကို…ချင်ဟန်မတူ။

"ဘယ်လိုကြီးမှန်းလည်း မသိဘူး"

"အဲဒါတော့ သူ့အဖေတူတာ၊ သူဖြစ်ချင်တာပဲပြောပြီး သူများ…က်ကို ထည့်မတွက်တတ်တာလေ၊ ဒါပေမဲ့ မကိုရွှေလေးကတော့ မိချော…ဆန်မှာ လက်မခံမှာစိုးလို့ ပြန်ပြောလာမယ့်စကားကို နားမထောင်ရဲ…ာ ဖြစ်ပါလိမ့်မယ်"

"ပုပုကလည်း မင်းမကိုရွှေဆို အမြဲအကောင်းမြင်တယ်၊ မတူ…န်လို့ စကားကုန်မပြောဘဲ သူလိုလူကို မိချောလို အဆင့်အတန်းက…ဆန်မှာမဟုတ်ဘူးလို့ အပိုင်တွက်ပြီး စကားပြန်မစောင့်တာလည်း…နိုင်တာပဲ"

"အဲလိုတော့ မဖြစ်နိုင်ပါဘူး၊ သူ့အဖေနဲ့ပတ်သက်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်၊ ဒီထက်ကန့်ကွက်ဖို့လည်း မဖြစ်နိုင်နဲ့ သူ့ခမြာ ထိန်းသိမ်းနေရ... ဖြစ်မှာပါ၊ လွတ်ထွက်သွားမှာလည်း စိုးရိမ်၊ ရှိနေပြန်တော့လည်း ဖအေ... စိတ်မချနဲ့ တော်တော်လေး စိတ်ဒုက္ခရောက်နေရှာမှာ၊ တော်တ... စိတ်ဝင်စားမှုနဲ့တော့ မိချောကို သူ ဖွင့်ပြောမှာမဟုတ်ပါဘူး။ နားလည်... နဲ့ပဲ လက်ခံပေးလိုက်ပါကွယ်''

''ချစ်တယ်လို့ ပြောတာလည်း မဟုတ်ဘဲနဲ့၊ ပုပုကလည်း''

ကန့်ကလျ ရှက်ကိုးရှက်ကန်းပင် ဖြစ်သွားသလား မသိ... ရင်ထဲမှာ ပျော်သလိုလို ကြည်နူးသလိုလို ဖြစ်သွားပေမယ့်လည်း ... စနင်းနှင့် အပြည့်အဝမဟုတ်။

အဆင့်အတန်း ဂုဏ်ခြင်ရှိသည့် မြို့သူချောချောလေးသာ... ရည်းစားစကားပြောတာ ဒီလိုပြီးစလွယ် မျက်နှာလွှဲခဲ့ပစ် ကျောခိုင်း... ခဲ့ပါ့မလား။

အင်းလေ အနားမှာ ပုပုရှိနေလို့လည်း ဖြစ်မှာပါ။ လူကြီး... ယောက်ရှေ့မှာ ဒီလိုပြောထွက်တာကိုက သူ စိတ်တင်းပြီး စွန့်စားလို... တာလည်းဖြစ်နိုင်တာပဲ။

ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းမှ မပါလည်း မိချောရင်ထဲ နို... ခလု ဖိုးသိုးဖတ်သတ် ရင်တွေခုန်လို့ . . .။

■ ■ ■



## အခန်း (၂၅)

ဖေဖေ့ကို ကတိပေးလွှန်သွားပေမယ့် ဖေဖေ့ကွယ်ရာမှာ မိချော...ကို အရိပ်တကြည့်ကြည့် မြတ်နိုးမဝ ဖြစ်နေမိသည်။ ရင်ထဲရှိသမျှ ဖွင့်...ပြောပြီးပြီမို့လည်း စိတ်ပေါ့ပါးသက်သာ၍ အစိုင်အခဲ ထုထည်ကြီးကြီး...းမားလည်း ရှိမနေတော့။

ဒါပေမဲ့ မိချောဘက်က တုံ့ပြန်မှုကို သူ မလိုချင်သေး။ သူမ...ဘဝအတွက် အောင်မြင်မှုရဖို့ ကြိုးစားရမည့်အချိန်တွေမှာ သူ့ကြောင့်...နှောင့်အယှက် အဟန့်အတားမဖြစ်စေချင်။

အန္တရာယ်ကင်းအောင် စောင့်ရှောက်ခွင့်ရရုံလေးဖြင့် သူ ကျေ...နပ်နိုင်ပါသည်။ ပြီးတော့ မိချောရဲ့ရွေးချယ်မှုတွေကို ချုပ်ကိုင်မထားချင်။

''ပုပု မိချောသွားမယ်နော်၊ အပြန်ကျရင် ဘာဝယ်ခဲ့ရဦးမလဲ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



မိချော အသံစာစာလေးကို ကြားလိုက်၍ အပေါ်ထပ်ကနေ ခြေသံတဒုန်းဒုန်းဖြင့် ပြေးဆင်းလာခဲ့သည်။ ဒီနေ့ ရှုတင်ကနေ စောပြန် လာခဲ့ရလို့ သူမနဲ့အတူတူ မုန့်တွေလုပ်စား၊ စကားတွေအများကြီးပြော စိတ်ကူးယဉ်လာခဲ့တာ။ သူ့ရဲ့အိမ်ပြန်ချိန်တွေ အဓိပ္ပာယ်ရှိလာတာ သူ့ ကြောင့်။

"မိချော ဘယ်လဲ၊ ကားမောင်းသင်ပြီး အခုမှ ပြန်ရောက်တာ မဟုတ်လား"

"ဟင် မင်းသား ပြန်ရောက်နေပြီလား။ မိချောသိတောင် မသိ ဘူး၊ မိချောက ကိစ္စလေးရှိလို့ အပြင်သွားမလို့ပါ"

"အေးလေ ဘယ်သွားမှာလဲလို့ မေးနေတာ"

"ဩော် ဟိုအဒေါ်ကြီးက ခြေထောက်သက်သာလို့ ဈေးပြန် ရောင်းတော့မယ်တဲ့၊ အဲဒါ အရင်းအနှီးအတွက် ပိုက်ဆံသွားပေးရမှာ ပေါ့၊ ကားမောင်းသင်ရင်းနဲ့ ဝင်ပေးရင်ရပေမယ့် ပိုက်ဆံပါမသွားလို့ ပြန်ယူတာ"

"ကိုယ် လိုက်ပို့မယ်"

"ဘာ အာ မဖြစ်ပါဘူး၊ မင်းသားကလည်း အဒေါ်ကြီးက ဆင်းရဲသားရပ်ကွက်မှာနေတာ၊ လမ်းတွေက မကောင်းလို့ ကားလည်း ဝင်ရတာ မဟုတ်ဘူး၊ ရှင်လိုက်လာလို့ မင်းသားမှန်းသိရင် ရပ်ကွက်ထဲက





သူတွေ အကုန်ဝိုင်းဆွဲစားလိမ့်မယ်"

"အဲဒါဆို မင်းလည်းမသွားနဲ့"

မိချော ခစ်ခနဲ ပါးစပ်ပိတ်ကာ ရယ်ချလိုက်မိသည်။ မျက်နှာက အလိုမကျဟန် စူပုပ်ပုပ်နှင့် ပိုင်စိုးပိုင်နင်း။

"မိချောက မသွားလို့ဖြစ်မလား။ ဦးက မနက်ဖြန်ပြန်လာမယ်လို့ ဖုန်းဆက်ထားတယ်၊ ပြန်လာတာနဲ့ ဇာတ်ကားလေးငါးကား ဆက်တိုက် ရိုက်ဖို့ စီစဉ်ထားတယ်တဲ့၊ အဲလိုဆိုရင် အဲဒီအဒေါ်ကြီးကို မိချော သွား တွေ့လို့ရတော့မှာမဟုတ်ဘူး"

"မင်း ဘာလို့ အဲဒီအဒေါ်ကြီးကို သံယောဇဉ် တွယ်နေတာလဲ"

"အရမ်းသနားစရာကောင်းတာ မင်းသားရဲ့၊ မိသားစုမရှိ မှီခို စရာမရှိနဲ့ တစ်ယောက်တည်း အထီးကျန်နေတာ နေမကောင်းတာလည်း ပြုစုမယ့်သူ မရှိဘူးလေ၊ မိချော ဒီလောက်တော့ ဂရုစိုက်ပေးသင့်တာပေါ့"

"အေးလေ မင်းသွားမယ်ဆိုရင်တော့ ကိုယ်လိုက်ပို့မယ်၊ အချိန် က ဘယ်လောက်ကြာမယ်မှန်းမသိဘဲ အပြန်မိုးချုပ်ရင် တစ်ယောက် တည်း ဘယ်လိုလုပ်မလဲ"

"ရပါတယ်"

"ရပါတယ်မလုပ်နဲ့ ငါ့ မင်းသားပါ၊ ဘယ်သူမှ မမှတ်မိအောင် ချိန်ဖျက်တာ ကျွမ်းကျင်ပါတယ်၊ မင်းကသာ ငါ့ကို မင်းသားဆိုပြီး မယောင်



www.burmeseclassic.com

www.burmeseclassic.com



မခေါ်မိစေနဲ့၊ မင်းသေသေနဲ့နေ ကြားလား''

သူကသာ စီမံပေးလျက် နတ်ခမ်းမွှေးအထူ၊ ပါးမြိုင်းမွှေးအထူနှင့် နေကာမျက်မှန်တပ်ပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း၍ သူ့ကားကို မမောင်းဘဲ တက္ကစီငှားကာ လိုက်ပို့လေသည်။ တက္ကစီကားက အခေါ်မြတ်တို့လမ်းထဲ ဝင်လို့မရတာမို့ လမ်းထိပ်မှာရပ်နိုင်းပြီး အိမ်ရောက်အောင် ခြေလျင်လျှောက်လာခဲ့ကြသည်။

''ရှေ့က အိမ်ပဲရောက်ပြီ မင်းသား''

''ဟိတ် မင်းကို ဘာပြောထားလဲ''

''ဩော် အဟဲ ဘွာတေး ဘွာတေး''

မိချောက ပြောင်စပ်စပ်နှင့် လျှာလေးထုတ်ကာ ပြောတော့ မင်းမကိုဋ္ဌ သူမခေါင်းလေးကို ခပ်နာနာလေး ထုချ၏။ ဖက်ကာလေး ပုဝင်သွားသော သူမက ငြိမ်ခံမနေဘဲ မင်းမကိုဋ္ဌ ဗိုက်ကို ဆွဲလိမ်ပစ်လိုက်တော့ မင်းမကိုဋ္ဌက တွန့်လိမ်၍ သူမ လက်ကလေးကို ဖမ်းဆွဲထားသည်။

ထိုမြင်ကွင်းကို အိမ်ထဲကထွက်လာသော ဒေါ်မြတ်သဂိ မြင်သွားကာ ချောင်းဟန့်သံပေး၍

''မိချော ညည်းသည်ပါလာတာ ဘယ်တယ်''

''ဩော် ဟုတ် ဟုတ်ကဲ့ အခေါ်၊ ခြေထောက်က တော်တော်သက်သာသွားပြီပဲ၊ အပြင်တောင် ထွက်လာနိုင်တယ်ဆိုတော့''





''အင်း သက်သာနေပါပြီ၊ ညည်းသည်ပါလာတော့ အိမ်ထဲခေါ်…ာ အားနာပါတယ်၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင် ထိုင်မလားဟင် …ချော''

''ဟို ရပါတယ် အခေါ်ကိစ္စမရှိပါဘူး၊ သူ့ကိုလည်း အခေါ့် အကြောင်း ပြောပြထားပါတယ်၊ သူကလည်း အခေါ့်ကို တွေ့ဖူးချင်တယ် …တာနဲ့ ခေါ်လာတာ၊ အိမ်ထဲဝင်ရအောင်လေ၊ လာ မင်း အဲ မကိုဋ္ဌ''

အိမ်ထဲကို ရောက်လာသည်နှင့် မင်းမကိုဋ္ဌက တစ်အိမ်လုံးကို …ထဲအကဲခတ်သည်။ နေမြင်လမြင် ခနိုးထရံကာနှင့် မိချော ပြောပြထား …သက်တောင် ဆင်းရဲနိမ့်ကျလွန်းသည် ထင်သည်။ ခွေမရှိ မျိုးမရှိ …သားစုမရှိ။ ဒါကြောင့်မို့ မိချောက သနားနေတာ ဖြစ်မည်။

ကိုယ့်တာဝန်နဲ့ဆို ဘယ်လိုမှ နှိုင်းယှဉ်လို့မရပါ။ မိချောထက်တောင် …ခြေအနေဆိုးတာမို့ သူလည်း ကရုဏာစိတ်ဝင်မိလာသည်။

''မိချော အဲဒီ အခေါ်ကြီးကို ဘယ်လောက်ပေးမလို့လဲ''

တိုးတိုးလေး ကပ်မေးတော့ မိချောက လက်ငါးချောင်းထောင် …ပြသည်

''ငါးသောင်း၊ သူများပိုက်ဆံဆိုတော့ သုံးချင်တိုင်းမှ သုံးလို့ …ရတာ''

''ကိုယ့်မှာ တစ်သိန်းပါတယ်၊ အဲဒါပါပေးလိုက်''



www.burmeseclassic.com

www.burmeseclassic.com



မင်းမကိုင်မှုက ဘောင်းဘီအိတ်ထဲက တစ်သိန်းအုပ်ထုတ်ပြ
မိချောလက်ထဲ ထည့်ပေးလိုက်သည်။ သူတို့နှစ်ယောက်.. တိုးတိုးကြ
ကြိတ် ဖြစ်နေခြင်းကို ဒေါ်မြတ်သင်္ဂါ အကဲခတ်မိကာ

"အဒေါ်ကို ဘာမှမပေးကြပါနဲ့တော့ကွယ်၊ အခုလို ခဏခ
လာပေးနေတာ အဒေါ် အားနာလှပါပြီ၊ အဒေါ် ခြေထောက်ကောင်း
ဈေးစရောင်းနိုင်တာနဲ့ စားဝတ်နေရေး အဆင်ပြေပါတယ်"

"မငြင်းပါနဲ့ အဒေါ်ရှယ်၊ အရင်းအနှီးကတော့ လိုမှာပဲ မဟု
လား၊ လုံးဝသက်သာသွားမှပဲ ဈေးရောင်းပါ၊ နောက်ဆို မိချော သိမ
နိုင်တော့မှာ မဟုတ်ဘူး"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒီငွေလေးနဲ့ အဒေါ် ကောင်းကော
အနားယူပါဦး၊ တစ်ခါတစ်ရံလည်း ကျွန်တော်တို့ လာကြည့်နိုင်အော
ကြိုးစားပါ့မယ်"

မင်းမကိုင်မှုရဲ့ လောကွတ်စကားကြောင့် မိချောပင် အံ့အားသ
ရသည်။ သူ့ကို ဒီလိုနေရာ ခေါ်လာမိလို့ စိတ်ပျက်လက်ပျက် ပြန်ပြေ
မယ်ထင်တာ။

နောက်တစ်ခါတောင် လာနိုင်အောင် ကြိုးစားမည်ဆိုပါလား
အံ့သြရင်းနှင့် မင်းမကိုင်မှု စိတ်လေးကို လေးစားသွားမိရတာ အမှ
ဒီလို စာနာစိတ်လေးက သူ့အဖေနဲ့မတူသည့်အချက်တွေပဲ။





အိမ်ပြန်လမ်းမှာတော့ မနေနိုင်စွာပင် မေးလိုက်မိသည်။

"ရှင့်ကို စိတ်ပျက်ပြီး လှည့်ပြန်မယ်ထင်တာ၊ နောက်တစ်ခါ လာပါဦးမယ်ပြောတော့ အံ့သြသွားတာပဲ၊ ရှင် တကယ်စိတ်ထဲက ပါလို့ ပြောခဲ့တာလား"

"သြော် တကယ်ပေါ့၊ ကိုယ်ကစိတ်ထဲက မပါရင် အားမနာ တတ်ဘူး၊ ဟန်မဆောင်တတ်ဘူး၊ အဲဒီအဒေါ်ကြီးကို မြင်လိုက်တော့ ကိုယ့်စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူးကွ၊ အရမ်းဆင်းရဲချို့တဲ့ တာကိုမြင်ပြီး သနားသွားတာလား၊ တစ်ယောက်တည်း ဘယ်လောက် များ အထီးကျန် အားငယ်နေမလဲဆိုပြီး ကိုယ်ချင်းစာနာမိသွားတာလား တော့ မသိဘူး၊ ကိုယ့်ဆွေမျိုးသားချင်း တစ်ယောက်လိုပဲ ကိုယ် ခံစား လိုက်ရတယ်"

"ရှင့်ရဲ့စိတ်ကလေးကို လေးစားလိုက်တာ"

"ဘာ"

"သြော် ကိုယ်ချင်းစာ သနားတတ်တယ်ဆိုတာ ရှင့်မှာ စိတ် ကောင်းစေတနာကောင်း ရှိနေလို့ပေါ့"

"အဲဒီလို တန်ဖိုးရှိတဲ့လူကိုကျော်ပြီး ဘယ်သူ့ကိုမှ မျှော်မကြည့် နဲ့နော်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ဘာလိုက်ရတာက သူမ။ ညို့ရီရီ ပြုံးကြည့်နေသော မင်းမကိုင်၏ မျက်ဝန်းများကို ရှောင်လွှဲ၍ တစ်ဖက်လှည့်ကာ ပြုံးလိုက်မိသည်။

ဒီလူ ကိုယ့်ဘက်ကိုယ် ယက်တတ်တဲ့လိပ်မျိုး။

- ဟွန်း မုန်းဖို့ကောင်းလိုက်တာ . . ။

■ ■ ■



## အခန်း (၂၆)

ဦးကျော်စိုးလွင် ပြန်ရောက်ပြီး နောက်နေ့ကစ၍ သူမ ကားစရိုက်ရသည်။ အစပိုင်းမှာ ကတုန်ကယင် အခက်အခဲများ ရှိပေမယ့် ရွာမှာလည်း လက်တွေ့ဆိုတာမျိုး ကြုံဖူးသည်မို့ နောက်ပိုင်း အစစ အဆင်ပြေသွားခဲ့သည်။

ဦးကျော်စိုးလွင်က အချစ်ဖန်စီ ဒရမ်မာ၊ အပျော်ဟာသများ ကာရိုက်တာစုံအောင် လေးငါးကား ဆက်တိုက်ရိုက်ပေး၍ ပထမဆုံး ကားဖြန့်ပြီးသည့်အချိန်မှာပင် သူမကို ပရိသတ်တွေ လက်ခံအားပေးကြသည်။

ဒုတိယကားဖြန့်တော့ တခြားထုတ်လုပ်ရေးတိုက်နှင့် ဒါရိုက်တာတွေပါ စိတ်ဝင်စားလာပြီး ကားရိုက်ဖို့ ကမ်းလှမ်းတာမျိုးပင် ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးကျော်စိုးလွင်က လက်ခံမှုမရှိ။

"ဒီအချိန်မှာ လက်ခံရင် သူတို့ ဘယ်လောက်ပေးမှာမို့လဲ၊ ခေါင်းဆောင်မင်းသမီးဖြစ်မှ ကြေးက ဈေးခေါ်လို့ကောင်းတာ၊ နောက်ကားကစပြီး မိချောကို ဦးစပြီး ခေါင်းဆောင်မင်းသမီး တင်ရိုက်မယ့် ဒရမ်မာပေါက်ကားပေါ့၊ မင်းဖြစ်အောင်ကြိုးစား၊ အဲဒါသာ အောင်မြင်သွားရင် လက်တစ်ကမ်းအကွာက ပန်းတိုင်က မင်းလက်ထဲ သူ့အလိုလို ရောက်လာလိမ့်မယ်"

ဦးကျော်စိုးလွင် ပြောခဲ့သလိုပင် ထိုကားဖြန့်သည့်အချိန်မှာ တကယ်ကို ပေါက်ကားဖြစ်သွားခဲ့သည်။ တွဲရသည့်မင်းသားကလည်း မင်းမကိုင်မှို့ သိပ်ကြော်ငြာစရာမလိုဘဲ တစ်ဟုန်ထိုး အောင်မြင်သွားခဲ့သည်ဆိုက မမှား။

"အခု တက်သစ်စ မင်းသမီးတွေက နှစ်ဆယ် အစိတ်ပဲ ပေါက်နေတာ၊ သုံးဆယ်ဆိုတော့ မလွန်ဘူးလားဗျာ"

"လွန်တယ်ထင်ရင် အဲဒီဈေးနဲ့ရတဲ့ မင်းသမီးတွေပဲ သွားငှားပါ၊ နောက်ပြန်လှည့်သွားရင်လည်း ဒီထက် အခြေအနေကောင်းရင် ခင်ဗျားကို ဦးစားပေးလိမ့်မယ် မထင်နဲ့နော်"

တိုက်ပိုင်မင်းသမီးမို့ ဦးကျော်စိုးလွင်တို့ လက်မထောင်နိုင်နေသည်။ မိချော ဈေးကွက်ဝင် မင်းသမီးဖြစ်လာတာ သူ့အတွက်တော့





ရတနာထုပ်ကြီး ကောက်ရတာပဲမဟုတ်လား။ ငွေတွေ အပုံလိုက်နှင့် ငါးကားဆယ်ကားစာ လာချုပ်သည့် တိုက်တွေရှိလာတော့ သူ ရင်းနှီးမြှုပ်နှံရကျိုးနပ်ပြီပေါ့။

ဒါတွေ ဒီလိုဆိုတာ မိချောဆိုသည့် မိုးမြင့်အိမ်ခြေ သိမှာမဟုတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မိချော မသိပေမယ့် ကျွန်တော် သိတယ် ဖေဖေ၊ ဟိုနေ့က မိချောကို စာချုပ်လာချုပ်တာ တစ်ကားကို သိန်းသုံးဆယ်နဲ့ ဆယ်ကားစာ သိန်းသုံးရာ၊ နောက်တစ်တိုက်က ငါးကားစာ၊ ကြော်ငြာလက်ခံထားတာ ရော၊ ဗီစီဒီအတွက်ရော သိန်းတစ်ထောင်နီးပါးလောက် ဖေဖေ ရနေပြီ မဟုတ်လား၊ မိချောကို ဘာလို့မပေးသေးတာလဲ"

"ဘာ"

ကိုယ့်ဘာသာ ကမ္ဘာမှာ လုပ်နေသည့်ကိစ္စကို မင်းမကိုင့်က အကုန်သိနေပါလား။ မိချောတောင် သူမ ဘယ်ဈေးနှုန်းပေါက်နေပြီဆိုတာ မသိသေး။ တစ်ကားပြီးတစ်ကား၊ ရိုက်ရတာကိုပျော်ပြီး သရုပ်ဆောင်ပိပြင်ဖို့ပဲ ကြိုးစားနေသည်။





"တစ်ကားကို အဝတ်အစားက အစုံနှစ်ဆယ် သုံးဆယ်လောက်နဲ့ အသုံးအဆောင်ပစ္စည်းတွေကလည်း တန်ဖိုးကြီးတာတွေချည်း ဝယ်ပေးနေရတာ၊ ဦးတော့ ပိုက်ဆံတွေ အများကြီးကုန်တော့မှာပဲ၊ အဲဒီကျေးဇူးတွေကို မိချော မမေ့ပါဘူး ဦးရယ်၊ ညတိုင်းလည်း ဆရာသမား မိဘတွေနဲ့တန်းတူ ဦးကို ကန်တော့ပြီးမှ မိချော အိပ်ပါတယ်"

မိချောတောင် ကိုယ့်ကို ကျေးဇူးတွေတင် အားနာနေတာ။ မင်းမကိုင့်က သူနဲ့မဆိုင်ဘဲ ဘာသဘောလဲ။

"ငါ့ကိစ္စတိုင်းမှာ မင်းဝင်မပါနဲ့၊ ငါ့အလုပ် ငါလုပ်နေတာ"

"ဖေဖေ့အလုပ် ဖေဖေလုပ်နေတာ ကျွန်တော် သိပါတယ်၊ ကျွန်တော့်ကို သားအဖချင်းမို့ ဖေဖေ တစ်ပြားမှ မပေးတာလည်း ကိစ္စမရှိဘူး၊ ကျွန်တော့်ဖို့လည်း မငြိုငြင်ဘူး၊ အခု မိချောက သူ့စိမ်းသူရသင့်ရထိုက်တာကို ပေးသင့်ပါတယ်၊ ရိုးသားလွန်းလို့ ကျေးဇူးရှင်သတ်မှတ်နေတာကို အခွင့်ကောင်းမယူသင့်ပါဘူး"

"သူ့ဘက်က ပြောပေးနေရအောင် မင်းနဲ့ဘာဆိုင်လို့လဲ၊ ဒီလိုအကျိုးအမြတ် ခံစားချင်လို့ ငါ ရင်းနှီးမြှုပ်နှံခဲ့တာကွ"

"ဖေဖေ့ကို အကျိုးအမြတ် မခံစားရဘူးလို့ မပြောပါဘူး၊ ကျွန်တော့်လိုပဲ ဖေဖေ့တိုက်က ရိုက်တာကို ရသလောက် ခံစားပြီး သူ့များဘိုက်က စာချုပ်တာတွေကိုတော့ သူ့ကိုပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား မင်း ငါ့ကိုဘာတွေလာပြောနေတာလဲ၊ ငါ ရင်းနှီးမြှုပ်နှံထားတာ နည်းနည်းနောနောလား၊ အခုဆို သူ့ကို ကားတစ်စီးလည်း ပေးထားရတယ်၊ လိုအပ်တာတွေလည်း ဝယ်ပေးရတယ်၊ ငါ ရှင်းရှင်းပြောမယ်ကွာ၊ သူနဲ့ငါနဲ့ သဘောတူသုံးနှစ်စာချုပ် မပြည့်မချင်း ဘယ်ကရတဲ့ ပိုက်ဆံပဲဖြစ်ဖြစ် တစ်ပြားမှ ငါ မပေးနိုင်ဘူး"

"ဘာ သုံးနှစ်စာချုပ် အဲဒါက တစ်လ ငါးသောင်းနဲ့ သူ့မိဘတွေကို ပေးခဲ့တာကို ပြောတာလား၊ ဟား အဲလိုကြီး ရည်ရွယ်ချက်နဲ့ လုပ်စားတာဆို ဖေဖေ လွန်တာပေါ့၊ မတရားဘူးဗျာ မတရားဘူး"

မိချောအစား မင်းမကိုင်၏ ဆတ်ဆတ်ခါအောင်ပင် မခံမရပ်နိုင်အောင် ဖြစ်သွားရသည်။ တကယ်ကို မတရားသည့်ကိစ္စကြီး။

ဘာမှနားမလည်သည့် မိချောကတော့ ဖေဖေ့ကိုသူတော်ကောင်းကြီးမှတ်ကာ ကျေးဇူးတွေတင်လို့။

ဖေဖေက ရည်ရွယ်ချက်ကြီးကြီးနှင့် စီမံကိန်းချခဲ့တာ။ သုံးနှစ်တောင်မှတဲ့။ တကယ်တမ်းက သုံးနှစ်သက်တမ်းအတွင်းမှာ သရုပ်ဆောင်ကောင်း မင်းသမီးအသစ်လေးတွေ ပေါ်လာခဲ့လျှင် မိချော အလိုလိုနောက်ရောက်မသွားနိုင်ဘူးလား။

စန်းမရှိတော့လျှင် ထုတ်လုပ်သူကို ကိုယ်ကပြန်ခရတဲ့ခေတ်ဖြစ်သွားနိုင်သည်။ ထိုအချိန်ကျ အဝဖားပြီးသွားသော ဖေဖေက ထွေး





တ်ပစ်လိုက်လျှင် မိချောဘဝက. . .။

သူ ဖေဖေ့ကို ဘာမှပြောချင်စိတ် မရှိတော့ဘဲ အောက်ထပ်ကို ဒုန်းဒုန်း ပြေးဆင်းလာခဲ့သည်။ ထမင်းစားခန်းထဲမှာ ဒေါ်စိန်ပုနှင့် တူရှိနေသော မိချောလက်ကို ဘာမပြောညာမပြောနှင့် ခြံထဲက ဒန်း ထားရှိရာ ဆွဲခေါ်လာခဲ့၏။

မိချောက မျက်လုံးပြူးလေးနှင့် အံ့အားသင့်နေပေမယ့် ငြင်း ခြင်း မရှိ လိုက်လာခဲ့ပြီး

"ဘာဖြစ်နေတာလဲ မကိုင်၊ ဘာဖြစ်လို့လဲဟင်"

"ရွာမှာ ဖေဖေနဲ့စာချုပ်ခဲ့တယ်ဆို"

"အင်းလေ မကိုင့်ကို ပြောပြသားပဲ၊ တစ်လကို ငါးသောင်းနဲ့ နှစ်စာ ငွေဆယ့်ရှစ်သိန်း အဖေတို့ကို ပေးခဲ့တယ်"

"အဲဒီ စာချုပ်ထဲမှာ ဘာတွေရေးထားလဲ"

"အဲဒီငွေ လက်ခံရရှိကြောင်းပဲဖြစ်မှာပေါ့၊ မိချောလည်း သေချာ မကြည့်ပါဘူး။ ဝမ်းသာအားရ လက်မှတ်ထိုးလိုက်တာပဲ၊ အဲဒီလောက် များများ အဖေတို့ကိုပေးနိုင်တာ၊ ဦးရဲ့ကျေးဇူးကြောင့် မဟုတ်လား"

"မင်း အတယ်၊ ရိုးလွန်းတယ် မိချော၊ သွား အဲဒီစာချုပ် ယူ၊ အဲဒီစာချုပ်ထဲ ဘာတွေပါတယ်ဆိုတာ ငါ ဖတ်ကြည့်မယ်"

"ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သွားယူပါဆိုကွာ လိုအပ်လို့ပေါ့"

လေသံမာမာ မျက်နှာနီမြန်းမြန်းနှင့် တွ ါ ်လွှတ်တာမို့ အခ

ပြန်ကာ အိတ်ထဲမှာ သေချာသိမ်းထားသော စာချုပ်လေးကို ယူ

မင်းမကိုင်ကိုပေးလိုက်ရသည်။

စာချုပ်ကိုဖတ်နေသော မင်းမကိုင်ရဲ့ မျက်နှာက သုန်မှုန်တင်

မာနီမြန်းနေလျက် အံကြိတ်နေတာလည်း မြင်ရသည်။

ပြီးတော့ တက်ခေါက်သံကျယ်ကျယ်နှင့် စာချုပ်ကို လုံးချေ

၏။ မိချောမှာတော့ ခုထိ နားမလည်နိုင်။

"ဖေဖေ မတရားဘူးကွာ၊ အရမ်းလွန်တယ်"

"ရှင်"

"မင်း ဘာမှမသိဘူး မဟုတ်လား၊ ကားတစ်ကားရိုက်ဖို

လိုအပ်တဲ့ အသုံးအဆောင် အဝတ်အစား ဝယ်ပေးရုံနဲ့ မင်းကျေနေ

လား မိချော၊ ကျေးဇူးတွေတင် အားနာနေတာလား။ ဖေဖေ့တိုက်အတွ

ရိုက်ပေးတာ မပါဘဲ အခုလတ်တလော သူများအတွက် လက်ခံပေးထ

တာ မင်း သိန်းတစ်ထောင်နီးပါးရနေပြီ"

"ရှင် အဲ အဲဒါ"

"အေး ဒီစာချုပ်ထဲကအတိုင်းဆို မင်းသုံးနှစ်အတွင်း တစ်

မှ ရမှာမဟုတ်ဘူး၊ ဖေဖေကတော့ သုံးနှစ်အတွင်း သိန်းသုံးလေးထော





မကာ မြိုးမြိုးမြက်မြက် ကျေကျေနပ်နပ်ကြီး ဝါးမျိုသွားမှာ၊ အဲဒီကိစ္စနဲ့

မင်းဘက်က မခံချင်လို့ အခုပဲ ဖေဖေနဲ့ စကားများလာခဲ့တယ်၊ မင်း

ဘာလုပ်မှာလဲ မိချော"

မိချော မဖြေတတ်ပါ။ ဘာလုပ်ရမလဲ ဘယ်လိုလုပ် သိပါ့မလဲ။

မအူမလည်နှင့် တုံဏှိဘာဝေ နှုတ်ဆိတ်နေသော မိချောကို အားမလို

အားမရဖြစ်ကာ တွန်းထိုးခဲ့ပြီး ဖေဖေ့ စာကြည့်ခန်းထဲ ပြန်တက်လာခဲ့

သည်။

စားပွဲပေါ်မှာ စာချုပ်ကို လုံးချေပြီး ပစ်တင်ကာ သူ ဆောင့်ခနဲ

ဝင်ထိုင်တော့ ဖေဖေက မျက်မှောင်ကြုတ်၍ မျက်ခုံးပင့်ကြည့်သည်။

"မသိနားမလည်တဲ့သူကို စာချုပ်နဲ့ခြိမ်းခြောက်ပြီး ခိုင်းစားတော့

မှာမဟုတ်လား၊ အဲလို အစီအစဉ်တွေနဲ့ မက်လုံးပေး သိမ်းသွင်းခဲ့တာ

ဖေဖေ လူကြီးလူကောင်း မဆန်ဘူး"

"ဒါ စီးပွားရေးလုပ်တာကွ၊ ကစားနေတာ မဟုတ်ဘူး၊ ရင်းနှီး

မြှုပ်နှံတယ်ဆိုတာ အကျိုးအမြတ်ရဖို့ပဲ၊ ငွေအတွက် အလုပ်လုပ်နေတာ

ဘယ်သူ့မျက်နှာမှ မကြည့်နိုင်ဘူး"

"အကျိုးအမြတ်အတွက် ရင်းနှီးမြှုပ်နှံတာကို ကျွန်တော် နား

လည်တယ် ဖေဖေ၊ မတော်မတရား မျိုချရင် လည်နင်မှာကို စိုးရိမ်လို့

သတိပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါသာ စင်တင်မပေးရင် မိချောကနေ မိုးမြင့်အိန္ဒြေဆိုတာ ဖြစ်လာမှာမဟုတ်ဘူး၊ သူကသာ ငါ့ကို ကျေးဇူးတင်ရမှာ"

"မှန်ပါတယ် ဒါပေမဲ့ မိုးမြင့်အိန္ဒြေဖြစ်လာဖို့ သူ့ဘက်က ကြိုးစား အားထုတ်မှုမရှိရင် ဖေဖေ ရင်းနှီးမြှုပ်နှံခဲ့တာတွေက အလကားပါပဲ သူနဲ့ကိုယ့်ကြားမှာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတဲ့ အပြန်အလှ ကျေးဇူးတရားတွေရှိတာ မေ့ပစ်လို့ မဖြစ်ဘူး ဖေဖေ၊ အကျိုးအမြတ် မရနိုင်တဲ့သူဆို ဖေဖေ အနစ်နာခံပြီး စေတနာ မေတ္တာအပြည့်အဝနဲ့ စင်တင်ပေးပါ့မလား၊ ကိုယ်ကသာ ကျေးဇူးရှင်သူတော်ကောင်းကြီးဖြစ် ချင်နေတာ တရားသလား၊ ထိုက်သင့်သလောက်ဆို တော်ပြီပေါ့၊ မစား ကောင်းတဲ့အသီးကို စားရင် အန်ထွက်လိမ့်မယ်"

ဦးကျော်စိုးလွင် တကဲ့ခေါက်ကာ ခါခနဲဖြစ်သွား၏။

"ဒါ ငါ့အလုပ် ငါ့စီးပွားရေး၊ မင်းဘာမှ စွက်ဖက်ဝေဖန်စရာ မလိုဘူး"

"ချောင်ပိတ်ခံထားရမှန်းသိရင် ဖေဖေ့ကို သူယုတ်မာကြီးလို့ မြင်သွားလိမ့်မယ်၊ ဖေဖေ ဒီလို ချမ်းသာအောင် အထောက်အပံ့ပေးနေ သူ့ကို ဖေဖေလည်း ကျေးဇူးတင်ထိုက်တာပဲ၊ ငါ စင်တင်ပေးလို့သာ သူ ဒီလိုဖြစ်လာတယ်၊ ငါ့ကိုပဲ ကျေးဇူးတင်ရမယ်၊ အကျိုးအမြတ် ငါ စားမယ်ဆိုတာ တစ်ကိုယ်ကောင်းစိတ်ပါ ဖေဖေ၊ သူ ကျေနပ်အော





သူ့အတွက် စဉ်းစားပေးမှ ကျေးဇူးရှင်အစစ်အမှန်ဆိုပြီး ဖေဖေ့ကို တစ်သက်လုံး ကျေးဇူးတင်နေမှာပေါ့"

"မလိုဘူး ကျေးဇူးဆိုတာ ပြုတ်သုပ်စားလို့မှမရတာ၊ အကျိုး အမြတ်အတွက် ရင်းနှီးမြှုပ်နှံခဲ့တာ၊ အေး အဲဒီအကျိုးအမြတ်ကို သူ ပိုင်ဆိုင်ချင်စိတ်ရှိတယ်ဆိုရင်"

ဦးကျော်စိုးလွင် စကားကို ထိုနေရာမှာတင်ရပ်ပြီး နက်ရှိုင်းသော စိတ်ကူးယဉ်မှုများနှင့် ပြုံးလိုက်သည်။

ထိုအပြုံး၏နောက်ကွယ်မှာ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

အခုတလော အတွေးပေါင်းစုံနှင့် အလုပ်လုပ်ရတာတောင် စိတ် မပါ။ ဦးကျော်စိုးလွှင်ရဲ့ မတော် [illegible] ကြီးကို မင်းမကိုင်နဲ့ ပြောပြ သေချာသိရတာ။

သိန်းတစ်ထောင်နီးပါး ရထားသောငွေတွေကို ဦးကျော်စိုးလွှ နည်းနည်းလေးတောင် သူမကို အသိမပေး။ နောက်ထပ် လက်ခံထ တာတွေလည်း ရှိနေသေးကာ သူမမှာတော့ တစ်ရက်မှ နားနားနေ မနေရ။

ကိုယ်ဝါသနာပါရာအလုပ်မို့ ညည်းညူတာတွေ စိတ်ပျက်တ တွေ မရှိပေမယ့် ရွာက မိသားစုအတွက်တောင် ငွေမပို့နိုင်တော့ မ မကိုင်နဲ့ပြောသလို ဦးကျော်စိုးလွှင် လုပ်ရပ်တွေ မတရားတာ ပိုပြီး သိ သည်။





ဘကယ်ကို မိဘတွေကို ပေးခဲ့သော ငွေဆယ့်ရှစ်သိန်းအတွက် သုံးနှစ်လုံးလုံး ဒီအတိုင်းပဲ ဦးကျော်စိုးလွှင်ကို ပေးဆပ်ရတော့မှာလား။ ဘာမှမသိနားမလည်ဘဲ စာချုပ်မှာ လက်မှတ်ထိုးခဲ့မိတာ မိမိအမှားပင်။ ငွေဆယ့်ရှစ်သိန်း ထုတ်ပေးခဲ့တာ။ ဟိုအချိန်ကတော့ တကယ့်ကို တန်ဖိုး ရှိပြီး ကျေးဇူးတွေ တင်နေတာပါ။

''အမလေး မိချောရယ်၊ ပုပု ဘယ်လိုလုပ်ရမလဲ''

''ဟင် ပုပု ဘာဖြစ်လို့လဲ''

အိမ်ရှေ့မှာထိုင်ပြီး အတွေးတွေနှင့် လွင့်မျောနေဆဲမှာ ဒေါ်စိန်ပု ငိုကြီးချက်မနှင့် အနားရောက်လာတာမို့ ပျာပျာသလဲ မေးလိုက်ရသည်။ ဒေါ်စိန်ပုက မျက်ရည်လည်ရွဲနှင့် တစ်ချက်ရှိုက်ပြီးမှ

''ရွာကညီမလေးဆုံးသွားပြီတဲ့၊ အခုပဲဖုန်းလာတယ်၊ ယောက်ျား က သူ့အရင်ဆုံးပြီး ကလေးသုံးယောက်တောင် ကျန်သေးတာ၊ သဲနား ရောကောင်းတဲ့ ငါ့ညီမလေး၊ ဒီအစ်မထက်တောင် အရင်သေရသလား''

အော်ပြီး ငိုနေတာမို့ မိချောရင်ထဲတောင် ဆို့တက်လာသည်။ ဒေါ်စိန်ပု လက်ကလေးကို နှစ်သိမ့်သလို ဖိဆုပ်ညှစ်ပြီး

''ဒါဆို ပုပု ရွာပြန်ရမှာပေါ့''

''ပြန်ရမှာပေါ့ကွယ်၊ ကျန်ခဲ့တဲ့ ကလေးတွေ ပုပု မစောင့်ရှောက် လို့ ဘယ်သူစောင့်ရှောက်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ပုပု ပြန်မလာတော့ဘူးလား"

"ပြန်လာလို့ ဘယ်ရပါတော့မလဲ၊ ကလေးတွေက ကျောင်းနေ... အရွယ်ပဲ ရှိသေးတာ၊ လယ်တွေယာတွေ ရှိတာကလည်း အကြီးကောင်က... လုပ်နိုင်ပြီမလားမသိပါဘူး။ အဲဒါကတော့ ဟိုကျမှ ကြည့်စီမံရတော့မှာပဲ"

"ပုပုရယ် အဲလိုကြီး ခွဲရမှာ မိချော စိတ်မကောင်းဘူး။ ဦးကျော်... စိုးလွင်ကိုရော ပြောပြပြီးပြီလားဟင်"

"ဖုန်းလာတဲ့အချိန်မှာ သူလည်း ဧည့်ခန်းထဲမှာ ရှိနေတော့... တကူးတက ပြောစရာမလိုဘူးလေ၊ လစာအပြင် နာရေးအတွက်ဆိုပြီ... တစ်သိန်းထုတ်ပေးလိုက်တယ်၊ အဲဒီငွေတောင် ဒီအတိုင်း စားပွဲပေါ်တင်... ထားပြီး မိချောလေးဆီ ပြေးလာတာ၊ ပုပုလည်း မိချောလေးကို သံယော... ဇဉ် ဖြစ်နေတာပါ"

"ပုပုရယ်"

မိချောလည်း ဒေါ်စိန်ပုကိုဖက်ကာ မျက်ရည်ကျမိသည်... ယောက်ျားသားချည်းနေသော အိမ်မှာ ဒေါ်စိန်ပုလို လူကြီးတစ်ယောက်... ရှိနေလို့ သူမတို့ အနေသင့်တော်တာပါ။ မဖွယ်မရာ ဘာမှမဖြစ်နိုင်ဘူး... ပေမယ့် မီးဖိုချောင်ကိစ္စချက်ဖို့ ပြုတ်ဖို့ မြနှင်းက ဘာမှနားမလည်တာ... ဒေါ်စိန်ပု မရှိတာ အခက်အခဲတော့ ဖြစ်နိုင်သည်။

"ဟင် အဒေါ်ကြီး"





မိချော အတွေးလက်ခနဲ ဖြစ်သွားသည်။ အဒေါ်ကြီးကလည်း ဒေါ်စိန်ပု အရွယ်မရှိတရှိပဲ။ နေပူထဲမှာ ဟိုဟာဒီဟာ လည်ရောင်းတာထက် နေရိပ်ထဲမှာ လုပ်ရတာ အဒေါ်ကြီး အနည်းအပါးတော့ သက်သာပေလိမ့်မည်။

"ပုပု ဘယ်ချိန်ပြန်မှာလဲ"

"ဒီည ရထားနဲ့လိုက်မှ မနက်ဖြန် မြေချမီမှာ"

"ဟုတ်ပါပြီ မိချောရှိတဲ့ငွေလေး ပုပုကိုပေးလိုက်ဦးမယ်၊ မင်းမကိုင်ရှိက တခြားရှူတင်ဆက်နေလို့ ပြန်လာလို့ မိရင် ပုပုကိုပေးဦးမှာပါ၊ မငြင်းနဲ့နော်၊ ပေးတာကိုယူသွား၊ နောက် ငွေရေးကြေးရေး အကူအညီ လိုလည်း ဖုန်းဆက်ပါနော် ပုပု"

"အေးပါကွယ် မိချောကို ပုပု သတိရနေမှာပါ"

ထိုညက ပုပု ပြန်သွားချိန်ထိ မင်းမကိုင်ရှိ ပြန်ရောက်မလာ။ ပုပုက ညစာအတွက် ပြင်ဆင်ပေးခဲ့သေးတာမို့ ဦးကျော်စိုးလွင်နှင့် သူမ ခြောက်သွေ့စွာပင် ထမင်းစားရသည်။ ကိုယ်က အဒေါ်ကြီးကိုခေါ်ဖို့ ဦးကျော်စိုးလွင်ကို ပြောဖို့ စဉ်းစားနေဆဲမှာပင် ဦးကျော်စိုးလွင်က ထမင်းစားပြီးလျှင် စာကြည့်ခန်းထဲမှာ စကားပြောရအောင်ဟု ခေါ်သွားသည်။

"မင်းကို မင်းမကိုင်ရှိ ဘာတွေပြောသေးလဲ"

"ရှင်"



www.burmeseclassic.com

"ငွေရေးကြေးရေးကိစ္စပြောတာ၊ ဦးကို မတရားဘူးစွပ်စွဲပြီး ကွဲသွားတယ်၊ မိချောကရော ဘယ်လိုထင်လဲ"

"မိချော သိပ်နားမလည်ပါဘူး၊ ဒါပေမဲ့ ဦးအနေနဲ့ မိချော အပေါ် အနည်းအကျဉ်း ခွဲဝေပေးမယ်လို့ မျှော်လင့်ပါတယ်"

"အနည်းအကျဉ်း မဟုတ်ဘူး၊ ဦးက အပြည့်အဝ အကုန်လုံး ပေးချင်တာ"

"ရှင် ဦး တကယ်ပြောတာလား"

သူမ ဝမ်းသာအားရလေး ဖြစ်သွားတော့ ဦးကျော်စိုးလွင်က အဓိပ္ပာယ်တွေနှင့် ပြုံးသည်။ ပြီးတော့ စူးစူးနင့်နင့် စိုက်ကြည့်နေရင်း

"ဦးနဲ့လက်ထပ်လိုက်ရင် ဦးပိုင်ဆိုင်သမျှတွေလည်း မိချော အားလုံးပိုင်ဆိုင်ရမှာပေါ့"

"ဘာ"

ဒီလိုပြောလိမ့်မည် မထင်တာကြောင့် သူမအသံက ကတုန် ကယင်နှင့် ဆောင့်ခနဲ ထွက်သွားသည်။ သူမ နှုတ်ခမ်းဖျားလေးတွေ တဆတ်ဆတ် တုန်ပြီး မျက်ခမ်းစပ်လေးတွေ နီရဲသွားတာကို ဦးကျော်စိုး လွင်က ဂရုမစိုက်ပါ။

"မိချော အောင်မြင်မှုကြောင့် ရလာတဲ့ငွေက ဦးစီးနေတဲ့ ကားတစ်စီးစာတောင် မရှိသေးပါဘူး၊ ဒီလောက်ငွေနဲ့ မာန်တက်နေ





...ဘဲ နာမည်ဆိုတာ အခုတက်နေပေမယ့် အခုချက်ချင်းလည်း ကျသွား ...တယ်၊ ဆိုလိုတာက မိချော အနာဂတ်က ဦးလက်ထဲမှာ"

"မိချော အောင်မြင်မှုကို မက်မောပါတယ်၊ ဒါပေမဲ့ အညစ် အကြေး စွန်းထင်းမှုရမယ်ဆိုရင် စွန့်လွှတ်ရဲတဲ့သတ္တိလည်း ရှိပါတယ် ...ဦးကို လူကြီးလူကောင်းတစ်ယောက်အနေနဲ့ ကျေးဇူးရှင်တစ်ယောက် အနေနဲ့ပဲ လေးစားနေပါရစေ၊ ဒီလိုချည်နှောင်မှုမျိုးနဲ့ မိချောဘဝကို တစ်သက်လုံး သိမ်းသွင်းဖို့ မကြိုးစားပါနဲ့"

"အဟော် ဦးက သဘောပြောတာပါ၊ စာချုပ်အတိုင်းဆို သုံးနှစ် အထိ မိချော ဘာခံစားခွင့်မှ မရှိလို့ စေတနာနဲ့ ဒီလိုလုပ်ရင် ဒီလိုဖြစ် ...ယ်ဆိုတာ ပြောပြတာပါ"

ကိုယ်ပြောချက်... အပေါ် ... ဝန်မဲ့စွာ ဘာမှမဖြစ် သလို ခပ်ပေါ့ပေါ့ ဖြေလိုက်၍ ဦးကျော်စိုးလွင် စိတ်မာတ်ကို စက်ဆုပ် ရွံရှာသွားမိသည်။ မင်းမကိုင်ရဲ့ ပြောခဲ့တာတွေ ကြားဖူးထားပေမယ့် ဒီ လောက်ထိ ကောက်ကျစ်လိမ့်မည် မထင်မိ။

ပိုးမွှေးသလိုမွှေးကာ သွေးအေးအေးနှင့် ရေရှည်စီမံကိန်းဆွဲ ပြီး သိမ်းသွင်းဖို့ ကြိုးစားနေတာပါလား။

ဆုပ်လည်းဆူး၊ စားလည်းရှူးအခြေအနေမို့ လွယ်လွယ် ...ဆုံး ...ကလို့တော့ မဖြစ်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



''ဦးပြောခဲ့တာတွေ မိချော မကြားဘူးလို့ပဲ အောက်မေ့လိုက်
ပါ့မယ်၊ စာချုပ်ထဲကအတိုင်း သုံးနှစ်လုံးလုံး မိချောဘက်က ဘာရှေ
လင့်ချက်မှ မထားတော့ပါဘူး။ ဦး စားထိုက်လို့ စားတယ်၊ မိချောဘက်
ပေးဆပ်သင့်လို့ ပေးဆပ်ရတယ်လို့ပဲ သဘောထားပါ့မယ်၊ ဒါဆိုရင် ဦ
ဘက်က ဒီလိုစကားမျိုး နောက်ထပ်မပြောမိအောင် ကြိုးစားပေး
မကြဲစည်အပ်တာကို မကြံစည်ပါနဲ့၊ မသိနားမလည် ရိုးသားတာကို ကိုယ်
ကျိုးအတွက် အသုံးချပြီး အကျိုးအမြတ်တွေ ရနေတာနဲ့ပဲ ကျေနပ်ပေး

''မင်း အပြောကောင်းတယ်၊ ဒီလို မက်လုံးပေးလိုက်တာ
ငါ့အနားမှာ ပုံကျလာတဲ့သူတွေ အများကြီးပါ၊ မင်းကတော့ မာနနဲ့
ကိုယ်ကျင့်တရားကို ကာကွယ်ထားတာ လေးစားဖို့ကောင်းပါတယ်
ဒါပေမဲ့ ဘယ်လောက်ထိ ခံမလဲဆိုတာ ငါ စောင့်ကြည့်မယ်''

''ဦးမှာ ဘယ်လိုနည်းလမ်းတွေရှိနေသေးလဲဆိုတာ မိချော မေ
ပါဘူး၊ မိချောဘက်ကတော့ အဲဒီ ဂုဏ်သိက္ခာကို တစ်သက်လုံး ကာကွယ်
သွားမယ်ဆိုတာ ကတိပေးတယ်၊ ထားပါ ဒါတွေက ပုဂ္ဂလိက ကိုယ်ရေး
ကိုယ်တာပဲ၊ ဒီအိမ်အတွက်ပဲ မိချောဘက်က တောင်းဆိုစရာရှိတယ်''

''ပြောကြည့်လေ''

''ဒေါ်စိန်ပု မရှိတော့ဘူးဆိုတော့ ချက်တဲ့ပြုတ်တဲ့နေရာ
အိမ်အကူတစ်ယောက်လိုတယ်၊ မြနှင်းက အဲဒါတွေ မကျွမ်းကျင်ဘူး''





''အဲဒီတော့''

''ဒေါ်စိန်ပုနေရာမှာ အစားထိုးဖို့ မိချောနဲ့ပတ်သက်ခဲ့တဲ့ အဒေါ်
ကြီးကို ခေါ်ချင်ပါတယ်၊ အားလုံးအတွက် အဆင်ပြေအောင်လို့ပါ''

''မင်း အာမခံသလား''

''ဘာကိုလဲ''

''အခုခေါ်မယ့် အဒေါ်ကြီးရဲ့ အကျင့်စာရိတ္တ၊ ပြီးတော့ စပ်စု
တတ်တာ၊ ဝေဖန်တတ်တာ ငါက မကြိုက်ဘူး''

''တာဝန်ယူနိုင်ပါတယ်၊ အဒေါ်ကြီးက ရိုးသားတဲ့သူတစ်ယောက်
ပါ''

''ကောင်းပြီလေ၊ မင်းအဲလို အိမ်အတွက် စီမံနေတာ အိမ်ရှင်မ
တစ်ယောက်နဲ့ တူတယ်၊ မင်းစိတ်ပြောင်းသွားရင် ပိုင်ဆိုင်မှုတွေ မက်မော
သာတဲ့နေ့ကျရင် ငါ့ကို အချိန်မရွေး အကြောင်းကြားပါ၊ အကုန်ပုံအပ်
ဖို့ တင့်တောင့်တင်တယ် ထားပါ့မယ်''

မထီမဲ့မြင် ပြောနေပုံက မိန်းကလေးတွေကို အထင်သေးနေတာ
သိသာနေသည်။ တခြားမိန်းကလေးတွေကို ဦးကျော်စိုးလွင် ဒီပုံစံမျိုးနှင့်
မက်လုံးပေး ဖြားယောင်းနေခဲ့တာဖြစ်မည်။ ဥစ္စာရှူးလို့ ပြောရမလား၊
ဘဏ္ဍာရှူးလို့ ပြောရမလား။

ဟင့်အင်း တဏှာရှူးတော့ မဖြစ်နိုင်။ တို့ထိပွတ်သပ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးယူတာမျိုးမှ သိပ်မရှိဘဲ။

အောင်မြင်နေချိန်မှာ လူကိုရော ငွေကိုရော လွယ်လွယ်လေး

သိမ်းပိုက်ထားချင်တာပဲ ဖြစ်လိမ့်မည်။

ဒါဆို မလိုချင်လျှင် ကန်ထုတ်ဖို့လည်း ဝန်မလေးဘူးပေါ့။

တော်တော် ကြောက်စရာကောင်းပါလား။

တစ်နေ့နေ့တော့ ဒီအပြစ်ဒဏ်တွေကို ဦးကျော်နိုးလွင် မခံစား

ဘဲနေမှာမဟုတ်။

ဒီအကြောင်းတွေ မင်းမကိုဌ်ကို ပြောပြသင့်လား။

မင်းမကိုဌ်သိလျှင် သူ့အဖေကို ပေါက်ကွဲနေဦးမည်ထင်သည်

ရင်ထဲမှာပဲ သိမ်းထားလိုက်တာက . . ။

■ ■ ■



## အခန်း (၂၉)

"မင်းမျက်နှာ မကောင်းဘူး။ ဘာဖြစ်နေတာလဲ မိချော"

"ဟင် ဘာ ဘာမှမဖြစ်ပါဘူး။ ပုပုမရှိတော့ ပုပုကို သတိရလို့

ပါ"

"ကိုယ်လည်း စိတ်မကောင်းပါဘူး။ အချိန်မီရောက်မလာနိုင်လို့

ပုပုကို မုန့်ဖိုးလေးတောင် မပေးလိုက်ရဘူး။ အဲဒီနေ့က အရမ်းပင်ပန်း

လို့ ဆိုင်မှာ ဘီယာဝင်သောက်နေတာနဲ့ နောက်ကျသွားတာ၊ ဒီနေ့တော့

နေ့လယ်မှ ရှူတင်သွားရမှာဆိုတော့ မနက်စာစားပြီးရင် ကောင်းကောင်း

အနားယူလိုက်ဦးမယ်"

"အနားမယူဘဲ မိချောကို ကားနဲ့လိုက်ပို့ပါလား"

"ဟင် ဘယ်ကိုလဲ၊ မင်းလည်း နေ့လယ်မှ ကားရိုက်ရှိတာ

မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဲဒါကြောင့် အခု မနက်ပိုင်း အဒေါ်ကြီးကို သွားခေါ်ဖို့ စဉ်းစားနေတာ"

"အဒေါ်ကြီး"

မင်းမကိုဋ္ဌက နားမလည်သလို ရေရွတ်ရင်း မိချောအနားတိုး ကပ်လာသည်။ ညှိုးနွမ်းနွမ်းဖြစ်နေသော မိချော မျက်နှာလေးကို မြတ်နိုး မဝစွာ ငေးကြည့်၏။

မိချောက ပြတင်းပေါက်ဘက်ကို မျက်နှာလှည့်သွားပြီး

"ပုပု မရှိတော့ အဒေါ်ကြီးကိုခေါ်ထားဖို့ ရှင့်အဖေဆီမှာ တောင်းဆိုထားတယ်၊ သူလည်း နေပူထဲမှာ ဈေးရောင်းရတာလောက် မပင်ပန်းတော့ဘူးပေါ့၊ ပြီးတော့ မိချောအတွက်လည်း လုံခြုံမှုရှိအောင်"

"ဟင် မိ မိချော ဘာဖြစ်၊ ဟို ဘာတွေထိခိုက်မှုရှိ"

မင်းမကိုဋ္ဌ ပျာပျာသလဲ ဖြစ်ကာ မေးခွန်းတွေပင် အစီစဉ်မကျ ပါ။ မိချောက မျက်လွှာလေးတစ်ချက်ပင့်ကြည့်ပြီး ခေါင်းရမ်း၍

"မိချော ဘာဖြစ်တယ်ဆိုတာ အရေးမကြီးပါဘူး၊ အဒေါ်ကြီး ကိုသွားခေါ်မှာ လိုက်ပို့မှာလား မပို့ဘူးလား"

"အင်း ပို့မယ်လေ၊ အခုသွားမှာလား"

"အခုပဲ၊ နည်းနည်းပါးပါးတော့ ရုပ်ဖျက်လိုက်ဦး၊ မိချောလည်း လုပ်ရဦးမယ်"





ဘယ်သူရယ် ဘယ်ဝါရယ်လို့ အလွယ်တကူ မမှတ်မိအောင် နှစ်ယောက်သား အိမ်နေရင်း အဝတ်အစား ခပ်နွမ်းနွမ်းလေးတွေဝတ် ၍ မိချောက ရွာမှာနေခဲ့သလို သနပ်ခါးပါးကွက်ကြား ဆံပင်ကို ဖြစ်သလို ထုံးနှောင်ကာ တောသူမလေး မိချော ပြန်ဖြစ်သွားသည်။

မင်းမကိုဋ္ဌက ဆံပင်တွေကို မသေမသပ် ပွရောင်းရောင်း ဖြစ် အောင် လုပ်၍ ပုဆိုးကိုခပ်တိုတိုပြင်ဝတ်ပြီး နှုတ်ခမ်းမွှေးရေးရေး ပါးမြိုင်း မွှေးရေးရေးကို အတုတပ်ကာ နေကာမျက်မှန်ကြီးနှင့်ဆိုတော့ တောခေါ်လီ သိုလို့။

"ဟင်း ဟင်း ဟင်း"

"ဟား ဟား ဟား"

တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ မတိုင်ပင်ဘဲ ရယ်မိကြ သည်။ ဒါကို ညေခန်းတွင်းမှာထိုင်နေသော ဦးကျော်စိုးလွင်က မလိုလား မျက်မှောင်ကြုတ်ကြည့်နေသည်။

ဒါကို သတိထားမိသော မိချောက ဦးကျော်စိုးလွင်ကို အရွဲ့ တိုက်ချင်စိတ်နှင့် မင်းမကိုဋ္ဌ လက်မောင်းကို တွဲဆုပ်ကိုင်လိုက်သည်။

"ဒါက မင်းတို့နှစ်ယောက် ဘယ်လဲ၊ အပြင်မှာ တွဲသွားတွဲလာ ချင်လို့မဖြစ်ဘူး၊ မင်းတို့ နားမလည်ဘူးလား"

"အခုပုံစံက မိုးမြင့်အိမ်ခြွေနဲ့တူလို့လား ဖေဖေ၊ တောသူမလေး



www.burmeseclassic.com

www.burmeseclassic.com



မိချော မဟုတ်လား။ သေချာကြည့်ပါဦး၊ ကျွန်တော့်ကိုလည်း မင်းမကိုင် လို့ အလွယ်တကူမမှတ်မိနိုင်ပါဘူး။ အရမ်းကြီးလည်း မစိုးရိမ်ပါနဲ့၊ ကျွန် တော်တို့ အောင်မြင်မှုတွေကို ကျွန်တော်တို့ ထိန်းနိုင်ပါတယ်''

''တော်စမ်း မင်း စကားမရှည်နဲ့၊ မိချောကို ငါ လိုက်ပို့လို မယ်''

''နေပါစေ ဦး၊ မိချော မကိုင်နဲ့ပဲ သွားလိုက်ပါ့မယ်၊ အဒေါ်ကြီး ကို မကိုင်က တစ်ခါတွေ့ဖူးထားလို့ အဒေါ်ကြီးကို ခေါ်ရမှာပိုပြီး အဆင် ပြေနိုင်ပါတယ်၊ လာ မကိုင် သွားရအောင်''

ဦးကျော်စိုးလွင် ဘာမှထပ်မပြောနိုင်ခင်မှာပင် မကိုင်လက် ဆွဲ၍ ထွက်လာခဲ့သည်။ ဦးကျော်စိုးလွင် မခံချိ မခံသာဖြစ်ကျန်ခဲ့ သိပေမယ့် ဂရုစိုက်ချင်စိတ် မရှိတော့။

လူငယ်တွေမှာလည်း လုပ်ပိုင်ခွင့်ရှိတာ ဦးကျော်စိုးလွင် သိ ဖို့လိုသည် မဟုတ်လား။ ကိုယ့်လက်ထဲမှာပဲ အရာအားလုံးကို ဆုပ် ထားချင်ရအောင် သက်မဲ့အရာဝတ္ထုတွေမှ မဟုတ်ဘဲ။

■ ■ ■



## အခန်း (၃၀)

''အဲလို အခက်အခဲတွေကြောင့် မိချောတို့ လာခေါ်တာပါ၊ ခဲ့ပါနော် အဒေါ်၊ အလုပ်ကတော့ အရမ်းမပင်ပန်းစေရပါဘူး''

''ဟုတ်ပါတယ် အဒေါ်ရယ်၊ ဒီမှာ အဒေါ်တစ်ယောက်တည်း ကန့်ရှာဖွေ စားသောက်ရတာလည်း ပင်ပန်းမှာပေါ့၊ အသက်ကြီးလို့ မာရေးမကောင်းတဲ့အချိန်မှာ ပြုစုမယ့်သူလည်း ရှိမှဖြစ်မှာပေါ့၊ တော်တို့အိမ်မှာ အလုပ်လုပ်ဖို့ ခေါ်တယ်ဆိုပေမယ့် ကျန်းမာရေး ရေး အစစ စောင့်ရှောက်ပေးမှာပါ''

မိချောနှင့်မင်းမကိုင် ဘယ်လိုပြောပြော ခေါ်မြတ်သင်္ဂါ ငြိမ်သက် ဆိတ်နေဆဲပင်။ တစ်ခုခုကို အလေးအနက် စဉ်းစားတွေးတောနေ ပြီး ခဏအကြာမှာ သက်ပြင်းရှိုက်သံ လေးလေးပင်ပင် ကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"အဒေါ်မှာ အဲလို အိမ်ကူအလုပ်ကိုလုပ်ဖို့ ဆန္ဒမရှိတာဆိုရင်တော့ ကျွန်တော်တို့ ဖွတ်အတင်း မခေါ်တော့ပါဘူး။ ကျွန်တော်တို့အဒေါ့်ကို သံယောဇဉ်ရှိနေလို့ မျက်စိအောက်မှာ စောင့်ရှောက်ချင်စိတ်လည်း ရှိနေကြလို့ပါ။ ဟို အဒေါ်မှာ အနှောင်အဖွဲ့ အတွယ်အတာမရှိဘူးဆိုတော့"

"အဒေါ့်မှာ သားတစ်ယောက်ရှိတယ်"

"ဗျာ"

"ရှင်"

"ဒါပေမဲ့ သားလေး သေသလား၊ ရှင်သလားဆိုတာ အဒေါ်မသိဘူး။ အခု ထောင်ကထွက်လာကတည်းက လူတစ်ယောက်ကို စုံစမ်းဖို့ အဒေါ်ကြိုးစားနေတာ"

"ဟင် ထောင် ထောင်က ထွက်လာတာ အဒေါ်က"

"ဟုတ်ရဲ့လား အဒေါ်ရယ်၊ အဒေါ် ထောင်ကျတယ်ဆိုတာဘာအမှုနဲ့လဲဟင်၊ ဘယ်နှနှစ်ကျလို့လဲ၊ မိချောတို့နဲ့ မလိုက်ချင်လို့ အဒေါ်ကို ခေါ်ချင်စိတ်မရှိအောင် လျှောက်ပြောနေတာမဟုတ်လား"

မင်းမကိုနှင့်မိချောက မယုံ။ အနေစုတ်ပေမယ့် ရွှေထုပ်သူမြပဝါဆိုသလို အဒေါ်ကြီးပုံစံက အဝတ်အစားတွေ နွမ်းဖတ်ပေမယ့်





အရေးအကြောင်း မတင်သေးသော မျက်နှာက အရွယ်တင်ကာ ကျက်သရေရှိနေဆဲပင်။

သူတို့ရဲ့အံ့ဩမှုကို ဒေါ်မြတ်သဂါက ခပ်လေးလေး ခေါင်းရမ်း၍ အတည်ပြုလိုက်၏။

"မင်းတို့လေးတွေကို အဒေါ်လည်း သံယောဇဉ်ဖြစ်မိလို့ ဘာမှ ကွယ်မထားချင်ပါဘူး။ နောက်မှ ထောင်ထွက်တစ်ယောက်မှန်းသိပြီး ငြင်ခံရမှာကို စိုးရိမ်တယ်၊ မင်းတို့မိဘတွေကရော ဒါကိုသိသွားရင် လက်ခံချင်ပါ့မလား။ အဒေါ်မှာလည်း လုပ်စရာအလုပ်တွေ ရှိနေသေးလို့ပါ"

"ဟို အဒေါ်ရှာနေတယ်ဆိုတဲ့ တစ်ယောက်က"

"သားရဲ့အဖေ"

"ဗျာ"

"ဒါတွေကို မင်းတို့ကိုပြောပြဖို့ အပူတွေမျှဝေပေးမိသလိုလည်း ဖြစ်မှာစိုးတယ်၊ တကယ်တမ်းက သားရဲ့အဖေက အဒေါ့်ကို ထောင်ကျအောင်လုပ်လိုက်တာ၊ အချိန်ကာလနည်းနည်းမှမဟုတ်တဲ့ အနှစ်နှစ်ဆယ် ကျော်တောင်"

"ရှင် ဘာအမှုနဲ့လဲဟင်"

"တားမြစ်ဆေးသုံးစွဲမှု၊ လက်ဝယ်ထားရှိမှု၊ လက်ဆင့်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်ဖောက်ကားမှုတဲ့ မင်းတို့မေးလိမ့်မယ်၊ အဒေါ် တကယ်သုံး ခဲ့သလား၊ လုပ်ခဲ့သလားလို့ အဒေါ် ဘာမှမသိခဲ့ရပါဘူး၊ မတရားမှုမှန်း သိပေမယ့် အယူခံဝင်လို့မရအောင် သက်သေတွေက ခိုင်လုံနေခဲ့တယ် စနစ်တကျကို ယောင်ချောက်ဆင်ခံလိုက်ရတာ''

''ဟာ ရက်စက်ယုတ်မာလိုက်တာ၊ အဒေါ် ပျောက်သွားတဲ့ သားရဲ့အဖေဆိုတာ အဒေါ့်ရဲ့ယောက်ျားပဲမဟုတ်လား၊ ဘာလို့များ လုပ်ကြံ ကင်းမဲ့ရတာလဲ''

အဒေါ်ကြီးကိုသနားမိကာ မင်းမကိုဋ္ဌ မခံမရပ်နိုင် ဒေါသဖြစ် သွားရသည်။ မိချောက အဒေါ်ကြီးလက်ကို နှစ်သိမ့်သလို ဖျစ်ညှစ်၍ ဆုပ်ကိုင်ထား၏။

''အဒေါ် ထောင်ကျတဲ့အချိန်မှာ ကလေးကို ဘယ်သူနဲ့ထား တာလဲ၊ ကလေးကရော ဘယ်အရွယ်လောက် ရောက်နေပြီလဲဟင်''

''သုံးလသားအရွယ်လောက်ပဲ ရှိဦးမယ်၊ သူက တရားဝင် လက်ထပ်တာမဟုတ်ဘဲ ကိုယ်ဝန်ရှိတာကို မကျေနပ်ဘူး၊ ကလေးကို ဖျက်ချဖို့ ခဏ ခဏ တိုက်တွန်းတယ်၊ ပြောရရင် အဲဒီကလေးကို အောင်မြင်မှုတွေနဲ့ လဲယူထားရတာပါ''

''အောင်မြင်မှုတွေနဲ့ လဲယူရတာ၊ အဒေါ့်ဘဝက စိတ်ဝင်စားဖို့ ကောင်းလိုက်တာ၊ မိချောတို့ကို သေချာပြောပြပါလားဟင်''





''ဒီလောက်ပဲ သိထားလိုက်ပါကွယ်၊ ဒါတောင် အဒေါ့်ရဲ့အပြစ် ကြောင့် ထောင်ကျခဲ့တာမဟုတ်ဘူးလို့ မိချောတို့ကို သိစေချင်လို့ပါ''

''ဘာပဲဖြစ်ဖြစ် အဒေါ်ရယ်၊ မိချောတို့အိမ်ကို လိုက်ဖြစ်အောင် လိုက်ခဲ့ပါနော်၊ အဒေါ့်ရဲ့အတိတ်ကို မဟုတ်ဘဲ အခုလက်ရှိဘဝလေးကို မိချောတို့ သံယောဇဉ်ဖြစ်မိနေလို့ပါ''

''ဟုတ်ပါတယ် အဒေါ်၊ အဒေါ့်ရဲ့အားနည်းချက်ကို ကျွန်တော် တို့ မငြိုငြင်မိစေရပါဘူး၊ လိုက်ခဲ့ပါနော် အဒေါ်''

ဖွတ်အတင်းကို မရမက တတွတ်တွတ် ခေါ်နေကြတော့ ဒီ ကလေးတွေကို ဒေါ်မြတ်သင်္ဂါ အားနာလာသည်။

မိမိသားလေးသာ အသက်ရှင်လျက် ရှိနေသေးလျှင် သူတို့လေး တွေရဲ့အရွယ်လောက်ရှိရောပေါ့။ သူတို့လေးတွေကိုလည်း သားသမီးရင်း နှင့်မခြား သံယောဇဉ်ရှိနေပြီမို့ ငြင်းလည်းမငြင်းရက်နိုင်တော့ပါ။

''အဒေါ်တစ်ခုတော့ တောင်းဆိုထားပါရစေ၊ ထောင်ထဲမှာရှိနေ တုန်းမှာ သားလေးက အိမ်နားနီးချင်းတစ်ယောက်နဲ့ ကျန်နေခဲ့ရတာလေ၊ သူက ထောင်ဝင်စာလာတွေ့ပြီး ပြောတယ်၊ သားလေးကို အခိုးခံလိုက်ရ တယ်တဲ့၊ အဒေါ့်ရဲ့စိတ်အထင်က သူ့အဖေက အဒေါ် ထောင်ကထွက် လာရင် ဒီကလေးကို အကြောင်းပြပြီး သူ့ကိုတွယ်ကပ်နေမှာစိုးလို့ ကလေး ကို အစဖျောက်ပစ်လိုက်တယ်လို့ ယုံကြည်နေတယ်၊ အဲဒါကြောင့် အဲဒီလူ



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့ရင် သားလေးနဲ့ပတ်သက်ပြီး သိရမှာပဲ''

''အဲဒီလူ ဘယ်သူလဲဆိုတာ ပြောလို့ရရင် ပြောပါ အဒေါ် ကျွန်တော်တို့လည်း ဝိုင်းဝန်းရှာပေးပါ့မယ်''

''အေးလေ မင်းတို့ဆီလိုက်လာရင် မင်းတို့ကို အားကိုးရတော့မှာပါပဲ၊ အဒေါ်က လူဝင်မဆံ့တော့တဲ့လူ ဖြစ်နေပြီဆိုတော့ လူတစ်ယောက်ကို နာမည်နဲ့လိုက်ရှာဖို့ အခက်အခဲဖြစ်နေတယ်၊ ကပါလေ အဒေါ့်ကို… ဟိုရောက်မှ တဖြည်းဖြည်း ပြောကြတာပေါ့၊ မင်းနဲ့မိချောက လက်ထပ်ပြီး… လို့ တစ်အိမ်တည်းနေကြတာလား''

''ရှင် မ မဟုတ်ပါဘူး အဒေါ်၊ မိချောတို့က ချစ်သူတွေတောင် မဖြစ်ကြသေးပါဘူး''

ဒေါ်မြတ်သဂါ မေးခွန်းကြောင့် မိချော ပျာပျာသလဲ လက်… ကာကာ ဖြစ်သွား၏။ မျက်နှာလေးက ပန်းသွေးရောင်ပြေးလျက် မင်း… မကိုဋ် မျက်နှာကိုတောင် မကြည့်ရဲတော့သလို၊ မင်းမကိုဋ်ကတော့ ပြုံး… မျက်နှာပေးနှင့်

''နောက်ဆိုရင်တော့ အဒေါ့်ထင်မြင်ချက်တွေ အမှန်အတိုင်း… ဖြစ်တော့မှာပါ၊ ကျွန်တော်တို့ ရည်မှန်းချက်တွေ မပြည့်သေးလို့''

''ဘာတွေလျှောက်ပြောနေတာလဲ မိချောဘက်က ဘာအဖြေ… မပေးရသေးဘူးနော်၊ ရှင်တို့အိမ်မှာ လိုက်နေရတယ်ဆိုပြီး အပိုင်တွက်…





ထားနဲ့''

''ကပါ အဒေါ် နားရှင်းသွားပါပြီ၊ မိချောက မင်းမကိုဋ်ရဲ့ အိမ်မှာနေနေတာပေါ့၊ အလုပ်အကိုင်ကရော ဘာတွေလုပ်ကြသလဲကွယ်၊ မိဘချင်းရော သဘောတူထားပြီးသားလား''

''အဒေါ်ရယ် ဟိုရောက်ရင်သိရမှာပါ၊ ဒီမှာ ရှင်းပြမနေတော့ဘူးနော်၊ လမ်းထိပ်မှာ ကားရပ်ထားခဲ့တယ်၊ အဒေါ့်ပစ္စည်းတွေလည်း နောက်လူတွေကို ဒါနပြုတဲ့သဘောနဲ့ အကုန်ထားခဲ့လိုက်တော့၊ ဟိုမှာ အဒေါ့်ကို ပြည့်ပြည့်စုံစုံ ထားမှာပါ''

''အင်း သံယောဇဉ်များ ဘယ်လိုမှကို ဥပေက္ခာပြုလို့မရပါလား နော်၊ မင်းတို့လေးတွေကို အဒေါ်သားသမီးလို သဘောထားမိလို့ အဒေါ် လိုက်ဖို့ ဆုံးဖြတ်လိုက်တာ၊ ရှေးရေစက်ပေါ့ကွယ် ဟုတ်တယ်မဟုတ်လား''

''ဟုတ်တာပေါ့ ကျွန်တော်တို့ကလည်း အဒေါ့်ကို မိခင်တစ်ယောက်လို ခံစားမိပါတယ်၊ မိချောကလည်း ကျွန်တော့်လိုပါပဲ၊ ဟုတ်တယ်နော် မိချော''

''အမလေး စစ်ကူခေါ်နေရသေးတယ်၊ ဟုတ်ပါတယ်ရှင် ဟုတ်ပါတယ်''

မိမိလက်ကို တစ်ဖက်တစ်ချက်တွဲခေါ်နေကြတာမို့ ဒေါ်မြတ်သဂါ အတိုင်းအဆမရှိ ကြည်နူးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးအရင်းတွေသာဖြစ်လိုက်ပါက ဒီထက်မက ပျော်စရာကောင်းလိမ့်မည်ထင်၏။

ထိုစိတ်ကူးယဉ်မှုက တကယ်လက်တွေ့ မဖြစ်နိုင်ဘူးဆိုတာ သိထားပေမယ့် အခိုက်အတန့်လေးမှာတော့ . . ။

■ ■ ■



## အခန်း (၃၁)

"ကျွန်တော်တို့အိမ်ရောက်ပြီ အဒေါ်"

ယဉ်ကျေးချိုသာစွာပြော၍ မင်းမကိုဋ္ဌက ကားတံခါးဖွင့်ပေးသည်။ မိချောက တစ်ဖက်ကားတံခါးပေါက်ကနေဆင်း၍ မိမိလက်ကလေးကို လာဆွဲခေါ်သည်။

ကြီးကျယ်ခမ်းနားလှသည့် အိမ်ကြီးပါလား။ ခြံဝင်းကလည်း အကျယ်ကြီးနှင့် အိမ်ရှေ့မှာ မြက်ခင်းပြင် ဒန်းလေးနှင့် ခုံတန်းလေးတွေသည်း တွေ့သည်။

ပန်းပင်လေးတွေ အလှစိုက်ပျိုးထားတာလည်း တွေ့၏။ အရိပ်ရအပင်ကြီးမျိုးမဟုတ်သည့် အလှစိုက်ပျိုးထားသော အပင်ပုလေးတွေလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ အဒေါ် အိမ်ထဲဝင်ရအောင်"

"မြနှင်းရေ ဖေဖေရော ရှိလား"

"ကုမ္ပဏီက လှမ်းခေါ်လို့ ထွက်သွားတာတော့ ကြာပြီ၊ အ
ခင်နာတစ်ခု ဝင်စရာရှိလို့ နောက်ကျမယ်လို့တော့ ပြောသွားတယ်"

"အေး အေး ညည်းအတွက် ကော်ဖီတစ်ခွက်လော
လုပ်ပေးပါဦး၊ အာ မြနှင်း ဖျော်တတ်မယ် မထင်ဘူး၊ မိချော ကော
ကောင်းလေး ဖျော်ပေးလိုက်ပါကွာ၊ အဒေါ် ကျွန်တော် အဝတ်အ
သွားလဲလိုက်ဦးမယ်နော်၊ အေးအေးဆေးဆေး ထိုင်ပါ၊ ခဏနေ ပြန်
လာခဲ့ပါမယ်"

"အေးပါကွယ် အေးပါ"

မင်းမကိုင့်က အပေါ်ထပ်တက်သွားပြီး မိချောက မီးဖိုခန်းဘ
ဝင်သွားတာမို့ ဒေါ်မြတ်သင်္ဂါ ညေ့ခန်းထဲမှာ တိတ်တိတ်ဆိတ်ဆိတ်
ကျန်ရစ်ခဲ့သည်။

မင်းမကိုင့်နှင့်မိချောကိုကြည့်ရတာ အရမ်းတောက်တော
ပြောင်ပြောင် ဝတ်စားထားတာမဟုတ်တာမို့ ဒီလိုအိမ်ကြီးအိမ်ကောင်း
ပိုင်ဆိုင်လိမ့်မည်တောင် မထင်ရ။ သူတို့မှာ မိမိမသိအောင် ဖုံးကွယ်ထာ
သည့် လျှို့ဝှက်ချက်တွေများ ရှိနေလား။

"ဟင်"





အတွေးမဆုံးခင်မှာ အဝတ်အစားလဲ ကိုယ်လက်သန့်စင်ပြီး
ဆင်းလာသော မင်းမကိုင့်ကို မြင်လိုက်၍ ဒေါ်မြတ်သင်္ဂါ အံ့သြသွားရ
သည်။ အခုကျတော့ နှုတ်ခမ်းမွှေးလည်းမရှိ ပါးမြိုင်းမွှေး ဆံပင်တွေက
သည်။ ထိုးထိုးထောင်ထောင် ပွရောင်းနေတာမျိုး မရှိတော့ဘဲ ရှင်းသန့်
ချောမွေ့ ခံ့ညားနေသည်။

ကော်ဖီခွက်လေးကိုင်ပြီး မိမိအနားမှာ ဝင်ထိုင်လိုက်သော
မိချောကလည်း ရိုးပုံရိုးပန်း တောသူမလေးမဟုတ်တော့။

"မင်း၊ မင်းတို့ ဘယ်လိုဖြစ်"

"ဟား ဟား အဒေါ်မျက်စိလည်သွားပြီထင်တယ်၊ ကျွန်တော်
တို့က ရုပ်ပြောင်းရုပ်လွှဲတတ်တဲ့ ပဥ္စလက်အတတ်ပညာရှင်တွေလေ၊ ကျွန်
တော်တို့ကို အဒေါ် တီဗီထဲမှာမြင်ဖူးတယ်မဟုတ်လား၊ သေချာကြည့်ပါ"

မင်းမကိုင့်က သူ့မျက်နှာသူ လက်ညှိုးနှင့်ထိုး၍ ပြောင်စပ်စပ်
ပြောသည်။ မိချောက မင်းမကိုင့်ကို မျက်စောင်းရွယ်လိုက်ပြီး

"အဒေါ်ကို အတည်ပေါက်နဲ့ နောက်မနေစမ်းပါနဲ့၊ မိချောတို့က
အဒေါ့်ကို တမင်တကာ ဖုံးကွယ်ပြီး ဒီလိုလုပ်ချင်လို့လုပ်ကြတာ မဟုတ်
ပါဘူး၊ ကိုယ့်ကိုမင်းသား မင်းသမီးမှန်းသိရင် အဒေါ်တို့ရပ်ကွက်ထဲမှာ
အုတ်အော်သောင်းနင်းဖြစ်မှာစိုးလို့ပါ"

"မင်းတို့က တကယ်ကို အနုပညာလောကထဲက လူတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ အဒေါ်ရဲ့ မကိုဦးက မင်းသား မင်းမကိုဦးလေ မိချောက မိုးမြင့်အိမ်ခြေ မိချောကတော့ အခုလတ်တလောလေးမှ လှည့်မျှားလာတဲ့ တက်သစ်စလေးရှိပါသေးတယ်၊ အဒေါ် တစ်ခါမှ မကြည့်ဖူးဘူးလား"

"ကြည့် ကြည့်ဖူးတယ်၊ အခုမှ သေချာမှတ်မိတယ်၊ အဒေါ်က ဒီလောကကဆိုရင် မင်းသား မင်းသမီးထက် ဒါရိုက်တာနာမည်ကို ပိုပြီး စိတ်ဝင်တစား ရှာဖွေကြည့်နေမိတာ"

"ဟင် အဒေါ်က အဆန်းပဲ၊ ဘာဖြစ်လို့လဲ အဒေါ်"

"အဒေါ်ရှာနေတဲ့သားရဲ့အဖေဆိုတာ အဲဒီအချိန်က အရမ်းတော့ အောင်မြင်ဖြစ်ထွန်းချင်နေတဲ့ ဒါရိုက်တာပေါက်စတစ်ယောက်လေး သက္ကမင်းတဲ့၊ သိကြလား အဲဒီလူကို မင်းတို့သိကြလားဟင်"

မျှော်လင့်ချက်ကြောင့် ဒေါ်မြတ်သဂီ အသံကတုန်ကယင် လှိုက်မောအားတက်သရော ဖြစ်နေသည်။ မင်းမကိုဦးက အတန်ကြာ စဉ်းစားနေရင်းမှ ခေါင်းကို ဖြည်းလေးစွာရမ်း၍

"သက္ကမင်း ဒီနာမည်မျိုး ဒီလောကထဲရောက်လာတဲ့ ကျွန်တော့်ရဲ့သက်တမ်းမှာ တစ်ခါမှ မကြားဖူးပါဘူး။ ကျွန်တော်လည်း ရုပ်ရှင်ရော ဗီဒီယိုရော အများကြီးဆိုပေမယ့် သက္ကမင်းဆိုတဲ့လူနဲ့ တကယ်မရိုက်ဖူးတာပါ"





"မိ မိချောရော"

"မိချောက ပိုဆိုးတာပေါ့ အဒေါ်ရဲ့၊ တောကနေ မကိုဦးအဖေခေါ်လို့ ပါလာပြီး မင်းသမီးဖြစ်တာတောင် မကြာသေးဘဲနဲ့ မကိုဦးသိတာထက်တောင် ပိုမသိဦးမယ်၊ အင်း မကိုဦးအဖေကို မေးကြည့်ရင်သိနိုင်မလားမသိဘူးနော်၊ သူက ဒီလောကထဲ ကျင်လည်နေတာ အနှစ်နှစ်ဆယ်တောင်ကျော်ပြီဆိုတော့ အရင်ကလည်း ဒါရိုက်တာလုပ်ဖူးခဲ့တယ်ဆို၊ သူ့ရယ်ကိုယ်ရယ်လို့ မသိတောင် အချင်းချင်း ဆက်စပ်သိကျွမ်းတာနဲ့လည်း ရှိချင်ရှိနိုင်တာပေါ့"

"ဟုတ်လား အဲဒီလိုဖြစ်နိုင်လား"

ဒေါ်မြတ်သဂီ ဝမ်းသာအားရ ဖြစ်နေပုံက အသံတွေပင် တုန်သို့ပါ။ ဒီလူတွေနှင့်ဆုံရတာ သားလေးနှင့်တွေ့ဖို့ လမ်းစရပြီပေါ့။ သားရဲ့အဖေ လူယုတ်မာကို အရင်ဆုံး စုံစမ်းနိုင်းရမှာ။

ကိုယ့်မှာတော့ ထောင်ထဲမှာနေစဉ်ကတည်းက သားလေးပျောက်သွားသည်ဆို၍ အရူးမီးဝိုင်း။ နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း ဒီလိုတိုင်တည်နေ၍ ထောင်မှူးနှင့်ပြဿနာတက်သည်။ သက္ကမင်းဆိုသည့် လူကြောင့် ဒီလိုအဖြစ်ဆိုးမျိုး ကြုံရတာကြောင့် ရင်မှာ ဒဏ်ရာတွေနှင့် နာကြည်းစိတ်တွေ ခိုအောင်းနေ၏။

ဒါကြောင့်မို့ မိမိငိုယိုမှုနှင့် အိပ်မရသော ထောင်သမားတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်တန်းမှုကြောင့် မိမိကို လာရောက်ပြောဆိုပြစ်တင်နေသော ထော်ရ ကို မိန်းမချင်းကိုယ်ချင်းစာနာစိတ် မရှိရမလားဆိုပြီး စိတ်လွတ်သွားကာ ကိုယ်ထိလက်ရောက် တုံ့ပြန်မိသည်။

အဆုံးသတ်က မိမိထောင်သက် ပိုကြာသွားခဲ့ခြင်းပင်။ ထောင် ကထွက်လာတော့ ခိုကိုးရာမဲ့စွာ ဘယ်သောင်ကပ်လို့ ကပ်ရမှန်းမသိ မိမိရှုးသွပ်ခဲ့ဖူးသော ရုပ်ရှင်အသိုက်အဝန်းကို စုံစမ်းကြည့်ဖို့ဆိုတာလည်း ကိုယ်က ဘာနာမည်တစ်လုံးမှ ကျန်အောင်မလုပ်နိုင်ခဲ့သေးတာမို့ ဘယ်ရ ကမှ အဖက်လုပ်စကားမပြောချင်ကြ။

မြတ်သင်္ဂါဆိုသည့်မိန်းမကို ဟိုတစ်ချိန်ကရော အခုရော ဘယ် သူမှမသိအောင် လုပ်ခဲ့တာ သက္ကမင်း။

"ဗျာ အဒေါ် သက္ကမင်းကို ကျွန်တော်တို့ တကယ်မသိတာပါ"

"သြော် အင်း"

အံကြိတ်ကာ အတွေးလွန်သွားရာမှ ထိုနာမည်ကို ပါးစပ်မှ က လွှတ်ခနဲ ထွက်သွားဟန်တူသည်။ မင်းမကိုင်က ပျာပျာသလဲ ပြန် ဆန်၏။ ဒေါ်မြတ်သင်္ဂါက သက်ပြင်းမောတို့ ရှိုက်ထုတ်ပြီး မျက်လုံးတို့က ရီဝေနေကာ

"မင်းတို့က ဒီလောကကဆိုတော့ အဒေါ့်အကြောင်း သိထား အောင် ပြောပြပါတော့မယ်၊ ဒါမှလည်း အဒေါ့်အတွက် မင်းတို့ စုံစမ်း





ပေးလို့ရမှာ"

"ဟုတ်ကဲ့ ပြောပါ အဒေါ်"

"လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် အဒေါ် အပျိုပေါက်အရွယ် တုန်းက ဒီအနုပညာအလုပ်ကို အရမ်းကို ရူးသွပ်ခဲ့တာပေါ့၊ နယ်မှာနေ တော့ ဘာအဆက်အသွယ်မှလည်း မရှိဘူး၊ အဲ အဒေါ်တို့ရွာကနေ ရန်ကုန်မှာ အိမ်ဖော်သွားလုပ်နေတဲ့ ဒေါ်အေးခင်က ရှုတင်အတွက် အငှားချက်ရောင်းတဲ့အိမ်မှာ လုပ်တာတဲ့၊ သူက ရွာတစ်ခေါက်ပြန်လာလို့ ပြောပြတော့ အဒေါ် အရမ်းကို ရန်ကုန်လိုက်ချင်တာပေါ့လေ"

"အဒေါ် တစ်ခါတည်း လိုက်လာရောလား"

"ဟင့်အင်း အဖေက ကျန်းမာရေးမကောင်းတော့ လိုက်လို့မရ သေးဘူး။ အဖေဆုံးမှ လယ်တွေယာတွေ အိမ်တွေရောင်းပြီး ရန်ကုန် တက်လာခဲ့တာ၊ ဒေါ်အေးခင်က သူနေတဲ့လိပ်စာပေးခဲ့ပေမယ့် အဲဒီအိမ် မှာတော့ နေလို့မရဘူးဆိုပြီး တခြားနေရာက အိမ်လေးငှားပြီးနေရတယ်၊ ရုပ်ရှင်ထဲက တစ်ယောက်ယောက်နဲ့ အဆက်အသွယ်လုပ်ပေးမယ်လို့ ဒေါ်အေးခင်က နှစ်သိမ့်တာပေါ့လေ၊ ကိုယ့်မှာလည်း ပါလာတဲ့ငွေလေးထဲ က တချို့တစ်ဝက် အိမ်စပေါ်တင် အိမ်ငှားနဲ့ စားဝတ်နေရေးအတွက် ဖြေရှင်းရတာပေါ့"

"အဒေါ် တော်တော်လေး ဒုက္ခများခဲ့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဒေါ် စိတ်မညစ်ခဲ့ပါဘူး၊ အဲဒီအချိန်က ကိုယ်လုပ်ချင်
ဖြစ်တော့မှာဆိုပြီး စိတ်ဓာတ်က တက်ကြွနေခဲ့တယ်၊ အဲလိုနဲ့ ဒေါ်
ခင်က ဒါရိုက်တာ သက္ကမင်းဆိုတဲ့လူနဲ့ မိတ်ဆက်ပေးဖို့ အိမ်ကို ခေါ်
တယ်၊ သူက ရွာကိုပြန်တော့မှာမို့ အဲဒီလူနဲ့ အဆင်ပြေအောင်လုပ်
သက္ကမင်းက ရုပ်ရှင်အကြောင်း၊ နားလည်တတ်ကျွမ်းပြီး ထဲထဲဝင်
ရှိတယ်တဲ့"

အဒေါ်ကြီးပြောသည့် သက္ကမင်းဆိုသောလူကို ဘယ်လိုမှ ပုံ
ကြည့်လို့မရပေ။ ကော်ဖီခွက်လေး ရှေ့တိုးပေးပြီး ပြောသမျှကို စိတ်
တစား နားစွင့်နေရသည်။

"တကယ်တော့ အဲဒီလူဟာ ဘာမှအကောင်အထည် ပြ
နာမည်မရှိသေးပါဘူး၊ ဇာတ်လမ်းတို တစ်ပုဒ်နှစ်ပုဒ်ပဲ ရိုက်ဖူးသေး
ပဲ၊ ရုပ်ရှင်နဲ့ပတ်သက်တာတွေ ဟိုဟာလာပြ၊ ဒီဟာလာပြ၊ ဘယ်
ကားရိုက်ရှိတယ် ဘာညာပြော၊ မသိနားမလည်တော့ အဲဒါတွေ
အထင်ကြီးပြီး ယုံစားမိတယ်ပေါ့၊ ဘယ်ရိုက်ကွင်းမှလည်း တစ်ခါမှ
မသွားဖူးပါဘူး၊ ဒါပေမဲ့ သူနဲ့ကိုယ်နဲ့က ရင်းနှီးမှုတွေများပြီး ချစ်
ဝင်ခဲ့ကြတယ်ဆိုပါတော့၊ ကိုယ့်အိမ်မှာပဲ နေ့ရှေ့ညည အနေများ
တယ်၊ ဗီဒီယိုတစ်ကားရိုက်ရင် ဘယ်လောက်ကုန်မယ်၊ ငွေစိုက်ထုတ်
ရင် မင်းသမီး တန်းခနဲဖြစ်နိုင်တယ်ပြောတော့ ကိုယ့်မှာရှိသမျှ အ





သူ့ကိုယုံယုံကြည်ကြည် ပုံအပ်လိုက်တယ်"

"အဒေါ်ကြီး အဲဒါ မှားတာပဲ"

"အဲဒီအချိန်က ကိုယ့်ကိုယ်ကိုယ် မှားတယ်မထင်မိဘူး၊ မျှော်
သင့်ချက်တွေနဲ့ တက်ကြွနေတာပဲ၊ ကိုယ်က မင်းသမီးတအား ဖြစ်ချင်
နေတော့ အမှောင်ဖုံးနေတာပေါ့လေ၊ သူ မက်လုံးပေးသမျှ တစ်တဝလုံး
ပြီး ယုံနေတော့တာ၊ ပြောရရင် ကိုယ်ဝန်ရှိမှ သူ့ဇာတိရုပ်ကို သိရတော့
တာပဲ"

"သက္ကမင်းဆိုတဲ့လူက ဒီကိုယ်ဝန်ကို တာဝန်မယူဘူးတဲ့လား"

"ပြောခဲ့တဲ့အတိုင်းပဲ တရားဝင်လက်ထပ်ရသေးတာလည်း
မဟုတ်ဘူး၊ အောင်မြင်သေးတာလည်းမဟုတ်တော့ ကိုယ်ဝန်က အရှုပ်
ဆိုပြီး ဖျက်ချခိုင်းတယ်၊ အဒေါ်ကလည်း ရှိမှန်းမသိလိုက်ဘဲ သန္ဓေတည်
လာတဲ့ကလေးကို ဘယ်လိုလုပ် ဖျက်ချရက်မှာလဲ၊ အောင်မြင်မှုတွေ
ဒိသနာတွေကိုတောင် မမက်မောတော့ဘဲ ဒီကလေးကို ရအောင်မွေးဖို့
ဆုံးဖြတ်လိုက်တယ်"

"ဩော် ဒီလိုလား၊ ဖခင်စိတ်မရှိတာ၊ လူမဆန်တာ၊ တာဝန်မဲ့
တာ၊ အဲဒီလူကို ကျွန်တော်တို့ ရအောင်စုံစမ်းပေးမယ် အဒေါ်၊ ဘာမှ
မပူနဲ့၊ အဒေါ်သားသာ သက်ရှိထင်ရှား ရှိသေးရင် အဲဒီလူကို နှောင်
ယောင်ခံမိတာနဲ့ ဘယ်လိုနည်းနဲ့မဆို အဒေါ်တွေ့ကိုတွေ့ရမှာ"

www.burmeseclassic.com



အဒေါ်ကြီးပြောသမျှ ရှေ့နောက်စကားတွေ ဆက်စပ်တွေးတော ရင်း အဒေါ်ကြီး ဆန္ဒတွေပြည့်ဝအောင် ကူညီဖို့ ဆုံးဖြတ်ချက်ချလိုက် သည်။

အဒေါ်ကြီးက ဝမ်းသာဝမ်းနည်း မျက်ရည်ကြည်တွေ ဝေ့နေ… သွေးသားသံယောဇဉ် တစ်ခုလို ရင်မှာလှိုက်ခနဲ…။

■ ■ ■



## အခန်း (၃၂)

မိမိကို ဘာအလုပ်မှမခိုင်းနဲ့ဦးဟု မြနှင်းကို သေချာမှာပြီး ဒေါ်မကိုင်နှင့်မိချောတို့ ရွာတင်ကို ထွက်သွားကြသည်။ မြနှင်းကလည်း အိမ်ရှင်တွေရဲ့ အထူးတလည် အရေးပေးတာတွေ မြင်နေ၍ မိမိကို ရှုံ့ကိုက်ရှာပါသည်။

"အဒေါ်ကြီး ဘာမှမလုပ်နဲ့နော်၊ နားနားနေနေ စိတ်အေး သက်သာနေ၊ အဒေါ်ကြီး အလုပ်လုပ်တာတွေ့ရင် အစ်ကိုလေးပြန်လာ တာနဲ့ မြနှင်းကို ဆူလိမ့်မယ်"

ထိုသို့ပြောပြီး၊ မိမိကို ဘာအလုပ်မှမခိုင်း။ တကယ်တမ်းက ကိုယ်က ဒီအိမ်ကို အလုပ်လုပ်ဖို့ လိုက်လာတာပဲ။

သူများအိမ်မှာ အလကားသက်သက်ကြီးတော့ အနေရသား



www.burmeseclassic.com

www.burmeseclassic.com



ထိုင်မနေချင်ပါ။ မြနှင်းနှင့် ဟိုဟာဒီဟာ ကူလုပ်ရင်း အချိန်ကုန်အောင် စောင့်ရသည်။

အချိန်စောပြန်လာမည်ပြောသွားသော မင်းမကိုဋ္ဌနှင့်ဝိရောဇ ညရှစ်နာရီထိုးသည်အထိ ပြန်ရောက်မလာ။

"အဒေါ်ကြီး ထမင်းစားရင် စားနှင့်ပါလား။ အစ်ကိုလေးတို့ နောက်ကျဦးမလား မသိဘူး"

မြနှင်းပြောတော့ ခေါင်းရမ်းရသည်။

"အိမ်ရှင်တွေ မစားသေးဘဲ ဘယ်စားလို့ဖြစ်မှာလဲကွယ်၊ သူတို့ ပြန်လာမှပဲ စားပါမယ်၊ မြနှင်းကရော အဲလိုစားနေကျရှိလား"

"ဟုတ်ကဲ့ စားရင်စားနှင့်လို့ ပြောထားတော့ စားလိုက်တာပဲ ဪ မြနှင်း အပေါ်ထပ်သွားပြီး သန့်ရှင်းရေးတွေ လုပ်လိုက်ဦးမယ်"

"အဒေါ်လည်း လိုက်လုပ်မယ်လေ မြနှင်း"

"အဒေါ်က အောက်ထပ်မှာ တံခါးဖွင့်ပေးဖို့ စောင့်ပေးပါနော်၊ အန်ကယ်ကြီး အရင်ရောက်မလား၊ အစ်ကိုလေးတို့ အရင်ရောက်မလား မသိဘူး၊ မြနှင်းက အခန်းတွေထဲ ဝင်ရှင်းရင် မကြားမှာစိုးလို့ပါ"

"ဪ အေးအေး အဲဒါဆိုလည်း အဒေါ် စောင့်နေလိုက်ပါ့မယ်ကွယ်"

မြနှင်းက သန့်ရှင်းရေးလုပ်ဖို့ အပေါ်ထပ် တက်သွားသည်။





ဒေါ်မြတ်သဂီ အလကားထိုင်မနေချင်တာမို့ ကြက်မွှေးတစ်ချောင်းယူ၍ ဧည့်ခန်းထဲမှာ သန့်ရှင်းရေးလုပ်နေလိုက်သည်။

ခဏအကြာမှာ အိမ်ရှေ့က ကားသံကြားတာမို့ မင်းမကိုဋ္ဌတို့ ပြန်လာသည်ထင်၍ အပြေးအလွှား တံခါးသွားဖွင့်လိုက်သည်။

"ဟင်"

ကားပေါ်က ဆင်းလာသည်က မင်းမကိုဋ္ဌတို့ မဟုတ်ပါ။ မီးခိုးရောင် အနောက်တိုင်းဝတ်စုံနှင့် ပိုက်ဆံအိတ်ခပ်ကြီးကြီးကို ချိုင်းကြား ညှပ်၍ ဥပဓိရုပ်က ယောကျ်ားပီသ ခံ့ညားသော လူတစ်ယောက်ပင်။

"ဪ သားတို့ခေါ်လာတဲ့ အိမ်ဖော်အဒေါ်ကြီးထင်တယ်၊ သားတို့ ပြန်မရောက်သေးဘူး ထင်တယ်"

"ရှင် ဟုတ်ကဲ့"

"မြနှင်းရော"

"အ အပေါ်ထပ်မှာ သန့်ရှင်းရေးလုပ်နေပါတယ်"

"ဪ ဟုတ်ပြီ၊ ကျွန်တော့်အတွက် သံပရာရည်တစ်ခွက်လောက် ဖျော်ခဲ့ပါ၊ သကြားသိပ်မထည့်နဲ့ ချဉ်ချဉ်လေးနော်"

"ဟင် ရှင် ဟုတ် ဟုတ်ကဲ့"

ဧည့်ခန်းက ဆိုဖာခုံပေါ် သက်သောင့်သက်သာ မှီထိုင်ချလိုက်သည့်လူ။



www.burmeseclassic.com

ဒီမျက်ဝန်းညိုများ။ ဒီအသံ၊ သံပရာရည်အချဉ်ကြိုက်သူ။ အ
ကလို ဖရိုဖရဲလွယ်အိတ်တစ်လုံးနှင့် ပိန်ရှည်ရှည် ဖုသီဖတ်သီ မဟု
တော့ပေမယ့်။

ဒင်း သက္ကမင်းများလား။

အတွေးများနှင့် သံပရာရည်ဖျော်နေမိတာ လက်တွေက
ဆတ်ဆတ်တုန်လို့ပါ။

အဆင်မပြေမှုများနှင့် ဥပမိရုပ်၊ ကြွယ်ဝချမ်းသာလာသော
ဥပမိရုပ်။ ဒီနှစ်ခု ကွာခြားပြောင်းလဲသွားတာကလွဲလျှင်

"ခွမ်း"

ကတုန်ကယင်စိတ်လှုပ်ရှားမှုများဖြင့် ကိုင်လာခဲ့သော သံပ
ရည်ခွက်က ထိုလူရဲ့ရှေ့ရောက်မှ ခွမ်းခနဲ ပါကေးခင်းပေါ် ကျကွဲသွား

"ခင်ဗျား နမော်နမဲ့နိုင်လှချည်လား။ အလုပ်မလုပ်နိုင်ရင် သ
တို့မိတ်ဆွေ ဖြစ်ပစေ လူပိုသက်သက် အိမ်ခေါ်ထားပြီး အလုပ်မခန့်
ဘူး အဒေါ်ကြီး"

ဒေါသဖြင့် ပြစ်တင်ဆူပူမာန်မဲတတ်သော အပြုအမူ။

"ရှင် သက္ကမင်းလား"

"ဘာ"

မိုးနဲ့မြေလို ကွာခြားနေသော အရှိန်အဝါ ထည်ဝါမှုများကြောင်





မယုံမရဲ မဝံ့မရဲနှင့် လေသံတိုးတိုးလေး မေးမိတာတောင် ထိုလူ မျက်လုံး
အစုံ ပြူးကျယ်လျက် လန့်ဖျပ်သွားသလိုပင်။

ပို၍သေချာသွားသည်က မိမိကို စူးစမ်းစွာ အတန်ကြာ စိုက်
ကြည့်နေသော စူးရှရှ မျက်ဝန်းညိုများ။

"သက္ကမင်း"

"ဟင် မင်း မင်း"

"မြတ်သဂ်ါလေ မှတ်မိပြီလား"

"ဘာ"

တအံ့တဩနှင့်ထိုင်ရာကနေ ဦးကျော်စိုးလွင် ဖြုန်းခနဲ ထရပ်
လိုက်မိသည်။ ခေါင်းကိုခါရမ်း၍ ဒေါ်မြတ်သဂ်ါကို လက်ညှိုးကြီးထိုးကာ
ဘာပြောရမှန်းမသိဘဲ ချွေးသီးချွေးပေါက်ကြီးတွေ စိမ့်ထွက်လာသည်။

ဒေါ်မြတ်သဂ်ါ မျက်ဝန်းများက ဦးကျော်စိုးလွင်ကို ပြာကျစေနိုင်
လောက်အောင် အရောင်တလွင့်လွင့် ထွက်နေသည်။

"လိုက်ရှာနေတုန်းကတော့ မတွေ့ဘူး။ အခုတော့လည်း နင့်
အိမ်ထဲကိုတောင် ငါ ရောက်နေပြီ၊ ဘယ်မှာလဲ ငါ့သား"

"ဘာ ဘာသားလဲ၊ ဘယ်ကသားလဲ ငါမသိဘူး"

"နင်နိုးသွားတဲ့ ငါ့သားလေ၊ ငါ့ကိုထောင်ထဲပို့ပြီး ငါ့သားကို
နင် နိုးသွားတာမဟုတ်လား၊ အဲဒါ မင်းမကိုင်ရှလား၊ မင်းမကိုင်ရှ ငါ့သား

www.burmeseclassic.com



လား"

"မဟုတ်ဘူး အဲဒါ ငါ လက်ထပ်ယူလိုက်တဲ့ မိန်းမကမွေးတာ မင်းနဲ့ဘာမှမဆိုင်ဘူး။ မင်းမကိုင်နဲ့က ငါ့ရဲ့သား"

"သေချာလား သေချာသလား သက္ကမင်း၊ နင် ကျိန်တွယ်ပြော တောင် ငါ ယုံတော့မှာမဟုတ်ဘူး"

"မင်းမှာ ငါခိုးသွားတယ်လို့ သက်သေရှိလို့ စွပ်စွဲနေတာလား မြတ်သဂီ၊ မင်းထောင်ကျသွားတာ ဘာကြောင့်ဆိုတာတောင် ငါ မသိ ဘူး"

"ဟား ဟား ဟား"

ဒေါ်မြတ်သဂီ ခြောက်ကပ်အက်ကွဲစွာပင် ရယ်ချလိုက်သည်။ မှုမမှန်သော ဦးကျော်စိုးလွင်က ခြေမကိုင်မိ လက်မကိုင်မိ စိတ်လှုပ်ရှား ကာ ကယောင်ချောက်ချားပါ။

"နင် ငါ့ကို ညာလို့ရဦးမယ်ထင်နေလား သက္ကမင်း၊ မြတ်သဂီ ဆိုတာ အရင်ကလို အရာရာကို စွဲလမ်းယုံကြည်လွယ်တဲ့ ဆယ်ကျော် သက်လေး မဟုတ်တော့ဘူး။ နင်ပေးတဲ့ဒဏ်ရာတွေနဲ့ ရင့်ကျက်နေတဲ့ ထောင်ထွက်မိန်းမတစ်ယောက်၊ အေး နင် အမှန်မပြောရင်တော့ နင့်ကို သတ်ပြီး ထောင်ထဲပြန်ဝင်ဖို့ ဝန်မလေးဘူးနော်၊ မင်းမကိုင်နဲ့က ငါ့သား လားမှန်မှန်ပြော"





"မြတ် မြတ်သဂီ"

ဖန်ကွဲစကို ဆတ်ခနဲ ကောက်ကိုင်၍ ရှေ့တိုးလာသော ဒေါ် မြတ်သဂီကြောင့် ဦးကျော်စိုးလွင် လက်တကာကာနှင့် ခြေတစ်လှမ်း နောက်ဆုတ်လိုက်ရသည်။

"မင်း မင်း သိပ်သိချင်ရင် အပေးအယူရှိတယ် မြတ်သဂီ"

"ဘာ နင်က အခုထိ ငါ့ဆီက အမြတ်ထုတ်ချင်သေးလို့လား၊ ငါ့ဆီမှာ နင် မက်မောစရာ ဘာမှမရှိတော့ဘူးနော်၊ ငါ့သား အတွက် အသက်ကိုရင်းဖို့ပဲရှိတယ်"

"အေး မင်းသားကို အသက်လောက်တန်ဖိုးထားနေတယ်ဆို ရင် ငါပြောတာကို အေးအေးဆေးဆေး နားထောင်၊ မင်းမကိုင်နဲ့က မင်းသားအမှန်ပဲ၊ ငါ ပြုစုပျိုးထောင်မြေထောင်မြှောက်ပေးခဲ့လို့ ဘယ် လောက်အောင်မြင်နေပြီဆိုတာ မင်းသိမှာပေါ့၊ အဲလို တိုင်းသိပြည်သိ နိုင်ငံကျော်အောင် အောင်မြင်နေတဲ့ မင်းသားရဲ့အမေက ထောင်ထွက် ဆိုတာကို မင်း အသိပေးချင်လို့လား၊ ပေးရက်လို့လား မြတ်သဂီ"

"ဟင်"

"ပြောလေ သားကိုတန်ဖိုးထားတယ်ဆို၊ ထောင်ထွက်မိန်းမ တစ်ယောက်ရဲ့သားပါလို့ သိသွားရင် မင်းမကိုင်နဲ့ အနာဂတ် ဘာဖြစ်သွား မလဲ" ❀



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်သင်္ဂါ ပါးပြင်လေးပေါ် မျက်ရည်တွေ တလိမ့်လိမ့်
စီးဆင်းလျက် ပါကေးခင်းပေါ် ဖင်ထိုင်ကျသွားသည်။

"သား ပြန်ရောက်မလာခင် အဲဒါတွေ အရင်ရှင်းထားလိုက်
အခုနေ ပြန်ရောက်လာရင် ငါတို့ ဣန္ဒြေမပျက် စကားထိုင်ပြောနေတာ
မြင်သွားသိသွားပါစေ၊ မိခင်မေတ္တာစိတ် အပြည့်အဝရှိမယ်လို့ ငါ ယုံကြည်
ပါတယ်၊ သားအတွက် မင်းလုပ်ပေးခဲ့တာ လုပ်ပေးနိုင်တာ ဘာမှမရှိသေး
ဘူး မဟုတ်လား"

ဦးကျော်စိုးလွင်က သွေးထိုးလှုံ့ဆော်ပေးရင်း ပြုံးမဲ့မဲ့ဖြင့် ဆိုဖာ
ခုံမှာ ခြေချင်းချိတ်၍ ဝင်ထိုင်သည်။ အပေါ်စီး အထက်စီးက အနိုင်ယူ
ဦးမည့် သဘောမူများဖြင့်။ ဒေါ်မြတ်သင်္ဂါ ဘာလုပ်ရမလဲ။ မင်းမင်းကိုကို
က မိမိရဲ့သားတဲ့။ သားအတွက် ဘာလုပ်ပေးပြီးပြီလဲတဲ့။

သုံးလသားအရွယ်လေးထဲက မိခင်နို့ကို သောက်သုံးခွင့်မရဘဲ
ကွဲကွာခဲ့သည့်သား။ သေသလား ရှင်သလား မသိပါဘဲ တောင့်တခဲ့ရ
သည့်သား။

ဒီသားအတွက် နှလုံးသွေးကို ခြေဆေးမယ်ဆိုရင်တောင်...။

■ ■ ■



## အခန်း (၃၃)

"ညတုန်းက ကျွန်တော်တို့ ပြန်ရောက်တော့ အဒေါ်ကြီး အိပ်
ရာဝင်သွားပြီဆိုတာနဲ့ နေမကောင်းဘူး အောက်မေ့နေတာ၊ မနက်က
အစောကြီး အိပ်ရာထပြီး အလုပ်တွေလုပ်နေတယ်ဆို"

"ဩော် အင်း ဟုတ် ဟုတ်တယ် သားရဲ့၊ အဒေါ် ခေါင်း
နည်းနည်းကိုက်တာနဲ့ အခန်းထဲ ဝင်လှဲနေတာပါ၊ အခုက သက်သာ
သွားပြီလေ၊ အခု သက်သာသွားတာနဲ့ သား ဘာကြိုက်တတ်လဲဆိုတာ
မြနှင်းလေးကိုမေးပြီး အဒေါ်လုပ်နေတာ၊ သားက ရွှေတောင်ခေါက်ဆွဲ
ကြိုက်တယ်ဆို"

မင်းမကိုကို့ ခေါင်းညိတ်ပြရင်းက ဇဝေဇဝါဖြစ်လို့နေသည်၊ အရင်
က သူ့ကို အဒေါ်ကြီး သားလို့ တစ်ခါမှ မခေါ်ဘူးပါ။ မိချောလိုမြင်
ခကိုကို့လို့ခေါ်တာတောင် ဒီလိုနူးနူးညံ့ညံ့မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးကိစ္စတွေ ဝိုင်းစမ်းပေးမည်ဆို၍ သူ့ကိုကျေးဇူးတင်ပြီး ဒီလိုဆက်ဆံနေခြင်းလား။ ဘာဖြစ်ဖြစ် သူ့ရင်ထဲက သားလို့အခေါ်ခံ ဟာကို ကျေနပ်ကြည်နူးနေသည်။

"အဒေါ် ကျွန်တော့်ပန်းကန်ထဲကို သံပရာသီးချဉ်ချဉ်လေး ညှစ်ထည့်ပေးနော်၊ ဒါမှမအီဘဲ များများစားလို့ရမှာ"

"ရှင်ကလည်း လောဘကြီးလိုက်တာ၊ ဘယ်သူမှ ရွှေတောင် ခေါက်ဆွဲကို အဲလောက်မကြိုက်ဘူး၊ ရှင်တစ်ယောက်တည်းစား"

"ဟာ မင်းမသိဘဲနဲ့ မပြောနဲ့ ဖေဖေလည်း ရွှေတောင်ခေါက်ဆွဲ ဆို အရမ်းကြိုက်တာ၊ ဒီနေ့မှ ဟင်းရည်နံ့မွှေးနေတာတောင် ဖေဖေ ဘာလို့ ဆင်းမလာသေးတာလဲ မသိဘူး၊ မြနှင်း ဖေဖေ အိပ်ရာနိုး လောက်ပြီ သွားခေါ်လိုက်"

"ဟုတ်ကဲ့ အစ်ကိုလေး"

မြနှင်းက ကလေးပီပီ သွက်လက်စွာ ပြေးထွက်သွားသည်။ အကြိုက်တွေ့၍ ခေါင်းမဖော်နိုင်အောင် စားနေသော သားကို အနေ ချစ်မြတ်နိုးမဝစွာ တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲက ဆို့နင့်နာကျင်လို့နေသည်။

သားလို့ မသိနိုးနား ခေါ်ခွင့်ရတာလေးကိုပဲ ဖြေသိမ့်ကျေနပ် လိုက်ရတော့မှာလား။ မိမိပြုစုလုပ်ကိုင်ပေးတာကို အားရပါးရ စားနေ တာမြင်ပြီး ရင်ထဲ တလှိုက်လှိုက် ကြည်နူးမိပေမယ့် ဒီပုံစံမျိုးနဲ့ အနေမ





သွေးမဝေးချင်လှပေ။ မိမိမှာ ဘာအပြစ်ရှိလဲ။

"သားကို ယယ်စဉ်ကတည်းက မင်းကို မင်းအမေက မွေးပြီး ကတည်းက စွန့်ပစ်ပြီး ငါ့ထက်သာတဲ့ သူဌေးတစ်ယောက်နဲ့ ထွက်ပြေး သွားတာလို့ ငါ ပြောထားတာ၊ သားက မအေဆိုတာကို အရမ်းစိတ်နာ နေတယ်၊ သားကို ငါ့ဘဝထဲမှာနေသားကျဖို့ ပြောထားခဲ့တာ ငါ မမှားဘူး၊ အေး အမှန်ကို သိသွားလည်း ငါ မကြောက်ဘူးနော်၊ ငါက ဖခင်ဝတ္တရား ကျေပွန်စွာနဲ့ အထွတ်အထိပ်အောင်မြင်ရအောင်ထိ ငါလုပ်ပေးထားတယ်၊ မင်းလည်း မိခင်ဝတ္တရား တကယ်ကျေပွန်ချင်တယ်ဆိုရင် ထောင်ထွက် တစ်ယောက်ရဲ့သားမှန်း တစ်သက်လုံးမသိပါစေနဲ့၊ ငါ မြှင့်တင်ပေးထားတဲ့ အောင်မြင်မှုတွေ အောက်ဆုံးထိကျသွားလိမ့်မယ်"

သက္ကမင်းက မိမိအသည်းတွေ ပြုတ်ကြွေကျလောက်အောင် လိမ္မာပါးနပ်စွာ ဖိအားပေးခဲ့သည်။

မောင်းတင်ထားခဲ့သော မိမိရဲ့နာကြည်းမှုတွေ သားဆိုသော အသိကြောင့် အရည်ပျော်ပျော့ညံ့တွေဝေခဲ့ရသည်။

"ဒေါ်ကြီး တစ်ခါတည်း ဝင်စားလေ၊ အဲဒီမှာရပ်ပြီး ဘာလုပ် နေတာလဲ"

"ဟင် မ မဆာသေးလို့ပါကွယ်၊ သားတို့ဘာသာ စားကြပါ"

"အာ ဒေါ်ကြီးကလည်း အဲလို သူစိမ်းဆန်ဆန် မလုပ်ပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်ရာကို ပြန်စားကြည့်ပါဦး၊ အရမ်းကိုကောင်းတာ''

''နောက်တစ်ခါ ချက်ကျွေးအောင် အဒေါ်ကြီးကို ဖားနေတာ အဒေါ်ကြီးရေ၊ မကိုငြိမ်းက သူကြိုက်တာကို အငမ်းမရဘဲ လာပါ အဒေါ် ရယ် ဝင်စားပါ၊ မကိုငြိမ်း စိတ်မကောင်းဖြစ်လို့ စားမဝင်ဘဲနေပါဦးမယ်''

မိချောက လက်ကိုဆွဲ၍ ထိုင်စေပြီး ဒေါ်မြတ်သင်္ဂါအတွက် မုန့်ပွဲပြင်ပေးလေသည်။ စိတ်ထားလေး နူးညံ့သိမ်မွေ့ကာ အလိုက်သိ တတ်သူလေးမို့ သားအတွက်တော့ မိချောက အသင့်တော်ဆုံး တန်ဖိုး အရှိဆုံး အိမ်ထောင်ဖက်ပင်။

တော်ရာက ကြည်နူးပီတိဖြစ်ရုံဘဝနဲ့ပဲ နေရတော့မည်ထင်ပါရဲ့ ရွှေတောင်ခေါက်ဆွဲကြိုက်သည်ဆိုသော သက္ကမင်းက မိမိရှိနေလို့ ဆင်း မလာသေးတာများလား။ ကိုယ်ကပဲ အနေမကျ့ုအောင် ရှောင်ပေးရဦး မည်ထင်သည်။

''အစ်ကိုလေး အန်ကယ်ကြီးက သွေးတိုးလို့ မစားတော့ဘူးတဲ့ ကိစ္စရှိလို့ဆိုပြီး ကားနဲ့ထွက်သွားပြီ''

မြနှင်းအသံစာစာလေးနှင့် ပြန်ဝင်လာပြီးပြောသည်။ မင်းမကိုငြိ မျက်ခုံးတစ်ချက် ပင့်သွားပြီး

''ဟ ဖေဖေက ဘယ်လိုဖြစ်တာလဲ၊ အရင်က အိမ်ကဘာမှ စားမသွားဘဲ အပြင်မထွက်ဖူးပါဘူး၊ အပြင်စာတွေလည်း သိပ်စားတတ်





မဟုတ်ဘဲနဲ့''

''သားက သားအဖေအတွက် စိုးရိမ်နေလိုက်တာ၊ သားအဖေ သားအရမ်းချစ်တာပဲလားဟင်''

ဒေါ်မြတ်သင်္ဂါ သွေးတိုးစမ်းကာ မေးတော့ မင်းမကိုငြိမ်းက ခေါင်း လို ခေါင်းညိတ်မလိုနှင့် လက်စသတ်စားပြီးသွားသော ခေါက်ဆွဲ တန်ကို တစ်ဖက်တိုးရွှေ့လိုက်ကာ

''ချစ်သလားဆိုတော့ ဘယ်လိုဖြေရမှန်းမသိဘူး၊ ငယ်ငယ်က ကြောက်ရှိသေပြီး အခု အရာရာ ခံစားတတ်လာတော့ ချစ်တာတွေ သလေးစားတာတွေ သိပ်မလုပ်ချင်တော့ဘူး''

''ဟင် ဘာဖြစ်လို့လဲ သား''

''အဟဲ ဖေဖေက မိန်းမကိစ္စ၊ စီးပွားရေးကိစ္စတွေနဲ့ပတ်သက်ရင် ညီးကြမ်းတယ်၊ ကျွန်တော့်ဘဝကိုလည်း ပုံစံချပြီး ချုပ်ကိုင်ထားတာ၊ လိုပြောရမလဲ ကျွန်တော်ဖြစ်ချင်တာထက် သူဖြစ်ချင်တာကိုပဲ က ထားတယ်၊ ကျွန်တော် စိတ်တစ်ခုလုံးကို လွှမ်းမိုးထားတယ်ပေါ့''

''ဘယ်လို''

သားအတွက် သွေးဆူကာ လေသံက မိခင်မေတ္တာတို့ဖြင့် ခပ် သတ် ဖြစ်သွားသည်။ သားကို ဒဏ်ရာပေးမှာတော့ လက်မခံနိုင်။ ကိုငြိမ်းက အလေးအနက်မရှိဟန် ပေါ့ပါးစွာပြုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ချုပ်ကိုင်လွှမ်းမိုးထားတာတော့ နေသားကျ
ပါပြီ၊ မိဘဆိုတာ သားသမီးအိမ်ထောင်မကျမချင်း သားသမီးရဲ့ဘဝ
ပိုင်တာပဲမဟုတ်လား။ ဒါပေမဲ့ တွယ်တာစရာ ဒီအဖေတစ်ယောက်
တာဆိုတော့ ဖေဖေ့ကို အပြစ်မမြင်ဘဲ လေးစားကြည်ညိုခဲ့ပါတယ်"

"သားက ဘာလို့ တွယ်တာစရာ သူ့တစ်ယောက်ည်းရှိတာ
သားအမေကရော"

"သေသလား ရှင်သလား သေချာမသိပါဘူး။ ဖေဖေ့အ
သစွာမဲ့ပြီး လသားအရွယ် ကျွန်တော့်ကိုလည်း စွန့်ပစ်ထားခဲ့ပြီး တ
တစ်ယောက်နဲ့ ထွက်သွားခဲ့တာတဲ့"

"သားအဖေပြောတာကို သားယုံသလား"

"ဗျာ"

"ဩော် မိခင်တစ်ယောက်က လသားအရွယ် ရင်သွေး
အပေါ် အဲလိုလုပ်ရက်ပါ့မလားလို့ပါ၊ ကိုးလလောက် အပင်ပန်းခံ လွ
ပြီး အသက်နဲ့မွေးထုတ်ပေးတာ မိခင်တွေ မဟုတ်လား၊ ယောကျ်ား
က ကိုယ့်စိတ်အာသာပြေရုံ မိန်းမတွေကို အသုံးချတတ်ပြီး သားသမီး
မိခင်တွေလောက် မခင်တွယ်တတ်ကြဘူးလေ၊ အမေကိုပြစ်မှားရင် အ
လေး ငရဲကြီးမှာစိုးလို့ပါ"

စိုးရိမ်ကြီးစွာပင် သားလေးကို ခပ်လောလော သတိပေးရသည်





အမှားအမှန်မသိအောင် သက္ကမင်း သိမ်းသွင်းစည်းရုံးထားတာဆိုသော်
သည်း သားလေးကို အပြစ်မယူစေချင်။

မင်းမကိုဦးရဲ့ရီဝေဆွေးမြေ့နေသော မျက်ဝန်းအိမ်မှာ မျက်ရည်
ကြည်တို့ လက်ခနဲ တွေ့လိုက်ရ၏။ ရင်ထဲဆို့နစ်ကာ မျက်နှာလွှဲမလို
ဘုပ်ပြီးမှ သားမျက်နှာလေးကို အနာကျင်ခံ၍ မျက်လုံးမလွှဲတမ်း ကြည့်
နေလိုက်မိသည်။

"ကျွန်တော် မေမေ့ကို ကျွန်တော် ငယ်ငယ်က အရမ်းနာကြည်း
ပြီး မုန်းခဲ့တယ်၊ ကျွန်တော့်ကို စွန့်ပစ်ပြီး အပျော်ရှာသွားတာ မိခင်တစ်
ယောက်မှ မဟုတ်ဘဲ၊ အမေ မရှိတဲ့သားဆိုပြီး ပတ်ဝန်းကျင်မှာ တော်
တော် သိမ်ငယ်ခဲ့ရပါတယ်၊ ဖေဖေကလည်း တာဝန်အရသာ ကျွန်တော့်
ကို ပြည့်စုံချမ်းသာအောင် ထားနေပေမယ့် နွေးထွေးမှုမရှိခဲ့လို့ စွန့်ပစ်
တော်တဲ့ မေမေ့ကို ပိုပြီးတောင့်တမိတယ်၊ မေမေသာဆို ကျွန်တော်
ကျောင်ဝမ်းနည်းရတဲ့အချိန်တိုင်း ရင်ခွင်မှာပွေ့ဖက်ပြီး နှစ်သိမ့်မှာပဲ
မဟုတ်လား"

"သားလေးရယ်"

ဆို့နစ်စွာ ညည်းညူမိရင်း မျက်ရည်တွေကို ဘယ်သူမှမမြင်
အောင် ပုတ်ခတ်ဖယ်ရှားပစ်ရ၏။

သက္ကမင်း သားကို ခိုးယူပြီး ဘယ်လိုမျှားပေးဆပ်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လေ ဘာပဲပြောပြော မေမေ့ကို မုန်းလို့နာကြည်း
လို့ မရခဲ့ဘူးထင်တယ်၊ အဲဒီစိတ်သေချာသွားတာက ဖေဖေ့ကို သံသယ
ဝင်လာခဲ့လို့ပဲ"

"ဟင် ဘယ်လိုကြောင့်လဲ သား"

"ဖေဖေက ငွေတစ်မျက်နှာပဲကြည့်တတ်သူလေ၊ သူ ကြီးပွား
တိုးတက်ဖို့ဆိုရင် ကျွန်တော့်ကိုတောင်ငဲ့ညှာ စာနာခဲ့တာ မဟုတ်ဘူး
ဒါပေမဲ့ ဒါတွေကို ခံနိုင်ရည်ရှိအောင် ကြိုးစားရင်းနဲ့ ကျွန်တော်နဲ့ဖေဖေ
သူစိမ်းသက်သက်လို ဖြစ်သွားတယ်၊ ဒါပေမဲ့ ကျွန်တော် သည်းမခံနိုင်တာ
က မိချောဘဝကိုပါ ချုပ်ကိုင်ထားတာကိုပဲ"

"ဟင် အဲဒါက ဘယ်လို"

"မိချောကို ဒီလောကထဲရောက်အောင် မက်လုံးတွေပေးပြီး
မြူဆွယ်တယ်၊ အောင်မြင်နေနိုင်တဲ့အချိန်အကန့်အသတ်ထိ ကောက်ကျစ်
တဲ့နည်းနဲ့ ချုပ်ကိုင်ထားတယ်၊ အဆုံးစွန်ထိပြောရရင် မိချောဘဝကို
သိမ်းပိုက်ချင်တာ"

"ဘာ"

ခံရခက်စွာ အသံထွက်သွားရင်း ငြိမ်သက်တိတ်ဆိတ်နေသော
မိချောဆီကို ကရုဏာသက်စွာ အကြည့်ရောက်သည်။

သက္ကမင်းရဲ့ ပရိယာယ်ထောင်ချောက်ထဲကို သက်ဆင်းခဲ့သည့်





အချိန်က မိမိအသက်က မိချောအရွယ်။

"ဒီအသက်နဲ့ဒီအရွယ်ကို မင်းအဖေက ဘယ်လိုများ"

"မိချော ရှိုးသားတာကို စာချုပ်တွေနဲ့ အမိဖမ်းလိုက်တာ၊
သုံးနှစ်အတွင်းမှာ ဖေဖေ့အတွက်ချည်း လုပ်ပေးရမှာ၊ မိချောမှာ ဘာ
ခံစားခွင့်မှမရှိဘူး"

"အဲဒီ ခံစားခွင့်တွေနဲ့ သူ့ရဲ့ပိုင်ဆိုင်မှုတွေ ရချင်ရင် သူ့ကို
လက်ထပ်ပါလို့ ပြောတယ်"

"ဟင်"

"ဘာ"

ဒေါ်မြတ်သဂြိတင်မဟုတ် မင်းမကိုင်နှပါ အလန့်တကြား အံ့သြ
သွားခဲ့သည်။ ဒီအကြောင်းက အခုမှသိတာ။

"မိချော ဘာလို့ အခုမှပြောတာလဲ၊ ကိုယ့်ကိုဘာလို့ စောစောက
အသိမပေးတာလဲ"

မင်းမကိုင်နှက ချက်ချင်းသွေးဆူကာ မျက်နှာတစ်ခုလုံး နီမြန်း
သွားသည်။ ဒေါ်မြတ်သဂြိက စိတ်ထဲ ခံစားရသလောက် ပေါက်ကွဲခွင့်
မရှိတာမို့ အသံတိတ် အံကြိတ်နေမိသည်။

သားရည်ရွယ်ထားသော မိန်းကလေးကိုတောင် သက္ကမင်း ချမ်း
မရှိတော့ပါလား။ မိချောကတော့ အပြုံးမပျက် သွေးအေးစွာပင်။



www.burmeseclassic.com

www.burmeseclassic.com



"မိချော ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ပါတယ်၊ အဲဒီ သုံးနှစ် လုံး မိချောဘက်က ဘာမျှော်လင့်ချက်မှ မထားဘဲ ပေးဆပ်မယ်လို့ ပြောလိုက်တယ်၊ ဘာကိုမှ မမက်မောဘူးပြောထားတဲ့အတွက် သူ့ဘက်က ရှေ့ဝိုးလာစရာ အကြောင်းမရှိပါဘူး"

"ကိုယ်ကတော့ ဖေဖေ့ကို မယုံကြည်ဘူး မိချော၊ ဖေဖေ့အကျင့် စရိုက်ကို ကိုယ်အသိဆုံး၊ ပရိယာယ်နဲ့ သိမ်းသွင်းတတ်တာ ဖေဖေ ကျွမ်းကျင်တယ်"

"ဘယ်လောက်ပဲ သိမ်းသွင်းတတ်ပါစေ၊ သိမ်းသွင်းခံရတဲ့သူက အဓိကပါ၊ ကိုယ့်ရဲ့ကိုယ်ကျင့်တရားလုံခြုံနေရင် လိမ်ညာခံစရာအကြောင်း မရှိပါဘူး၊ မိချောက ဆင်းရဲခဲ့ နိမ့်ကျခဲ့ပေမယ့် မာနတော့ မချနိုင်ဘူး"

မိချောကိုပဲ ယုံကြည်ရတော့မှာလား။ မိချောအတွက် ဘာလုပ် ပေးနိုင်မလဲ။

ရင်ထဲမှာ ပူလောင်မှုတွေဖြင့် ကြွေ့မရ သွေးပျက်ကာ . . .။

■ ■ ■



## အခန်း (၃၄)

"မင်းကိုငါ ဘာမှပြောစရာမရှိဘူး၊ မင်းပြောတာတွေလည်း [illegible] နားမထောင်နိုင်ဘူး။ ဒီအခန်းထဲက အခုပြန်ထွက်သွား မြတ်သင်္ဂါ၊ [illegible]စ်ယောက်ယောက်သိသွားရင် ရှုပ်ကုန်လိမ့်မယ်"

တံခါးပေါက်ကို လက်ညှိုးထိုးကာ ဦးကျော်စိုးလွင်က ပြောင် [illegible]ောင်တင်းတင်းပင် နှင်ထုတ်သည်။ ထိုသို့ပြောမှ ဒေါ်မြတ်သင်္ဂါ အခွဲ့ [illegible]က်ကာ စာကြည့်ခန်းတံခါးကို အသံမြည်အောင် ဒုန်းခနဲ ပိတ်ချလိုက် [illegible] မထိမဲ့မြင် မဲ့ပြုံးများဖြင့် ဦးကျော်စိုးလွင်ရှေ့မှာပင် ဝင်ထိုင်သည်။

"မြတ်သင်္ဂါဆိုတဲ့ မိန်းမက အပြစ်လုပ်မထားလို့ သိသွားလည်း [illegible]လောက် သွေးမပျက်ဘူး သက္ကမင်း၊ သားအနာဂတ်ကြောင့်မို့သာ [illegible]လောက်သည်းခံနေတာ၊ ရှင့်လို လူယုတ်မာအိမ်မှာ နေချင်လို့ နေနေ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး၊ အခုလည်း ရှင့်မျက်နှာကို မြင်ချင်လွန်းလို့ မဟုတ်

ရှင့်ကို သတိပေးဖို့ လာခဲ့တာ''

''ဘာ''

''ရှင့်ကြောင့် သား စိတ်ဆင်းရဲနေတာကို ကျွန်မ မမြင်ချင်

''ဘာ ငါက ဘာလုပ်လို့လဲ''

''မိချောကို ရှင်သိမ်းသွင်းစည်းရုံးနေတယ် မဟုတ်လား၊

အသက်အရွယ်မှ အားမနာ၊ ဒီလိုလုပ်ရပ်တွေ ရပ်တန်းကရပ်သင့်

အသိတရားမရသေးဘူးလား သက္ကမင်း''

''အဲဒါ မင်းနဲ့မဆိုင်ပါဘူး၊ သက္ကမင်းဆိုတာ အရင်ကတည်း

လုပ်ချင်ရာလုပ်လာတဲ့ကောင်''

''ဒါဆို ကျွန်မသားကို ရှင် ဘာလို့ ခေါ်သွားတာလဲ၊ မ

မုန်းတီးနာကြည်းအောင် ဘာလို့ လုပ်ကြံဖန်တီးပြောထားတာလဲ၊ သ

ရှင်ငရဲပေးနေတာ၊ ဒီကလေးကို အကြောင်းပြပြီး ရှင့်ကိုတွယ်ကပ်

စိုးတယ်ဆိုရင် အစတည်းက ဒီကလေးကို မခေါ်ဘဲ ထားခဲ့ပါလား''

''ငါ့သွေးသားလို့ သိထားတဲ့ ဒီကလေးကို ငါ ဘယ်လို

ဥပေက္ခာပြုရက်မှာလဲ၊ ထောင်ကျနေတဲ့ မင်းက မစောင့်ရှောက်နိုင်

တာသိလို့ ငါ ခေါ်လာခဲ့တာ၊ မသိအောင် ခိုးခဲ့တာကတော့ မင်း

ကထွက်လာရင် ဖယ်ားလာရှုပ်မှာစိုးလို့ပဲ''





''ရှင် ကျွန်မကို အဲဒီလောက်တောင် မုန်းနေခဲ့သလား သက္က
မင်း''

ဒါကိုတော့ ဦးကျော်စိုးလွင် တန်းခနဲ မဖြေ၊ မျက်နှာကိုတစ်ဖက်လှည့်ပစ်ရင်း ရင်ဘတ်ကြီး မို့မောက်သွားအောင် သက်ပြင်းရှိုက်ပစ်၏။ ပြီးမှ

''ဒီလိုနေတတ်အောင် ဒီလောကက ငါ့ကိုသင်ပေးလိုက်တာ၊ လူတွေကို မတူမတန်သလို ဆက်ဆံတတ်တာ ဘယ်သူ့ကိုမှ ကျေးဇူးတင်ရကောင်းမှန်းမသိတော့တာ၊ ဒီလောကထဲကို ရောက်လာခဲ့လို့ပဲ၊ ငါဟာ အနုပညာအလုပ်ကို ဝါသနာပါလို့ အောက်ခြေသိမ်းကစပြီး ကြိုးစားခဲ့တယ်၊ ငွေမရှိ ပညာမရှိ အရှိန်အဝါမရှိတော့ လူတကာရဲ့အနှိမ်ခံ အစော်ကားခံ အနိုင်ကျင့်ခံရတယ်၊ ကိုယ့်ထက်ငယ်တဲ့သူတွေကိုတောင် ဗျာထူးဘုရားထူးပြီး ကုတ်ကပ်တွယ်ဖက်ပြီး အနစ်နာခံလာခဲ့တာ''

''အဲလိုဖြစ်တာနဲ့ မြတ်သင်္ဂါကို ဒီလိုယုတ်မာခဲ့တာ ဘာဆိုင်လို့လဲ သက္ကမင်း''

''ငါက ငါ့ကိုယ်ငါ အောင်မြင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဆုတ်မနစ် ခရီးကြမ်းနှင်လာခဲ့တာ၊ နောက်ပိုင်း လူရည်လည်လာတဲ့အခါ မင်းလို အနုပညာကို ရူးသွပ်တဲ့မိန်းကလေးတွေဆီက အခွင့်အရေးရသမျှ အကုန်ယူပြီး ငါ့အောင်မြင်မှုအတွက် လှေကားထစ်လို အသုံးချ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ ငါမှားသလား''

''ဘယ်သူသေသေ ငတောမာပြီးရောစိတ် မွေးတာ လူမှမဟုတ်ဘဲ၊ အေးလေ ဒီအပြစ်ဒဏ်ကို နင် တစ်နေ့နေ့ ပေးဆပ်ရမှာပါ၊ ငါလည်း နင့်လိုလူယုတ်မာကို ထောင်ကထွက်လာရင် တွေ့အောင်ရှာပြီး သတ်မယ်လို့ ရည်ရွယ်ထားခဲ့တာ၊ ဒါပေမဲ့ ငါ့သားလေးကြောင့် ငါ့ရဲ့ဒေါသတွေ အာဃာတတွေကို ဟိုးအောက်ဆုံးထိ လျှော့ချထားရတယ်၊ နင်လည်း သားကို နင့်ရဲ့သွေးသားလို့ အသိအမှတ်ပြုထားရတာ တကယ်ဆိုရင် ဘာမဆို စွန့်လွှတ်နိုင်ဖို့ ကြိုးစားထားပါ၊ မိချော အပါအဝင် ပြောတာ''

''ဘာပြောတယ်''

တမင်တကာ မသိအောင် ဖုံးကွယ်ထားချင်တာမျိုး မဟုတ်ပေမယ့် ကိုယ့်ရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ဖို့တော့ မိချောကို စည်းရုံးသိမ်းသွင်းနေမိတာ အမှန်ပင်။

ဒါကလည်း မိချောကိုချစ်လို့မဟုတ်၊ ကိုယ့်စီးပွားရေးအတွက် တစ်သက်စာ စာချုပ်ကိုင်ထားချင်ရုံသက်သက်ပင်။ ကိုယ်လည်း အသွယ်လွန်နေပြီမို့ ဆေးပေးမီးယူအတွက် စိတ်ကူးယဉ်မိတာ အမှန်။ ဒါပဲ ဒီလောက်ပါပဲ၊

''မင်းက မိချောအကြောင်း ဘာလို့ ငါ့ကိုပြောတာလဲ''

''သားနဲ့မိချောက ချစ်သူတွေဖြစ်နေပြီ၊ ရှင့်လောဘအတွက်





ရှင့်ကိုယ်ကျိုးအတွက် မိချောကို အသုံးချချင်တာ သင့်တော်ပါ့မလား၊ ရှင့်ကိုကျွန်မ ရှင်းရှင်းပဲပြောမယ်၊ သားဆန္ဒတွေကို ဖျက်စီးဦးမယ်၊ ရှင် ဖြစ်ချင်တာတွေပဲ ဦးစားပေးနေဦးမယ်ဆိုရင် သားကို ကျွန်မအကြောင်းတွေ ဖွင့်ပြောရလိမ့်မယ်''

''ဘာ''

''သားက ရှင် ဘယ်လောက်သွေးခွဲခွဲ မအေဖြစ်သူကို မုန်းတီးနာကြည်းမနေဘူးဆိုတာ ကျွန်မ သိပြီးပြီ၊ သူ့အမေက ထောင်ထွက်အစ်ယောက်ဆိုလည်း သူ ရှက်သွားမှာ မဟုတ်ဘူး၊ ရှင့်ရဲ့ယုတ်မာမှုတွေ သိသွားရင်တော့ ဘယ်လောက်ထိ မုန်းတီးနာကြည်းသွားမလဲ မခန့်မှန်းနိုင်ဘူး သက္ကမင်း''

''ဘာ မင်း မင်း မြတ်သဂါ၊ သား သားကို မပြောရဘူး၊ မင်း မပြောရဘူးနော် မြတ်သဂါ''

ဦးကျော်စိုးလွင် သွေးပျက်တုန်လှုပ်စွာ ဖြုန်းခနဲ ထရပ်၍ သွေးသွေးတန်း အော်သည်။ သူ့အလှည့်ကျတော့ သက္ကမင်း ဟန်ပင်မဆောင်နိုင်ပါလား။ ဒေါ်မြတ်သဂါ ခနိုးခနဲ့ မဲ့ရွဲ့ပစ်လိုက်မိသည်။

''ရှင့်ကို လူယုတ်မာလို့ ထင်သွားမှာတော့ ကြောက်သလား''

''ငါ သူတော်ကောင်းမဟုတ်ဘူးဆိုတာတော့ သား သိတယ်၊ ဒါပေမဲ့ သူ့အမေအပေါ် ယုတ်မာတာကိုတော့ ငါ့ကိုသားခွင့်လွှတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ သူ အမြဲတမ်း အဲဒီစကားပြောတယ်၊ နောက်ပိုင်း ငါ ဘာ
ပြောပြော မယုံကြည်တော့တာ''

''ရှင် စစ်မှန်ခဲ့တယ်ဆို ဘာကိုတွေးကြောက်နေတာလဲ သား
ရော ရှင် အသုံးချချင်လို့ မွေးခဲ့တာမဟုတ်လား''

''မ မဟုတ်ဘူး၊ အဲဒါ မဟုတ်ဘူး၊ အဲဒီအချိန်က အောင်မြင်
မှုတွေကို မက်မောတပ်မက်နေခဲ့ပေမယ့် ဖခင်တစ်ယောက်ရဲ့ မေတ္တာ
တရားတွေတော့ ငါ့ရင်ထဲမှာ အပြည့်အဝရှိနေခဲ့ပါတယ်၊ သားကို နို့ထိန်း
တစ်ယောက်နဲ့ အပ်ထားပြီး ငါ အလုပ်တွေပိုကြိုးစားခဲ့တယ်၊ သား
လိုလေသေးမရှိ ပြည့်စုံအောင် ထားခဲ့တယ်၊ သူများတွေအပေါ်မှာ
မတရားပေမယ့် သားအတွက်တော့ ငါ့မှာ ရည်ရွယ်ချက်တွေနဲ့ပါ''

''ဒါဆို မိချောကိုစွ ရှင် ပြတ်ပြတ်သားသား နောက်ဆုတ်ပေး
လိုက်ပါ သက္ကမင်း၊ သားကိုရော မိချောကိုရော စိတ်အနှောင့်အယှက်ဖြစ်
စိတ်ပင်ပန်းအောင် ရှင်မလုပ်ပါနဲ့''

ဦးကျော်စိုးလွင် ခေါင်းညိတ်မလိုလုပ်ပြီးမှ ခေါင်းကို ဆတ်ခနဲ
ခါသည်။ ဖြူနီးခနဲ ပြန်ထိုင်ချရင်း စိတ်ဂနာမငြိမ်သလို လက်ချောင်းတွေ
ကို တဖျောက်ဖျောက် ချိုးချ၏။

''မိချောက အခုလောလောဆယ်မှာ အနုပညာဂုဏ်လေးတင်
ပဲရှိတယ်၊ မျိုးရိုးမသန့်ဘူး၊ ဖအေက အရက်သမား ကလေကချေ





မိတွေးနဲ့နေခဲ့ရတာ၊ တောရွာလေးမှာ အခြေမဲ့အနေမဲ့''

''သားအတွက် ဂုဏ်ဒြပ်ခွဲခြားကြည့်နေတာလား၊ ရှင်ကရော
မိချောကို ဘာအတွက် ကြံစည်ချင်တာလဲ၊ ရှင်နဲ့ပဲ တန်တယ်ပေါ့''

''မဟုတ်ဘူး ငါ့ကို မခနဲ့ပါနဲ့၊ ငါ့သမီးအရွယ်လောက်လေးကို
စီးပွားရေးတစ်ခုတည်းအတွက် အသုံးချဖို့ပဲ ငါ စဉ်းစားခဲ့တာ၊ တဏှာ
စိတ်နဲ့ ရှုမြှက်ဆန္ဒတွေ မရှိဘူး၊ သားအတွက်တော့ အဆင့်အတန်းရှိတဲ့
မိန်းကလေးနဲ့ပဲ''

''ရှင့်ကိုယ်ရှင်တော့ အဆင့်အတန်းရှိတယ်လို့ ထင်နေသလား
သက္ကမင်း၊ ချမ်းသာကြွယ်ဝရုံနဲ့ အဆင့်အတန်းရှိတယ်လို့ ပြောလို့မရဘူး
နော်၊ အတွင်းစိတ်ယုတ်ညံ့တဲ့သူဟာ လောကကြီးမှာ အောက်တန်းအကျ
ဆုံးပဲ၊ မိချောလေးမှာ ရိုးသားမှုဂုဏ်ရှိတယ်၊ ရှင့်ရဲ့သိမ်းသွင်းဖြားယောင်း
မှုတွေမှာ ကျွန်မလို အမှားအယွင်းမခံဘဲ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်တယ်၊
ကိုယ်ကျင့်တရားက ရွေးချယ်လို့ရတယ်ဆိုတာ ရှင် သဘောပေါက်နေမှာပါ''

ဒါကိုတော့ ဦးကျော်စိုးလွင် အပြည့်အဝ ထောက်ခံရပေမည်။
ဘယ်လိုမှ မက်လုံးပေး သိမ်းသွင်းလို့မရတာ ကိုယ်တိုင်အသိ။

သားကြောင့်ရယ်မဟုတ်ဘဲ ဟိုအရင်ကတည်းက မိချောရဲ့
ရိုးသားသန့်ရှင်းမှုကို အသိအမှတ်ပြုမိတာပါ။ တော်တန်ရုံ မိန်းကလေး
က ကြာရှည်စည်းရုံးနေစရာမှ မလိုဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သားနဲ့ကိစ္စ သဘောတူပေးရမှာလား။

မြတ်သဂါနှင့် ပြတ်ပြတ်သားသား ဆွေးနွေးဖို့လိုမည်ထင်သည်။ မြတ်သဂါ မင်းက သားကြောင့်အရာအားလုံးကို အလျှော့ပေးလိုက်သလို ငါလည်း သားကြောင့်ပဲ . . ။

■ ■ ■



## အခန်း (၃၅)

စာကြည့်ခန်းတံခါးပေါက်ကို ကိုင်ထားမိသည့် သူ့ရဲ့လက်တွေက တဆတ်ဆတ် တုန်ယင်နေသည်။ ကိုယ်ခန္ဓာတစ်ခုလုံးက တောင့်တင်းလျက် ဖြုန်းခနဲ ဖွင့်ချလိုက်ဖို့ ကြိုးစားရင်း အသက်ရှူရပ်မတတ် ခံစားနာကျင်နေမိ၏။

"အဒေါ်ကြီး မမြင်ပါလား မြနှင်း ဘယ်ရောက်သွားလဲ"

"အန်ကယ်ကြီး စာကြည့်ခန်းထဲဝင်သွားတာ တွေ့လိုက်တယ်၊ အခုထိ ပြန်ဆင်းမလာသေးဘူး။ ဘာကိစ္စရှိလို့လဲမသိဘူး အစ်ကိုလေးရဲ့"

"ဟင်"

မြနှင်းအဖြေကြောင့် သူ အံ့ဩကာ အတွေးများသွားခဲ့သည်။ မနေ့တစ်နေ့ကမှ ရောက်လာသော အဒေါ်ကြီးက ဖေဖေနှင့်ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးပြီး အခန်းထဲမှာ စကားသွားပြောရသည်အထိ ဖြစ်သွားတာလဲ။ သူတို့ရှေ့မှာတော့ တစ်ခါမှစကားပြောတာ မတွေ့ရပါ။ ဖေဖေကပင် တမင်တကာ ရှောင်နေသလို မိသားစုထမင်းလက်ဆုံ မစားဖြစ်တာ အဒေါ်ကြီး ရောက်လာကတည်းကပင်။

"မိချော ရေချိုးပြီးရင် မြနှင်းနဲ့ထမင်းပွဲပြင်ထားလိုက်ကွာ၊ ဖေဖေနဲ့အဒေါ်ကြီးကို ကိုယ်သွားခေါ်လိုက်မယ်"

ထိုသို့ပြောခဲ့ပြီး အခြေအနေသိရအောင် တိတ်ဆိတ်စွာပင် အပေါ်ထပ် တက်လာခဲ့တာပါ။ အခုတော့ သူ့နားထဲ ကြားနေသမျှတွေက ယုံပင်မယုံနိုင်။

အဒေါ်ကြီးက သူ့အမေတဲ့လား။ ဒေါ်မြတ်သဂီက သူ့အမေ။ ဒေါ်မြတ်သဂီအကြောင်း သူစိမ်းတစ်ယောက်လို နားထောင်ခဲ့ရတုန်းက တောင် သက္ကမင်းဆိုသည့်လူကို ဒေါသတွေဖြစ်ကာ မုန်းတီးနေခဲ့မိသေးသည်။

ရက်စက်ယုတ်မာ လူမဆန်သည့်လူ။

အဲဒီလူက သူ့အဖေ။ သူ့အဖေ ဦးကျော်စိုးလွင်တဲ့လား။

"ဟား မေမေ မေမေ့အပေါ် ဘာလို့ ဒီလောက်တောင် ရက်စက်ရတာလဲ၊ ယုတ်မာရတာလဲ၊ သားနဲ့ခွဲခွာပြီး ထောင်ထဲမှာ အနှစ်နှစ်ဆယ်ကျော်တောင် သွားနေရရှာတာ"





သူ့ တအားကုန်းအောင်မိပေမယ့် အသံထွက်မလာ။ ဖေဖေ့ မျက်နှာကို စက်ဆုတ်ရွံရှာစွာ မကြည့်ရဲသလိုကြီးဖြစ်ပြီး တံခါးဖွင့်ဖို့ ခုထိ ချီတုံချတုံ။

"ဟင် သား"

"သား"

ကလစ်ခနဲ တံခါးတွန်းဖွင့်သံနှင့်အတူ ဦးကျော်စိုးလွင်ရော ဒေါ်မြတ်သဂီရော မျက်ရည်တွေ စိုလူးနေသည့် မင်းမကိုင်ကို မြင်တွေ့သွားကြသည်။

"တောက်"

အံကြိတ်တက်ခေါက်သံနှင့် မင်းမကိုင်ရဲ့ စူးစိမ်းနေသော အကြည့်ကြောင့် ဦးကျော်စိုးလွင် ဆတ်ခနဲ မျက်နှာလွှဲရင်း ကတုန်ကယင် ဖြစ်သွားသည်။ မင်းမကိုင် အားလုံးနီးပါး ကြားသွားသိသွားပြီပေါ့။

"သား"

"မခေါ်နဲ့ အဲဒီ သားဆိုတဲ့ အသံမကြားချင်ဘူး။ ဖေဖေ့ကို ကျွန်တော် ဘာပြောထားလဲ၊ ဘယ်လိုအသိပေးထားလဲ၊ ကျွန်တော့်မေမေ က ဖေဖေပြောသလို မဟုတ်ခဲ့ဘဲ တခြားမိန်းကလေးတွေလို အသုံးချခံ ရတာဆိုရင် ကျွန်တော် ခွင့်မလွှတ်ဘူးလို့"

"ဖေ ဖေဖေ မှားပါတယ်၊ ဖေဖေ တောင်းပန်တယ် သား"



www.burmeseclassic.com

www.burmeseclassic.com



''မတောင်းပန်နဲ့ မကြားချင်ဘူး ဖေဖေ၊ ဖေဖေက တစ်ကိုယ်ကောင်းသမား၊ အတ္တသမား၊ ဘယ်သူ့ကိုမှ ကိုယ်ချင်းမစာနာတတ်တဲ့ အဲဒီလိုလူမျိုးက ကျွန်တော့်အဖေ ဖြစ်နေတာ ကျွန်တော် ရှက်တယ် သိပ်ရှက်တယ်''

''သား သားလေး''

ဒေါ်မြတ်သင်္ဂါ သားရဲ့လက်ကို ဆုပ်ကိုင်ပြီး ရင်ထဲမှ မျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။ သားက မိမိကို မုန်းမနေတာ ကြည့် ပေမယ့် အဖေကြောင့် ခံစားရတာကိုတော့ မကြည့်ရက်နိုင်ပေ။

သားလေးက မိမိရင်ခွင်မှာ ခိုကိုးရာမဲ့သလို အတန်ကြာတိုး ဖက်တွယ်ကာ တစ်ချက်ရှိုက်ပြီးမှ ဖအေဖြစ်သူကို စူးခနဲ လှည့်ကြည့် ၏။

''ကျွန်တော့်အမေကို သနားညှာတာမှုမရှိခဲ့ဘဲ ကျွန်တော့် ဘာလို့ ခေါ်မွေးနေသေးလဲ၊ အဲဒီအချိန်တည်းက သေသေကြေ စွန့်ပစ်ထားလိုက်ပါလား၊ စေတနာမပါဘဲ မွေးမြူပြီးတော့ ကျွန်တော့် တစ်ခုလုံးကို ဆန္ဒတွေဖြစ်ခွင့်မပေးဘဲ ချုပ်ကိုင်ထားတယ်၊ ဖခင် ယောက်ရဲ့ နွေးထွေးမှုတွေ သိမ်မွေ့ညင်သာမှုတွေ မပေးခဲ့တာ အ နားလည်သွားပြီ ဖေဖေ၊ ဖေဖေက ဖခင်မေတ္တာမှ မရှိခဲ့တာ၊ ဒီလိုအ မှာ ဒီလိုမျိုး အသုံးချနိုင်းစားလို့ရအောင်''





''မဟုတ်ဘူး အဲ အဲလိုကြီး မပြောပါနဲ့ သားရယ်၊ သားအပေါ် မှာ ဖေဖေ မေတ္တာ မျက်ခဲ့ပါဘူး၊ သားလေးကို ကိုယ်ဝန်လွယ်ထားတဲ့ အချိန်မှာ ဖေဖေ တက်လမ်းအတွက် အနှောင့်အယှက် အဟန့်အတား ဖြစ်မှာစိုးလို့ ဖျက်ချနိုင်းခဲ့မိတာ ဖေဖေ ဝန်ခံပါတယ် ဒါပေမဲ့ သား''

''ဟင့်အင်း မပြောပါနဲ့ ဖေဖေ့ပါးစပ်က ထွက်သမျှ ဘာအမှန် တရားမှ ရှိမှာမဟုတ်ဘူး၊ လောဘ မောဟတွေနဲ့ လောင်မြိုက်နေတဲ့ အဖေ့ရဲ့တစ်ကိုယ်ကောင်း အတ္တတွေကို ကျွန်တော် ကြောက်တယ် ရွံ တယ် မုန်းတယ်''

''သား''

ဦးကျော်စိုးလွင် မကြားရဲတော့သလို နားနှစ်ဖက်ကိုပိတ်၍ ဆတ် ဆတ်တုန်နေသည်။

ကိုယ်ပြုသည့်ကံ ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာမည်ဆိုတာ ဒါမျိုး သား။ ကိုယ်ပြုလုပ်ခဲ့တုန်းက သူများတွေ ဘယ်လိုခံစားရမည်ဆိုတာ တွေးမကြည့်မိခဲ့။

ဒါကို သားက တစ်ကိုယ်ကောင်းဆန်သည့်လူ အတ္တကြီးသည့်လူ ကိုယ်ချင်းမစာတတ်သည့်လူတဲ့။

သားဒီလိုမျိုး စွပ်စွဲတိုက်ခိုက်တာ မမှားဘူးဆိုသော်လည်း ခံစား သည့် ကိုယ့်ရင်ထဲမှာ အသည်းတွေ ပြုတ်ကြွေလုမတတ်။ ကိုသို့ကို



www.burmeseclassic.com

www.burmeseclassic.com



စက်ဆုတ်ရွံရှာသလို ကြည့်နေသော သားက ဘာမှမပြောချင်တော့သ
သူ့အမေလက်ကိုဆွဲ၍ ကျောခိုင်းသည်၊ အထိတ်တလန့်ပင် ဖြစ်သွားမိ

"သား၊ ဘယ် ဘယ်သွားမလို့လဲ"

"ဖေဖေ့အရိပ်မှာနေဖို့ မသတီတော့ဘူး ဖေဖေ၊ ကျွန်
ဝယ်ထားတဲ့အိမ်မှာ မေမေနဲ့မိချောကို ခေါ်သွားတော့မယ်"

"ဟင်"

"ဖေဖေ့လို လူမျိုးဆီက ကျွန်တော်တို့ ဘာမှမမက်မောပါ
ဒီမှာ ဆက်နေရင် ဖေဖေ့ဆီက ယုတ်ညံ့တဲ့အမွေတွေ ရနေမှာ
ခွင့်ပြုပါ ဖေဖေ၊ သားသမီးက လေးစားခံရတဲ့ ဖခင်တစ်ယောက်
သရွေ့ ကျွန်တော် ဒီအိမ်ရှေ့ကို အရိပ်တောင် လာမနင်းဘူး"

ပြောထွက်လိုက်တာလို အပြစ်မယူချင်တော့၊ နောက်ဆံမ
သော ခြေလှမ်းများက ဥပေက္ခာများကို တစ်ချိန်တည်းမှာ အစုအပြ
လွှတ်ချထားခဲ့သည်။

တန်ရာဘဝမှာ ကံကြမ္မာအတိုင်းပဲ ရှိပါစေတော့. . . ။

■ ■ ■



## အခန်း (၃၆)

မေမေ့လက်ကိုဆွဲကာ ဆင်းလာခဲ့တော့ လှေကားအတက်
ဆင်းမှာ မိချောနှင့်ဆုံသည်။ သူမလည်း အရာရာကို သဘောပေါက်ပြီး
ပြီထင်၏။

စိုးရိမ်ကြီးနေသော မျက်ဝန်းများဖြင့် မိချောလည်း ကယောင်
ကျက်ချားပါ။

"လာ မိချော သွားမယ်၊ နောက်မှ အလုပ်သမားတွေလွှတ်ပြီး
တ်အစားတွေ သယ်ခိုင်းလိုက်မယ်"

"နေ နေဦးလေ၊ နင် အဲဒီလို ဗွတ်တရွတ် မဆုံးဖြတ်ပါနဲ့ဦး၊
အေးအေးနဲ့ စဉ်းစားပြီးမှ"

"မင်း နောက်ဆံတင်းစရာ ဘာရှိလို့လဲ၊ ဒီလိုလူမျိုးရဲ့အိမ်ထဲ
မင်းနေဝံ့သလား၊ ငါက ငါ့ဘဝမှာ မေမေနဲ့မင်းရှိရင် ပြီးပြီ၊ အဖေ
တာ မရှိတော့ဘူး၊ ငါ့ဘဝမှာ အဖေ မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သွေးဆူနေသည့်အချိန်မို့ မင်းမကိုဋ်ကို ဘယ်လိုမှ ဖျောင်းဖျ လို့ရမှာမဟုတ်။

သူ ဆွဲခေါ်ရာပါလာရင်း ဒေါ်မြတ်သင်္ဂါရော မိချောရော သူ ကားနှင့် သူဝယ်ထားသော အိမ်ကို ရောက်လာခဲ့ရသည်။

မင်းမကိုဋ်က မအေဖြစ်သူရဲ့လက်ကို လုံးဝမလွှတ်။

ဒေါ်မြတ်သင်္ဂါကလည်း မျက်ရည်ဝဲလျက် ကြည်နူးမဆုံး။

"သားလေး မေမေ့ကို နားလည်ပေးလို့ ကျေးဇူးတင်ပါတယ် မေမေကလေ"

"ဘာမှရှင်းမပြပါနဲ့ မေမေ၊ မေမေမုန်းမသီခင်ကတည်းက မေမေ့အကြောင်းတွေ နားထောင်ပြီးပြီပဲ၊ ဖေဖေ့အကြောင်းကိုလည်း မေမေနဲ့ မတွေ့ခင်ကတည်းက သိပြီးသားပါ၊ မေမေ့ကိုတော့ အဲ မလုပ်ခဲ့ဘူးထင်တာ၊ ငယ်စဉ်ကတည်းက ရိုက်သွင်းထားခဲ့တဲ့ ဖေဖေ့ စကားတွေကိုယုံပြီး မေမေ့ကို အချိန်တွေအကြာကြီး မုန်းနေခဲ့ဖူးပါတယ် အချစ်ကို သစ္စာမဲ့ပြီး ယောက်ျားတစ်ယောက်နဲ့ ဖောက်ပြန်သွားတာတဲ့"

"မေမေ နားလည်တယ် ခွင့်လွှတ်ပါတယ်၊ ခုချိန်ထိ မုန်း ရင်တောင် မေမေ အပြစ်မတင်ပါဘူးကွယ်၊ ထောင်ထဲမှာနေရင်းနဲ့ သား လေးကျန်းမာချမ်းသာပါစေလို့ မေမေအမြဲတမ်း ဆုတောင်းမေတ္တာပို့ တာပါ၊ အ အခု ထောင်ထွက်အမေရဲ့သားဖြစ်ရတာ အောင်မြင်နေ





သားဘဝ အနှောင့်အယှက်ဖြစ်နေပါတယ်၊ တခြားလူတွေအားလုံး မေမေ့ ကို အိမ်ဖော်တစ်ယောက်လိုပဲသိပါစေ သား"

"အာ ဘာလို့ အဲလိုလုပ်ရမှာလဲ ပြောရမှာလဲ၊ အောင်မြင်မှု တွေကို မေမေ့လောက် ကျွန်တော် မမက်ဘူး မေမေ၊ မိချောကိုလည်း ဖေဖေ့လောင်းရိပ်အောက်က ဆွဲခေါ်လာခဲ့ပြီ သားဘဝမှာ မေမေနဲ့မိချော နဲ့ရင် ပြည့်စုံပြီ"

ဒေါ်မြတ်သင်္ဂါ နားလည်စွာပြုံးလိုက်သော်လည်း လေးပင်စွာ ခေါင်းကိုရမ်းသည်။

"သားဆီက အဲဒီစကားမျိုးကြားရတာ မေမေ ပျော်တယ်၊ ကြည်နူးတယ်၊ ဒါပေမဲ့ ဒါဟာ မေမေ အတ္တကြီးမိတာပဲ သား၊ သားအ တွက် မေမေ ဘာမှလုပ်မပေးရသေးဘူး၊ ဒါကို ဒီအတိုင်းကျေနပ်နေရင် သားအတွက် အဟန့်အတားဖြစ်သွားလိမ့်မယ်၊ သားအနားက မေမေ ဘယ်မှမသွားပါဘူး၊ ဘယ်လိုဘဝမျိုးနဲ့ဖြစ်ဖြစ် မေမေ့ကိုပေးဆပ်ခွင့်ပေး ပါ"

"ကျွန်တော့်ဘက်ကလည်း မေမေ့ကို လုပ်ကျွေးပြုစုရတာမျိုး ရှိသေးပါဘူး မေမေ၊ အောင်မြင်မှုကို ဖက်တွယ်ပြီး မေမေနဲ့ဝေးကွာနေ တာမျိုး မဖြစ်ချင်တော့ဘူး"

"သားအဖေ ဒီအတိုင်းနေမယ်ထင်လား၊ သားက ထောင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ရဲ့သားပါလို့ မီဒီယာတွေကတစ်ဆင့် ပရိသတ်ကို အသိ
ပေးလိုက်ရင် မေမေ ရင်ကျိုးရမှာ''

''သူ့ဘက်က ဒီလိုယုတ်မာမှုမျိုး ဆက်လုပ်နေရင် သူ့ကို တစ်
သက်လုံး အဖေခေါ်စရာမလိုတော့ဘူး မေမေ၊ မေမေ့အတွက် သား
အတွက် သူ့ကိုလက်စားချေမယ်''

''သား စကားကို အဲလို လက်လွှတ်စပယ် မပြောရဘူး။ သူ
ဘယ်လောက်ပဲ မကောင်းကောင်း သူက မင်းရဲ့အဖေ၊ အပြစ်မကြီးပါစေ
နဲ့၊ ငရဲမယူမိပါစေနဲ့ သား။ သူလည်း အခုနောင်တရပြီး တော်တော်ခံစား
နေရတဲ့ပုံပါ၊ သူ့မှာအတ္တတွေရှိချင်ရှိမယ်၊ လောဘတွေရှိချင် ရှိမယ်
ဒါပေမဲ့ သူဟာ သွေးသားသံယောဇဉ်နဲ့ သားကို လူတစ်လုံးသူတစ်လုံး
ဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့သူပဲ၊ မိဘကို မပြစ်မှားရဘူး
မုန်းနေပေမယ့်လည်း ပြုံးနေရမယ်၊ ရှောင်ဖယ်လို့ရပေမယ့်လည်း သူ
ဟာ သားအဖေပဲ''

''ဟင့်အင်း''

တွဲဆုပ်ထားသော မေမေ့လက်ကို ဖယ်ချ၍ မြန်းခနဲ ထရပ်ကာ
ကိုယ့်ရင်ဘတ်ကို ထုပစ်လိုက်၏။

''ဖေဖေနဲ့ပတ်သက်ပြီး ဒီရင်ထဲမှာ ဒဏ်ရာတွေအပြည့်ပဲ မေမေ
အခုချိန်မှာ ဖေဖေနဲ့ပတ်သက်ပြီး သားကို မဖျောင်းဖျပါနဲ့၊ မနှစ်သိမ့်ပါနဲ့





လွှတ်လပ်စွာ ပေါက်ကွဲခွင့်ပေးပါ၊ နာကြည်းခွင့်ပေးပါ''

''သူ့ကို ခဏလောက် လွှတ်ထားလိုက်ပါ အဒေါ်၊ ဦးကျော်စိုး
လွင်လည်း နောင်တရဖို့ အချိန်တစ်ခု လိုလိမ့်မယ်၊ အပြစ်ရှိရင် ပေးဆပ်
ရမှာမဟုတ်ပါ၊ အခုကတည်းက ခွင့်လွှတ်ပေးလိုက်ရင် သူ့ရဲ့အတ္တတွေကို
ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး၊ လူတစ်ယောက် အကြောက်ရွံ့ဆုံး
က လူတစ်ယောက်ဆီက ဥပေက္ခာပဲ၊ တစ်ယောက်တည်း နေရတဲ့အခါ
အမှန်တရားကို သူ တွေးတတ်လာလိမ့်မယ်''

မိချော ဝင်ပြောတော့ မင်းမကိုင်၍ ထိုင်ခုံမှာ ပြန်ထိုင်သည်။
စိတ်ကိုလျှော့ချလိုက်တာ မဟုတ်ပေမယ့် သက်ပြင်းပူတွေလှိမ့်ထွက်လာ၏။
ပြီးမှ မိချော မျက်ဝန်းတွေထဲ စိုက်ကြည့်ကာ

''ငါ့ကိုနားလည်နေရဲ့နဲ့ ခုနက ဖွတ်တရွတ် မဆုံးဖြတ်နဲ့၊ သွေး
အေးအေးနဲ့စဉ်းစားလို့ ဘာလို့ပြောရတာလဲ မိချော''

''ပြတ်ပြတ်သားသား ဆုံးဖြတ်ရအောင် သူ့စိမ်းတွေမှ မဟုတ်တဲ
နင့်အဖေနဲ့ ရိုက်လက်စ ကားတွေ မပြတ်သေးဘူး၊ ငါက သုံးနှစ်စာချုပ်နဲ့
လုပ်နေတာ၊ လူတစ်ယောက်ဆီ မိချော အကြွေးမတင်ချင်ဘူး''

''ရိုးအတဲ့အတွေးတွေနဲ့ ဖေဖေ့ကို ဒူးထောက်ဖို့ချည်း မစဉ်းစား
နဲ့တော့ မိချော၊ မိချောကို ဖေဖေ ဘယ်လိုကြိုးစည်ကြိုးပမ်းဦးမယ် မသိ
ဘူး၊ သားရဲ့ချစ်သူဆိုပြီး ဖေဖေ့မှာစည်းရှိတာ မဟုတ်ဘူး၊ နောက်ကျေးက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တခြားတိုက်နဲ့သွားရိုက်ရမှာ၊ မင်းက ဖေဖေ့တိုက်ပိုင် မင်းသား တစ်လက်နဲ့ နှစ်ကားဆက်တိုက် ရိုက်ရမှာမဟုတ်လား။ ငါ့မျက်စိရှေ့မှာ မဟုတ်ရင် မင်းကို စိတ်မချဘူး၊ ဖေဖေ့ကို မယုံဘူး''

''သားရယ် မိချောစိတ်ကိုလည်း သိနေပြီပဲ၊ မိချောက သူ့ကိုယ် သူ ကာကွယ်နိုင်တဲ့ မိန်းကလေးပါ၊ မင်းအဖေလည်း အဲလောက်ကြီး မိုက်ရိုင်းရဲမှာ မဟုတ်ပါဘူး၊ စိတ်အေးအေးထားပြီး အတတ်နိုင်ဆုံး စိတ်ကိုလျှော့ပါ သားရယ်၊ မိဘဆိုတာ စိတ်နဲ့ပြစ်မှားရင်တောင် အပြစ် ကြီးကြီး ကံကြီးထိုက်တတ်တယ် သား''

မိခင်ပီသစွာ သားအပြစ်မယူမိအောင် ဒေါ်မြတ်သင်္ဂါ ဖျောင်းဖျ နေရသည်။ သားက ဖအေကို မယုံကြည်စိတ်နှင့် မိချောကို အချစ်လွန် စိုးရိမ်ကြီးနေသည်။

သက္ကမင်းရဲ့ပြောင်းလဲနေသော မျက်လုံးအရိပ်အရောင်ကို မြင် ခဲ့ရသည့် မိမိကတော့ အဆိုးဝါးဆုံး အခြေအနေကို သက္ကမင်း မဖန်တီး လောက်ပါဘူးဟု ယုံကြည်မိသလိုပင်။

ဘယ်လောက်ပဲ ဆိုးဆိုးကြမ်းကြမ်း ဖခင်က ဖခင်စိတ်တော့ ရှိတတ်စမြဲပဲ မဟုတ်လား။

သက္ကမင်း ရှင် ပြောင်းလဲပါတော့။ သားရဲ့အမုန်းတွေကို ရှင် ခံနိုင်ရည်ရှိလို့လား။

■ ■ ■



## အခန်း (၃၇)

ဒီအိမ်ကြီးမှာ ကိုယ်တစ်ယောက်တည်း အထီးကျန်ခြောက်သွေ့ စွာ ကျန်ခဲ့တာပါလား။ သားအိမ်ကိုပစ္စည်းတွေနှင့် အဝတ်အစားတွေ သွားပို့သော မြနှင်းကလည်း ကိုယ့်ကို ကြောက်ရွံ့ကာ လုံးဝ ပြန်မလာ တော့။

အခုမှ တကယ်ကို ကိုယ်တစ်ယောက်တည်းပါလား။

သက်တမ်းတစ်လျှောက်လုံး ကိုယ်လုပ်ချင်တာတွေလုပ်ပြီး ကိုယ် နေချင်သလိုနေခဲ့သည်၊ ဘယ်သူ့အတွက်မှမတွေး၊ ဘယ်သူ့ကိုမှကိုယ်ချင်း မစာနာခဲ့။ တရားဝင် လက်မထပ်ခဲ့ပေမယ့် ဇနီးမယားတစ်ယောက်လို ပေါင်းသင်းခဲ့သော မြတ်သင်္ဂါအပေါ်လည်း တာဝန်မကျေ။ သားအပေါ် လည်း မနွေးထွေး။

ဒီအပြစ်ဒဏ်တွေ အခုမှ စုပြုံခံစားနေရပြီထင်သည်။ သားရဲ့



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်မှုတွေ ဘယ်လိုမှ ခံနိုင်ရည်မရှိ။ ညဘက်ဆိုလည်း တုန်လှုပ်ချောက်ချားမှုတွေဖြင့် အိပ်လို့မပျော်။ နေ့ဘက်လည်း ကုမ္ပဏီမသွားဖြစ်သလို သားနှင့်မျက်နှာချင်းမဆိုင်ရဲ၍ ရှုတင်ကိုလည်း မရောက်ဖြစ်။ သားသမီးက လေးစားရသော ဖခင်တစ်ယောက် မဖြစ်မချင်း သားက အိမ်ပြန်မလာဘူးတဲ့။

ဘယ်သူမှ ကိုယ့်အနားမှာ မရှိဘဲ တစ်သက်လုံးနေနိုင်ရဲ့လား။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ရင်း ထိတ်လန့်မိတာ သွေးပျက်မတတ်ပင်။

''မြတ်သဂီရယ်''

ခလုတ်ထိမှ အမိတတဲ့။ သူ့မှာတစရာ မိဘမရှိ။ အခုမှ မြတ်သဂီကို တမ်းတနေမိပါရောလား။ တစ်ချိန်က သူ နှစ်နှစ်ကာကာ ချစ်မိခဲ့တာပါ။ မိန်းကလေးပေါင်းများစွာနှင့် တွဲခဲ့သော်လည်း မြတ်သဂီကိုတော့ အချစ်စိတ်လွန်ကာ မှားယွင်းသည်အထိ ဖြစ်သွားခဲ့သည်။

တကယ်တော့ အောင်မြင်မှုကို အငမ်းမရ ရှာဖွေနေချိန်မှာ ရင်သွေးလေးသာ မရှိခဲ့ဘူးဆိုလျှင် မြတ်သဂီနှင့် ဒီနေ့ထိ အတူပေါင်းသင်းဖြစ်မိမည် ထင်သည်။ အခုတော့ အရာရာဟာ မှားယွင်းစွာနှင့် ဘာကိုမှ အရှေ့အနောက် ပြောင်းလဲလို့မရတော့။

ဒါဟာ နောင်တရမိခြင်းဟု ခေါ်သလား။ ဒါဆိုလျှင်တော့ သွေးမြေကျလောက်အောင်အထိ နောင်တရနေပါပြီလို့ တိုင်တည်အော်ဟစ်





ပစ်လိုက်ချင်ပါသည်။

မြတ်သဂီ မင်းကတော့ သားနဲ့အတူနေခွင့်ရပြီး ပျော်နေရောပေါ့။ ငါ့မှာတော့ ငါ့မှာတော့ တစ်ယောက်တည်း. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

“မင်းသမီး ဘယ်ရောက်သွားလဲ သဲသဲ”

ရိုက်ကွင်းပြီးသွားချိန်မှာ မိချောကို ကျီးကန်းတောင်းမှောက်ရှာကြည့်သော်လည်း မတွေ့။ မိချော အခန်းက အရင်ပြီးသွားတော့ သူနဲ့အတူပြန်ဖို့ အပြင်မှာ စောင့်ခိုင်းထားခဲ့တာ။

ထွက်လာမှ မတွေ့တော့ မိချောရဲ့မိတ်ကပ်ဆရာ သဲသဲကို မေးကြည့်ရသည်။

အခြောက်မ သဲသဲက ကြာမျက်လုံးနှင့်တင်လေးကိုခါပြီး

“ခုနက အန်ကယ်ကြီးကားနဲ့ ပါသွားတယ်လေ၊ သဲသဲကို ကားမှတ်တိုင်ထိ ခေါ်သွားပေးဆိုတာတောင် အန်ကယ်ကြီးက ဂရုမစိုက်ဘူး၊ မိချောကို ကားပေါ်တင်ပြီး အရေးတကြီး မောင်းထွက်သွားတော့





တာပဲ”

“ဘာ အန်ကယ်ကြီးဆိုတာ ဦးကျော်စိုးလွင်ကို ပြောတာလား”

သူနဲ့ဖေဖေ့ကို သားအဖမှန်းမသိကြတာမို့ နာမည်တပ်ကာ မေးရသည်။ သဲသဲက အီစီကလီအသံနှင့်

“အင်းပေါ့ သူ့ဒွေး ဦးကျော်လ ဦးကျော်ပေါ့၊ မင်းသမီးရဲ့မိတ်ကပ်ဆရာကိုတောင် အရေးတယူမရှိဘူး အရမ်းဆိုးတာပဲ၊ မကိုရှံ့က တော့ သဲကို ခေါ်မှာမဟုတ်လား၊ အခုပြန်တော့မယ်ဆို ကားပေါ်တက်မယ်နော်”

“ဟာ မ မတက်နဲ့၊ ခုပဲသွားမှာ အရေးကြီးလို့”

“ဟောတော် ဟစ်ယောက်ကလည်း လုပ်ပြီ၊ အကြင်နာကင်းလိုက်ကြတာ၊ ဟွန်း မုန်းဖို့ကောင်းလိုက်တာ”

သဲသဲကို ဂရုမစိုက်နိုင်။ ကားပေါ်တက်ကာ တစ်ရှိန်ထိုး မောင်းထွက်လာလျက် မိချော ဘယ်မှာရှိနေလဲ ဖုန်းအမြန်ဆက်ရသည်။ မိချောက ဖုန်းကိုတော်တော်နှင့်မကိုင်တာမို့ သူ့ရဲ့စိုးရိမ်စိတ်တွေ ပိုပြီးပြင်းထန်သွား၏။

မိချောကို ဖေဖေ ဘာလို့ခေါ်သွားတာလဲ၊ မိချောကရော သူ့ကို အသိမပေးဘဲ ဘာလို့လိုက်သွားတာလဲ။

ဖေဖေ အကျပ်ကိုင်လို့လား။ ဖိအားပေးလို့လား။



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဝါးဆုံးအခြေအနေတစ်ခုကို ဖန်တီးဖို့ဆိုရင်တော့ သူ့ဘက်က ဖေဖေ့ကို ခွင့်လွှတ်နားလည်ဖို့ ဘယ်တော့မှ စိတ်ကူးလို့ရတော့မည်မထင်။

တကယ်ဆို ဖေဖေ့အလုပ်ကို လုပ်ပေးပြီး ဖေဖေ့ကို မျက်နှာချင်းပင်ဆိုင်ချင်စိတ်မရှိ။

"မိဘကို စိတ်ဆိုးလို့ရတယ် စိတ်နာလို့ရတယ်၊ ပြစ်မှားလို့တော့ မရဘူး သား၊ အဖေဖြစ်သူက ဘယ်လိုအမှားတွေပဲ ကျူးလွန်နေပစေ မခန့်လေးစား မရှိမသေ လုပ်လို့မရဘူး။ မိဘဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းတည်းပဲ၊ အဲ မိဘကလည်း သူများတွေအပေါ် ဘယ်လောက်ပဲ အစွန်းကြီးကြီး၊ ကိုယ်ချင်းစာနာစိတ်မရှိရှိ၊ သားသမီးနဲ့ပတ်သက်လာရင်တော့ သူတို့ဘဝ အသက် စိတ်ဆန္ဒတွေ အားလုံးပေးဆပ်ဖို့ အသင့်ရှိနေတဲ့သူတွေချည်းပါပဲ၊ အချိန်လေးတစ်ခုပဲ စိတ်ရှည်ရှည်နဲ့စောင့်ရင်း သားအဖေရဲ့မေတ္တာတွေ ပေးဆပ်မှုတွေ အပြည့်အဝ ရပါလိမ့်မယ်"

"မိချော ပြောချင်တာလည်း အဲဒါပါပဲ၊ မိချောဘဝဆိုရင် မိဘရဲ့ထောက်ပံ့မှု၊ ပေးဆပ်မှု မြေတောင်မြှောက်ပေးမှုမျိုး တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရဘူးပေမယ့် မိဘတွေအပေါ် ခုချိန်ထိ မငြိုငြင်ခဲ့ဘူး။ ကိုယ်တတ်နိုင်သလောက် ဖြည့်ဆည်းရင်းနဲ့ ကျေနပ်နေခဲ့တာ၊ ဒါလည်း ကျေးဇူးဆပ်နေတာပဲလေ၊ မကိုဦးလည်း အဖေ့ကို ကျေးဇူးဆပ်တဲ့သဘောနဲ့





သည်းခံပေးလိုက်ပါ"

မေမေရော မိချောရော အတန်တန် ဖျောင်းဖျ နားချနေခဲ့တာမို့ သူ့စိတ်တွေ တစ်ထစ်လျှော့ပြီး ဖေဖေ့ကို ခွင့်လွှတ်ကြည့်ဖို့ ကြိုးစားနေခဲ့တာ။

အခုတော့ ဘယ်လိုအကြံအစည်ဆိုးနဲ့ မိချောကို ခေါ်ထုတ်သွားတာလဲ။

"အာ ဖေဖေကွာ"

ဖုန်းခေါ်ချိန်ပြည့်တာတောင် မိချောဘက်က ဖုန်းမကိုင်၍ ဒေါသခြစ်ကာ ကားစတီယာရင်ကို ထုပြီး နောက်တစ်ကြိမ် ဖုန်းထပ်ခေါ်လိုက်သည်။

"ဟင် မိချော"

မိချောဘက်က ဖုန်းကိုင်လိုက်တော့ အလောတကြီးပင် ခေါ်ဆိုက်မိသည်။

"ဟယ်လို မကိုဦး"

"မိချော အခုဘယ်မှာလဲ၊ ဘယ်မှာလဲ၊ ဖေဖေနဲ့အတူရှိနေတာလား၊ ဖေဖေက ဘာလုပ်ဖို့ ခေါ်သွားတာလဲ"

"ဘာတွေ အလောတကြီး ဖြစ်နေတာလဲ မကိုဦး၊ မိချော နိုင်းနိုးစားသောက်ဆိုင်က သီးသန့်ခန်းမှာရောက်နေတယ်၊ မကိုဦး အဲဒါကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်နှင့်နော်၊ မိချော အိမ်ပြန်နောက်ကျမယ် သိလား၊ ဒါပဲနော် မတို

"မိချော မိချော"

မိချောက ဖုန်းကိုအရင်ချသွားတာမို့ သူ ပျာယာခတ်သွား ပြန်သည်။ ဒီအတိုင်းတော့ စိတ်ဖြောင့်ဖြောင့်နှင့် အိမ်ပြန်သွားနိုင် မဟုတ်။

ကားကို ဂယ်ကွေ့ပြန်ကွေ့၍ ကားကိုနောက်ကြောင်းပြန်လှ ခဲ့သည်။ ရိန်းနိုးစားသောက်ဆိုင်ကို ရောက်တော့ ကားကိုပါကင်ထိုး ဆိုင်ထဲကို အပြေးဝင်လာခဲ့သည်။

မိချောကို ဖေဖေ ဘယ်လိုသွေးဆောင်ဖြားယောင်းသိမ်းသွ နေလဲဆိုသည့် စိုးရိမ်စိတ်ကြောင့် မျက်လုံးထဲမှာ ဘာမှမမြင်။

"သား"

"ဟင် မေမေ"

သီးသန့်ခန်းနားအရောက်မှာ မေမေနဲ့ဆုံတာမို့ သူ အံ့ဩသွား သည်။

"မေ မေမေက ဒီကိုဘယ်လိုရောက်"

"သားအဖေ သတ္တမင်း ခေါ်ထားတာ၊ သားကရော"

"မိချောကို စိုးရိမ်လို့ လိုက်လာတာ၊ မိချောကို ဖေဖေ တစ် လုပ်လို့ကတော့"





"သား"

အခန်းထဲကို ဖွတ်ဝင်ဖို့ လုပ်နေသည့် သူ့လက်ကို မေမေက ဆောင့်ခနဲ ဆွဲထားသည်။

"သား ဖေဖေကို အထင်မလွဲနဲ့တော့ သား။ မိချောတစ်ယောက် တည်းတင် ခေါ်ထားတာမဟုတ်ဘူး၊ မေမေ့ကိုလည်း ဝန်ချတောင်းပန် ချင်လို့တဲ့ ပြီးတော့ သားတို့ မင်္ဂလာကိစ္စကို တိုင်ပင်ချင်တာကြောင့်လည်း ခေါ်လိုက်တာ"

"ဗျာ"

"မိဘဆိုတာ အဲဒါပဲ သား၊ သားသမီးအတွက်ဆို စွန့်လွှတ် စွန့်စားဝံ့ကြပါတယ်၊ သူဟာ မှားခဲ့တာတွေအများကြီးပဲ၊ မှားခဲ့တဲ့အချိန် တွေလည်း အကြာကြီးပဲ၊ သူ ဒီလိုဆုံးဖြတ်လိုက်ရတာလည်း အရမ်း ပင်ပန်းမှာပါ၊ သားသမီးရဲ့ အမုန်းကို ဘယ်မိဘမှ ခံနိုင်ရည်မရှိဘူး။ သား ပြစ်မှားမိနေတဲ့အချိန်တွေအတွက် တောင်းပန်လိုက်ပါ"

သူ ဘာမှမပြောနိုင်တော့ပါ။ မေမေက တံခါးတွန်းဖွင့်ပြီး သီး သန့်ခန်းထဲ သူ့ကိုဆွဲခေါ်သွားသည်။

"ဟင် သား သားလည်း လိုက်လာတယ်"

ဦးကျော်စိုးလွင် မြူနီးခနဲ ထရပ်ကာ တအံ့တဩ ဖြစ်သွားသည်။ မိချောကလည်း မျက်လုံးပြူးလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်နှင့်ပါလို့ ပြောတာကို လိုက်ဖြစ်အောင် လိုက်လာတယ် အဒေါ်ကြီးနဲ့ ဘယ်မှာတွေ့လာတာလဲ"

"မိချောအတွက် စိတ်ပူနေမှာပေါ့၊ ဒီအခန်းအပေါက်ဝမှာဲ ဒေါသတကြီး ဖြစ်နေတဲ့သူ့ကိုတွေ့တာ"

မေမေ့စကားကြောင့် ဖေဖေ့ကိုကြည့်ရမှာ အားနာနေသည်။ ဘာကြောင့် ဒီလိုဖြစ်သွားသည်ဆိုတာ ဖေဖေ နားလည်နေမှာပေါ့။ မေမေ က သူ့ကိုထိုင်ခုံမှာဆွဲ၍ ထိုင်ခိုင်းချိန်မှာ ဖေဖေက သက်ပြင်းရှိုက်သံတို့ နှင့် ပြန်ထိုင်ချပြီး

"ဖေဖေ့လို မကောင်းတဲ့လူကို သား မယုံကြည်တာ မများပါ ဘူး၊ ဖြစ်ခဲ့တာတွေအတွက် ဖေဖေ တောင်းပန်ပါတယ်၊ မြတ်သဂါကို လည်း ကိုယ် အနူးအညွတ် တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပေးပါလို့တော့ မတောင်းဆိုရက်ပါဘူး၊ ကိုယ်လုပ်ခဲ့တဲ့အပြစ်တွေက သေးသေးမွှားမွှားမှ မဟုတ်တာ"

"သားရှေ့မှာ အဲဒီအကြောင်းတွေ ပြန်မပြောပါနဲ့တော့၊ ကျွန်မ ခံခဲ့ရတဲ့ဒုက္ခတွေကို သားမျက်နှာလေးကို မြင်လိုက်ကတည်းက မေ့ပစ် လိုက်ပါပြီ၊ သားအနာဂတ်အတွက် ဘာတွေပေးဆပ်နိုင်မလဲဆိုတာပဲ ကျွန်မ တွေးတယ်"

"မင်းဘက်က အဲလိုပြောပေးလို့ ကျေးဇူးတင်ပါတယ် -မြတ်





သဂါရယ်၊ သားကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ကိုနားလည်ခွင့်လွှတ်ပေးလို့ ကိုယ် တကယ် ကျေးဇူးတင်ပါတယ်"

"ထားလိုက်ပါ ရှင်အခု သားနဲ့မိချောကိစ္စပြောမှာမဟုတ်လား၊ သားကျေနပ်အောင် အပြစ်မယူတော့အောင် သေချာပြောပြလိုက်ပါ"

ခေါင်းကြီးငုံ့ထားမိတာကို မကျေမနပ်ဖြစ်နေဆဲဟု မေမေ ကောက်ချက်ချနေဟန်တူသည်။ မိချောရဲ့အပြုံးကိုမြင်တွေ့လိုက်ရကတည်း က သူ့ရဲ့စိတ်တွေက ပုံမှန်အတိုင်း ဖြစ်နေပါပြီ၊ ဖေဖေ့ကို အားနာနေမိတာ ကလွဲပြီး

"သားနဲ့မိချောကို လက်ထပ်ပေးဖို့ မိချော မိဘတွေဆီမှာ ဖေဖေ ခွင့်တောင်းခဲ့ပြီးပြီ"

"ဗျာ"

"မိချောမိဘတွေကို လုပ်ပေးသင့်တာတွေကိုလည်း လုပ်ပေး ခဲ့ပြီးပါပြီသား။ သူတို့တွေလည်း ကျေနပ်ကြပါတယ်၊ သားနဲ့မိချောကို ဖေဖေ ပိုင်ဆိုင်သမျှအားလုံး လက်ဖွဲ့မယ်"

"ဖေဖေ"

အဲလောက်ထိတော့ သူ မမျှော်လင့်မထားပါ။ ဒီအကြောင်းတွေ မိချောကို ပြောပြပြီးလို့ မိချော မျက်နှာလေးက ဝင်းဝင်းပပ ကြည်နူးလို့ ပြုံးနေခဲ့တာဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"သားရော မိချောရော ဖေဖေ့ဆီက ဘာမှမမက်မောဘူးဆိုတာ ဖေဖေသိပါတယ်၊ ဒါပေမဲ့ ဖေဖေ့ကိုငဲ့ညှာပေးပါ၊ ဒါတွေမှ သားတို့အတွက် မပေးဆပ်နိုင်ဘူးဆိုရင် ဖေဖေ အပြစ်တွေကျေမယ်လို့ မထင်ဘူး"

"အဲ အဲလိုမပြောပါနဲ့ ဖေဖေ၊ ကျွန်တော် ဖေဖေ့ကို နားလည်သွားပါပြီ၊ မိချောနဲ့ကိစ္စ ခွင့်ပြုပေးတာနဲ့တင် ကျွန်တော် ကျေနပ်နိုင်ပါတယ်"

"မိချောကို သားဘယ်လောက်ချစ်တယ်ဆိုတာသိနေလို့ ဖေဖေမကန့်ကွက်တော့တာပါ၊ နောက်ဆိုရင် သားဖြစ်ချင်တာမှန်သမျှ ဖေဖေအကုန်လိုက်လျောတော့မှာ သား"

"တကယ်ပြောတာလား ဖေဖေ"

မင်းမကိုဋ္ဌက လွှတ်ခနဲ မေးလိုက်ရင်း မေမေ့ဘက်ကို မျက်လုံးဝေ့ကြည့်လိုက်သည်။ မဟာဆန်စွာ အေးချမ်းလှသော မေမေ့မျက်ဝန်းများက နူးညံ့သိမ်မွေ့နေသည်။

"ကျွန်တော် ခုချိန်မှာ အတောင့်တဆုံးက မိစုံဖစုံနဲ့ အတူတူနေချင်တာပါပဲ"

"ဘာပြောတယ် သား"

"ဟာ သား"





ပြုံးပြုံးပျှပျှ ဖြစ်သွားသော ဖေဖေနှင့်မေမေကိုကြည့်၍ မိချောက ခစ်ခနဲရယ်ပြီး သူ့ကိုခပ်ကြိတ်ကြိတ် ဆွဲဆိတ်၏။

"ဘာလို့ အဲလိုပြောလိုက်တာလဲ၊ လူကြီးတွေ အနေခက်နေပြီ"

"ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကိုပဲ ပြောတာပါ၊ ကိုယ့်တစ်သက် မေမေသေလား ရှင်လား သေချာမသိဘဲ နာကြည်းမုန်းတီးရင်းနဲ့ နေလာခဲ့ရတာ၊ ဖေဖေဆိုတာလည်း ကိုယ့်အပေါ် နွေးထွေးလိုက်လျောခဲ့တာ မရှိဘူး။ အဲဒါကြောင့် အခုချိန်လေးမှာတော့ အပျော်တွေနဲ့ ပြီးပြည့်စုံနေတဲ့ မိသားစုဘဝလေးကို တောင့်တမိတာပါ"

မင်းမကိုဋ္ဌက ဒေါ်မြတ်သဂါနှင့် ဦးကျော်စိုးလွင် ရင်ထဲထိအောင် ဝမ်းနည်းလှိုက်မောသံနှင့် အရောက်ထည့်သည်။

ဦးကျော်စိုးလွင်နှင့် ဒေါ်မြတ်သဂါ အကြည့်ဆုံသွားပြီး ဒေါ်မြတ်သဂါက အရင်ဆုံး ဖျတ်ခနဲ မျက်လွှာချ၏။ ဦးကျော်စိုးလွင်က မျက်နှာပူအားနာသလိုဖြစ်နေပေမယ့် အိုးတိုးအမ်းတမ်းပင် ပြုံးစိစိလုပ်ကာ

"ဖေဖေက အဲဒီဘဝလေးကို သားကို အခုပဲ ပေးလိုက်ချင်ပါတယ်၊ ဒါပေမဲ့သားအမေအနေနဲ့တော့ ဒဏ်ရာတွေ ဝေဒနာတွေ အများကြီးပေးခဲ့မိတဲ့ ဖေဖေ့ကို လက်ခံဖို့ အချိန်ယူရဦးမယ်ထင်တယ် ဟုတ်လား မြတ်သဂါ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ဘာအင်းလဲ၊ ဟုတ်ရင် ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး ပြတ်ပြတ်သားသား ဖြေမှပေါ့"

"ဟုတ်ပါတယ်ဆို သူပြောသလိုပါပဲဆို၊ သားကိုချစ်တဲ့စိတ်ကြောင့် သူ့ကိုခွင့်လွှတ်ပေးလိုက်ရပေမယ့် အသစ်ကပြန်စဖို့ အချိန်တစ်ခုတော့လိုသေးတယ်၊ သားတို့ကိုစွပြီးမှ မေမေ ပြန်စဉ်းစားကြည့်မယ်သားရယ်၊ အဲလို စဉ်းစားမယ်ဆိုတာကလည်း သားကိုချစ်တဲ့စိတ်ကြောင့်နော်"

ဒီလောက်ဆို သူ ကျေနပ်ပါသည်။

ဖေဖေနဲ့ မေမေရဲ့ မေတ္တာရိပ်အောက်မှာ မိချောနဲ့အတူတကွ နေနိုင်တော့မည် မဟုတ်ပါလား။

မိချော လက်ကလေးကို ဖေဖေ မေမေတို့ရှေ့မှာပင် ခပ်တင်းတင်းလေး ဆုပ်ညှစ်ထားလိုက်သည်။ မိချောရဲ့မငြင်းဆန်သည့် မျက်ဝန်းများကြောင့် အရာအားလုံး ပြည့်စုံသွားသည်ဟု ခံစားလိုက်ရ၏။

သာယာကြည်နူးခြင်းရဲ့အတိမ်အနက်မှာ ဖြားယောင်းခြင်းတွေကင်းလို့၊ အချစ်မှာ ရိုးသားခြင်း အသီးအပွင့်တွေ ဝေဆာလို့ . . ။

အတိတ်ကို ချန်ထားခဲ့ရင်း အနာဂတ်မှာ အချစ်တို့နှင့်သာ ထုံမွှမ်းနေလေရာ . . ။

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com